ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၂၀၀၄ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ – ၆၀၀၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# တရားရုံးချုပ်၊ တရားသူကြီးချုပ်
# ဒုတိယတရားသူကြီးချုပ်များနှင့်တရားသူကြီးများ
(၁-၁-၂၀၀၄ ရက်နေ့မှစ၍၃-၁၂-၂၀၀၄ရက်နေ့ အထိ)

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်တိုး | B.A.; B.L. | တရားသူကြီးချုပ် |

## တရားရုံးချုပ်(ရန်ကုန်)

| | | | |
|---|---|---|---|
| ၂။ | ဦးသိန်းစိုး | B.Sc.; R.L.;(Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၃။ | ဦးခင်မောင်အေး | B.Sc.; B.L.;(Advocate) | တရားသူကြီး |
| ၄။ | ဦးခင်မြင့် | Master Mariner(F.G);H.G.P.;R.L. | တရားသူကြီး |
| ၅။ | ဒေါက်တာတင်အောင်အေး | B.Sc.;B.L.;LL.M.; LL.D. | တရားသူကြီး |
| ၆။ | ဦးမြင့်သိန်း | B.Sc.;B.L.;(Advocate) | တရားသူကြီး |
| ၇။ | ဦးထွန်းရှင် | B.A.;R.L.;D.M.A.;(Advocate) | တရားသူကြီး |
| ၈။ | ဦးချစ်လွင် | B.Sc.;B.L.;(Advocate) | တရားသူကြီး |
| ၉။ | ဦးတင်အေး | B.A.; H.G.P.;R.L. | တရားသူကြီး |

## တရားရုံးချုပ်(မန္တလေး)

| | | | |
|---|---|---|---|
| ၁၀။ | ဦးခင်မောင်လတ် | B.A.; B.L.;(Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၁၁။ | ဦးစန်းတင့်ရီ | B.A.(Law); LL.B.;(Advocate) | တရားသူကြီး |
| ၁၂။ | ဦးမြင့်အောင် | B.A.(Law);LL.B.;(Advocate) | တရားသူကြီး |
| ၁၃။ | ဦးစိန်လှိုင် | B.A.(Law); LL.B.;LL.M.;(Advocate) | တရားသူကြီး |
| ၁၄။ | ဦးသက်ထွန်း | B.A.; B.L.; (Advocate) | တရားသူကြီး |
| ၁၅။ | ဦးကျော်ဝင်း | B.A.; (Hons.);H.G.P.; R.L. | တရားသူကြီး |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# တရားရုံးချုပ်၊ တရားသူကြီးချုပ်
# ဒုတိယတရားသူကြီးချုပ်များနှင့်တရားသူကြီးများ
(၄-၁၂-၂၀၀၄ ရက်နေ့မှစ၍)

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်တိုး | B.A.; B.L. | တရားသူကြီးချုပ် |

## တရားရုံးချုပ်(ရန်ကုန်)

| | | | |
|---|---|---|---|
| ၂။ | ဦးသိန်းစိုး | B.Sc.; R.L.;(Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၃။ | ဦးခင်မောင်အေး | B.Sc.; B.L.;(Advocate) | တရားသူကြီး |
| ၄။ | ဦးခင်မြင့် | Master Mariner(F.G);H.G.P.;R.L. LL.B.;(Advocate) | တရားသူကြီး |
| ၅။ | ဒေါက်တာတင်အောင်အေး | B.Sc.;B.L.;LL.M.; LL.D. | တရားသူကြီး |
| ၆။ | ဦးမြင့်သိန်း | B.Sc.;B.L.;(Advocate) | တရားသူကြီး |
| ၇။ | ဦးချစ်လွင် | B.Sc.;B.L.;(Advocate) | တရားသူကြီး |
| ၈။ | ဦးတင်အေး | B.A.; H.G.P.;R.L. | တရားသူကြီး |

## တရားရုံးချုပ်(မန္တလေး)

| | | | |
|---|---|---|---|
| ၉။ | ဦးခင်မောင်လတ် | B.A.; B.L.;(Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၁၀။ | ဦးစန်းတင့်ရီ | B.A.(Law); LL.B.;(Advocate) | တရားသူကြီး |
| ၁၁။ | ဦးမြင့်အောင် | B.A.(Law); LL.B.;(Advocate) | တရားသူကြီး |
| ၁၂။ | ဦးစိန်လှိုင် | B.A.(Law); LL.B.;LL.M.;(Advocate) | တရားသူကြီး |
| ၁၃။ | ဦးသက်ထွန်း | B.A.; B.L.; (Advocate) | တရားသူကြီး |
| ၁၄။ | ဦးကျော်ဝင်း | B.A.; (Hons.);H.G.P.; R.L. | တရားသူကြီး |

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့
(၁-၉-၂၀၀၃ ရက်နေ့မှစ၍)

၁။ ဦးသိန်းစိုး **B.Sc, R.L (Advocate)** ဥက္ကဋ္ဌ
ဒုတိယတရားသူကြီးချုပ်

၂။ ဦးခင်မောင်အေး **B.Sc, B.L (Advocate)** အဖွဲ့ဝင်
တရားသူကြီး

၃။ ဒေါက်တာတင်အောင်အေး **B.Sc;B.L;LL.M;LL.D** အဖွဲ့ဝင်
တရားသူကြီး

၄။ ဦးမြင့်နိုင် **B.A.(Law);LL.B.(Advocate)** အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ်

၅။ ဦးလှမြင့်ဝင်း **B.A.;B.L.(Advocate)** အဖွဲ့ဝင်
တရားရုံးချုပ်ရှေ့နေ၊ တရားရုံးချုပ်ရှေ့နေများကောင်စီဝင်

၆။ ဦးမြညိမ်း **B.A.(Law);LL.B;(Advocate)** အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး (၂၉-၅-၂၀၀၃ ရက်နေ့မှစ၍)

၇။ ဦးဗိုလ်ကြည် **B.A.;R.L** အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (မန္တလေး) (၃၀-၅-၂၀၀၃ ရက်နေ့မှစ၍)

၈။ ဦးစိုးညွန့် **B.A.;R.L.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (ရန်ကုန်) (၃၀-၅-၂၀၀၃ ရက်နေ့မှစ၍)

၉။ ဦးမြသိန်း **B.A.(Law);LL.B.;LL.M.** အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ပြစ်မှုတရားစီရင်ရေးဌာန၊ တရားရုံးချုပ် (ရန်ကုန်)
(၃-၂-၂၀၀၃ ရက်နေ့မှစ၍)

၁၀။ ဦးထွန်းကြည် **B.A.;H.G.P.;R.L** အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန၊ တရားရုံးချုပ်(ရန်ကုန်)
(၁၀-၂-၂၀၀၃ ရက်နေ့မှစ၍)

၁၁။ ဦးစောစံလင်း **B.A.(Law);LL.B** အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ စီမံနှင့်လေ့ကျင့်ရေးဌာန၊ တရားရုံးချုပ် (ရန်ကုန်)

၁၂။ ဦးသောင်းထွန်း **B.Sc.;H.G.P; R.L (Advocate)** အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ တရားရုံးချုပ် (ရန်ကုန်)
(၁၁-၅-၂၀၀၄ နေ့အထိ)

၃။ ဦးမျိုးညွန့် **B.A;H.G.P;R.L;D.B.L** အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ တရားရုံးချုပ် (ရန်ကုန်)
(၁၁-၅-၂၀၀၄ မှ ၂၂-၁၂-၂၀၀၄နေ့အထိ)

” တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ
ထိုသို့ အမှန်တရားကို စီရင်ကြောင်း
အများမြင်စေရာသည် ”

(ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရွှေပါ - ၂)[၁]

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ- ၆၀၆

# မာတိကာ

## စီရင်ထုံးပြုသောပြစ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | က-ဆ |
| ဒေါ်ညွန့်စိန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ဦးကြည်ဝင်း ပါ-၂ | ၁ |
| ဦးတင်ချစ်ပါ -၇ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၁ |
| ထွန်းထွန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၈ |
| မောင်ထွန်းထွန်းတင်ဝင်းပါ-၂ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၂၅ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မောင်မောင်တိုး | ၃၂ |
| ဦးသောင်းရွှေ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၆ | ၃၇ |
| ဦးအောင်ကြည် ပါ-၂ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၄၉ |

# မာတိကာ

## စီရင်ထုံးပြုသောတရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | ကက-ကရ |
| ဒေါ်ကျင်စွမ်<br>ဒေါ်အမာ(ခ) ဒေါ်သန်းရီ | နှင့် | ဒေါ်သန်းညွန့်ပါ-၆<br>ဦးဝင်းမြင့် ပါ-၆ | ၅၇ |
| ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့်<br>အထွေထွေ ရောင်းဝယ်ရေး<br>သမဝါယမအသင်းလီမိတက်<br>(၎င်း၏ ဥက္ကဋ္ဌ ဦးကျော်ဝင်း) | နှင့် | ဦးသိန်းဇော် ပါ-၂ | ၇၀ |
| ဒေါ်ခင်ခင်အေး ပါ ၃ | နှင့် | ဦးခင်မောင်ရိုး ပါ -၂ | ၈၁ |
| ဒေါ်တင်မော် ပါ -၂ | နှင့် | ဦးမြင့်သိန်း ပါ -၂ | ၈၉ |
| ဒေါ်မင်းမင်းဦး | နှင့် | ဦးဝင်းမြင့် ပါ - ၅ | ၉၉ |
| ဒေါ်မြင့်မြင့်မေ(ကွယ်လွန်သူ<br>မိုဟန်ဒတ်စ်(ခ)ဦးမောင်ဟန်၏<br>တရားဝင်ကိုယ်စားလှယ်)<br>ကူစ်လာကုမာရီ (ခ)<br>ဒေါ်တင်တင်လှ | နှင့် | ၁။စီဗားရာဂျ်(ခ)ဦးမောင်ကြီး<br>၂။ကူစ်လာကုမာရီ (ခ)<br>ဒေါ်တင်တင်လှ<br>၁။ စီဗားရာဂျ် (ခ) ဦးမောင်ကြီး<br>၂။ဒေါ်မြင့်မြင့်မေ(ကွယ်လွန်သူ<br>မိုဟန်ဒတ်စ်(ခ)ဦးမောင်ဟန်၏<br>တရားဝင်ကိုယ်စားလှယ်) | ၁၁၂ |
| ဦးမြင့်အောင်<br>ဦးမြင့်အောင် | နှင့် | ဒေါ်ခင်စန်းဝင်းပါ-၁၂<br>ဒေါ်ခင်စန်းဝင်းပါ-၁၂ | ၁၂၅ |
| ဒေါ်တင်ကြည်ပါ-၉<br>ဒေါ်တင်ကြည်ပါ-၉ | | ဒေါ်ခင်စန်းဝင်းပါ-၄<br>ဒေါ်ခင်စန်းဝင်းပါ-၄ | |
| မသိန်းစောအေး(ခ)<br>မအေးအေးလင်း | နှင့် | ဒေါ်မချော(ခ)<br>ဒေါ်ကြည်ကြည်ပါ (၁၃) | ၁၃၆ |
| ဒေါ်အေးအေးသန်း<br>ဦးကံရှိန် | နှင့် | ဦးကံရှိန်<br>ဒေါ်အေးအေးသန်း | ၁၄၆ |

# ၂၀၀၄ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

ညွှန်းချက် (က)

စာမျက်နှာ

# ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ

-ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
-သက်သေခံဥပဒေ
-၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေ
တတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေ

**ရဲအမှုစစ်ထံတွင်အစစ်ခံချက်ပေးသောသက်သေတစ်ဦးကိုမမှန်မကန် သတင်းပေးထွက်ဆိုသည်ဆိုကာ အရေးယူခွင့်ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ လျှောက်ထားသူများကို အရေးယူထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၃ ၏ ပြဋ္ဌာန်းချက်မှာလည်း "ကျူးလွန်ပြီး ဖြစ်သော ပြစ်မှုနှင့်စပ်လျဉ်း၍မမှန် သတင်းပေးခြင်း (Giving false information respecting an offence committed) အတွက် ပြဋ္ဌာန်း ထားသော ပုဒ်မဖြစ်ကာ ယခုကဲ့သို့ ရဲအရာရှိထံ သက်သေအစစ်ခံချက် ပေးခြင်းနှင့် စပ်ဆိုင်ခြင်းမရှိပေ။

ဦးတင်ချစ်ပါ -၇ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ -၂ ၁၁

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) နှင့် ၅၆၂ (၁-က) အရ ချမှတ်သော အမိန့်များကိုပြည်နယ်၊ တိုင်းတရားရုံးများကပြစ်မှု ဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၃) အရပြစ်ဒဏ်ချမှတ်ခြင်း ပြုနိုင်၊မပြုနိုင်။**

## ညွှန်းချက်



**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၃) တွင် "ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ဤပုဒ်မအရ အမိန့်တစ်ရပ် ချမှတ်ပြီးသည့်အခါ တရားလွှတ်တော်သည် မိမိထံ အယူခံဝင်ခွင့်ရှိ၍အယူခံ တင်သွင်းလာသည့်အခါတွင်ဖြစ်စေ၊ မိမိ၏ပြင်ဆင်မှုအာဏာများကို သုံးစွဲသည့်အခါတွင်ဖြစ်စေဆိုခဲ့သည့် အမိန့်ကို ပယ်ဖျက်ပေးနိုင်ပြီး ထို အမိန့်အစား ပြစ်မှုကျူးလွန်သူအပေါ် ဥပဒေနှင့်အညီ ပြစ်ဒဏ်စီရင် နိုင်သည်" ဟူ၍ အတိအလင်းပြဋ္ဌာန်းထားသည်။ ဤပုဒ်မ ၅၆၂(၃) ပါ ပြဋ္ဌာန်းချက်အရ ပုဒ်မ ၅၆၂ (၁) အရ ချမှတ်သောခံဝန် ချုပ်ဆိုပြီး အစမ်းလွှတ်သည့် အမိန့်ကိုဖြစ်စေ၊ ပုဒ်မ ၅၆၂ (၁-က) အရ ချမှတ်သော ဆိုဆုံးမ၍လွှတ်သည့် အမိန့်ကိုဖြစ်စေ ပယ်ဖျက်ပြီး ပြစ်ဒဏ်ချမှတ်မည်ဆို ပါကတရားလွှတ်တော် (ယခု တရားရုံးချုပ်) ကသာပြစ်ဒဏ်ချမှတ်နိုင် သည်။ ပြည်နယ်၊တိုင်းတရားရုံးများအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၃) ပါ အာဏာကို ယနေ့ထိ လွှဲအပ် ထားခြင်း မရှိ သေးပေ။

| | | | |
|---|---|---|---|
| မောင်ထွန်းထွန်း<br>တင်ဝင်းပါ -၂ | နှင့် | ပြည်ထောင်စုမြန်မာ<br>နိုင်ငံတော်ပါ -၂ | ၂၅ |

**ရဲတပ်ဖွဲ့ဝင်များ ကျူးလွန်သည့် ခြောက်လှန့်တောင်းယူမှုအပေါ် တရားရုံး၏ စစ်ဆေး စီရင်ပိုင်ခွင့် မူလရုံးသို့ အမှုရင်ဆိုင်ရန် ရောက်ရှိခြင်း မရှိသေးသည့်သူက မူလရုံးအမိန့်ကို ပယ်ဖျက်ရန်လျှောက်ထားခွင့် ရှိ၊ မရှိ။ အမှုကို ဆက်လက်စစ်ဆေးစီရင်ရန် ညွှန်ကြားထားသည့်အမိန့်ကို ပယ်ဖျက်ခြင်း၏အကျိုးသက်ရောက်မှု။**

**ဆုံးဖြတ်ချက်။** ။ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၁ မှ ၂၅ အထိ ပါဝင်သော ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်မှု များတွင် ခြောက်လှန့်တောင်းယူမှု ပါဝင်ခြင်း မရှိပေ။ ပုဒ်မ ၁၁ မှ ၂၅ အထိ အကျုံးဝင်သော ပြစ်မှုများကို ကျူးလွန်သည့် ရဲတပ်ဖွဲ့ဝင်များကိုသာ ရဲတရားရုံး က စစ်ဆေးစီရင်ရန်ဖြစ်ပြီး ယင်းပြစ်မှုများမှအပ အခြား တည်ဆဲဥပဒေပါ ပြစ်မှုတစ်ခုခု ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာ

## ညွှန်းချက်

စာမျက်နှာ

တရားရုံးများတွင် စစ်ဆေးစီရင်နိုင်ရန် လွှဲပေးရမည်ဖြစ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၂၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

ပုဒ်မ ၂၆ "ဤဥပဒေကိုလိုက်နာရသူတစ်ဦးသည် မည်သည့်နေရာတွင်မဆို ဤဥပဒေပါ ပြစ်မှုများမှအပ အခြားတည်ဆဲဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာ တရားရုံးက စစ်ဆေးစီရင်နိုင်ရန် လွှဲပြောင်းပေးရမည်" ဟူ၍ ဖြစ်သည်။

သို့ဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၃ ပြဋ္ဌာန်းချက် နှင့် ငြိစွန်းသောရဲတပ်ဖွဲ့ဝင် ၂-ဦးတို့၏ ကျူးလွန်မှုကို ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၆ အရ ရဲတရားရုံးတွင် စစ်ဆေး စီရင်နိုင်ခြင်း မရှိဘဲ ပြစ်မှုဆိုင်ရာတရားရုံးတွင်သာ စစ်ဆေးစီရင်ရမည်ဖြစ်ကြောင်း မြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မူလရုံးသို့ တရားခံအဖြစ်လာရောက်ခြင်း မရှိသေးသောသူများသည် အမှုတွင်ပါဝင်ခြင်း မရှိသေး၍ အမှုတွင် ချမှတ်ထားသောအမိန့်အပေါ် အယူခံမှုသော်လည်းကောင်း ပြင်ဆင်မှုသော်လည်းကောင်း အဆင့်မြင့်ရုံးတွင်လျှောက်ထားနိုင်ခွင့်မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလရုံးကရုံးရှေ့ပေါ်ပေါက်ချက်များအရစွပ်စွဲခံရသူအပေါ် အမှုကိုဆက်လက်စစ်ဆေးစီရင်နိုင်ရန်ချမှတ်ထားသောအမိန့်ကို ခရိုင်တရားရုံးနှင့်ပြည်နယ်တရားရုံး တို့ကပယ်ဖျက်ခဲ့ခြင်းမှာ စစ်ဆေးစီရင်လျက်ရှိသောအမှုကို ဆက်လက်ဆောင်ရွက်ခြင်း မပြုရန်ချေဖျက်သည့် သဘော အနှစ်သာရအားဖြင့် သက်ရောက်ပေသည်။မြို့နယ်တရားရုံးတွင် ဆောင်ရွက်နေသည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရတရားရုံးချုပ်ကသာပယ်ဖျက်ခြင်း ပြုနိုင်ပေသည်။ အခြားသောလက်အောက်ခံ တရားရုံးများက ချေဖျက်ခြင်းမပြုနိုင်။

ဦးသောင်းရွှေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် -ပါ ၆ ၃၃

(ယ)

ညွှန်းချက်

**အခွင့်ရအာဏာပိုင်တို့က ထုတ်ပြန်သောအမိန့်များသည် ဥပဒေ နှင့်ညီညွတ်ပြီး အများပြည်သူအကျိုးနှင့် သက်ဆိုင်ရမည်။ အဆိုပါ အမိန့်မျိုးကို မလိုက်နာမှသာ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ အရ အရေးယူနိုင်မည် ဖြစ်သည်။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ဦးအောင်ကြည်တို့က အချင်းဖြစ်ခြံမြေကို ၁၉၈၇-ခုနှစ်မှ ၂၀၀၃- ခုနှစ်အထိ မြေခွန်ဆောင်၍ အဆောက်အဦ အခိုင်အမာ ဆောက်လုပ်ကာနေထိုင်လာသည့် အခြေအနေတွင် လွန်ခဲ့ သော (၃) နှစ်ခန့်ကမှ ခြံချင်းကပ် လျက်တွင် ရောက်ရှိ၍ အိမ်ဆောက် ခဲ့သော ဒေါ်သန်းမြင့်က ခြံဝင်ထွက်ပေါက် မရှိ၍ ဦးအောင်ကြည်ခြံမှ ၁၁ ပေ ၉ လက်မ အကျယ်ကို လမ်းဖွင့်ပေးရန် တောင်းဆိုချက်အပေါ် အာဏာပိုင်အဖွဲ့က ဦးအောင်ကြည်တို့အား အမိန့်ပေးခြင်းမှာ အများ ပြည်သူအကျိုးနှင့် သက်ဆိုင်သည်ဟုလည်းကောင်း၊ တရားမျှတမှုရှိ သည်ဟူ၍လည်းကောင်း ဆိုနိုင်မည် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ သည် ပြည်သူ့ ဝန်ထမ်းများက အများနှင့်သက်ဆိုင်သည့်ကိစ္စများအတွက် ပြုလုပ် သောအမိန့်နှင့် သက်ဆိုင်သည်။ ပြည်သူ့ဝန်ထမ်းကထုတ်သော အမိန့်ကို ဖီဆန်ရုံမျှဖြင့် ဤပုဒ်မအရ အပြစ်မပေးနိုင်၊ ဖီဆန်ခြင်းသည် ဥပဒေနှင့်အညီ ခိုင်းခြင်းခံရသူကို ဟန့်တားခြင်း၊ စိတ်ပြိုင်ငြင်စေခြင်း၊ သို့မဟုတ် ရန်းရင်းဆန်ခတ်မှုကိုသော်လည်းကောင်း၊ သတ်ပုတ် နှောင့်ယှက်မှုကိုသော်လည်းကောင်းဖြစ်စေခြင်း၊ သို့မဟုတ် ဖြစ်စေ တတ်ခြင်းရှိကြောင်း သက်သေပြရမည်။

ဦးအောင်ကြည် ပါ -၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ -၂ ၄၉

စာမျက်နှာ

**တရားလိုပြ သက်သေတစ်ဦးအား ယင်း၏ ထွက်ဆိုချက်များသည် တစ်ခုနှင့် တစ်ခု ညီညွတ်မှု မရှိကြောင်း စစ်မေးပြီးနောက် ယုံကြည်ထိုက်သူမဟုတ်ကြောင်း ပေါ်ပေါက်မှသာ ဆန့်ကျင်သက်သေအဖြစ် ကြေညာသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက်သော လက်ထောက်ညွှန်ကြားရေးမှူးက တရားလိုပြသက်သေ ဦးဇော်မင်းနိုင် (လိုပြ-၁) နှင့် ဦးမြင့်ဇော် (လိုပြ-၂) တို့သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ တိုက်ဆိုင်စစ်ဆေးရာတွင် ရဲထံအစစ်ခံချက်နှင့် ကွဲလွဲစွာ ထွက်ဆိုကြသူများဖြစ်၍ မယုံထိုက်သော သက်သေများအဖြစ် ကြေညာထားခြင်းခံရသူများဖြစ်၍ ၎င်းတို့၏ထွက်ချက်ကို လက်မခံထိုက်ကြောင်း တင်ပြချက်နှင့်ပတ်သက်၍ ယုံကြည်ထိုက်၊ မယုံကြည်ထိုက်ကို သက်သေခံအက်ဥပဒေပုဒ်မ ၁၄၅၊ ၁၄၆၊ ၁၅၄၊ ၁၅၅ တို့နှင့် အညီ သက်သေကို မယုံထိုက်သူဖြစ်ကြောင်း စွပ်စွဲမေးမြန်း၍ တရားရုံး၏ ခွင့်ပြုချက်အရ ထိုသက်သေကို မယုံကြည်ထိုက်သော ဆန့်ကျင်သက်သေ ဖြစ်ကြောင်း ကြေညာရန် လိုအပ်သည်။ ထိုသို့ ဆောင်ရွက်ထားခြင်း မပြုပါက မယုံထိုက်သော သက်သေအဖြစ် ကြေညာထားခြင်း ခံရသူဟု မသတ်မှတ်နိုင်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ အရ တိုက်ဆိုင်တိုင်း မယုံကြည်ထိုက်သော ဆန့်ကျင်သက်သေ (Hostile Witness) ဟူ၍ သတ်မှတ်ခြင်းမပြုနိုင်ပေ။ အမှုလိုက် ဥပဒေအရာရှိက သက်သေအား ၎င်း၏စာရိတ္တနှင့် စပ်လျဉ်း၍ ယုံကြည်ထိုက်သူ မဟုတ်ကြောင်း သက်သေခံအက်ဥပဒေပုဒ်မ ၁၅၅ အရ ရွတ်ချ မေးမြန်းခြင်း ပြုပြီးမှသာ ၎င်းသက်သေသည် မယုံထိုက်သော ဆန့်ကျင် သက်သေ ဖြစ်ကြောင်း ကြေညာခြင်း ပြုရပေမည်။

| ဒေါ်ညွန့်စိန် | နှင့် | ပြည်ထောင်စု မြန်မာနိုင်ငံတော် | ၁ |
|---|---|---|---|
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | | ဦးကြည်ဝင်းပါ-၂ | |

ညွှန်းချက်

စာမျက်နှာ

**ပူးတွဲတရားခံက သစ်တောအုပ်နှင့် ရဲတပ်ဖွဲ့ဝင်တို့ ရှေ့တွင်ထွက်ဆို အစစ်ခံခဲ့သော ထွက်ဆိုချက်ဖြင့် အမှုမှ တရားခံ အပေါ် ပြစ်မှု ထင်ရှား စီရင်ရန် သင့်၊ မသင့်။**

**ဆုံးဖြတ်ချက်။** တရားခံပြေး ညွှန့်ကို၏ထွက်ဆိုချက်ကိုသာ သက်သေတောအုပ် ကြီး ဦးစိုးမြင့်က ကြားသိသော်လည်း ဦးစိုးမြင့်သည် ပြစ်မှုကျူးလွန်သည်ကို တိုက်ရိုက်သိမြင်သူ မဟုတ်ပေ။ ညွှန့်ကို၏ ထွက်ဆိုချက်သည် တရားရုံးရှေ့တွင် ပြန်လှန် မေးခွန်းဖြင့် သက်သေခံချက် ခိုင်မာမှုကို ဆန်းစစ်ရယူ ထား သော ထွက်ချက်မဟုတ်သည့်အပြင် ပူးတွဲ တရားခံ၏ ထွက်ဆိုချက်သာ ဖြစ်သည်။ ၎င်းထွက်ဆိုချက် အပေါ် အခြား အထောက်အကူပြုသည့် သက်သေခံချက်လည်း မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** တရားခံပြေးညွှန့်ကို၏ သစ်တောအုပ်နှင့် ရဲ အရာရှိတို့ ရှေ့တွင် ထွက်ဆိုချက်ကို နုတ်ပယ်လိုက်လျှင်တရားခံထွန်းထွန်း ပြစ်မှုကျူးလွန်ကြောင်းကောက်ယူဆုံးဖြတ်နိုင်သည့် သက်သေ အထောက် အထား တစ်စုံတစ်ရာ မရှိပေ။ သို့ဖြစ်၍ တရားခံထွန်းထွန်းအပေါ် မူလ တောင်ငူခရိုင် တရားရုံးက တရားခံပြေး ညွှန့်ကို၏သစ်တောအုပ် ရှေ့တွင် ထွက်ဆိုချက်သက်သေခံ 'စ' 'စ-၁' တစ်ခုတည်းဖြင့် ပြစ်မှု ကျူးလွန်ကြောင်း တွေ့ရှိရသည်ဟု ပြစ်ဒဏ်ချမှတ်ခဲ့သည့် အမိန့်နှင့် ၎င်းအမိန့်ကို အယူခံဝင်ရောက်ခဲ့ရာ အယူခံကို ပလပ်ခဲ့သော ပဲခူး တိုင်းတရားရုံး၏ အမိန့်တို့သည် မှန်ကန်သည်ဟုမဆိုနိုင်ပေ။

ထွန်းထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၈

## ညွှန်းချက်

**သိမ်းဆည်းရမိသောဖင်စီဒိုင်းဆေးရည်တွင်မူးယစ် ဆေးဝါးပါဝင်မှုရာခိုင်နှုန်း** တမျက်နှာ
**အတိအကျမသတ်မှတ်နိုင်ပါကအဆိုပါဆေးရည်ကိုမူးယစ်ဆေးဝါး အဖြစ် သတ်မှတ်နိုင်ခြင်းရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။မာတုဗေဒ ပြန်ကြားစာအရ သက်သေခံရမ် အရက်ပုလင်းများ အတွင်းမှ ဖင်ဆီဒိုင်းဆေးရည် (၅) မီလီလီတာခန့်တွင် ကိုဒင်းစမ်းသပ် တွေ့ရှိရသည်ဟု ပြန်ကြားခြင်းမှာ ၁၉၉၃-ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ) အရ ပြစ်ဒဏ်စီရင်ရန် မလုံလောက်ခြင်း။

**ထပ်မံဆုံးဖြတ်ချက်။** ။ကျန်းမာရေးဝန်ကြီးဌာန၏ ၂၉-၇-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂ အပိုဒ် ၄(က) အရ **ဖင်ဆီဒိုင်း** ဆေးရည်တစ်ယူနစ် (၁) မီလီလီတာ၏ အလေးချိန်တွင် ၁၀၀ မီလီဂရမ်ထက် မပိုသည့်အပြင် မူရင်းဆေးဝါးစုစည်းပါဝင်မှုမှာ (၂.၅) ရာခိုင်နှုန်းထက် မပိုသော ဆေးဝါးများကို မူးယစ်ဆေးဝါးအဖြစ်မှ ကင်းလွတ်ခွင့်ပြုထားပြီး ဖြစ်၍ မူရင်းဆေးဝါးစုစည်းပါဝင်မှုရာခိုင်နှုန်းစစ်ဆေးရန် မလုံလောက်လျှင် ၁၉၉၃-ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ) ဖြင့် ပြစ်မှုထင်ရှားစီရင်ရန် သင့်မည်မဟုတ်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်မောင်တိုး ၇၂

+၂၀၀၄
ဒီဇင်ဘာလ
၁၄ ရက်

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု
## ပြစ်မှုဆိုင်ရာ အယူခံမှု

**တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်၏ရှေ့တွင်**

ဒေါ်ညွန့်စိန်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

နှင့်

ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ဦးကြည်ဝင်းပါ-၂*

**တရားလိုပြ သက်သေတစ်ဦးအား ယင်း၏ထွက်ဆိုချက်များသည် တစ်ခုနှင့် တစ်ခု ညီညွတ်မှု မရှိကြောင်း စစ်မေးပြီးနောက် ယုံကြည်ထိုက်သူမဟုတ်ကြောင်း ပေါ်ပေါက်မှသာ ဆန့်ကျင်သက်သေအဖြစ် ကြေညာသင့်ခြင်း။**

ဆုံးဖြတ်ချက်။ ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက်သောလက်ထောက်ညွှန်ကြားရေးမှူးက တရားလိုပြသက်သေ ဦးဇော်မင်းနိုင် (လိုပြ-၁) နှင့် ဦးမြင့်ဇော် (လိုပြ-၂) တို့သည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ အရ တိုက်ဆိုင် စစ်ဆေးရာတွင် ရဲထံ အစစ်ခံချက်နှင့် ကွဲလွဲစွာ ထွက်ဆိုကြသူများဖြစ်၍ မယုံထိုက်သော သက်သေများအဖြစ် ကြေညာထားခြင်းခံရသူများဖြစ်၍ ၎င်းတို့၏ထွက်ချက်ကို လက်မခံထိုက်ကြောင်း တင်ပြချက်နှင့်ပတ်သက်၍ ယုံကြည်ထိုက်၊ မယုံကြည်ထိုက်ကို သက်သေခံအက်ဥပဒေပုဒ်မ ၁၄၅၊ ၁၄၆၊ ၁၅၄၊ ၁၅၅ တို့နှင့်

---

* ၂၀၀၄-ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှု / ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၆၆၇(ခ) / ၄၅၄

+၂၀၀၄-ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၇၈၈ / ၂၀၀၅ တွင်ချမှတ်ခဲ့သော ၂၆ - ၃ -၂၀၀၄ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး / ကြည့်မြင်တိုင်မြို့နယ်တရားရုံး၏အမိန့်အပေါ် အယူခံမှု။

၂၀၀၄
ဒေါ်ညွှန့်စိန်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ဦးကြည်ဝင်း
ပါ-၂

အညီ သက်သေကို မယုံထိုက်သူဖြစ်ကြောင်း စွပ်စွဲမေးမြန်း၍ တရားရုံး၏ ခွင့်ပြုချက်အရထိုသက်သေကို မယုံကြည်ထိုက်သော ဆန့်ကျင်သက်သေဖြစ်ကြောင်းကြေညာရန် လိုပေသည်။ ထိုသို့ ဆောင်ရွက်ထားခြင်းမပြုပါက မယုံထိုက်သော သက်သေအဖြစ် ကြေညာထားခြင်းခံရသူဟု မသတ်မှတ်နိုင်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ အရ တိုက်ဆိုင်တိုင်း မယုံကြည်ထိုက်သော ဆန့်ကျင်သက်သေ (Hostile Witness) ဟူ၍ သတ်မှတ်ခြင်းမပြုနိုင်ပေ။ အမှုလိုက် ဥပဒေအရာရှိက သက်သေအား ၎င်း၏စာရိတ္တနှင့်စပ်လျဉ်း၍ ယုံကြည်ထိုက်သူ မဟုတ်ကြောင်း သက်သေခံ အက်ဥပဒေပုဒ်မ ၁၅၅ အရ ရှုတ်ချမေးမြန်းခြင်းပြုပြီးမှသာ ၎င်းသက်သေသည် မယုံထိုက်သော ဆန့်ကျင် သက်သေဖြစ်ကြောင်း ကြေညာခြင်း ပြုရပေမည်။

| | |
|---|---|
| **အယူခံတရားလိုအတွက်** | **ဦးသန်းမြင့်၊<br>(တရားရုံးချုပ် ရှေ့နေ၊ )<br>ဦးမြင့်သိန်း ၊<br>လက်ထောက်ညွှန်ကြားရေးမှူး၊<br>(ရှေ့နေချုပ်ရုံး)** |
| **အယူခံတရားခံအတွက်** | **ဦးမြင့်သိန်း၊<br>လက်ထောက်ညွှန်ကြားရေးမှူး၊<br>(ရှေ့နေချုပ်ရုံး)<br>ဦးတင်ကြည်<br>တရားရုံးချုပ်ရှေ့နေ** |

ကြည့်မြင်တိုင်မြို့နယ် တရားရုံးပြစ်မှုကြီးအမှတ် ၂၀၅/၂၀၀၃ တွင် ၁၉၈၆-ခုနှစ်၊ လောင်းကစားဥပဒေ ပုဒ်မ ၁၃(က)/၁၄(က) အရ ဒေါ်ညွှန့်စိန်၊ ကြည်ကြည်မြင့်၊ မိမိခိုင်၊ ဦးကြည်ဝင်း၊ ဦးတင်လှိုင်တို့အပေါ် စွဲဆိုရာ မြို့နယ်တရားရုံးက ၂၆-၃-၂၀၀၄ ရက်နေ့တွင် ဒေါ်ညွှန့်စိန်အား လောင်းကစား ဥပဒေပုဒ်မ ၁၄(က) အရ အလုပ်နှင့် ထောင်ဒဏ် (၃)နှစ် ကျခံစေရန်၊ ဒေါ်ကြည်ကြည်မြင့်နှင့် မမိမိခိုင်တို့အား

လောင်းကစား ဥပဒေပုဒ်မ ၁၃(က)အရ အလုပ်နှင့် ထောင်ဒဏ် (၁)နှစ်စီ ကျခံစေရန်၊ ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည့်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ညွန့်စိန်က မကျေနပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး ပြစ်မှုအယူခံမှုအမှတ် ၁၁၉/၂၀၀၄ တွင် အယူခံတင်သွင်းရာ လောင်းကစားဥပဒေပုဒ်မ ၁၄(က) အရ အလုပ်နှင့် ထောင်ဒဏ် (၂)နှစ်ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ညွန့်စိန်က ကျေနပ်မှုမရှိ၍ ရန်ကုန်တိုင်း တရားရုံး ပြစ်မှုပြင်ဆင်မှုအမှတ် ၇၈၈/၂၀၀၄ တွင် ထပ်မံ လျှောက်ထားရာ အကျဉ်းနည်းပလပ်ခံရသဖြင့် ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။ ရှေ့နေချုပ်ရုံးကလည်း ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့အား မြို့နယ်တရားရုံးက အပြီးအပြတ် လွှတ်ခဲ့သည့် အမိန့်ကို မကျေနပ်၍ အယူခံမှု တင်သွင်းခဲ့သည်။ ဤပြင်ဆင်မှုနှင့် အယူခံမှု (၂) မှုလုံးသည် ကြည့်မြင်တိုင် မြို့နယ် တရားရုံးပြစ်မှုကြီးအမှတ် ၂၀၅/ ၂၀၀၃ အမှု တစ်မှုတည်းမှ ပေါ်ပေါက်လာသောအမှုများဖြစ်၍ ဤစီရင်ချက်သည် ဖော်ပြပါ အမှု (၂) မှုလုံးနှင့် သက်ဆိုင်စေရမည်။

အမှုမှာ ၃၀-၃-၂၀၀၃ နေ့ ၁၄း၃၀ နာရီခန့်က ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များဖြစ်ကြသည့် ဒုရဲအုပ်အောင်သူဦး၊ ဒုရဲအုပ်ဝင်းနိုင်ထွန်း နှင့် ကြည့်မြင်တိုင်ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် နေမျိုး၊ တပ်ကြပ်ကြီးဆန်းကျော်မိုးတို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဒေါ်ညွန့်စိန်နေအိမ်၌ ဖဲဝိုင်းလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့် ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ဒေါ်ညွန့်စိန်၊ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်မိမိခိုင်၊ ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့အား ဖဲဝိုင်းလောင်းကစားနေစဉ် သက်သေခံ လောင်းကစားပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အရေးယူသောအမှုဖြစ်သည်။

ပြင်ဆင်မှုလျှောက်ထားသူ ဒေါ်ညွန့်စိန်၏ ရှေ့နေက လျှောက်လဲတင်ပြရာတွင် အမှုတွင် ရဲတပ်ဖွဲ့ဝင်သုံးဦးမှ လျှောက်ထားသူဒေါ်ညွန့်စိန်၏ နေအိမ်သို့ ဝင်ရောက်ရာတွင် ဒေါ်ညွန့်စိန်၊ ဒေါ်ကြည်ကြည်မြင့်၊ မမိမိခိုင်၊ ဦးကြည်ဝင်း၊

၂၀၀၄
ဒေါ်ညွန့်စိန်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ဦးကြည်ဝင်း
ပါ-၂

ဦးတင်လှိုင်တို့ ၅-ဦးကို အိမ်ပေါ်တွင် ထိုင်၍ ဖဲကစားနေကြသည်ကို တွေ့ရှိကြောင်း စွပ်စွဲထားသော်လည်း ရှာဖွေ သက်သေ ကိုဇော်မင်းနိုင် (လိုပြ-၁) မှ နေအိမ်ပေါ်တွင် အဘွားကြီးတစ်ဦး ဖျားနေသည်ကို တွေ့ရပြီး အခြားအမျိုးသမီးနှစ်ယောက်ကို တွေ့ရကြောင်း၊ အမျိုးသားများကို အိမ်ပေါ်တွင် လုံးဝမတွေ့ရဘဲ နောက်မှ ကွမ်းယာဝယ်စားသူ အမျိုးသားနှစ်ဦးကိုပါ ဖမ်းလာသည်ကို တွေ့ရကြောင်း ထွက်ဆိုထားပြီး ဦးမြင့်ဇော် (လိုပြ-၂) ကလည်း ရဲများက အဆိုပါ နေအိမ်သို့ မတက်ရောက်မီ ဒေါ်ညွန့်စိန်နှင့် အမျိုးသမီးတစ်ဦးကို အိမ်ပေါ်သို့ ဆွဲခေါ်သွားကြောင်း၊ ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့အား အချင်းဖြစ်အိမ်ရှေ့တွင် ကွမ်းယာ ဝယ်စားနေရာမှ ဖမ်းဆီး ခေါ်သွားကြောင်း၊ အိမ်ပေါ်သို့ရောက်သည့်အခါ အဘွားကြီးတစ်ဦး လဲနေသည်ကိုတွေ့ရပြီး အမျိုးသမီးနှစ်ဦးကိုလည်းတွေ့ကြောင်း ထွက်ဆိုထားကြရာ ရဲများထွက်ဆိုချက်နှင့်ကွဲလွဲနေပြီး မူလရုံးတော်မှ ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့ ကွမ်းယာ ဝယ်စားနေစဉ် ရဲများက ဖမ်းဆီးခဲ့သည်ဆိုသည့် အချက်ကို လက်ခံသုံးသပ်၍ အမှုမှ တရားသေလွှတ်ခဲ့သော်လည်း ဒေါ်ညွန့်စိန်၊ဒေါ်ကြည်ကြည်မြင့်၊ မမိမိခိုင်တို့ ဖဲကစားနေကြောင်း သုံးသပ်၍ ဒေါ်ညွန့်စိန်အား လောင်းကစား အိမ်ရှင်အဖြစ် အပြစ်ပေးထားခြင်းမှာ မှားယွင်းနေကြောင်း၊ သက်သေခံပစ္စည်းကို ဒေါ်ညွန့်စိန် အပါအဝင် တရားခံ ၅-ဦး ဖဲကစားနေရာမှ သိမ်းဆည်းခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များ ထွက်ဆိုခဲ့သော်လည်း ရှာဖွေသက်သေ ဇော်မင်းနိုင်က ဖဲချပ်များကို ရဲတစ်ဦးက အိမ်အောက်ထပ်မှ ကောက်ယူခဲ့ကြောင်း ထွက်ဆိုထားပြီး ဒုရဲအုပ် အောင်သူဦးမှ အမျိုးသမီးနှစ်ဦးက ဖဲချပ်များကို လွှင့်ပစ်၍ ဒုရဲအုပ် ဝင်းနိုင်ထွန်းက သွားရောက်ကောက်ယူခဲ့ကြောင်း ထွက်ဆိုသဖြင့် တရားလိုပြ သက်သေများက ကွဲလွဲစွာ ထွက်ဆိုထားကြောင်း တွေ့ရ၍ သက်သေခံချက်များအရ ဒေါ်ညွန့်စိန် အိမ်ပေါ်၌ ဒေါ်ညွန့်စိန် အပါအဝင် ၅-ဦးတို့ ဖဲကစား နေကြကြောင်း မပေါ်ပေါက်ဘဲလျက် မူလရုံး၊ အယူခံရုံး၊ ပြင်ဆင်ရုံးတို့က ဒေါ်ညွန့်စိန်၏ အိမ်တွင် ဖဲလောင်းကစား ခဲ့ကြောင်း ကောက်ယူသုံးသပ်၍ အိမ်ရှင်အဖြစ် အပြစ်ပေး ထားခြင်းမှာ မှားယွင်းပါ

သဖြင့် အပြီးအပြတ် လွှတ်ပေးရန် လျှောက်လဲတင်ပြသည်။

နိုင်ငံတော်အတွက် လိုက်ပါသော ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြင်ဆင်မှုနှင့် အယူခံမှုတို့ အတွက် လျှောက်ထားတင်ပြရာတွင် တရားလိုဒုရဲအုပ်နေမျိုး နှင့်အဖွဲ့သည် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၏ ညွှန်ကြားချက်အရ သတင်းအခိုင်အလုံရရှိ၍ ဒေါ်ညွန့်စိန်အား ရှာဖွေခြင်း ဖြစ် ကြောင်း၊ ရှာဖွေသက်သေဇော်မင်းနိုင်နှင့် မြင့်ဇော်တို့မှာ မူလရုံး တွင် မယုံကြည်ထိုက်သော သက်သေများအဖြစ် ကြော်ငြာထား ခြင်း ခံရသော သက်သေများဖြစ်ကြောင်း၊ ၎င်းသက်သေများ၏ ထွက်ချက်ကို အားကိုးအားထားပြု၍ ပြင်ဆင်မှုတင်သွင်း ထားခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးစဉ် တွေ့ရှိခဲ့ သော လောင်းကစား ပစ္စည်းများဖြစ်သည့် ဖဲချပ် ၁၁၀-ချပ်၊ အောက်ခံပန်းကန်၊ အခင်းစောင်၊ အကောက်ငွေထည့်သော ပလတ်စတစ်ခွက် ၁- လုံး၊ လောင်းကြေးငွေ ၅၀၈၀/ တို့နှင့် လောင်းကစားနေစဉ် တွေ့ရ၍ ဖမ်းဆီးခဲ့ခြင်းဖြစ် ကြောင်း၊ လောင်းကစားပြုလုပ်သော အိမ်မှာ ဒေါ်ညွန့်စိန်၏အိမ်ဖြစ်သည်မှာ အငြင်းမပွားကြောင်း၊ အိမ်ပေါ်မှ အမျိုးသမီး ၂-ဦးက ဖဲချပ်ကို အိမ်အောက်သို့ လွှင့်ပစ် သဖြင့် ရဲတပ်ဖွဲ့ဝင်များက ကောက်ယူခဲ့ရခြင်းသည် လောင်း ကစားပြုလုပ်နေခြင်းကို ပေါ်လွင်စေကြောင်း၊ မူလရုံးက ဒေါ်ညွန့်စိန်အား လောင်းကစား ဥပဒေပုဒ်မ ၁၄(က) အရ ပြစ်မှုထင်ရှားစီရင်ထားခြင်းမှာ မှားယွင်းခြင်း မရှိသည့်ပြင် ခရိုင်တရားရုံးက ထောင်ဒဏ် ၃-နှစ်အစား ၂-နှစ်သို့ လျှော့ချ ထားခြင်းဖြစ်ရာ အခြားသက်သာ ခွင့်ပေးရန် မသင့်၍ ၎င်း၏ ပြင်ဆင်မှုကို ပလပ်သင့်ပါကြောင်း တင်ပြသည်။

ဆက်လက်၍ အယူခံမှုအတွက် တင်ပြရာတွင် တရားခံ ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့ ကွမ်းယာဆိုင်မှ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ကြောင်း၊ ငွေကြေးမည်မျှသိမ်းဆည်းသည်ဟု ထွက်ဆိုခြင်းမရှိ သော မယုံကြည်ထိုက်သော သက်သေ ၂-ဦး၏ ထွက်ဆိုချက်ကို သုံးသပ်၍ မူလရုံးက အပြီးအပြတ်လွှတ်ခဲ့ခြင်းမှာ မှန်ကန်မှု မရှိကြောင်း၊ ကွမ်းယာဆိုင်နှင့်ပတ်သက်၍ တရားလိုနှင့် ရဲသက်သေများက ထွက်ဆိုချက်မရှိကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက တာဝန်အရ ဆောင်ရွက်ခြင်းဖြစ်ပြီး တရားခံ ၂-ဦးနှင့်

၂၀၀၄
ဒေါ်ညွန့်စိန်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ဦးကြည်ဝင်း
ပါ-၂

ရန်ငြိုးရန်စရှိသူများ မဟုတ်သဖြင့် ဖဲကစားနေစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူရန်ဖြစ်ကြောင်း၊ အိမ်နောက်ဖေးခန်းတွင် ၅-ဦးလုံး လောင်းကစားပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပါလျက် မြို့နယ်တရားရုံးမှ ဦးကြည်ဝင်းနှင့်ဦးတင်လှိုင်တို့အား တရားသေလွှတ်ခြင်းမှာ မှားယွင်းပါသဖြင့် ၎င်းတို့ ၂-ဦး အား လောင်းကစားဥပဒေပုဒ်မ ၁၃(က) အရ ထိုက်သင့်သောပြစ်ဒဏ်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားခံများဖြစ်ကြသော ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့၏ ရှေ့နေက လျှောက်လဲတင်ပြရာတွင် တရားလိုပြသက်သေဇော်မင်းနိုင်နှင့် ဦးမြင့်ဇော်တို့ ထွက်ချက်အရ ရဲများက အချင်းဖြစ် နေအိမ်ပေါ်သို့ မတက်ရောက်မီ ဒေါ်ညွန့်စိန်နှင့် အမည်မသိအမျိုးသမီး တစ်ဦးအား အိမ်ပေါ်သို့ ဆွဲခေါ်သွားကြောင်း၊ ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့အား ခြံပေါက်ဝ ကွမ်းယာဆိုင်တွင် ကွမ်းယာဝယ်စားနေစဉ် ဖမ်းခေါ်သွားခြင်းဖြစ်ကြောင်း၊ အိမ်ပေါ်တွင် အဘွားကြီး တစ်ဦး လဲနေပြီး အမျိုးသမီး ၂-ဦးကိုလည်း တွေ့ကြောင်း၊ အိမ်ရှိလူများကို စုထိုင်ခိုင်းပြီး ဖမ်းဆီးခြင်းဖြစ်ကြောင်း၊ ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့ ၂-ဦးမှာ ဘီလီယက်ထိုးပြီး ကွမ်းယာ ဝယ်စားရန်စောင့်ဆိုင်းနေစဉ် အဖမ်းခံရခြင်း ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက တရားခံများကို ဒေါ်ညွန့်စိန် အိမ် နောက်ဖေးခန်း၌ ဖဲလောင်းကစားပစ္စည်းများနှင့်အတူ တွေ့ရှိသည်ဟု ဆိုသော်လည်း အမှုတွဲ ပေါ်ပေါက်ချက် အရ ဒေါ်ညွန့်စိန်သည် ကမ်းနားမှနေ၍ ၎င်း၏ သမီး မစိုးစိုးဦးကို ကြိုလာခြင်းဖြစ်ပြီး ဦးကြည်ဝင်းနှင့်ဦးတင်လှိုင်ကို ဒေါ်ညွန့်စိန် အိမ်ရှေ့ကွမ်းယာဆိုင်ရှေ့တွင် ရှိနေစဉ် ရဲများက ဖမ်းဆီး၍ အိမ်ပေါ်သို့ခေါ်သွားခြင်းဖြစ်သည်မှာ ပေါ်ပေါက်ကြောင်း၊ ၎င်းတို့အနေဖြင့် လောင်းကစားအိမ်သို့ ရောက်ရှိနေခြင်း မရှိကြောင်း၊ တရားလိုပြသက်သေများနှင့် တရားခံပြ သက်သေများက ထောက်ခံထွက်ဆိုထားကြောင်း၊ တရားခံ ၂-ဦးက ဒေါ်ညွန့်စိန်နေအိမ်တွင်ဖဲလောင်းကစားမှုပြုကြောင်း တရားလိုဘက်မှ သက်သေထင်ရှားစွာ တင်ပြနိုင်ခြင်းမရှိသဖြင့် မူလမြို့နယ် တရားရုံးက အပြီးအပြတ်

၂၀၀၄
ဒေါ်ညွန့်စိန်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ဦးကြည်ဝင်း
ပါ-၂

လွှတ်ခဲ့သည်မှာ မှားယွင်းခြင်းမရှိ၍ ဤအယူခံမှုကို ပလပ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲကို လေ့လာရာတွင် အချင်းဖြစ်ရှာဖွေ ခဲ့သောအိမ်မှာ ဒေါ်ညွန့်စိန် အိမ်ဖြစ်ကြောင်း အငြင်းမပွားပေ။ တရားလိုနှင့် ရဲတပ်ဖွဲ့ဝင်များက တရားခံများအား ဒေါ်ညွန့်စိန် နေအိမ်နောက်ဖေးခန်းမှ ဖဲချပ်များ၊ သက်သေခံပစ္စည်းများနှင့် တွေ့ရှိကြောင်း ထွက်ဆိုသော်လည်း ရှာဖွေသက်သေများဖြစ်ကြသော ကိုဇော်မင်းနိုင် (လိုပြ-၁)၊ ကိုမြင့်ဇော် (လိုပြ-၂) တို့က ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့ ၂-ဦးကို ဒေါ်ညွန့်စိန်အိမ်ရှေ့ ကွမ်းယာဆိုင်မှ တွေ့ရှိပြီး ဒေါ်ညွန့်စိန်ကို သမီးမစိုးစိုးဦးအား ကမ်းနားမှ ဈေးဆိုင်ပစ္စည်းများနှင့်အတူ ကြိုရာမှ ပြန်လာစဉ် အိမ်ရှေ့တွင် တွေ့ရှိဖမ်းဆီးပြီး နေအိမ်ပေါ်သို့ ဆွဲခေါ်တွန်းတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးမြင့်ဇော် (လိုပြ-၂)၊ ရာအိမ်မှူး ဦးအောင်သန်း (ခံပြ-၆)၊ မစိုးစိုးဦး (ခံပြ-၈)၊ ဦးဖိုးကျား (ခံပြ-၉)၊ ဦးညွန့်သိန်း (ခံပြ-၁၀) တို့က တစ်ညီတစ်ညွတ် တည်း ထောက်ခံထွက်ဆိုထားကြသည်ကို တွေ့ရှိရသည်။ တရားလိုနှင့် ရဲတပ်ဖွဲ့ဝင်များမှာ တရားခံများကို နေအိမ်ပေါ်တွင် ဖဲလောင်း ကစားနေစဉ် တွေ့ရှိခြင်းဖြစ်သည် ဆိုသည့်အချက်ကို ရှာဖွေ သက်သေများက ထောက်ခံထွက်ဆိုထားကြောင်း မတွေ့ရပေ။ မှုခင်းနှင့်ပတ်သက်၍ ရှာဖွေမှုပြုလုပ်ရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၃ နှင့်အညီ နှစ်ဦး၊ သို့မဟုတ် နှစ်ဦး ထက်ပိုသော သက်သေများရှေ့တွင် ရှာဖွေခြင်း ပြုလုပ်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ရှိသည်။ ရာဇဝတ်မှုများတွင် တရားခံ များက ပြစ်မှုကျူးလွန်ကြောင်း သက်သေပြရန် တာဝန်မှာ တရားလိုဘက်မှ အစဉ်တစိုက်တာဝန်ရှိသည်။ ယခုအမှုတွင် တရားခံဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့ ၂-ဦးကို ဒေါ်ညွန့်စိန် ၏နေအိမ်ထဲမှ တွေ့ရှိကြောင်း တရားလိုပြ သက်သေများက ထောက်ခံထွက်ဆိုခြင်း မရှိပေ။ တရားလိုပြ သက်သေ ဦးဇော်မင်း နိုင်နှင့် ဦးမြင့်ဇော်တို့က ဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့ကို ကွမ်းယာဆိုင်ရှေ့မှ တွေ့ရပြီး ရဲများက ဒေါ်ညွန့်စိန်တို့နှင့်အတူ ဒေါ်ညွန့်စိန် နေအိမ်ပေါ်သို့ ဆွဲခေါ် သွားကြောင်း ထွက်ဆိုချက်ကို တရားခံပြသက်သေများ ဖြစ်ကြသော ဦးအောင်သန်း၊ ဦးဖိုးကျား၊

၂၀၀၄
ဒေါ်ညွန့်စိန်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ဦးကြည်ဝင်း
ပါ-၂

ဦးညွန့်သိန်းတို့က ထောက်ခံထွက်ဆိုထားကြသည်ကို တွေ့ရပေသည်။ ဦးအောင်သန်းသည် ရာဇဝတ်မှုဖြစ်ပြီး ရယကဥက္ကဋ္ဌ ဦးတင်ဝင်း (ခံပြ-၁၂) ၏ စေခိုင်းချက်အရ ရဲတပ်ဖွဲ့ဝင်များ နောက်သို့ လိုက်ကြည့်ခဲ့ရသူဖြစ်၍ ၎င်းမှ ဦးတင်ဝင်းအား ပြောပြခဲ့သည့် ထွက်ဆိုချက်သည် နောက်မှလုပ်ကြံထွက်ဆိုခြင်း ဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက်သော လက်ထောက်ညွှန်ကြားရေးမှူးက တရားလိုပြသက်သေ ဦးဇော်မင်းနိုင် (လိုပြ-၁) နှင့် ဦးမြင့်ဇော် (လိုပြ-၂) တို့သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ တိုက်ဆိုင်စစ်ဆေးရာတွင် ရဲထံ စစ်ခံချက်နှင့်ကွဲလွဲစွာထွက်ဆိုကြသူများဖြစ်၍ မယုံကြည်ထိုက်သော သက်သေ များအဖြစ် ကြေညာထားခြင်းခံရသူများဖြစ်၍ ၎င်းတို့၏ ထွက်ချက်ကို လက်မခံထိုက်ကြောင်း တင်ပြချက်နှင့် ပတ်သက်၍ ယုံကြည်ထိုက်၊ မယုံကြည်ထိုက်ကို သက်သေခံအက်ဥပဒေပုဒ်မ ၁၄၅၊ ၁၄၆၊ ၁၅၄၊ ၁၅၅ တို့နှင့်အညီ သက်သေကို မယုံထိုက်သူဖြစ်ကြောင်း စွပ်စွဲ မေးမြန်း၍ တရားရုံး၏ ခွင့်ပြုချက်အရ ထိုသက်သေကို မယုံကြည်ထိုက်သော ဆန့်ကျင်သက်သေ ဖြစ်ကြောင်း ကြေညာရန် လိုပေသည်။ ထိုသို့ဆောင်ရွက်ထားခြင်း မပြုပါက မယုံထိုက်သောသက်သေအဖြစ် ကြေညာထားခြင်း ခံရသူဟု မသတ်မှတ်နိုင်ပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ အရ တိုက်ဆိုင်တိုင်း မယုံကြည်ထိုက်သော ဆန့်ကျင်သက်သေ (hostile witness) ဟူ၍ သတ်မှတ်ခြင်းမပြုနိုင်ပေ။ အမှုလိုက် ဥပဒေအရာရှိက သက်သေအား ၎င်း၏စာရိတ္တနှင့် စပ်လျဉ်း၍ ယုံကြည်ထိုက်သူမဟုတ်ကြောင်း သက်သေခံအက်ဥပဒေပုဒ်မ ၁၅၅ အရ ရွှတ်ချမေးမြန်းခြင်းပြုပြီးမှသာ ၎င်းသက်သေသည် မယုံထိုက်သောဆန့်ကျင်သက်သေဖြစ်ကြောင်း ကြေညာခြင်းပြု ရပေမည်။ ဗီယန်စူး(ခ) မောင်သောင်းညွန့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်[၁] အမှုကို ရည်ညွှန်းသည်။ ဆန့်ကျင်သက်သေအဖြစ် ကြေညာခြင်းနှင့် စပ်လျဉ်း၍ မောင်ဦးမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်[၂] အမှုစီရင်ထုံး

(၁) ၁၉၆၆ ခုနှစ် ၊ မတစ ၊ စာ ၄၃
(၂) ၁၉၅၈ ခုနှစ် ၊ မတစ ၊ စာ ၅၁၃

တွင်လည်း တွေ့ရှိနိုင်သည်။ ဤအမှုတွင် မူလရုံး အမှုလိုက်ဥပဒေ အရာရှိနှင့် တရားသူကြီးတို့က တရားလိုပြသက်သေ ဦးဇော်မင်းနိုင် (လိုပြ-၁) နှင့် ဦးဇော်မြင့် (လိုပြ-၂) တို့အား ဆန့်ကျင်သက်သေအဖြစ်ကြေညာကြောင်း ဆောင်ရွက်ထားသည်ကို မတွေ့ရ၍ ၎င်းသက်သေနှစ်ဦးအား ဆန့်ကျင်သက်သေဟု သတ်မှတ်ခြင်း မပြုနိုင်ပေ။ ၎င်းသက်သေနှစ်ဦးတို့၏ ထွက်ချက်များကိုတရားခံများတင်ပြသော သက်သေများက ထောက်ခံထွက်ဆိုထားကြသည်ဖြစ်၍ ၎င်းတို့၏ထွက်ဆိုချက်ကို လက်ခံမှသာ တရားမျှတမှုရှိပေမည်။

သို့ဖြစ်၍ ယခုအမှုတွင် အယူခံတရားခံဦးကြည်ဝင်း နှင့် ဦးတင်လှိုင်တို့သည် ပေါ်ပေါက်သောသက်သေခံချက်များအရ ဒေါ်ညွန့်စိန်၏နေအိမ်ပေါ်သို့ ရောက်ရှိနေသည်ဟု ကောက်ယူရန်မဖြစ်နိုင်၍ ၎င်းတို့နှစ်ဦးသည် လောင်းကစား ဥပဒေပုဒ်မ ၁၃(က) အရ အပြစ်မရှိဟု ဆုံးဖြတ်ခဲ့သော မြို့နယ်တရားရုံး၏အမိန့်သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဒေါ်ညွန့်စိန်နှင့်စပ်လျဉ်း၍ ၎င်းသည် အိမ်ရှင်ဖြစ်သည်မှာ အငြင်းပွားခြင်းမရှိသည့်ပြင် သက်သေခံ (ဂ) ရှာဖွေဖမ်းဆီးဝရမ်းအရ ၎င်း၏အမည်ဖြင့် ထုတ်ပေးခဲ့သည်ကို တွေ့ရသည်။ အခင်းဖြစ်အိမ်ပေါ်တွင် လောင်းကစားကရိယာများ သိမ်းဆည်းရမိခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။

လောင်းကစားဥပဒေပုဒ်မ ၁၄(က) အင်္ဂါရပ်မြောက်ရန် ပုဒ်မ ၉ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"ပုဒ်မ ၉။ (က) လောင်းကစားအိမ်ဖွင့်လှစ်ခြင်း၊ သို့မဟုတ် တည်ထောင်ခြင်း၊ သို့မဟုတ် စီမံခန့်ခွဲခြင်း၊ သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်း နည်းဖြင့် အားပေးကူညီခြင်း မပြုရ။

(ခ) လက်ဝယ်ရှိသော၊ သို့မဟုတ် အသုံးပြုခွင့်ရသောအိမ်၊ အဆောက် အအုံ၊ ကာရံထားသော နေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကို လောင်းကစားအိမ်အဖြစ် ဖွင့်လှစ်ရန်၊ သို့မဟုတ် တည်ထောင်ရန်၊ သို့မဟုတ် အသုံးပြုရန် ခွင့်မပြုရ"

၂၀၀၄
ဒေါ်ညွန့်စိန်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ဦးကြည်ဝင်း
ပါ-၂

လောင်းကစားဥပဒေပုဒ်မ ၉(ခ) အရ လက်ဝယ်ရှိသော အိမ်ကိုလောင်းကစားအိမ်အဖြစ် အသုံးပြုခွင့်ပေးလျှင် ပုဒ်မ ၁၄(က) ကို ကျူးလွန်ရာရောက်မည်ဖြစ်သည်။ ဒေါ်ညွန့်စိန်သည် အခင်းဖြစ်စဉ်က နေအိမ်ရှေ့တွင် ရှိနေကြောင်း သက်သေခံချက်များအရ ပေါ်ပေါက်သဖြင့် ၎င်း၏ခွင့်ပြုချက်ဖြင့် နေအိမ်တွင် ဖဲလောင်းကစားဝိုင်း ပြုလုပ်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်၍ မူလရုံးက လောင်းကစားဥပဒေပုဒ်မ ၁၄(က) အရ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိပေ။ အယူခံရုံး ကလည်း ထောင်ဒဏ် ၃-နှစ်အစား ၂-နှစ်သို့ လျှော့ချ ပြင်ဆင်ခဲ့ပြီး ဖြစ်၍ ထပ်မံပြင်ဆင်ရန် လိုအပ်မည်မဟုတ်ပေ။

ထို့ကြောင့် ဒေါ်ညွန့်စိန်၏ပြင်ဆင်ရန် လျှောက်ထားမှုကို ပလပ်လိုက်သည်။

အယူခံတရားခံဦးကြည်ဝင်းနှင့် ဦးတင်လှိုင်တို့ အပေါ် ရွှေနေချုပ်ရုံးက တင်သွင်းသောအယူခံမှုကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

+ ၂၀၀၄
မေလ
၆ရက်

## တရားရုံးချုပ်တရားသူကြီးဦးမြင့်သိန်း၏ရှေ့တွင်

ဦးတင်ချစ်ပါ -၇
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ -၂*

**ရဲအမှုစစ်ထံတွင် အစစ်ခံချက်ပေးသော သက်သေတစ်ဦးကို မမှန်မကန်သတင်းပေးထွက်ဆိုသည်ဆိုကာ အရေးယူခွင့် ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ လျှောက်ထားသူများကို အရေးယူထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၃ ၏ ပြဋ္ဌာန်းချက်မှာလည်း "ကျူးလွန်ပြီးဖြစ်သော ပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်သတင်းပေးခြင်း (giving false information respecting an offence committed) အတွက် ပြဋ္ဌာန်းထားသော ပုဒ်မဖြစ်ကာ ယခုကဲ့သို့ ရဲအရာရှိထံ သက်သေအစစ်ခံချက်ပေးခြင်းနှင့် စပ်ဆိုင်ခြင်းမရှိပေ။

လျှောက်ထားသူအတွက် — ဦးရဲနောင်၊
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် — ၁။ ဒေါ်အေးမြင့်၊
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး
၂။ ကိုယ်တိုင် (မလာ)

* ၂၀၀၄ခုနှစ်၊ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အမှတ် ၆
\+ ၂၀၀၄ခုနှစ်၊ ပြစ်မှုကြီးအမှု အမှတ် ၉၂၃တွင် ချမှတ်သော ၁၃-၁-၂၀၀၄ ရက်စွဲပါ ပဲခူးမြို့နယ်တရားရုံး၏အမိန့်ကိုပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၅၆၁-ကအရချေဖျက်ပေးစေလိုမှု

၂၀၀၄
ဦးတင်ချစ်ပါ
၇-ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂-ဦး

ပဲခူးမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၉၂၃/ ၂၀၀၄ တွင် တရားလိုဒုရဲအုပ်မိုးနိုင်က တရားခံဦးတင်ချစ် ပါ ၇-ဦး တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၃ အရ အရေးယူ ပေးရန် ဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက လျှောက်ထား သည့်အတိုင်း အရေးယူရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါ မြို့နယ် တရားရုံးက အရေးယူသည့် အမိန့်ကို ဦးတင်ချစ်ပါ ၇-ဦးတို့က မကျေနပ်၍ တရားရုံးချုပ်၌ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် ဤပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာကို လျှောက်ထားလာခြင်း ဖြစ်သည်။

အမှုမှာ ၁၄-၉-၂၀၀၃ ရက်နေ့ (၁၃း၃၀) နာရီအချိန် က ပဲခူးမြို့၊ ပြည်သူ့ဆေးရုံကြီးမှ ပဲခူးမြို့အဝင် ကလိ မြို့ပတ်ကား ဂိတ်၌ ဦးကံထူးမောင်စီးလာသော ဆိုင်ကယ် နှင့် ဦးကျော်အုန်း မောင်းနှင်သော မြို့ပတ်ကား(စ/၉၂၂၅) တို့ တိုက်မိပြီး ဦးကံထူးမောင် သေဆုံးသွားရာ ဦးကျော်အုန်းကို ပဲခူးမြို့နယ် တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၀၀၆၆/ ၂၀၀၃ ဖြင့် တရားစွဲဆိုထား စဉ် အဆိုပါ ယာဉ်တိုက်မှုတွင် အမှုစစ်ဒုရဲအုပ် မိုးနိုင်က သက်သေအဖြစ် ခေါ်ယူမေးမြန်းစစ်ဆေးခဲ့သော ဦးတင်ချစ်၊ ဦးလှမြင့်၊ ဦးငြိမ်းချမ်း၊ ဦးဇော်မင်းထွန်း၊ ဦးရဲထွန်းဝင်း၊ ဦးသံချောင်း နှင့် ဦးဝင်းရှိန်တို့ ၇-ဦးသည် အမှုစစ်ဒုရဲအုပ် မိုးနိုင်၏ ရှေ့မှောက်တွင် မမှန်မကန် ထွက်ဆို အစစ်ခံခဲ့ကြသဖြင့် ဦးတင်ချစ်ပါ ၇-ဦးတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၃ အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားရာမှ ပေါ်ပေါက် လာသော အမှုဖြစ်သည်။

လျှောက်ထားသူများ၏ ရှေ့နေက မူလရုံး တရားလို ဒုရဲအုပ် မိုးနိုင်အနေဖြင့် ၎င်းအမှုစစ်အဖြစ် ဆောင်ရွက်သော ယာဉ်တိုက် မှုတွင် သက်သေစိုးရာဇာပါ ၅-ဦး၏ ထွက်ဆိုချက်နှင့် ဦးတင်ချစ်ပါ ၇-ဦးတို့၏ ထွက်ဆိုချက်မှာ တစ်ဖက်နှင့်တစ်ဖက် ဆန့်ကျင်ကွဲလွဲနေသည့်အတွက် မည်သည့်ဘက်က ထွက်ဆိုချက် မှန်သည်၊ မှားသည်ကို အမှုစစ်တစ်ဦးအနေဖြင့် ဆုံးဖြတ်နိုင်ခွင့် ရှိသူမဟုတ်၍ ဦးတင်ချစ်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၃ ဖြင့် တရားစွဲဆိုခွင့်ရှိမည်မဟုတ်ပါကြောင်း၊ ဦးတင်ချစ်ပါ ၇-ဦးတို့သည် မူလရုံး၌ ယခုအမှုဖြင့် တရားစွဲဆိုခံရသည့်

အချိန်ထိ မည်သည့်တရားရုံးတွင်မျှ အဆိုပါယာဉ်တိုက်မှုအတွက် သက်သေအဖြစ် အစစ်ခံထွက်ဆိုရခြင်းလည်းမရှိသေးပါကြောင်း၊ တရားရုံးရှေ့၌ ထွက်ဆိုခဲ့ပြီးဖြစ်လျှင်လည်းသက်သေတစ်ဦးအား တရားရုံး၌ အစစ်ခံထွက်ဆိုစဉ် ရဲထံအစစ်ခံချက်နှင့် ကွဲလွဲနေပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ ရဲထံအစစ်ခံချက်နှင့် တိုက်ဆိုင်မေးမြန်း၍သက်သေက ရဲထံအစစ်ခံချက် မမှန်ကြောင်း၊ သို့မဟုတ် ရဲထံအစစ်ခံချက်အတိုင်း မထွက်ဆိုခဲ့ကြောင်း ထွက်ဆိုလျှင်ပင်အဆိုပါသက်သေကို ရဲထံမမှန် အစစ်ခံမှုဖြင့် အရေးယူ တရားစွဲဆိုပိုင်ခွင့် မရှိပါကြောင်း၊ ရဲအရာရှိထံ မမှန်မကန်ထွက်ဆိုအစစ်ခံ ရုံမျှဖြင့် အစစ်ခံသူ သက်သေအား မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေကမျှ တရားစွဲဆိုခြင်း ခံရထိုက်ကြောင်း ပြဋ္ဌာန်းထားချက် လုံးဝမရှိပါကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၃ အရ အရေးယူရန်မှာလည်း မမှန်သောသတင်း တစ်ခုခုကိုမိမိအလိုအလျောက် သတင်းပေးခြင်းနှင့်သာ သက်ဆိုင်ပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ အရ သတင်းပေးခြင်းနှင့်သက်ဆိုင်ရန်လိုမည်ဖြစ်ပါကြောင်း၊ ယခုအမှုတွင် အပေါ်ယံကြည့်ရုံမျှဖြင့် မည်သည့်ပြစ်မှုမျှ မမြောက်ဟု ပေါ်ပေါက်နေခြင်း၊ ပြစ်မှုအင်္ဂါရပ်နှင့်မညီခြင်း၊ တရားခံများအပေါ် စိတ်အနှောင့်အယှက်ပေးရာကျရောက်နေခြင်း၊ ရာဇဝတ် တရားစီရင်ရေးယန္တရားကို အလွဲသုံးစားပြုထားခြင်း စသည် များပေါ်ပေါက်နေသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက် ပေးသင့်ကြောင်း တင်ပြသည်။

လျှောက်ထားခံရသူအတွက် ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက ယခုအမှုမှာ ပဲခူးတိုင်း (တယက) ၏ညွှန်ကြားချက်၊ ပဲခူးတိုင်း ဥပဒေရုံးပါဝင်သော စုံစမ်းရေးအဖွဲ့၏အစည်းအဝေးညှိနှိုင်းချက်၊ ဆုံးဖြတ်ချက်များအရ အရေးယူခဲ့သောအမှုဖြစ်ကာ လျှောက်ထားသူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၃ အရအရေးယူရန် ဆုံးဖြတ်ခဲ့သော တရားသူကြီးသည်တရားလို၏ တိုင်လျှောက်ချက်အပေါ် မူတည်၍လုံလောက်သောအကြောင်းရှိ၍သာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၄ အရ လျှောက်ထားသူများကို ဆင့်ခေါ်ခဲ့ခြင်း

၁၄

၂၀၀၄
ဦးတင်ချစ်ပါ
၇-ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂-ဦး

ဖြစ်ပါကြောင်း၊ လျှောက်ထားသူများ တင်ပြသကဲ့သို့ အမှုတွဲ ချေဖျက်ပေးရန် ကိစ္စတွင် တရားလိုဘက်မှ စွပ်စွဲချက်များကို မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း ရှိ မရှိ ပြစ်မှု မြောက်သည့် စွပ်စွဲချက်များကို ထောက်ခံသည့် သက်သေခံ ချက်ရှိ၊ မရှိဆိုသော အချက်များကို အလေးအနက်ထား၍ စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ယခုအမှု၌ လျှောက်ထားသူများ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၃၊ သို့မဟုတ် ပြစ်မှု တစ်ရပ်ရပ် ကျူးလွန်ခြင်း မရှိကြောင်း ထောက်ခံသည့် သက်သေခံချက်မရှိဟု စဉ်းစားသုံးသပ်နိုင်ခြင်း မရှိသေး၍ အမှုတွဲချေဖျက်ပေးရန် မသင့်သေး ပါကြောင်း၊ ယခုအမှုတွင် သက်သေများ ကြားနာစစ်ဆေးခြင်း မပြုရသေးပါကြောင်း၊ တရားလိုပြသက်သေများကို စစ်ဆေး၍ လျှောက်ထားသူ များအပေါ် ပြစ်မှုမမြောက်ကြောင်း ပေါ်ပေါက်သည့် အချိန်တွင် ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁) အရ စွဲချက်မတင်ဘဲ ပြန်လွှတ်ရန် လျှောက်ထားနိုင်ခြင်း၊ အမှုတွဲ ချေဖျက်ပေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ လျှောက်ထားခြင်းများပြုလုပ်နိုင်ပါသဖြင့် ယခု အဆင့်၌ အမှုတွဲ ချေဖျက်ပေးရန် မသင့်ကြောင်း တင်ပြသည်။

မူလရုံးအမှုတွဲကို လေ့လာကြည့်ရာ ၁၃-၁-၂၀၀၄ ရက်နေ့တွင် တရားလို ဒုရဲအုပ်မိုးခိုင်၏ ဦးတိုက်လျှောက်ထား တရားစွဲဆိုလွှာအပေါ်တွင် မူတည်ပြီး မူလရုံးက တရားခံ (ယခုလျှောက်ထားသူ) ၇-ဦးကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၃ အရ အရေးယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ဒုရဲအုပ်မိုးခိုင်၏ ဦးတိုက်လျှောက်လွှာပါ ဖော်ပြချက်များ အရ ၁၄-၉-၂၀၀၄ရက်နေ့က ဖြစ်ပွားသော မော်တော် ဆိုင်ကယ်နှင့် မြို့ပတ်ယာဉ်အမှတ် (စ/၉၂၂၅) တို့ ဖြစ်ပွား သော ယာဉ်တိုက်မှုတွင် သက်သေစိုးရာဇာပါ ၅-တို့၏ ထွက်ဆိုချက်များအရမြို့ပတ်ကားယာဉ်မောင်း ဦးကျော်အုန်း၏ ပေါ့ဆစွာ ပြုလုပ်မှု၊ မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွား ခဲ့ခြင်းဖြစ်သည်ဟု ပေါ်ပေါက်ပြီး လျှောက်ထားသူဦးတင်ချစ်ပါ ၇-ဦးတို့၏ ထွက်ဆိုချက်များအရဆိုပါက ဦးကျော်အုန်း

မောင်းနှင်သော ယာဉ်အမှတ် (စ/၉၂၂၅) မှာ ဘုရားကြီးဘက်သို့ ခေါင်းလှည့်ကာ ရပ်ထားခြင်းသာဖြစ်ကြောင်း ထွက်ဆိုသဖြင့် ဦးကျော်အုန်း၏ ပေါ့ဆစွာ အရမ်းမောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်ကို မျက်မြင်သိရှိပါလျက် ဖုန်းကွယ်၍ မမှန်မကန်ထွက်ဆို အစစ်ခံခဲ့ကြသည်ဟု စွပ်စွဲပြီး ဦးတင်ချစ်ပါ ၇-ဦးကို တရားစွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရသည်။

၂၀၀၄
ဦးတင်ချစ်ပါ
၇-ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂-ဦး

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ (၁) တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

"၁၆၂။ (၁) ဤအခန်းအရ စုံစမ်းထောက်လှမ်းနေစဉ်တွင် ရဲအရာရှိတစ်ဦးထံပေးသော မည်သူတစ်ဦးတစ်ယောက်၏ အစစ်ခံချက်ကိုမျှစာဖြင့် ရေးယူလျှင် အစစ်ခံသူက လက်မှတ်ရေးထိုးခြင်း မပြုရ။ အဆိုပါ အစစ်ခံချက်ကိုဖြစ်စေ၊ ရဲနေ့စဉ် မှတ်တမ်း၌ ရေးမှတ်ထားချက်၊ သို့မဟုတ် အခြားနည်းဖြင့် ရေးမှတ်ထား ချက်ကိုဖြစ်စေ၊ အဆိုပါ အစစ်ခံချက်၊ သို့မဟုတ် ရေးမှတ်ထားချက်၏ အစိတ်အပိုင်းကိုဖြစ်စေ အောက်တွင် ပြဋ္ဌာန်းထား သည်မှလွဲ၍ ယင်းအစစ်ခံချက်ပေးသည့် အချိန်က မေးမြန်းစုံထောက်နေသော ပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေး စီရင်မှု၌ သက်သေခံချက်အဖြစ် အသုံးမပြုစေရ။ သို့ရာတွင် အထက်တွင်ဖော်ပြပါရှိသည့်အတိုင်း အစစ်ခံချက်ကို စာဖြင့်ရေးမှတ်ထားသော မည်သည့်သက်သေခံကိုမဆို အဆိုပါ စုံစမ်း စစ်ဆေးမှု၊ သို့မဟုတ် စစ်ဆေးစီရင်မှုတွင် တရားလိုဘက်မှဖြစ်စေ၊ တရားခံ ဘက်မှဖြစ်စေ ခေါ်ယူသောအခါ ထိုသက်သေ၏ အစစ်ခံချက်ဖြစ်ကြောင်း နည်းလမ်းတကျ ထင်ရှား ဖြစ်ခဲ့လျှင် တရားခံဘက်က ဖြစ်စေ၊ တရားလိုဘက်ကဖြစ်စေ သက်သေခံအက် ဥပဒေပုဒ်မ ၁၄၅ အရ ပြဋ္ဌာန်း ထားသောနည်းလမ်း အတိုင်း အဆိုပါ သက်သေကို ဆန့်ကျင်ရန်အတွက်၊ သို့မဟုတ် သက်သေခံအက်ဥပဒေပုဒ်မ ၁၅၅ အရ ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း အဆိုပါသက်သေကို မယုံကြည်ထိုက်ကြောင်း ပြဆိုရန်အတွက် အသုံးပြု

၂၀၀၄
ဦးတင်ချစ်ပါ
၇-ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂-ဦး

နိုင်သည်။ ၎င်းပြင် အဆိုပါအစစ်ခံချက်၏ အစိတ်အပိုင်းကို ထိုကဲ့သို့ အသုံးပြုသောအခါ ထိုအစိတ်အပိုင်းကို ပြန်လှန်စစ်မေးရာ၌ ဖြစ်ပေါ်ခဲ့သော အကြောင်းအရာ တစ်စုံတစ်ရာကို ရှင်းလင်းရန် အတွက် ထိုသက်သေအား ပြန်လည်စစ်မေးရာ၌ အသုံး ပြုနိုင်သည်"

အထက်ပါပြဋ္ဌာန်းချက်အရဆိုပါက ရဲအရာရှိထံ ထွက်ဆိုခဲ့သောသက်သေတစ်ဦး၏ အစစ်ခံချက်ကို တရားရုံးရှေ့၌ ထိုသက်သေအား စစ်ဆေးသောအခါ တရားလိုဘက်ကဖြစ်စေ၊ တရားခံဘက်ကဖြစ်စေ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၄၅ အရ ထိုသက်သေကို 'ဆန့်ကျင်ရန်' အတွက်၊ သို့မဟုတ် သက်သေခံအက် ဥပဒေပုဒ်မ ၁၅၅ အရ ထိုသက်သေကို 'မယုံကြည်ထိုက်ကြောင်း ပြဆိုရန်' အတွက် အသုံးပြုနိုင်ရန်ဖြစ်ကြောင်းတွေ့ရသည်။

အမှုစစ်ရဲအရာရှိတစ်ဦးအနေဖြင့် ၎င်းစုံစမ်းစစ်ဆေးထောက်လှမ်းနေသောအမှုတွင် တရားခံပြစ်မှုကျူးလွန်ကြောင်း ထောက်ခံသော အကောင်းဆုံးသက်သေခံချက်များကို စုဆောင်းပြီး အမှုကို တရားရုံးသို့ တရားစွဲဆို တင်ပို့နိုင်ရေး အတွက် အမှုတွဲတည်ဆောက်ရန် ဖြစ်ပေသည်။ အမှုစစ်ရဲအရာရှိက ခေါ်ယူစစ်ဆေးသော သက်သေများအနက်မှ တရားလိုဘက်ကို ထောက်ခံခြင်းမပြုဘဲ အမှုကိုအားနည်းစေသော သက်သေခံချက်များ၊ သို့မဟုတ် အမှုပျက်ပြယ် စေနိုင်သော၊ သို့မဟုတ် တရားခံ အပြစ်မှ လွတ်စေနိုင်သောသက်သေခံချက်များ ထွက်ဆို လာသော သက်သေများကို လက်ခံအသုံးပြုခြင်းမပြုဘဲ ဖယ်ထုတ်ထားရန် ဖြစ်ပေလိမ့်မည်။ တစ်နည်းဆိုသော် ထိုသို့သော သက်သေအမျိုးအစားများကို တရားလိုပြသက်သေစာရင်း၌ ထည့်သွင်းဖော်ပြခြင်း မပြုရန်ပင် ဖြစ်သည်။

ယခုအမှုမှ ဒုရဲအုပ်မိုးခိုင်စုံစမ်းစစ်ဆေးသော ပဲခူးအမှတ်(၁) ရဲစခန်း၏ (ပ) ၁၂၀၄/၂၀၀၃ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က အမှု) တွင် တရားခံဦးကျော်အုန်း အပေါ် တရားစွဲဆိုနိုင်ရန်အတွက် တရားလိုဘက်ကို ထောက်ခံသော စိုးရာဇာပါ ၅-ဦးကဲ့သို့သော သက်သေများကို တရားလိုပြသက်သေများအဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စွဲချက်ပုံစံ (ပြစ်မှု-ရဲ

၁၂၅ ပုဒ်) သက်သေစာရင်း၌ ထည့်သွင်းရန်သာဖြစ်ပြီး တရားလိုဘက်ကို ထောက်ခံခြင်းမရှိသော ဦးတင်ချစ်ပါ ၇-ဦး ကဲ့သို့သော သက်သေများကို တရားလိုပြသက်သေများအဖြစ် သက်သေစာရင်း၌ ထည့်သွင်းခြင်းမပြုရန်သာဖြစ်သည်။ ယခုကဲ့သို့ ရဲတပ်ဖွဲ့က ခေါ်ယူစစ်ဆေးသောသက်သေများကို ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုနိုင်ကြောင်း ဥပဒေပြဋ္ဌာန်းချက်ရှိကြောင်း မတွေ့ရပေ။ ရဲအမှုစစ်ထံတွင် အစစ်ခံချက်ပေးသော သက်သေတစ်ဦးကို မမှန်မကန် ထွက်ဆိုသည်ဟု အရေးယူခွင့်ပြုမည်ဆိုပါက မလိုလားအပ်သော သာဓကတစ်ရပ် ဖြစ်ပေါ်စေနိုင်သည့်အပြင် အမှုစစ်ရုံးရှေ့၌ လွတ်လပ်စွာ ထွက်ဆိုသည့်သက်သေများ၏ ထွက်ဆိုမှုကို အဟန့်အတား ဖြစ်စေနိုင်ပေသည်။

မူလရုံးက လျှောက်ထားသူများကို အရေးယူထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၃ ၏ ပြဋ္ဌာန်းချက်မှာလည်း ကျူးလွန်ပြီးဖြစ်သော ပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်သတင်းပေးခြင်း **(giving false information respecting an offence committed)** အတွက် ပြဋ္ဌာန်းထားသော ပုဒ်မ ဖြစ်ကာ ယခုကဲ့သို့ ရဲအရာရှိထံ သက်သေအစစ်ခံချက်ပေးခြင်းနှင့် စပ်ဆိုင်ခြင်း မရှိပေ။

သို့ဖြစ်၍ လျှောက်ထားသူဦးတင်ချစ်ပါ ၇-ဦးအပေါ် ပဲခူးမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၃ အရ အရေးယူထားခြင်းမှာ ဥပဒေအရ မှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ဦးတင်ချစ်ပါ ၇-ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူနိုင်ရန်အတွက် တစ်စုံတစ်ရာ ငြိစွန်းချက် ပေါ်ပေါက်ခြင်း မရှိသောကြောင့် အမှုအား ချေဖျက်သင့်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဤပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာကို ခွင့်ပြုပြီး ပဲခူးမြို့နယ်တရားရုံး၏ ၂၀၀၄-ခုနှစ်၊ ပြစ်မှု ဆိုင်ရာ အမှုကြီးအမှတ် ၉၂၃ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

+၂၀၀၄
ဇွန်လ
၂၁ ရက်

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်းရှေ့တွင်**
**ထွန်းထွန်း**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်***

**ပူးတွဲတရားခံက သစ်တောအုပ်နှင့် ရဲတပ်ဖွဲ့ဝင်တို့ ရှေ့တွင် ထွက်ဆိုအစစ်ခံခဲ့သော ထွက်ဆိုချက်ဖြင့် အမှုမှတရားခံ အပေါ် ပြစ်မှုထင်ရှားစီရင်ရန် သင့်၊ မသင့်။**

**ဆုံးဖြတ်ချက်။** တရားခံပြေး ညွန့်ကို၏ထွက်ဆိုချက်ကို သာ သက်သေတောအုပ်ကြီး ဦးစိုးမြင့်က ကြားသိသော်လည်း ဦးစိုးမြင့်သည် ပြစ်မှုကျူးလွန်သည်ကို တိုက်ရိုက်သိမြင်သူ မဟုတ်ပေ။ ညွန့်ကို၏ ထွက်ဆိုချက်သည် တရားရုံးရှေ့တွင် ပြန်လှန် မေးခွန်းဖြင့် သက်သေခံချက် ခိုင်မာမှုကို ဆန်းစစ်ရယူထား သော ထွက်ချက်မဟုတ်သည့်အပြင် ပူးတွဲတရားခံ၏ ထွက်ဆို ချက်သာ ဖြစ်သည်။ ၎င်းထွက်ဆိုချက် အပေါ် အခြား အထောက် အကူပြုသည့် သက်သေခံချက်လည်း မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** တရားခံပြေးညွန့်ကို၏ သစ်တော အုပ်နှင့် ရဲအရာရှိတို့ ရှေ့တွင် ထွက်ဆိုချက်ကို နုတ်ပယ်လိုက်လျှင် တရားခံ ထွန်းထွန်း ပြစ်မှုကျူးလွန်ကြောင်း ကောက်ယူ ဆုံးဖြတ် နိုင်သည့် သက်သေအထောက်အထား တစ်စုံတစ်ရာ မရှိပေ။ သို့ဖြစ်၍ တရားခံထွန်းထွန်းအပေါ် မူလတောင်ငူခရိုင် တရားရုံးက တရားခံပြေးညွန့်ကို၏သစ်တောအုပ်ရှေ့တွင် ထွက်ဆိုချက်သက်သေခံ 'စ' 'စ-၁' တစ်ခုတည်းဖြင့် ပြစ်မှု

---

* ၂၀၀၃-ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ်-၈၁၀(ခ)
+၂၀၀၃-ခုနှစ် ၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၆၄ တွင် ချမှတ်သော၄-၁၂-၂၀၀၃ရက်စွဲပါပဲခူးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

ကျူးလွန်ကြောင်း တွေ့ရှိရသည်ဟု ပြစ်ဒဏ်ချမှတ်ခဲ့သည့် အမိန့်နှင့် ၎င်းအမိန့်ကို အယူခံဝင်ရောက်ခဲ့ရာ အယူခံကို ပလပ်ခဲ့သော ပဲခူး တိုင်းတရားရုံး၏ အမိန့်တို့သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။



လျှောက်ထားသူအတွက် ဦးသက်တင်
(တရားရုံးချုပ်ရှေ့နေ)

လျှောက်ထားခံရသူအတွက် ဦးကြည်မြင့်
လက်ထောက်ညွှန်ကြားရေးမှူး
(ရှေ့နေချုပ်ရုံး)

တောင်ငူခရိုင် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၄/၂၀၀၂ တွင် တရားခံထွန်းထွန်းအပေါ် ၁၉၆၃-ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃/ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရ ထောင်ဒဏ် ၁၀-နှစ် (ဆယ်နှစ်) ကျခံစေရန် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံထွန်းထွန်းက မကျေနပ်သည့်အတွက် ပဲခူးတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ်- ၆၄/၂၀၀၃ တင်သွင်းခဲ့သော်လည်းပလပ်ခံရသောကြောင့် တရားရုံးချုပ်သို့ ပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။ ပြင်ဆင်မှုအား ၁၀-၂-၂၀၀၄ နေ့တွင် နှစ်ဖက်ကြားနာပြီးနောက် ပြင်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၂၈ အရ မူလရုံးသည် တရားခံပြေးတွဲစောင့် ညွှန့်ကို ၏သစ်တောဌာနတွင် ထွက်ဆိုခဲ့သော အစစ်ခံချက် သက်သေခံ (စ-၁) နှင့်စပ်လျဉ်း၍ လိုအပ်သည့် အချက်အလက်များကို တောင်ငူမြို့နယ် သစ်တောဦးစီးဌာန၊ တောအုပ်ကြီးဦးစိုးမြင့်အား ခေါ်ယူစစ်ဆေး၍သက်သေခံချက်များရယူပြီး ဤရုံးသို့ ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့သည်။ ညွှန်ကြားချက်အရ တောင်ငူခရိုင် တရားရုံးမှ တောအုပ်ကြီး ဦးစိုးမြင့်အား ရုံးရှေ့သို့ ခေါ်ယူစစ်ဆေး၍ သက်သေခံချက်များ ရယူပြီး ဤရုံးသို့ ပြန်လည်တင်ပြခဲ့သည်။ သို့ဖြစ်၍ဤပြင်ဆင်မှုကို နှစ်ဖက် ပြန်လည်ကြားနာ ခဲ့သည်။

အမှုမှာ ၂၄-၈-၂၀၀၁ ရက်နေ့ နံနက် ၃း၃၀ အချိန်က

တောင်ငူဘူတာတွင် ရပ်နားထားသော ကုန်တွဲအမှတ် (GBHV) ၁၁၁၈၇ ပေါ်တွင် တရားမဝင် ကျွန်းသစ်ခွဲသားများ ပါရှိကြောင်း သတင်းရရှိသဖြင့် အမှတ် ၃ ထောက်လှမ်းရေး တောင်ငူမြို့နယ် သစ်တောဦးစီးဌာန၊ အမှတ် ၁ ရဲတပ်ဖွဲ့ စခန်းနှင့် မြန်မာမီးရထားဝန်ထမ်းများ ပူးပေါင်း၍ အဆိုပါ ကုန်တွဲကို ဖွင့်ဖောက်စစ်ဆေးရာ ကျွန်းတံခါးရွက်ဆိုဒ်စုံ ၅၂၇ ချပ် ၁၂. ၂၈၆၂ တန် ပိန်အိတ်ဖြင့် ထည့်ထားသော ကျွန်းပွတ်လုံးနှင့် ကျွန်းခွဲသား ဆိုဒ်စုံ ၂၂၃၀ ချောင်း ၂. ၉၄၁၈ တန်တို့ကို တွေ့ရှိ သိမ်းဆည်းရမိသောကြောင့် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲမြင့်သိန်းက တောင်ငူမြို့ မီးရထားရဲစခန်းသို့ သက်သေခံ 'ယ' တိုင်ကြားစာဖြင့် တိုင်ကြားခဲ့သည်။ ၁၉-၉-၂၀၀၁ နေ့တွင် တရားခံထွန်းထွန်းနှင့် ညွန့်ကိုတို့အား သစ်တောဥပဒေပုဒ်မ ၄၃ (က) အရ တောင်ငူ မြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၁၁-၉-၂၀၀၂ နေ့တွင် တရားခံများကို ၁၉၆၃-ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ကို ရရှိခဲ့သဖြင့် တရားခံ ထွန်းထွန်းအပေါ် တောင်ငူခရိုင်တရားရုံး ပြစ်မှုကြီးအမှတ် ၄၄/၂၀၀၂ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲတင်ခဲ့ခြင်း ဖြစ်သည်။ တရားခံညွန့်ကိုသည် ထွက်ပြေးခဲ့သဖြင့် ယင်းအပေါ် တရားခံပြေးအမှုဖွင့်ခဲ့ရသည်။

လျှောက်ထားသူ၏ ရှေ့နေက လျှောက်လဲရာတွင် ကျွန်းသစ်သယ်ဆောင်မှုတွင် တရားခံပါဝင်ပတ်သက်ကြောင်း တရားလိုဘက်မှ ထွက်ဆိုနိုင်ခြင်းမရှိသော်လည်း တွဲထိန်း ညွန့်ကို၏ သစ်တောအရာရှိ ရှေ့မှောက်ထွက်ဆိုချက်အရ လျှောက်ထားသူသည် အားပေးကူညီခြင်းရှိသည်ဟု သုံးသပ်၍ အပြစ်ပေးထားခြင်းဖြစ်ကြောင်း သစ်တောအရာရှိရှေ့မှောက်တွင် ထွက်ဆိုချက်သည် ထွက်ဆိုသူအပေါ် ဝန်ခံချက်သဖွယ် အသုံးပြုနိုင်သော်လည်း တစ်ပါးသူအပေါ် ထိုထွက်ဆိုချက်ကို အကိုးအကားပြု၍ အပြစ်ပေးထားခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိသောအချက်ဖြစ်၍ လျှောက်ထားမှုအား တရားသေ

လွှတ်သင့်ကြောင်း သစ်တောလုပ်ထုံးလုပ်နည်း ဥပဒေပုဒ်မ ၁၀၁ အရ သစ်တောအရာရှိသည် ဦးတိုက်လျှောက်ထားတရားစွဲဆိုရမည့် သစ်တောပြစ်မှုများ၏ ထွက်ချက်ကိုသာ ရယူနိုင် ကြောင်း၊ ရဲအရေးပိုင်သော အပကအမှုကို ထွက်ဆိုချက် မယူနိုင်ကြောင်း၊ တောအုပ်ကြီးအား ခေါ်ယူစစ်ဆေးရာတွင်လည်း ထွန်းထွန်းအား ခေါ်ယူစစ်ဆေးခြင်း မပြုခဲ့ကြောင်း၊ တွဲစောင့်ညွှန့်ကိုသို့ ထွန်းထွန်းက ငွေပေးသည်ဟု ညွှန့်ကိုက ထွက်ဆိုသော် လည်း ငွေနှင့်ပတ်သက်၍ သိမ်းဆည်းမှုမရှိခဲ့ကြောင်း၊ ထွက်ဆိုထားသဖြင့် ၎င်းလျှောက်ထားသူအပေါ် ညိစွန်းမှု မရှိကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက ပြင်ဆင်မှုလျှောက်ထားသူ ထွန်းထွန်းထံမှ သက်သေခံပစ္စည်း တစ်စုံတစ်ရာ သိမ်းဆည်းရမိမှုမရှိကြောင်း၊ တရားခံပြေးညွှန့်ကိုက တောအုပ်ကြီးထံ ထွက်ဆိုထားသည့် တရားခံထွန်းထွန်းနှင့် ပတ်သက်သည့် ထွက်ဆိုချက်မှာ စစ်ဆေးစဉ်က ဒုရဲအုပ်ကျော်ကျော်နိုင် က အသိသက်သေအဖြစ် လက်မှတ် ရေးထိုးထားသဖြင့် ရဲရှေ့အစစ်ခံချက် အသွင်ဆောင်နေကြောင်း၊ ညွှန့်ကိုစစ်ဆေးစဉ် ထွန်းထွန်းမှ ပြန်လည်မေးမြန်းခွင့် မရခဲ့ ကြောင်းသို့ဖြစ်၍ တရားလိုဘက်သက်သေခံတင်ပြချက်အားနည်းကြောင်း တင်ပြသည်။

မူလမှုရှိ သက်သေခံချက်တို့အရ ၂၄-၈-၂၀၀၁ ရက် နံနက် ၃း၃၀တွင် သတင်းအရ တောင်ငူဘူတာတွင် ရပ်နား ထားသော ကုန်တွဲအမှတ် (GBHV) ၁၁၁၈၇ ကို ဒုရဲအုပ်သန်းဝင်း (လိုပြ-၂)၊ ဦးမောင်မောင်တိုး (လိုပြ-၃)၊ တောအုပ်စောလွင်လေး (လိုပြ-၄)၊ တွဲစစ်မှူးဦးမျိုးဝင်း (လိုပြ-၅)၊ တာဝန်ကျရုံးပိုင် ဦးအောင်ခင်နှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဖွင့်ဖောက်စစ်ဆေးရာ ကျွန်းတံခါးဆိုဒ်စုံ (၅၂၇) ချပ် (၁၂. ၂၈၆၂) တန်၊ ဗီနံအိတ်ဖြင့် ထုတ်လျက် ကျွန်းခွဲသားဆိုဒ်စုံ (၂၂၃၀) ချောင်း ၂. ၉၄၁၈ တန် စုစုပေါင်း ၁၅. ၂၂၈တန်တို့ကို တွေ့ရှိသိမ်းဆည်း ရမိသည်။ အဆိုပါ ကျွန်းသစ်ခွဲသားများအနက် မြန်မာ့ မီးရထားပိုင် ကုန်ပို့လွှာသက်သေခံ ဇ-၁ နှင့် ဇ-၂ တွင် ဖော်ပြထားသော ကျွန်းသစ်ခွဲသား ၁၁ မျိုးမှာ

မြစ်ငယ်မှ မုတ္တမတွဲပြင်စက်ရုံသို့ တင်ပို့မည့် ကျွန်းခွဲသားများဖြစ်၍ ကျန်ကျွန်းခွဲသားများနှင့် ကျွန်းတံခါးရွက်မှာ တရားမဝင် တင်ဆောင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ မီးရထားဌာနတွဲစစ်မှူးဦးမျိုးဝင်း (လိုပြ-၅) ၏ ထွက်ချက်အရ အချင်းဖြစ်ကုန်တွဲအမှတ် (GBHV) ၁၁၁၈၇ မှာ မြစ်ငယ်မှမုတ္တမသို့ သွားရမည်ဖြစ်ရာ မြစ်ငယ်မှတောင်ငူသို့ လူစီးလော်ကယ်ရထားဖြင့် ချိတ်ပါလာခြင်းဖြစ်၍ တောင်ငူမှ ရန်ကုန်သို့ ခရီးဆက်မည့်ရထားတွင် ချိတ်ရန် တောင်ငူဘူတာတွင် ရပ်နားနေခြင်းဖြစ်သည်။ သက်သေခံ (ဃ-၁) မြန်မာ့မီးရထားကုန်ပို့လွှာအရ တွဲစောင့်မှာ တရားခံပြေး ညွန့်ကိုဖြစ်သည်။

သက်သေထွက်ဆိုချက်အရ ကုန်တွဲအမှတ် (GBHV) တွင် တရားမဝင်သစ်များ တင်ဆောင်းလာသည်မှာ အငြင်းမပွားပေ။ ထိုသစ်များကို တင်ဆောင်ခဲ့သောတွဲ၏ တွဲစောင့်မှာ ညွန့်ကိုဖြစ်သည်။ ညွန့်ကိုသည် အချင်းဖြစ် သစ်များကို တင်သော ကုန်တွဲ၏ တွဲစောင့်ဖြစ်၍ ပစ္စည်းများ တင်ခြင်း၊ချခြင်း၊ သယ်ဆောင်ခြင်းတို့နှင့်ပတ်သက်၍ အဓိကတာဝန်ရှိသကဲ့သို့ သက်သေခံတရားမဝင်သစ်များနှင့် အတူလက်ပူးလက်ကြပ်ဖမ်းဆီးခြင်းခံရသူဖြစ်သည်။ အမှုမှ တရားခံထွန်းထွန်းသည် တောင်ငူဘူတာ မီးရထားတပ်ဖွဲ့မှ နယ်ထိန်းရဲတပ်သားဖြစ်သည်။ တရားခံထွန်းထွန်းနှင့် ပတ်သက်၍ တောအုပ်ကြီးဦးမောင်ဇော်တိုး (လိုပြ-၃)က တရားခံပြေး ညွန့်ကို မှ တောအုပ်ကြီးဦးစိုးမြင့်ထံ အစစ်ခံချက်သက်သေခံ (စ) (စ-၁) ကိုသာ တင်သွင်းနိုင်ခဲ့သည်ကို တွေ့ရှိသည်။ သက်သေခံ (စ) (စ-၁) တရားခံပြေး ညွန့်ကို၏ ထွက်ဆိုချက်ကို ရယူခဲ့သော တောအုပ်ကြီး ဦးစိုးမြင့်အား စစ်ဆေးခဲ့ခြင်း မရှိ၍ တရားရုံးချုပ်မှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ အရ စစ်ချက်ရယူရန် ပြန်ပို့ခဲ့ရသည်။ ၅-၅-၂၀၀၄ ခုနေ့တွင် ဦးစိုးမြင့်အား ရုံးရှေ့တွင် စစ်ဆေးခဲ့ရာ သက်သေခံ 'စ-၁' ဦးညွန့်ကိုအား စစ်ဆေးစဉ်က ဒုရဲအုပ်ကျော်ကျော်နိုင်လည်း အနီးတွင် ရှိကြောင်း၊ ဦးညွန့်ကို ထွက်ဆိုချက်အတိုင်း အပြည့်အစုံ ရေးသားမှတ်တမ်းတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရဲတပ်သား ထွန်းထွန်းကို အနီးတွင် ခေါ်ထား၍ ပြန်လှန်မေးခွင့်ပြုခဲ့ခြင်း

မရှိကြောင်းထွက်ဆိုခဲ့သည်။

တရားခံထွန်းထွန်းနှင့်ပတ်သက်၍ တရားခံပြေး ညွန့်ကို ကထွက်ဆိုရာ၌ တံခါးရွက်များမှာ မြန်မာမီးရထား ရဲတပ်ဖွဲ့ ဝင်ဦးထွန်းထွန်းပိုင်ပစ္စည်းများဖြစ်ကြောင်း၊ တံခါး ရွက်များကို တောင်ငူဘူတာတွင် တင်ဆောင်ခြင်းဖြစ်ကြောင်း၊ မီးရထား ရဲတပ်ဖွဲ့ဝင်ထွန်းထွန်းက ကျွန်းတံခါးရွက်များ တင်ဆောင်ရာ တွင် အခက်အခဲရှိ၍ ကူညီပါရန် ပြောဆိုခဲ့ကြောင်း၊ ကူညီပေး သည့်အတွက်တင်ဆောင်ခ တစ်ယောင်းရှစ်ထောင်(၁၈၀၀၀ိ/) ကျပ် ပေးမည်ဆိုသဖြင့် သဘောတူပြီး တင်ဆောင်ခဲ့ကြောင်း ထွက်ဆိုချက်သာ ရှိသည်ကိုတွေ့ရသည်။ သက်သေခံ စ-၁ ထွက်ဆို ချက်သည် တရားခံညွန့်ကိုက တရားမဝင်သစ်များကို အခကြေးငွေယူ၍ တင်ဆောင်ကြောင်း ထွက်ဆိုချက်ဖြစ်၍ အပြစ်ရှိကြောင်း ဝန်ခံချက် တစ်နည်းအားဖြင့် ဖြောင့်ချက်ဖြစ် သည်။ ထိုဖြောင့်ချက်ကို ရယူစဉ် ဒုရဲအုပ် ဦးကျော်ကျော်နိုင် ရှိနေ၍ ဒုရဲအုပ်ဦးကျော်ကျော်နိုင် ကိုယ်တိုင် လက်မှတ်ရေး ထိုးထားသည့်အတွက် သက်သေခံဥပဒေပုဒ်မ ၂၅ အရ ဝန်ခံသူ အပေါ်၌ သက်သေထင်ရှား တင်ပြခြင်းမပြုနိုင်သော သက်သေခံ ချက်ဖြစ်သည်။ တရားခံပြေး ညွန့်ကို၏ ထွက်ဆိုချက် ကိုသာ သက်သေတော်အုပ်ကြီးဦးစိုးမြင့်က ကြားသိသော်လည်း ဦးစိုးမြင့် သည် ပြစ်မှုကျူးလွန်သည်ကို တိုက်ရိုက်မြင်သိသူ မဟုတ်ပေ။ ညွန့်ကို၏ထွက်ဆိုချက်သည် တရားရုံးရှေ့တွင် ပြန်လှန်မေးခွန်း ဖြင့် သက်သေခံချက်ခိုင်မာမှုကို ဆန်းစစ်ရယူ ထားသော ထွက်ချက်မဟုတ်သည့် အပြင် ပူးတွဲတရားခံ၏ ထွက်ဆိုချက်သာ ဖြစ်သည်။ ၎င်းထွက်ဆိုချက်အပေါ် အခြားအထောက် အကူပြု သည့် သက်သေခံချက်လည်း မရှိပေ။

မောင်ခင်မောင်ပါ ၄-ဦးနှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ပါ[၁] အမှုတွင် အခြားအထောက် အကူပြုသော သက်သေခံချက်မရှိဘဲ ပြစ်မှုကျူးလွန်ရာ တွင် ပါဝင်သူ၏ သက်သေခံချက်အပေါ်တွင်သာ မူတည် ၍ အပြစ်ပေး ခြင်းသည် တရားမဝင်မဖြစ်စေရဟု သက်သေခံဥပဒေပုဒ်မ

---

၁။ ၁၉၇၉ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၄

၁၃၃ တွင် ပြဋ္ဌာန်းထားသည်။ သို့သော် ကြံရာပါ၏ထွက်ချက်ကို အရေးပါအရာရောက်သော အကြောင်းအရာများတွင် အထောက်အကူပြုသည့် သက်သေခံချက်မရှိလျှင် ထိုသူမှာ ယုံကြည်ထိုက်သော သက်သေမဟုတ်ဟု မှတ်ယူနိုင်ကြောင်း သက်သေခံ ဥပဒေပုဒ်မ ၁၁၄၊ ဥပမာ (ခ) တွင် ပြဆိုထားသည်။ သို့ဖြစ်၍ ကြံရာပါ၏ထွက်ချက်ကို အထောက်အကူပြုသည့် သက်သေခံချက်မရှိလျှင်၊ ယင်း၏သက်သေခံချက်အရ တရားခံများအား အပြစ်ပေးရန် မသင့်ဟူသောထုံးကို တရားရုံးများက လိုက်နာကျင့်သုံးလျက် ရှိပေသည်ဟု ဆုံးဖြတ်ထားသည်။

မောင်သောင်းလှနှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်[၂] အမှုတွင် လွတ်လပ်သော ထောက်ခံသည့် သက်သေခံချက်မရှိသည့် ကြံရာပါ ကိုတာစင်၏ ထွက်ဆိုချက် တစ်ခုတည်းပေါ် မူတည်ပြီး လျှောက်ထားသူအပေါ် ပြစ်မှု ထင်ရှားစီရင်ရန် မသင့်ပေ ဟု ဆုံးဖြတ်ထားသည်။

အမှုတွင် ပြင်ဆင်မှုလျှောက်ထားသူ ထွန်းထွန်း အပေါ် ခိုင်လုံသော သက်သေခံချက်အဖြစ် အသုံးမပြုနိုင်သော သက်သေခံ 'စ' 'စ-၁' တရားခံပြေး ညွန့်ကို၏ သစ်တောအုပ်နှင့် ရဲအရာရှိတို့ရှေ့တွင် ထွက်ဆိုချက်ကို နုတ်ပယ်လိုက်လျှင် တရားခံထွန်းထွန်း ပြစ်မှုကျူးလွန်ကြောင်း ကောက်ယူ ဆုံးဖြတ် နိုင်သည့် သက်သေ အထောက်အထား တစ်စုံတစ်ရာ မရှိပေ။ သို့ဖြစ်၍ တရားခံထွန်းထွန်းအပေါ် မူလတောင်ငူခရိုင် တရားရုံးက တရားခံပြေး ညွန့်ကို၏ သစ်တောအုပ်ရှေ့တွင် ထွက်ဆိုချက် သက်သေခံ 'စ' 'စ-၁' တစ်ခုတည်းဖြင့် ပြစ်မှု ကျူးလွန်ကြောင်းတွေ့ရှိရသည်ဟု ပြစ်ဒဏ်ချမှတ်ခဲ့သည့် အမိန့် နှင့် ၎င်းအမိန့်ကိုအယူခံဝင်ရောက်ခဲ့ရာ အယူခံကို ပလပ်ခဲ့သော ပဲခူးတိုင်းတရားရုံး၏အမိန့်တို့သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို ခွင့်ပြုပြီး လျှောက်ထားသူ ထွန်းထွန်းအပေါ် ချမှတ်ခဲ့သည့် မူလခရိုင်တရားရုံး၏ အမိန့်နှင့် ထိုအမိန့်ကို အတည်ပြုခဲ့သော တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ တရားခံထွန်းထွန်းအား အမှုမှ အပြီးအပြတ် လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

၂။ ၁၉၇၉ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၆၄

+၂၀၀၄
ဇွန်လ
၁၅ရက်

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီးဦးခင်မောင်အေးရှေ့တွင်

### မောင်ထွန်းထွန်းတင်ဝင်းပါ - ၂
### နှင့်
### ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ - ၂ *

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁) နှင့် ၅၆၂ (၁-က) အရ ချမှတ်သော အမိန့်များကို ပြည်နယ်၊ တိုင်း တရားရုံးများက ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၃) အရ ပြစ်ဒဏ်ချမှတ်ခြင်းပြုနိုင်၊ မပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၃) တွင် "ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ဤပုဒ်မအရ အမိန့် တစ်ရပ်ချမှတ်ပြီးသည့်အခါ တရားလွှတ်တော်သည် မိမိထံ အယူခံဝင်ခွင့်ရှိ၍ အယူခံတင်သွင်းလာသည့်အခါတွင်ဖြစ်စေ၊ မိမိ၏ပြင်ဆင်မှုအာဏာများကို သုံးစွဲသည့် အခါတွင်ဖြစ်စေ ဆိုခဲ့သည့် အမိန့်ကို ပယ်ဖျက်ပေးနိုင်ပြီး ထိုအမိန့်အစား ပြစ်မှုကျူးလွန်သူအပေါ် ဥပဒေနှင့်အညီ ပြစ်ဒဏ်စီရင်နိုင်သည်" ဟူ၍ အတိအလင်းပြဋ္ဌာန်းထား သည်။ ဤပုဒ်မ ၅၆၂(၃) ပါ ပြဋ္ဌာန်းချက်အရပုဒ်မ၅၆၂ (၁) အရ ချမှတ်သောခံဝန်ချုပ် ဆိုပြီး အစမ်းလွှတ်သည့် အမိန့်ကိုဖြစ်စေ၊ ပုဒ်မ ၅၆၂ (၁-က) အရချမှတ်သောဆိုဆုံးမ၍လွှတ်သည့်အမိန့်ကိုဖြစ်စေပယ် ဖျက်ပြီး ပြစ်ဒဏ်ချမှတ်မည်ဆိုပါက တရားလွှတ်တော် (ယခု တရားရုံးချုပ်) ကသာ ပြစ်ဒဏ်ချမှတ်နိုင်မည်ဖြစ်သည်။

---

* ၂၀၀၄ ခုနှစ် ၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ်၁၆၃(ခ)
+၂၀၀၃ ခုနှစ် ၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၈၅ တွင် ချမှတ်သော ၂၉-၁-၂၀၀၄ ရက်စွဲပါရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၂၀၀၄
မောင်ထွန်းထွန်း
တင်ဝင်းပါ -၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ -၂

ပြည်နယ်၊ တိုင်းတရားရုံးများအားပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၃) ပါ အာဏာကို ယနေ့ထိ လွှဲအပ်ထားခြင်း မရှိသေးပေ။

လျှောက်ထားသူအတွက် - ဦးအောင်သစ်
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ၁။ ဒေါ်ညိုညို
လက်ထောက်ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး
၂။ ဦးသိန်းထွန်း၊
တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း၊ လသာမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၆၂/၂၀၀၃ တွင် တရားခံများဖြစ်ကြသော ထွန်းထွန်းတင်ဝင်းနှင့် ကျော်မျိုးအောင်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄/၃၂၃/၁၁၄ အရ တရားစွဲဆိုရာ မူလရုံးက တရားခံထွန်းထွန်းတင်ဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ နှင့် ပုဒ်မ ၃၂၃ တို့အရလည်းကောင်း၊ တရားခံကျော်မျိုးအောင် အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄/၁၁၄ နှင့် ပုဒ်မ ၃၂၃/၁၁၄ တို့အရလည်းကောင်း ပြစ်မှုထင်ရှားစီရင်သော်လည်း ပြစ်ဒဏ်ချမှတ်ခြင်းမပြုဘဲ တရားခံနှစ်ဦးစလုံးသည် တက္ကသိုလ်ကျောင်းသားများဖြစ်ခြင်း၊ ယခင်က ပြစ်မှုတစ်စုံတစ်ရာ ထင်ရှားစီရင်ခြင်း ခံခဲ့ရသူများ မဟုတ်ခြင်း၊ တရားလိုမမွန်မွန်လှိုင်နှင့် တရားခံထွန်းထွန်းတင်ဝင်းတို့မှာ လူငယ်သဘာဝချစ်ကြိုက်ကြပြီးနောက်နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေးပြီး မိဘများက သဘောမတူသဖြင့် မပေါင်းသင်းရသည့် အခြေအနေမှ နောက်ဆက်တွဲအဖြစ် ယခုအမှုဖြစ်ပွားခဲ့ရခြင်းစသည့် အချက်တို့ကြောင့် တရားခံထွန်းထွန်းတင်ဝင်းနှင့် ကျော်မျိုးအောင်တို့ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁)အရ ၃-နှစ်ကာလအတွင်း တရားရုံးက ညွှန်ကြားသည့်အခါ တရားရုံးသို့ရောက်ရှိ၍ ပြစ်ဒဏ်ချမှတ်ခြင်းကို လက်ခံပါမည်။ ထိုကာလအတွင်း ငြိမ်ဝပ်စွာနှင့် ကောင်း မွန်စွာ

ကျင့်ကြံနေထိုင်ပါမည်ဟူသော ခံဝန်ချက်ဖြင့် ငွေကျပ် ၅-သိန်းတန် အာမခံသူနှစ်ဦးစီနှင့် ခံဝန်ချုပ်ဆို၍ အစမ်းလွှတ်စေဟု အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ လသာမြို့နယ် တရားရုံးက ချမှတ်ခဲ့သော အမိန့်ကို မမွန်မွန်လှိုင် (တရားလို) က မကျေနပ်၍ ပြစ်ဒဏ်တိုးမြှင့်သတ်မှတ်စေသည့် အမိန့်ချမှတ်ပေးရန်ရန်ကုန်တိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈၅/၂၀၀၃ ဖြင့် လျှောက်ထားခဲ့ရာ တိုင်းတရားရုံးက ပြင်ဆင်မှုကို ခွင့်ပြုပြီး မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ကာ ထွန်းထွန်းတင်ဝင်းကို ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၃ အရ ထောင်ဒဏ် ၁-လ၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၅၄ အရ ထောင်ဒဏ် ၁-နှစ်နှင့် ကျော်မျိုးအောင် ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၁၁၄ အရ ထောင်ဒဏ် ၁-လ၊ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၅၄/၁၁၄ အရ ထောင်ဒဏ် ၁-နှစ် ပြစ်ဒဏ်နှစ်ရပ်စီကို တစ်ပေါင်းတည်း ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။

ရန်ကုန်တိုင်း တရားရုံးက ချမှတ်ခဲ့သောအမိန့်ကို ထွန်းထွန်းတင်ဝင်းနှင့် ကျော်မျိုးအောင်တို့က ကျေနပ်မှု မရှိ၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို လျှောက်ထားလာခြင်း ဖြစ်သည်။

အမှုမှာ (၁၀-၄-၂၀၀၃) ရက်နေ့ (၁၈း၃၀) နာရီ အချိန်က ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ (၄) ရပ်ကွက်၊ (၁၀) လမ်း၊ အမှတ် ၄၅၊ မြေညီထပ်နေ မမွန်မွန်လှိုင်သည် မိခင်ဖြစ်သူ ဒေါ်ကြူကြူသင်း၊ မောင် ဖြစ်သူ ဝင်းထက်အောင်တို့နှင့်အတူ လသာမြို့နယ်၊ (၆) ရပ်ကွက်၊ (၂၂) လမ်းရှိ နှင်းချယ်ရီဗီဒီယိုခွေ အငှားဆိုင်တွင်အခွေငှားပြီး မိမိတို့စီးလာသော ကားဆီသို့ ပြန်လာစဉ် သာကေတမြို့နယ်မှ ထွန်းထွန်းတင်ဝင်းနှင့် ကျော်မျိုးအောင်တို့က မွန်မွန်လှိုင်အား အတင်းဆွဲရမ်းခြင်း ပြုလုပ်ရာ မွန်မွန်လှိုင်က ရုန်းကန်အော်ဟစ်သဖြင့် မိခင်နှင့် မောင်ဖြစ်သူတို့က ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်မှု ထွန်းထွန်းတင်ဝင်း တို့နှစ်ဦး ထွက်ပြေးသွားခဲ့ကြသည်။ ထွန်းထွန်းတင်ဝင်းတို့က ဆွဲရမ်းသဖြင့် မမွန်မွန်လှိုင်၏ ရင်ဘတ်အောင့်ပြီး ဝဲဘက်ဒူးဆစ်၌ ဒဏ်ရာများရရှိ၍ ထွန်းထွန်းတင်ဝင်းနှင့် ကျော်မျိုးအောင်တို့ကို အရေးယူ ပေးရန် လသာရဲစခန်းတွင်

၂၀၀၄
မောင်ထွန်းထွန်း
တင်ဝင်းပါ -၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ -၂

မမွန်မွန်လှိုင်က တိုင်ချက် ရေးဖွင့်ခဲ့သောအမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက မူလမြို့နယ် တရား ရုံးမှ လျှောက်ထားသူနှစ်ဦးကို ခံဝန်ချုပ် ချုပ်ဆိုစေသည့် အမိန့်မှာ ပြစ်ဒဏ်မဟုတ်သဖြင့် တိုင်းတရားရုံးသည် ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၁) ပါ အာဏာအရ ပြစ်ဒဏ် တိုးမြှင့်ပေးခွင့်မရှိပါကြောင်း၊ ခံဝန်ချုပ်ဆိုစေသည့် အမိန့်ကို ပယ်ဖျက်၍ ပြစ်ဒဏ်တိုးမြှင့်ပေးနိုင်သည့်အာဏာမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၃) အရ တရားရုံးချုပ်၌သာ စီရင်ပိုင်ခွင့်ရှိပါကြောင်း၊ ရန်ကုန်တိုင်းတရားရုံးက **ဒေါ်ခင်ညွန့်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်(ဦးသောင်းရှိန်) အမှု**[၁] ကို ကိုးကားပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၁) အရ ခံဝန်ချုပ်ဆိုစေသည့်အမိန့်ကို ပြစ်ဒဏ်တိုးမြှင့်နိုင် ကြောင်း သုံးသပ်ဆုံးဖြတ်ချက်မှာ မှားယွင်းကြောင်း တင်ပြသည်။

လျှောက်ထားခံရသူအမှတ်(၂) ၏ ရှေ့နေက ဒေါ်ခင်ညွန့်နှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် (ဦးသောင်းရှိန်) အမှုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ်ဆိုစေသည့်အမိန့်ကို တရားလိုက မကျေနပ်လျှင်တိုင်းတရားရုံးသို့ပြင်ဆင်မှုတက်ရောက်နိုင်ပြီး၊ တိုင်းတရားရုံး၏အမိန့်ကိုမကျေနပ်လျှင်တရားရုံးချုပ်သို့ ထပ်မံပြင်ဆင်မှုတက်ရောက်နိုင်သည် မှာမြင်သာပါကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉(၁) အရ တိုင်း တရားရုံးက ပြစ်ဒဏ်တိုးမြှင့်နိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ လျှောက်ထားသူနှစ်ဦး၏ လုပ်ရပ်များသည် ရန်ကုန်မြို့ လယ်ကောင်၌လက်ရဲဇက်ရဲစော်ကားခြင်းမျိုးဖြစ်၍ တိုင်း တရားရုံးက ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်ခြင်းမှာ ဥပဒေနှင့်အညီ မှန်ကန်ကြောင်း တင်ပြသည်။

လျှောက်ထားခံရသူအမှတ်(၁) နိုင်ငံတော်အတွက် ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက Union of Burma Vs. Maung Pyo Thaung (a) Maung Thaung/ Maung Mya Aung [၂] ၌ လမ်းညွှန်

(၁) ၁၉၇၅-ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ-၉
(၂) 1956 Burma Law Reports (H.C). p.536

၂၀၀၄
မောင်ထွန်းထွန်း
တင်ဝင်းပါ -၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ -၂

ဆုံးဖြတ်ချက်အရ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁)၊ သို့မဟုတ် ၅၆၂(၁-က) အရ ချမှတ်သောအမိန့်သည် ပြစ်ဒဏ် **(Sentence)** မဟုတ်ပါကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁) နှင့် ပုဒ်မ ၅၆၂ (၁-က) တို့အရ ချမှတ်သောအမိန့်မှာပြစ်ဒဏ်မဟုတ်သဖြင့် ပြစ်ဒဏ်စီရင်နိုင်ရန် လျှောက်ထားသောပြင်ဆင်မှုကိုလည်းတရားရုံးချုပ်ကသာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၃) အရ စီရင်ခွင့်ရှိပါကြောင်း၊ တိုင်းတရားရုံးက စီရင်ခွင့် မရှိသည်မှာ ထင်ရှားပါကြောင်း၊ **မောင်ထွန်းလှိုင်ပါ ၃-ဦးနှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မောင်သောင်း) အမှု**[၃] တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍ လွှတ်သောအမိန့်သည် ပြစ်ဒဏ်စီရင်ခြင်း မဟုတ်သဖြင့် ဆိုဆုံးမ၍ လွှတ်သောအမိန့်ကိုပယ်ဖျက်၍ ပြစ်ဒဏ်စီရင်ပေးရန် လျှောက်ထားခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ နှင့် အကျုံးမဝင်သောကြောင့် ပြည်နယ်၊ တိုင်းတရားရုံးများ၌ စီရင်ပိုင်ခွင့်အာဏာမရှိဘဲ ယင်းဥပဒေပုဒ်မ ၅၆၂ (၃) အရ ဗဟိုတရားရုံး (ယခုတရား ရုံးချုပ်) ကသာ စီရင်ခွင့်အာဏာ ရှိသည်ဟုဆုံးဖြတ်ထားသဖြင့် ယခုအမှုမှ လျှောက်ထားသူ နှစ်ဦးအပေါ် ရန်ကုန်တိုင်းတရားရုံးက ပြစ်ဒဏ်ချမှတ်ထားသည့်အမိန့်မှာ စီရင်ပိုင်ခွင့်အာဏာမရှိဘဲချမှတ်ထားသောအမိန့်ဖြစ်ကြောင်းတင်ပြသည်။

ဤအမှုတွင် လျှောက်ထားသူအမှတ်(၁) ထွန်းထွန်း တင်ဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ နှင့် ပုဒ်မ ၃၂၃ အရလည်းကောင်း၊ လျှောက်ထားသူအမှတ် (၂) ကျော်မျိုးအောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄/ ၁၁၄ နှင့် ပုဒ်မ ၃၂၃/၁၁၄ အရလည်းကောင်း၊ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပတ်သက်၍ နှစ်ဖက်စလုံးက အငြင်းမပွားကြပေ။ မူလမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁) အရ ခံဝန်ချုပ်ဖြင့် အစမ်း လွှတ်စေရန် ချမှတ်သော အမိန့်ကို တိုင်းတရားရုံးက ပြစ်ဒဏ်တိုးမြှင့်ချမှတ်နိုင်ခြင်း ရှိ၊

---

(၃) ၁၉၇၆-ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၅။

မရှိ ဆိုသောဥပဒေ ပြဿနာကိုသာ အငြင်းပွားနေကြခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၃) တွင် "ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ဤပုဒ်မအရ အမိန့် တစ်ရပ်ချမှတ်ပြီးသည့်အခါ တရားလွှတ်တော်သည် မိမိထံ အယူခံဝင်ခွင့်ရှိ၍ အယူခံတင်သွင်းလာသည့်အခါတွင်ဖြစ်စေ၊ မိမိ၏ပြင်ဆင်မှုအာဏာများကို သုံးစွဲသည့် အခါတွင်ဖြစ်စေ ဆိုခဲ့သည့်အမိန့်ကို ပယ်ဖျက်ပေးနိုင်ပြီး ထိုအမိန့်အစား ပြစ်မှုကျူးလွန်သူအပေါ် ဥပဒေနှင့်အညီ ပြစ်ဒဏ်စီရင်နိုင်သည်" ဟူ၍ အတိအလင်း ပြဋ္ဌာန်းထား သည်။ ဤပုဒ်မ ၅၆၂ (၃) ပါ ပြဋ္ဌာန်းချက်အရ ပုဒ်မ ၅၆၂ (၁) အရ ချမှတ်သောခံဝန်ချုပ်ဆိုပြီး အစမ်းလွှတ်သည့်အမိန့်ကိုဖြစ်စေ၊ ပုဒ်မ ၅၆၂ (၁-က) အရ ချမှတ်သော ဆိုဆုံးမ၍ လွှတ်သည့်အမိန့်ကိုဖြစ်စေ ပယ်ဖျက်ပြီး ပြစ်ဒဏ်ချမှတ်မည်ဆိုပါကတရားလွှတ်တော်(ယခုတရားရုံးချုပ်) ကသာ ပြစ်ဒဏ်ချမှတ်နိုင်မည်ဖြစ်သည်။ ပြည်နယ်၊ တိုင်းတရားရုံးများအား ထိုသို့ပြစ်ဒဏ် မဟုတ်သောအမိန့်ကို ပြင်ဆင်မှုတွင် ပြစ်ဒဏ်တိုးမြှင့်ချမှတ်နိုင်သော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၃) ပါ အာဏာကို ယနေ့ထိလွှဲအပ်ထားခြင်းမရှိသေးပေ။ UNION OF BURMA VS.(1) MAUNG PYO THAUNG (A) MAUNG THAUNG AND (2) MAUNG MYA AUNG. အမှုတွင် "An order either under S.562(1) or 562(1-A) of the Criminal Procedure Code is not a sentence." ဟုလမ်းညွှန်ထုံးဖွဲ့ ထားသည်။

ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး) ပုဒ်မ ၅၃ တွင် တရားရုံးများက ပြစ်မှုကျူးလွန်သူများကို ချမှတ်နိုင်သော ပြစ်ဒဏ်များကို ဖော်ပြထားသည်။ တစ်ဖန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၂(၁) တွင် ရာဇဝတ်တရားသူကြီး များ၏ တရားရုံးများသည် အောက်ပါအတိုင်း ပြစ်ဒဏ်များ (Sentences) ကို ချမှတ်နိုင်သည်ဟု ဖော်ပြရာတွင် ခံဝန်ချုပ်နှင့် အစမ်းလွှတ်သောအမိန့်ကို ဖော်ပြထားခြင်း မရှိပေ။

တိုင်းတရားရုံးက ကိုးကားသော ဒေါ်ခင်ညွန့်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှုမှာ

မူလရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁) အရ ချမှတ်ခဲ့သော ခံဝန်ချုပ်ဖြင့် အစမ်းလွှတ်ထားစေသည့် အမိန့်ကို တိုင်းတရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားရာမှ ယင်းတရားရုံးက ပြစ်ဒဏ်တိုးမြှင့်ချမှတ်ခဲ့ခြင်း မဟုတ်ပေ။ ယခင် ဗဟိုတရားရုံး (ယခုတရားရုံးချုပ်) ကသာပြစ်ဒဏ်အဖြစ် ပြင်ဆင်ချမှတ်ခဲ့သော အမှုဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁)၏ မူရင်း ပြဋ္ဌာန်းချက်တွင် " x x x The Court may, instead of sentencing him at once to any punishment x x x " ဟု ဖော်ပြထားသည်ဖြစ်၍ တရားခံအပေါ် ချမှတ်သောယင်း အမိန့်သည် ပြစ်ဒဏ်မဟုတ်ကြောင်း ထင်ရှား ပေသည်။

ယခုအမှု၌လည်း လျှောက်ထားသူ ထွန်းထွန်း တင်ဝင်းပါ ၂-ဦးအပေါ် မူလမြို့နယ်တရားရုံးက အမှု တွဲပါ ပေါ်ပေါက်ချက်များကို သုံးသပ်ပြီး ချမှတ်ခဲ့သော အမိန့်သည် ပြစ်ဒဏ်မဟုတ်သောကြောင့် တိုင်းတရား ရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၁) တွင် ပြဋ္ဌာန်းထားသော စီရင်ပိုင်ခွင့်ကို ကျင့်သုံးခွင့် မရှိဘဲ ကျင့်သုံး၍ တရားခံ (လျှောက်ထားသူ) ၂-ဦးအပေါ် ပြစ်ဒဏ်တိုးမြှင့်ချမှတ်ခဲ့ခြင်းသည် မိမိ၏စီရင်ပိုင်ခွင့်ကို ကျော်လွန်ကျင့်သုံးရာရောက်သည်။

အထက်ပါ အကြောင်းများကြောင့် မူလမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁) အရ တရားခံများကို ခံဝန်ချုပ်ဖြင့် အစမ်းလွှတ်ခဲ့သော အမိန့်အပေါ် တိုင်းတရားရုံးက ပြင်ဆင်မှုတွင် ပြစ်ဒဏ် တိုးမြှင့်ချမှတ်ခြင်းသည် မှန်ကန်ခြင်းမရှိသဖြင့် ယင်းပြစ်ဒဏ်ကို ပယ်ဖျက်ရန်သာ ရှိပေသည်။

သို့အတွက် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ ရန်ကုန်တိုင်းတရားရုံးက ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၈၅၅/ ၂၀၀၃ တွင် (၂၉-၁-၂၀၀၄) ရက်နေ့က ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်ပြီး မူလမြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည် အတည်ပြုလိုက်သည်။

၃၂

+၂၀၀၄
အောက်တိုဘာ
၅ ရက်

## ပြစ်မှုဆိုင်ရာ အယူခံမှု

## တရားရုံးချုပ် တရားသူကြီးဦးကျော်ဝင်း၏ရှေ့တွင်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နှင့်
## မောင်မောင်တိုး*

**သိမ်းဆည်းရမိသောဖင်စီဒိုင်းဆေးရည်တွင်မူးယစ်ဆေးဝါးပါဝင်မှု ရာခိုင်နှုန်းအတိအကျမသတ်မှတ်နိုင်ပါကအဆိုပါဆေးရည်ကို မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်နိုင်ခြင်းရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ဓာတုဗေဒ ပြန်ကြားစာအရ သက်သေခံရမ်အရက်ပုလင်းများ အတွင်းမှ ဖင်ဆီဒိုင်းဆေးရည် (၅) မီလီလီတာခန့်တွင် ကိုဒင်းစမ်းသပ် တွေ့ရှိရသည်ဟု ပြန်ကြားခြင်းမှာ ၁၉၉၃-ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ) အရ ပြစ်ဒဏ်စီရင်ရန် မလုံလောက်ခြင်း။

**ထပ်မံဆုံးဖြတ်ချက်။** ။ကျန်းမာရေးဝန်ကြီးဌာန၏ ၂၉-၃-၂၀၀၂ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၃/၂၀၀၂ အပိုဒ် ၄(က) အရ ဖင်ဆီဒိုင်း ဆေးရည်တစ်ယူနစ် (၁) မီလီလီတာ၏ အလေးချိန်တွင် ၁၀၀ မီလီဂရမ်ထက် မပိုသည့်အပြင် မူရင်းဆေးဝါးစုစည်းပါဝင်မှုမှာ (၂.၅) ရာခိုင်နှုန်းထက် မပိုသောဆေးဝါးများကို မူးယစ်ဆေးဝါး အဖြစ်မှ ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်၍ မူရင်းဆေးဝါးစုစည်းပါဝင် မှု ရာခိုင်နှုန်းစစ်ဆေးရန် မလုံလောက်လျှင် ၁၉၉၃-ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ

---

*၂၀၀၄-ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၅။

+၂၀၀၃-ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၄၈ တွင် ချမှတ်သော ၄-၉-၂၀၀၃ ရက် နေ့စွဲပါ ကလေးမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

စေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ) ဖြင့် ပြစ်မှုထင်ရှားစီရင်ရန် သင့်မည်မဟုတ်ပေ။



အယူခံတရားလိုအတွက် — ဦးလှသိန်း၊
ဒုတိယ ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံးခွဲ၊
မန္တလေးမြို့။

အယူခံတရားခံအတွက် — ဦးစိုးဝင်း၊
တရားရုံးချုပ် ရှေ့နေ၊
(မလာ)။

ကလေးမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၄၈/၂၀၀၃ တွင် တရားခံမောင်မောင်တိုးအား ၁၉၉၃-ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ) အရ စွဲချက်တင်ပြီး အမှုမှ အပြီး အပြတ်လွှတ်သည့် အမိန့်ကို နိုင်ငံတော်ကိုယ်စား ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေး ရုံးထိုင်) သို့ ဤအယူခံမှု ကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ၂၁-၁၂-၂၀၀၂ ရက်နေ့ (၁၃း၀၀) နာရီအချိန်ခန့်တွင် ကလေးမြို့နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့နှင့် မူးယစ် (အထူး) တပ်ဖွဲ့ဝင်များ ပါဝင်သော အဖွဲ့သည် သတင်းအရ ကလေးမြို့၊ အောင်မင်္ဂလာ ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေမောင်မောင်တိုး၏ နေအိမ်အား သွားရောက်ရှာဖွေရာ မောင်မောင်တိုးအိပ်ခန်းအတွင်းမှ အိန္ဒိယနိုင်ငံလုပ် ဖင်ဆီဒိုင်းအရည် (၅) မီလီလီတာခန့် ပါဝင်သော (မန္တလေးရမ်) လေးထောင့်ပုလင်း ၁-လုံး၊ ၎င်းအရည်ကပ်လျက် ရမ်ပုလင်း ၁-လုံး၊ ဖင်ဆီဒိုင်းတံဆိပ်ပါ အရည်ကပ်လျက် ပုလင်းခွံ ၅-လုံးတို့ကို တွေ့ရှိသဖြင့် မောင်မောင်တိုးအား အရေးယူပေးရန် ဒုရဲအုပ်အောင်သန်းဦးက တရားလိုပြုလုပ်၍ ကလေး မြို့နယ်ရဲစခန်းတွင် တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ဤအယူခံမှုကို တရားရုံးချုပ် (မန္တလေးရုံးထိုင်) က

၂၂-၃-၂၀၀၄ နေ့တွင် ကြားနာပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၈ အရ နောက်ထပ်သက်သေခံချက်ရယူရန် ညွှန်ကြားခဲ့သည်။ မူလမြို့နယ်တရားရုံးက နောက်ထပ်သက်သေခံချက်ရယူပြီးတင်ပြလာသဖြင့် ပြန်လည်ကြားနာသော အမှု ဖြစ်သည်။

နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲ၊ ဒုတိယ ညွှန်ကြားရေးမှူးက တရားခံ မောင်မောင်တိုး၏ နေအိမ်ခန်းအတွင်းမှ သက်သေခံ ဖင်ဆီဒိုင်းဆေးရည် ၅-မီလီလီတာပါ လေးထောင့် မန္တလေး ရမ်ပုလင်း ၁-လုံး၊ ဆေးရည်များကပ်လျက် မန္တလေး ရမ်ပုလင်း ၁-လုံး၊ ဖင်ဆီဒိုင်းဆေးရည်ကပ်နေသော ဖင်ဆီဒိုင်းဆေးပုလင်းခွံ ၅-လုံးကို တွေ့ရကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ၂၉-၇-၂၀၀၂ ရက်စွဲပါ အမိန့် ကြော်ငြာစာ ၃/၂၀၀၂ အပိုဒ် ၄ (က) အရ ကိုဒင်း CODEINE ပါဝင် သော ဆေးရည် (သောက်ဆေး) နှင့် စပ်လျဉ်း၍ ထိုသောက်ဆေး ၏တစ်ယူနစ် (လက်ဖက်ရည်ဇွန်းတစ်ဇွန်း)တွင် မူရင်း ဆေးဝါးဖြစ်သော ကိုဒင်း CODEINE စုစည်းပါဝင်မှုမှာ (၂. ၅) ရာခိုင်နှုန်းထက် ပိုမို၍ပါရှိကြောင်း အထောက်အထား လိုအပ်ကြောင်း၊ သက်သေခံဆေးရည်အား ဓာတုဗေဒစစ်ဆေးရေးဌာနသို့ပေးပို့စစ်ဆေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၈ အရ ညွှန်ကြားသဖြင့် ထပ်မံ၍ စစ်ဆေးခဲ့ရာ သက်သေခံ (၄) ပြန်ကြားစာအရ ပေးပို့သော ဆေးရည်မှာ (၃) မီလီလီတာသာရှိသဖြင့် ရာခိုင်နှုန်းစစ်ဆေးရန် မလုံလောက်ကြောင်း၊ သို့ဖြစ်ရာ သက်သေခံဖင်ဆီဒိုင်းဆေးရည်တွင် ဆေးရည် (၁) ယူနစ်၌ ကိုဒင်း CODEINE ဖွဲ့စည်းပါဝင်မှု (၂. ၅) ရာခိုင်နှုန်းထက် ပို၍ပါဝင်ကြောင်း၊ သက်သေထင်ရှား မပြနိုင်ကြောင်း ပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီ သင့်လျော်သော အမိန့်ချမှတ်သင့်ကြောင်း လျှောက်ထားသည်။

အယူခံတရားခံ၏ ရှေ့နေဦးစိုးဝင်းသည် အမှုကို လာရောက်လျှောက်လဲခြင်း မရှိချေ။

မူလရုံးအမှုတွဲကို စိစစ်ကြည့်ရှုရာတွင် အချင်းဖြစ်စဉ်က နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ် (အထူး) တပ်ဖွဲ့ဝင်များ၊ နယ်မြေ ရ-ယ-က သက်သေ လူကြီးများသည်

သတင်းအရ မောင်မောင်တိုး၏ နေအိမ် အား ဝင်ရောက်ရှာဖွေရာ နေအိမ်အပေါ်ထပ် အိပ်ခန်း အတွင်းမှ အိန္ဒိယနိုင်ငံလုပ် ဖင်ဆီဒိုင်းဆေးရည် (၅) မီလီလီတာခန့်ပါသော မန္တလေးရစ် လေးထောင့်ပုလင်း ၁-လုံး၊ ဖင်ဆီဒိုင်းအရည်ကပ်လျက်ရစ်ပုလင်း ၁-လုံး၊ ဖင်ဆီဒိုင်းဆေးရည်ကပ်လျက် ပုလင်းခွံ ၅-လုံးတို့ကို ရှာဖွေတွေ့ရှိရကြောင်း၊ အဆိုပါသက်သေခံ ပစ္စည်းများအား သက်သေခံ (ဂ) ရှာဖွေပုံစံတွင် တရားခံ မောင်မောင်တိုးက လက်မှတ်ရေးထိုး၍ ပေးအပ်ခဲ့သည်။ ယင်းသို့ ပေးအပ်သောပစ္စည်းများ၌ ကိုဒင်းစမ်းသပ်တွေ့ရှိရကြောင်း ဓာတုဗေဒ ပြန်ကြားစာ သက်သေခံ (ဈ) တွင် ဖော်ပြထားပြီး ၂၉-၇-၂၀၀၂ ရက်စွဲပါ ကျန်းမာရေးဝန်ကြီး ဌာန၏ အမိန့် ကြော်ငြာစာအမှတ် ၃/၂၀၀၂ ပါ ညွှန်ကြားစာနှင့်အညီ ဆေးဝါးစုစည်းပါဝင်မှုရာခိုင်နှုန်းကို ဖော်ပြထားခြင်း မရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓာတုဗေဒ စစ်ဆေးရေးဌာနခွဲသို့ ယင်းအချက်ကို မေးမြန်းပြီး ပြန်ကြားချက်ရရှိပါက ပြန်လည်တင်ပြရန် တရားရုံးချုပ်က မူလမြို့နယ်တရားရုံးအား ညွှန်ကြားခဲ့သည်။ မူလမြို့နယ်တရားရုံးသည် တရားရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ သက်သေခံဖင်ဆီဒိုင်းဆေးရည်နှင့်စပ်လျဉ်း၍ ပြန်လည်စစ်ဆေး စေခဲ့သည်။ ယင်းဌာန၏ ၂၁-၅-၂၀၀၄ ရက်စွဲပါ သက်သေခံ (ဋ) ပြန်ကြားစာကို ရဲအုပ်အောင်ကျော်မြင့် (လိုပြ-ဂ) အားစစ်ဆေးပြီးနောက် ပြန်လည်တင်ပြလာပါသည်။

သက်သေခံ (ဋ) ပြန်ကြားစာတွင် အောက်ပါ အတိုင်း ဖော်ပြထားသည် -

> "သက်သေခံပစ္စည်းအမှတ် (က) ပါ အညိုရောင် အရည်မှာ (၃) ml ခန့်သာ ကျန်ရှိခြင်း၊ အမှတ်(ခ) မှာ အရည်ကပ်လျက်သာ ရှိခြင်း၊ အမှတ်(ဂ-၁) မှ (ဂ-၅) ထိမှာ အရည်ကပ်လျက် ပုလင်းခွံ ၅-လုံးသာ ဖြစ်ခြင်း တို့ကြောင့် ရာခိုင်နှုန်းစစ်ဆေးရန် မလုံလောက်ပါ"

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၉-၇-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂ အရ ကိုဒင်းဆေးရည်နှင့်ပတ်သက်၍ ပါဝင်သောရာခိုင်နှုန်းကို အတိအကျ သတ်မှတ်

ထားသည်။ ယခုအမှုဖြစ်ပွားသောနေ့မှာ ၂၁-၁၂-၂၀၀၂ နေ့ဖြစ်သဖြင့် အဆိုပါညွှန်ကြားချက် အမှတ် ၃/၂၀၀၂ နှင့် အကျုံးဝင်သည်။ ကျန်းမာရေး ဝန်ကြီးဌာန၏ ၂၉-၇-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃/၂၀၀၂ အပိုဒ် ၄(က) အရ ဖင်ဆီဒိုင်းဆေးရည် တစ်ယူနစ် (၁-မီလီလီတာ) ၏ အလေးချိန်တွင် ၁၀၀ မီလီဂရမ်ထက် မပိုသည့်အပြင် မှူရင်း ဆေးဝါးစုစည်းပါဝင်မှုမှာ (၂.၅) ရာခိုင်နှုန်းထက် မပိုသော ဆေးဝါးများကို မူးယစ်ဆေးဝါးအဖြစ်မှ ကင်းလွတ်ခွင့်ပြုထား သည်။ ယခုအမှုတွင် ကိုဒင်းဖွဲ့စည်းပါဝင်မှု (၂.၅) ရာခိုင်နှုန်း ထက် ပိုမိုကြောင်း သက်သေခံ (၄) ဓာတုဗေဒဝန်ရုံး၏ ပြန်ကြားစာအရ သက်သေထင်ရှားတင်ပြနိုင်ခြင်း မရှိပေ။

သို့ဖြစ်ရာ တရားခံမောင်မောင်တိုး နေအိမ်မှ သိမ်းဆည်းရ မိသောသက်သေခံပစ္စည်းများသည်မူးယစ်ဆေးဝါးများဖြစ်ကြောင်း မထင်ရှားသဖြင့် တရားခံမောင်မောင်တိုးအား မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှု ဖြင့်ပြစ်မှုထင်ရှားစီရင်ရန်သင့်မည်မဟုတ်ပေ။

ဤအမှုတွင် မှတ်ချက်ပြုလိုသည်မှာ မူလမြို့နယ် တရားရုံး သည် တရားခံမောင်မောင်တိုးအား အမှုမှ အပြီးအပြတ် လွှတ်ရာတွင် အထက်၌ သုံးသပ်ဖော်ပြခဲ့သော ဥပဒေအချက် အလက်များကို ဖော်ထုတ်ဆုံးဖြတ်နိုင်ခဲ့ခြင်း မရှိဘဲ လွန်ခဲ့သည့် ၁၉၈၆-ခုနှစ်ကပင် ကွယ်လွန်ခဲ့ပြီးသော တရားခံ၏ ဖခင်ဖြစ်သူ သုံးစွဲခဲ့သောပစ္စည်းသာဖြစ်သည် ဟူသော တရားခံ ၏ထုချေချက် ကို လွယ်လင့်တကူ လက်ခံပြီး တရားခံအားအမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းအကြောင်းပြချက်မှာ ခိုင်လုံမှုမရှိချေ။

သို့ဖြစ်၍ ဤရုံးအနေဖြင့် မူလမြို့နယ်တရားရုံးက တရားခံ အားအမှုမှအပြီးအပြတ်လွှတ်ရာတွင်ဖော်ပြထားသည့်အကြောင်း ပြချက်ကို လက်မခံနိုင်ပေ။ သို့ရာတွင် အထက်တွင် သုံးသပ်ဖော် ပြခဲ့သော ဥပဒေအချက် အလက် အရ တရားခံမောင်မောင်တိုး အား အမှုမှ အပြီး အပြတ်လွှတ် သော မူလမြို့နယ် တရားရုံး၏ အမိန့် ကို အတည်ပြုပြီး ဤ အယူခံမှုကို ပလပ်လိုက်သည်။

+ ၂၀၀၄
ဧပြီလ
၂၆ရက်

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဦးတင်အေး၏ရှေ့တွင်

ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၆*

**ရဲတပ်ဖွဲ့ဝင်များ ကျူးလွန်သည့် ခြောက်လှန့် တောင်းယူမှုအပေါ် တရားရုံး၏ စစ်ဆေး စီရင်ပိုင်ခွင့်၊ မူလရုံးသို့ အမှုရင်ဆိုင်ရန် ရောက်ရှိခြင်း မရှိသေးသည့်သူက မူလရုံး အမိန့်ကို ပယ်ဖျက်ရန် လျှောက်ထားခွင့် ရှိ မရှိ၊ အမှုကို ဆက်လက်စစ်ဆေးစီရင်ရန် ညွှန်ကြားထားသည့်အမိန့်ကို ပယ်ဖျက်ခြင်း၏အကျိုးသက်ရောက်မှု။**

**ဆုံးဖြတ်ချက်။** ။ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၁ မှ ၂၅ အထိ ပါဝင်သော ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်မှုများတွင် ခြောက်လှန့်တောင်းယူမှု ပါဝင်ခြင်း မရှိပေ။ ပုဒ်မ ၁၁ မှ ၂၅ အထိ အကျုံးဝင်သော ပြစ်မှု များကို ကျူးလွန်သည့် ရဲတပ်ဖွဲ့ဝင်များကိုသာ ရဲတရားရုံး က စစ်ဆေးစီရင်ရန်ဖြစ်ပြီး ယင်းပြစ်မှုများမှအပ အခြား တည်ဆဲဥပဒေပါ ပြစ်မှုတစ်ခုခု ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာ တရားရုံးများတွင် စစ်ဆေးစီရင်နိုင်ရန် လွှဲပေးရမည်ဖြစ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၂၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်

ပုဒ်မ ၂၆ "ဤဥပဒေကိုလိုက်နာရသူတစ်ဦးသည်မည်သည့်နေရာတွင်မဆို ဤဥပဒေပါ ပြစ်မှုများ

---

* ၂၀၀၄ခုနှစ် ၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၂၃ (ခ)

\+ ၂၀၀၄ခုနှစ် ၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄(ခ) ၇၄(ခ) တွင်ချမှတ်သော ၂၆-၄-၂၀၀၄ရက်စွဲပါ ရခိုင်ပြည်နယ်တရားရုံး၏အမိန့်ကို ပြင်ဆင်မှု

၂၀၀၄
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၆

မှအပ အခြားတည်ဆဲဥပဒေပါပြစ်မှုတစ်ခုခုကို ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာတရားရုံးက စစ်ဆေးစီရင်နိုင်ရန်လွှဲပြောင်းပေးရမည်" ဟူ၍ ဖြစ်သည်။

သို့ဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၃ ပြဋ္ဌာန်းချက် နှင့် ငြိစွန်းသောရဲတပ်ဖွဲ့ဝင် ၂-ဦးတို့၏ ကျူးလွန်မှုကိုရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၆ အရ ရဲတရားရုံးတွင် စစ်ဆေးစီရင်နိုင်ခြင်း မရှိဘဲ ပြစ်မှုဆိုင်ရာ တရားရုံးတွင်သာ စစ်ဆေးစီရင်ရမည်ဖြစ်ကြောင်းမြင်သာသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မူလရုံးသို့ တရားခံအဖြစ်လာရောက်ခြင်း မရှိသေးသောသူများသည် အမှုတွင်ပါဝင်ခြင်း မရှိသေး၍ အမှုတွင် ချမှတ်ထားသောအမိန့်အပေါ် အယူခံမှုသော်လည်းကောင်း ပြင်ဆင်မှုသော်လည်းကောင်း အဆင့်မြင့်ရုံးတွင် လျှောက်ထားနိုင်ခွင့်မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ မူလရုံးကရုံးရှေ့ပေါ်ပေါက်ချက်များ အရစွပ်စွဲခံရသူအပေါ် အမှုကိုဆက်လက်စစ်ဆေးစီရင်နိုင်ရန် ချမှတ်ထားသောအမိန့်ကိုခရိုင်တရားရုံးနှင့်ပြည်နယ်တရားရုံးတို့ကပယ်ဖျက်ခဲ့ခြင်းမှာစစ်ဆေးစီရင်လျက်ရှိသောအမှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန်ချေဖျက်သည့် သဘောအနှစ်သာရအားဖြင့် သက်ရောက်ပေသည်။ မြို့နယ်တရားရုံးတွင် ဆောင်ရွက်နေသည့်အမှုကိုပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရတရားရုံးချုပ်ကသာ ပယ်ဖျက်ခြင်း ပြုနိုင်ပေသည်။ အခြားသော လက်အောက်ခံတရားရုံးများက ချေဖျက်ခြင်းမပြုနိုင်။

လျှောက်ထားသူအတွက် ဦးသန်းမောင်၊
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် ၁။ ဒေါ်မိုမိုအောင်၊
လက်ထောက်ညွှန်ကြားရေးမှူး၊

ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၆

ရှေ့နေချုပ်ရုံး
၂/၃အတွက် -ဦးစိုးဝင်း၊
တရားရုံးချုပ်ရှေ့နေ
၄/၅/၆/အတွက် - ဦးကျော်မြင့်၊
တရားရုံးချုပ်ရှေ့နေ

ကျောက်ဖြူမြို့နယ်တရားရုံးပြစ်မှုကြီးအမှတ်၁၈၆/၂၀၀၃ တွင် တရားခံမခင်ရွှေဝင်းပါ-၃ ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၄ အရ စွဲဆိုသောအမှုတွင် တရားလိုဘက် အား စစ်ဆေးနေစဉ် ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သားကျော်ဝင်း တို့ကို နောက်တိုးတရားခံအဖြစ် ထည့်သွင်းရန် ချမှတ်သည့် မြို့နယ် တရားရုံး၏အမိန့်ကို ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သား ကျော်ဝင်း တို့က မကျေနပ်၍ ကျောက်ဖြူခရိုင်တရားရုံး ပြင်ဆင်မှုအမှတ် ၁၄/၂၀၀၃ တွင် ပြင်ဆင်မှုလျှောက်ထားရာ ကျောက်ဖြူခရိုင် တရားရုံးက မူလရုံးအမိန့်ကို ပယ်ဖျက်ခဲ့သည်။ ယင်းအမိန့်ကို ဦးသောင်းရွှေနှင့် မခင်ရွှေဝင်းပါ-၃ ဦးတို့ကမကျေနပ်၍ ရခိုင်ပြည်နယ် တရားရုံးပြင်ဆင်မှုအမှတ် ၄(ခ)/ ၇(ခ) တို့တွင် ပြင်ဆင်မှုလျှောက်ထားရာ ပလပ်ခံရသဖြင့် ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ၂၃-၅-၂၀၀၃ ရက်နေ့က ဦးသကြိန်အောင်၊ ဒေါ်မဖဲညွန့်၊ သမီးမခင်ရွှေဝင်းတို့သည် ကွမ်းချောင်းရဲစခန်းတွင် မခင်ရွှေဝင်း၏ရရှိသောကိုယ်ဝန်မှာ ငမဲကြီးနှင့် အောင်ထွန်းနတို့ နှင့်ရရှိသောကိုယ်ဝန် ဖြစ်ကြောင်း၊ ငမဲကြီးနှင့် အောင်ထွန်းနတို့ ထံမှ တစ်ဦးလျှင် ငွေ ၃၀၀၀၀ဝိ/- စီ ရလိုကြောင်း တိုင်ကြား သဖြင့် ကွမ်းချောင်းရဲစခန်းမှ ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သား ကျော်ဝင်းတို့က ငမဲကြီးနှင့် အောင်ထွန်းန၏ အစ်ကို အောင်ရွှေသန်းတို့ကို ဖမ်းဆီးခဲ့ကြောင်း၊ ငွေပေးမှ လွှတ်ပေး မည်ဟု ပြောသဖြင့် ဦးသောင်းရွှေနှင့် ဦးအောင်သာဇံတို့က ငွေ ၃-သိန်းစီကို ရဲစခန်းမှတစ်ဆင့် ဦးသကြိန်အောင်တို့အား ပေးသည့်အခါမှသာ ငမဲကြီးနှင့် အောင်ရွှေသန်းတို့အား ကွမ်းချောင်းရဲစခန်းမှလွှတ်ပေးခဲ့ကြောင်း၊ ငွေခြိမ်းခြောက် တောင်းယူခြင်းအတွက် ဦးသကြိန်အောင် ၊ ဒေါ်မဖဲညွန့်နှင့်

မခင်ရွှေဝင်းတို့အား အရေးယူပေးရန် တရားရုံးသို့ ဦးတိုက်စွဲဆိုသောအမှုဖြစ်သည်။

လျှောက်ထားသူဦးသောင်းရွှေ၏ ရှေ့နေက လျှောက်လဲတင်ပြရာတွင် တရားလိုပြသက်သေ ၉-ဦး အနက် ၆-ဦးကို စစ်ဆေးခဲ့ရာ ပေါ်ပေါက်ချက်အရ တရားလိုဘက်မှ နောက်တိုးတရားခံအဖြစ် ဒုရဲအုပ်ဝင်းနိုင် နှင့် တပ်သားကျော်ဝင်းတို့အား ထည့်သွင်းပေးရန်နှင့် လျှောက်ထားချက်အရ မူလတရားရုံးက ၇-၁၀-၂၀၀၃ နေ့တွင် ဒုရဲအုပ်ဝင်းနိုင်နှင့် တပ်သားကျော်ဝင်းတို့အား နောက်တိုးတရားခံအဖြစ် ထည့်သွင်းရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ နောက်တိုးတရားခံများသည် မြို့နယ်တရားရုံးသို့ လာရောက်ခြင်းမရှိဘဲ ကျောက်ဖြူခရိုင်တရားရုံးသို့ မူလရုံးအမိန့်ကို ပယ်ဖျက်ပေးရန် ပြင်ဆင်မှုလျှောက်ထားခြင်းမှာ မူလမှုတွင် တရားခံအဖြစ်ပါဝင်ခြင်းမရှိသေး၍ လျှောက်ထားခွင့်မရှိကြောင်း၊ နောက်တိုးတရားခံများ ကျူးလွန်ခဲ့သောအမှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၄ အရ အကျုံးဝင်သဖြင့် ပြစ်မှုတရားရုံးကသာ စီရင်ပိုင်ခွင့်ရှိကြောင်း၊ မူလတရားရုံးတွင် တရားရုံးရှေ့မရောက်ရှိသေးသည့်အမှုသည်များသည် နစ်နာသူဟု ဆိုနိုင်မည်မဟုတ်၍ မူလရုံးအမိန့်အပေါ် အယူခံမှု၊ ပြင်ဆင်မှု လျှောက်ထားခွင့်မရှိကြောင်း၊ မူလမှုတွင် သက်သေခံချက်များအရ လျှောက်ထားခံရသူ ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သားကျော်ဝင်းတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၄ ကို ကျူးလွန်ကြောင်း ပေါ်ပေါက်နေ၍ ရဲတရားရုံးက စစ်ဆေးနိုင်ခွင့်မရှိဘဲ ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၆ အရ ပြစ်မှုတရားရုံးကသာ စစ်ဆေးနိုင်သည်ဖြစ်၍ ခရိုင်တရားရုံးနှင့် ပြည်နယ်တရားရုံးအမိန့်များကို ပယ်ဖျက်ပြီး နောက်တိုးတရားခံထည့်သွင်းသည့် မူလမြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုသည့်အမိန့် ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သားကျော်ဝင်းတို့၏ ရှေ့နေက လျှောက်လဲတင်ပြရာတွင် ရခိုင်ပြည်နယ် တရားရုံးတွင် မူလရုံးတရားလိုဦးသောင်းရွှေ သာ ပြင်ဆင်မှုလျှောက်ထားပြီး ဦးသကြိန်အောင်ပါ-၃ ဦး တို့က လျှောက်ထားခြင်းမရှိ၍ ဤပြင်ဆင်မှုတွင်လည်း ဦးသကြိန်

၂၀၀၄
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၆

အောင် ပါ-၃ ဦးတို့အား ပြင်ဆင်မှုလျှောက်ထားခံရသူ များအဖြစ် ထည့်သွင်းရန်အကြောင်းမရှိကြောင်း၊ ၎င်းတို့ ၃-ဦးအား ပြင်ဆင်မှုလျှောက်ထားခံရသူများအဖြစ် ထည့်သွင်းထားခြင်း သည် ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သား ကျော်ဝင်းတို့အား လွန်စွာ ထိခိုက်နိုင်ပါသဖြင့် ၎င်းတို့အားပါဝင်စေရန် သင့်၊ မသင့်ကို အမိန့်ချမှတ်ပေးရန် တင်ပြပြီး မူလရုံးတရားလိုတိုင်ချက်တွင် ဦးသကြိန်အောင်၊ ဒေါ်မဖဲညွန့်၊ မခင်ရွှေဝင်းတို့အား ငွေခြိမ်း ခြောက် တောင်းယူသူများအဖြစ် တိုင်ကြားခဲ့ပြီး ဒုရဲအုပ်ဝင်းနိုင် နှင့် ရဲတပ်သား ကျော်ဝင်းတို့ ပါဝင်ခြင်းမရှိကြောင်း၊မခင်ရွှေဝင်း ကိုယ်ဝန်ရှိ၍ လျော်ကြေးပေးရန် ဦးသကြိန်အောင်၊ ဒေါ်မဖဲညွန့် တို့က စခန်းမှူးအားပြောသဖြင့် စခန်းမှူးက ဦးသောင်းရွှေနှင့် ဦးအောင်သာဇံတို့အား ပြောခဲ့ခြင်းဖြစ်ကြောင်းကို တရားလိုပြ သက်သေများ ထွက်ချက်အရ တွေ့ရှိရမှာဖြစ်ကြောင်း၊ တရားလို နှင့် တရားခံတို့ ပြေရာပြေကြောင်း ဆောင်ရွက်ပေးခြင်းသာ ဖြစ်ကြောင်း၊ နောက်တိုးတရားခံအဖြစ်ထည့်သွင်းရန် သက်သေခံချက်များအရ ပြစ်မှုကျူးလွန်ကြောင်း အထောက် အထား ခိုင်လုံရန်လိုကြောင်း၊ ကျူးလွန်သော ပြစ်မှုသည် တရားရုံးက အရေးယူပိုင်ခွင့်ရှိသော ပြစ်မှု ဖြစ်ရန် လိုကြောင်း၊ ထို့ပြင် စွပ်စွဲခံရသူများသည် တရားရုံးရှေ့သို့ ရောက်ရှိနေသူ များဖြစ်ရန်လိုကြောင်း ဦးဝင်းနိုင်ပါ ၂-ဦးတို့သည် ထိုစဉ်က တရားရုံးရှေ့ရောက်ရှိနေသူများ မဟုတ်၍ နောက်တိုးတရားခံ အဖြစ် ထည့်သွင်းရန်မသင့်ကြောင်း၊ ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သားကျော်ဝင်းတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၄ ကို ကျူးလွန်ခြင်း အလျဉ်းမရှိ၍ ပြစ်မှုဆိုင်ရာတရားရုံးက စစ်ဆေးနိုင်ခြင်း မရှိဘဲ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၁ မှ ၂၅ အထိသာ အကျုံးဝင်၍ ပြင်ဆင်မှုလျှောက်ထားသူ အနေ ဖြင့် သက်ဆိုင်ရာဌာနသို့သာ တင်ပြသင့်ကြောင်း၊ မြို့နယ် တရားရုံးက နောက်တိုးတရားခံများ ထည့်သွင်းရန် ဆောင်ရွက် သင့်မည်မဟုတ်၍ ယင်းအမိန့်အား ပယ်ဖျက် ခဲ့သည့် ကျောက်ဖြူ ခရိုင် တရားရုံးအမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့သော

၂၀၀၄
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၆

ရနိုင်ပြည်နယ် တရားရုံး၏အမိန့် များမှာ မှန်ကန်ပါသဖြင့် အတည်ပြုသင့်ပါကြောင်း၊ ယခု အမှုသည် ဦးမောင်ကြီးနှင့် ဦးကျော်ငြိမ်[၁] အမှုစီရင်ထုံးနှင့် ဆီလျော်မှု မရှိကြောင်း၊ မြို့နယ် တရားရုံးက တရားခံအဖြစ် ထည့်သွင်းရန် အမိန့်ချသည့် နေ့မှ စ၍ ဒုရဲအုပ်ဝင်းနိုင်ပါ-၂ ဦးသည် တရားခံများဖြစ်သွား၍ ၎င်းတို့သည် နစ်နာသည့် အမှုသည်များအဖြစ် ရောက်ရှိသွားသဖြင့် ကိုသက်ထွန်း(ခ)ကျစ်မှန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် [၂] အမှုနှင့် ကိုအောင်မိုးဝင်း ပါ-၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ-၃[၃] အမှု စီရင်ထုံးအရ ပြင်ဆင်မှု လျှောက်ထားနိုင်သဖြင့် ဤပြင်ဆင်မှု ကို ပလပ်ပေးရန် လျှောက်လဲ တင်ပြသည်။

ဦးသကြိန်အောင်ပါ-၃ ဦးတို့၏ ရှေ့နေက လျှောက်လဲ တင်ပြရာတွင် ရုံးတော်မှ တရားလိုပြသက်သေ များ စစ်ဆေးနေစဉ် လျှောက်ထားခံရသူ (၄) (၅) (၆) တို့၏ လျှောက်ထားချက်အရ ၇-၁၀-၂၀၀၃ ရက်နေ့တွင် လျှောက်ထားခံရသူ (၂) နှင့် (၃) တို့အား နောက်တိုး တရားခံအဖြစ် ထည့်သွင်းခဲ့ခြင်း ဖြစ်ကြောင်း၊ မူလရုံးက ထိုသို့အမိန့်ချမှတ်ခဲ့ရခြင်းမှာလည်း လျှောက်ထားသူထံမှငွေကျပ်ခြောက်သိန်းခွဲကို ရယူရာတွင် လျှောက်ထားသူအား လျှောက်ထားခံရသူ (၂) (၃) တို့က ကြောက်အောင် ခြောက်လှန့်ကာ ရယူခဲ့ကြခြင်းဖြစ်ကြောင်း၊ စွဲဆိုသော အမှုတွင် ငြိစွန်းချက်များ ခိုင်ခိုင်မာမာရှိနေ၍ ဖြစ်ကြောင်း၊ ကျောက်ဖြူခရိုင် တရားရုံးက အဖြစ်အပျက် တစ်ခုလုံးကို ခြုံငုံသုံးသပ်ခြင်းမပြုဘဲ အဖြစ်အပျက်အချို့ကိုသာ ခွဲထုတ် သုံးသပ်ကာ မြန်မာနိုင်ငံရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၇(က) နှင့် ၁၈(ဆ) အရသာ ငြိစွန်းသည်ဟု ကောက်ယူခြင်းဖြစ်ကြောင်း၊ ဒုရဲအုပ်ဝင်းနိုင်နှင့် တပ်သား ကျော်ဝင်းတို့က ငွေကျပ်ခြောက်သိန်းခွဲ ပေးမှသာ လွှတ် ပေးမည်ဟု ကြောက်အောင်ခြိမ်းခြောက်ကြောင်း ပေါ်ပေါက်

---

(၁) ၁၉၆၉-ခုနှစ်၊ မတစ၊ စာ ၇၁
(၂) ၁၉၇၆-ခုနှစ်၊ မတစ၊ စာ ၁၂၇
(၃) ၂၀၀၂-ခုနှစ်၊ မတစ၊ စာ ၁

၂၀၀၄
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၆

သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၄ အရ ငြိစွန်းနေကြောင်း ပေါ်လွင်သဖြင့် မြို့နယ်တရားရုံး၏ အမိန့်သာ မှန်ကန်၍ ပြင်ဆင်မှုအား ခွင့်ပြုရန် လျှောက်လဲတင်ပြသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက တရားလိုပြသက်သေများ ထွက်ချက်အရ ဦးသကြိန်အောင်ပါ-၃ ဦးက လျှောက်ထားသူထံမှ ငွေကျပ်ခြောက်သိန်းခွဲ လျော်ကြေးတောင်း၍ ဒုရဲအုပ်ဝင်းနိုင်သည် ရဲအရေးမပိုင်သော ပြစ်မှုနှင့်စွပ်စွဲခံရသူများကို ဖမ်းဆီးချုပ်နှောင်သဖြင့် မြန်မာနိုင်ငံရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၇(က) နှင့် ၁၈(ဆ) တို့အရ ငြိစွန်းကြောင်း ခရိုင်တရားရုံးက သုံးသပ်ပြီး မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ရာ ပြည်နယ်တရားရုံးက ယင်းအမိန့်ကို အတည်ပြုခဲ့ခြင်းမှာ လျော်ကန်သင့်မြတ်၍ ပြည်နယ် တရားရုံး၏ အမိန့်ကို အတည်ပြုပြီး သင့်တော်သည့်အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သားကျော်ဝင်းတို့သည် တရားခံများအဖြစ် ရောက်ရှိသွားပြီးဖြစ်၍ ၎င်းတို့အား နစ်နာစေသည့် **အမိန့်အပေါ် အထက်တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားနိုင်ကြောင်းကိုသက်ထွန်း (ခ) ကျစ်မှန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်**[၂] **အမှုနှင့် ကိုအောင်မိုးဝင်း ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၃**[၃] အမှုတို့ကို ကိုးကား၍ လျှောက်လဲတင်ပြသွားသော်လည်း ကိုသက်ထွန်းအမှုတွင် ဗဟိုတရားရုံးက ဆုံးဖြတ်ခဲ့ခြင်းမှာ မူလအမှုစစ်တရားရုံးက အပြီးအပြတ်လွှတ်သောအမှုတွင် ပြည်နယ်တရားရုံးက ပြင်ဆင်မှုကို လက်ခံစီရင်ခွင့်မရှိကြောင်းနှင့် အပြီးအပြတ်လွှတ်သောအမိန့်နှင့် စပ်လျဉ်း၍ရှေ့နေချုပ်ရုံး(ယခင်ဗဟိုဥပဒေရုံး)ကသာလျှင်တရားရုံးချုပ် (ယခင်ဗဟိုတရားရုံး) သို့ ဥပဒေနှင့်အညီ အယူခံမှုတင်သွင်းနိုင်ကြောင်းကိုသာ ဆုံးဖြတ်ထားခြင်းဖြစ်သဖြင့် မှားယွင်းတင်ပြနေခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

အလားတူ ကိုအောင်မိုးဝင်းပါ-၂ အမှုတွင် တရားရုံးချုပ်က အဆင့်မြင့်တရားရုံးများသို့ ပြင်ဆင်မှုတင်သွင်းခြင်းနှင့် စပ်လျဉ်းပြီး ရှေ့နေချုပ်ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်

အညီ ဥပဒေရေးအဆင့်ဆင့်တို့က တင်သွင်းခွင့်ရှိသည့်ပြင်သက်ဆိုင်ရာအမှုသည်ကိုယ်တိုင်ကလည်း ၎င်းငှားရမ်းထားသည့် ပြင်ပရှေ့နေဖြင့် အဆင့်ဆင့်သော တရားရုံးများသို့ ပြင်ဆင်မှု တင်သွင်းနိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်ထားခြင်းသာ ဖြစ်ပေသည်။

ယခုအမှုတွင် ပေါ်ပေါက်သော တရားရုံးရှေ့သို့ တရားခံအဖြစ် မရောက်ရှိသေးသူက တင်သွင်းနိုင်ခွင့် ရှိ မရှိဆိုသည့် ပြဿနာနှင့် တစ်စုံတစ်ရာစပ်ဆိုင်ခြင်း မရှိပေ၊ အတိုးဆောင်ရှေ့နေက မှားယွင်းတင်ပြနေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိ ရသည်။

မူလရုံးအမှုတွဲနှင့် ခရိုင်တရားရုံး၊ ပြည်နယ်တရားရုံး တို့၏ အမိန့်တို့ကို ဆက်စပ်လေ့လာရာတွင် မူလရုံး တရားလို ပြသက်သေများ ထွက်ချက်အရ မူလရုံးတရားခံ ဦးသကြိန်အောင်၊ ဒေါ်မပဲညွန့်နှင့် မခင်ရွှေဝင်းတို့က ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သား ကျော်ဝင်းတို့ကို နောက်တိုးတရားခံများအဖြစ် ထည့်သွင်းပေးရန် လျှောက်ထားချက်အရ မူလရုံးက ၎င်းတို့ ၂-ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၄ အရ နောက်တိုး တရားခံများအဖြစ် ထည့်သွင်းပေးရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သား ကျော်ဝင်းတို့သည် မူလမြို့နယ်တရားရုံးရှေ့သို့ တရားခံ အဖြစ် လာရောက်ခြင်း မရှိသေးပေ၊ မူလရုံးသို့ တရားခံ အဖြစ်လာ ရောက်ခြင်းမရှိသေးသောသူများသည် အမှုတွင် ပါဝင်ခြင်းမရှိသေး၍အမှုတွင်ချမှတ်ထားသောအမိန့် အပေါ် အယူခံမှုသော် လည်းကောင်း၊ ပြင်ဆင်မှုသော် လည်းကောင်း အဆင့်မြင့် ရုံးတွင် လျှောက်ထား နိုင်ခွင့်မရှိပေ၊ ဦးဝင်းစိန်ပါ-၅ နှင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ပါ-၂[၄] အမှုကိုကြည့်ပါ။

ကျောက်ဖြူခရိုင်တရားရုံးက ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သား ကျော်ဝင်းတို့က လျှောက်ထားသည့်ပြင်ဆင်မှုတွင် လျှောက်ထားသူရဲတပ်ဖွဲ့ဝင် ၂-ဦးသည် မြန်မာနိုင်ငံ ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၇(က) နှင့် ၁၈(ဆ) တို့ကိုသာ ကျူးလွန်သဖြင့် ရဲတပ်ဖွဲ့မှသာ စစ်ဆေးစီရင်သင့်ကြောင်း သုံးသပ်ပြီး မြို့နယ်တရားရုံးက စီရင်လျက်ရှိသော ပြစ်မှု ဆိုင်ရာ

(၄) ၁၉၈၃-ခုနှစ်၊ မတစ၊ စာ ၁၃၈

ဥပဒေ ပုဒ်မ ၃၈၄ အမှုတွင် နောက်တိုးတရားခံအဖြစ်ထည့်သွင်းသည့်အမိန့်ကို ပယ်ဖျက်ခဲ့သည်။

ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၇(က) နှင့် ၁၈(ဆ) တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

ပုဒ်မ ၁၇(က) "ဤဥပဒေကို လိုက်နာရသူတစ်ဦး သည် ဥပဒေအရ ဖမ်းဆီးခွင့်မရှိ သောသူအား အကြောင်းမဲ့ဖမ်းဆီး ထားလျှင်၊ ချုပ်နှောင်ထားလျှင်၊ သို့မဟုတ် ထိုသူ၏အမှုကို စုံစမ်းစစ်ဆေးရန်အတွက် ဆိုင်ရာ အာဏာပိုင်ထံတင်ပြရန် ပျက်ကွက်လျှင်။

ပုဒ်မ ၁၈(ဆ) ဤဥပဒေကိုလိုက်နာရသူတစ်ဦး သည် လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက် သောသူအား မတရားရယူစေရန် အကြံဖြင့်ဖြစ်စေ၊ မတရား ဆုံးရှုံးစေရန်အကြံဖြင့်ဖြစ်စေ အခြား မည်သည့်အရာကိုမဆိုပြုလျှင်" ပြစ်မှုမြောက်သည်ဟူ၍ဖြစ်သည်။

ခရိုင်တရားရုံးသည် ဒုရဲအုပ်ဝင်းနိုင်၏ ပြုလုပ်မှုနှင့် ပတ်သက်၍ ဖမ်းဆီးထားခြင်း၊ ချုပ်နှောင်ထားခြင်း အပိုင်းကိုသာ ထည့်သွင်းသုံးသပ်ပြီး ဖမ်းဆီးချုပ်နှောင်ခံထား ရသူ ၂-ဦးတို့၏ ဖခင်ထံမှ ငွေကျပ်ခြောက်သိန်းခွဲတောင်းခံခြင်း၊ ငွေမပေးကလွှတ်ပေးမည်မဟုတ်ဟု ကြောက်အောင်ခြိမ်းခြောက်သည့်အပိုင်းကို ထည့်သွင်းသုံးသပ်ခြင်းမပြုဘဲ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၇(က) နှင့် ၁၈(ဆ) တို့အရသာ အကျုံးဝင်သည်ဟု ကောက်ယူ သုံးသပ်ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ပုဒ်မ ၁၇(ဇ) အရဆိုပါကလည်း အဂတိလိုက်စားသောနည်းဖြင့် သာမာန်တောင်းယူခြင်း ရိုးရိုးမဟုတ်ဘဲ ခြောက်လှန့်၍ တောင်းယူခြင်းကြောင့် ခြောက်လှန့်တောင်းယူမှု ကျူးလွန်ကြောင်း တွေ့ရသည်။ မူလရုံးတွင် အရေးယူခဲ့သော ပြစ်မှုမှာပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၄ ခြောက်လှန့်တောင်းယူမှုဖြစ်သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၄ မြောက်ရန် ပုဒ်မ ၃၈၃

၂၀၀၄
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၆

တွင် ပြဋ္ဌာန်းထားသည့် အောက်ဖော်ပြပါ အံချက်များကို ဖောက်ဖျက်ခြင်း ရှိရမည်

ပုဒ်မ ၃၈၃ "မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား သို့တည်းမဟုတ် အခြားသူတစ်ဦးတစ်ယောက်အား နစ်နာစေမည်ဟု ကြောက်အောင် တမင်ပြုလုပ်၍ပစ္စည်းတစ်ခုခုကိုဖြစ်စေ၊ အဖိုးတန် စာတမ်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ အဖိုးတန်စာအမှတ်အသားအဖြစ်သို့ ပြောင်းလဲနိုင်သောလက်မှတ်ရေးထိုး ထားသည့် သို့တည်းမဟုတ် တံဆိပ် ခတ်နှိပ် ထားသည့်အရာဝတ္ထု တစ်ခုခုကို ဖြစ်စေ တစ်ဦးတစ်ယောက်သော သူသို့ ပေးအပ်ရန် ကြောက်အောင် တမင်ပြုခြင်း ခံရသောအဆိုပါသူအား မရိုးမဖြောင့်သောသဘော နှင့် သွေးဆောင်လျှင်၊ ထိုသို့ကြောက်အောင် ပြု၍ သွေးဆောင်သူသည် "ခြောက်လှန့်တောင်း ယူမှု" ကို ကျူးလွန်သည်မည်၏"

ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၁ မှ ၂၅ အထိ ပါဝင်သောပြဋ္ဌာန်းချက်များကို ဖောက်ဖျက်မှုများ တွင် ခြောက်လှန့်တောင်းယူမှု ပါဝင်ခြင်းမရှိပေ။ ပုဒ်မ ၁၁ မှ ၂၅ အထိ အကျုံးဝင်သောပြစ်မှုများကို ကျူးလွန်သည့် ရဲတပ်ဖွဲ့ဝင်များကိုသာ ရဲတရားရုံးက စစ်ဆေးစီရင်ရန် ဖြစ်ပြီး ယင်းပြစ်မှုများမှအပ အခြားတည်ဆဲဥပဒေပါ ပြစ်မှု တစ်ခုခု ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာတရားရုံးများတွင် စစ်ဆေးစီရင်နိုင်ရန် လွှဲပေးရမည်ဖြစ်ကြောင်း၊ ယင်းဥပဒေ ပုဒ်မ ၂၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

ပုဒ်မ ၂၆ "ဤဥပဒေကိုလိုက်နာရသူတစ်ဦး သည် မည်သည့်နေရာတွင်မဆို ဤ ဥပဒေပါ ပြစ်မှုများမှအပ အခြားတည်ဆဲဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာတရားရုံးက စစ်ဆေးစီရင်နိုင်ရန် လွှဲပြောင်းပေးရမည်" ဟူ၍ဖြစ်သည်။

၂၀၀၄
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၆

သို့ဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၃ ပြဋ္ဌာန်းချက် နှင့် ငြိစွန်းသောရဲတပ်ဖွဲ့ဝင် ၂-ဦးတို့၏ ကျူးလွန်မှုကို ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၆ အရ ရဲတရားရုံးတွင် စစ်ဆေး စီရင်နိုင်ခြင်းမရှိဘဲ ပြစ်မှုဆိုင်ရာတရားရုံးတွင်သာ စစ်ဆေး စီရင်ရမည်ဖြစ်ကြောင်း မြင်သာသည်။

ဒုရဲအုပ်ဝင်းနိုင်နှင့် ရဲတပ်သားကျော်ဝင်းတို့၏ ရှေ့နေမှ တင်ပြသည့်အချက်တစ်ခုဖြစ်သည့် ဦးသကြ်န်အောင်ပါ-၃ ဦးတို့သည် ဤပြင်ဆင်မှုတွင် လျှောက်ထားခံရသူများအဖြစ် ပါဝင်ရန် မသင့်ကြောင်း တင်ပြချက်နှင့်စပ်လျဉ်း၍ ဦးသကြ်န်အောင်ပါ တရားခံ ၃-ဦးသည် မူလမှုတွင် တရားခံများ အဖြစ် ပါဝင်ကြသည့်ပြင် ဒုရဲအုပ်ဝင်းနိုင်ပါ-၂ ဦးတို့အား နောက်တိုးတရားခံများအဖြစ် ထည့်သွင်းပေးရန် စတင်လျှောက် ထားသူများ ဖြစ်၍ ၎င်းတို့ပါဝင်ခြင်းဖြင့် အမှုကို ပြည့်စုံစွာ ကြားနာ စီရင်နိုင်မည်ဖြစ်သဖြင့် ဦးသကြ်န်အောင်ပါ-၃ ဦးကို ဤပြင်ဆင်မှု တွင် လျှောက်ထားခံရသူများအဖြစ် ပါဝင်ခွင့်ရှိ ကြောင်း မှတ်ချက်ပြုသည်။

ယခုအမှုတွင် မူလရုံးသက်သေခံချက်များအရ ဒုရဲအုပ် ဝင်းနိုင်နှင့် တပ်သားကျော်ဝင်းတို့သည်ငမဲကြီးနှင့်အောင်ရွှေသန်း တို့ကို ဖမ်းဆီးချုပ်နှောင်ခဲ့ခြင်းဖြစ်ပြီး ဦးသောင်းရွှေနှင့် ဦးအောင်သာဇံ တို့ထံမှ ငွေခြောက်သိန်းခွဲ ခြောက်လှန့်တောင်း ယူကြောင်း စွပ်စွဲမှုရှိသည်ဖြစ်၍ ၎င်းတို့၏ ပြုမူမှုအတွက် ဖြေရှင်း ရန် တာဝန်ရှိပေသည်။ ခရိုင်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့က စွပ်စွဲခံရသူ ၂-ဦးတို့သည် ရဲစည်းကမ်း ထိန်းသိမ်းရေး ဥပဒေ အရသာ ပြစ်မှုကျူးလွန်ဖွယ်ရှိကြောင်း သုံးသပ်ချက်သည် မှန်ကန် သည်ဟု မဆိုနိုင်ချေ။

ထို့ပြင် မူလအမှုစစ် မြို့နယ်တရားရုံးက ရုံးရှေ့ ပေါ်ပေါက် ချက်များအရ စွပ်စွဲခံရသူများအပေါ် အမှုကို ဆက်လက်စစ်ဆေး စီရင်နိုင်ရန် ချမှတ်သော အမိန့်ကို ခရိုင်တရားရုံးနှင့် ပြည်နယ် တရားရုံးတို့က ပယ်ဖျက်ခဲ့ခြင်းမှာ စစ်ဆေးစီရင်လျက်ရှိသော အမှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ချေဖျက်သည့် သဘော၊ အနှစ်သာရအားဖြင့် သက်ရောက်ပေသည်။ မြို့နယ် တရားရုံးတွင် ဆောင်ရွက်နေသည့် အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး

၂၀၀၄
ဦးသောင်းရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၆

ဥပဒေပုဒ်မ ၅၆၁-က အရ တရားရုံးချုပ်ကသာ ပယ်ဖျက် ခြင်း ပြုနိုင်ပေသည်။ အခြား သောလက်အောက်ခံ တရား ရုံးများက ချေဖျက်ခြင်းမပြုနိုင်၊ ဤမူသဘောကို ဒေါ်ခင်တီဇာ ဘိတ်ိနှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်[၅] အမှုနှင့် ဦးလှိုင်ခဲပါ-၂ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်[၆] အမှုတို့ကို ရည်ညွှန်းသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ ကျောက်ဖြူခရိုင် တရားရုံးနှင့်ရခိုင်ပြည်နယ်တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီးမူလကျောက်ဖြူမြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုလိုက်သည်။ အမှုကို ဥပဒေနှင့်အညီဆက် လက်စီရင်ရန် ညွှန်ကြားလိုက်သည်။

---

(၅) ၁၉၇၆-ခုနှစ်၊ မတစ၊ စာ ၁၅
(၆) ၁၉၇၆-ခုနှစ်၊ မတစ၊ စာ ၂၇

+၂၀၀၄
စက်တင်ဘာ
၆ရက်

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

## တရားရုံးချုပ်တရားသူကြီးဒေါက်တာတင်အောင်အေး၏ ရှေ့တွင်

## ဦးအောင်ကြည် ပါ (၂)
## နှင့်
## ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂) *

**အခွင့်ရအာဏာပိုင်တို့က ထုတ်ပြန်သောအမိန့်များ သည် ဥပဒေနှင့်ညီညွတ်ပြီး အများပြည်သူအကျိုးနှင့် သက်ဆိုင်ရမည်။ အဆိုပါ အမိန့်မျိုးကို မလိုက်နာမှသာ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ အရ အရေးယူနိုင်မည် ဖြစ်သည်။**

ဆုံးဖြတ်ချက်။ ဦးအောင်ကြည်တို့က အချင်းဖြစ်ခြံမြေကို ၁၉၈၇-ခုနှစ်မှ ၂၀၀၃- ခုနှစ်အထိ မြေခွန်ဆောင်၍ အဆောက်အဦး အခိုင်အမာ ဆောက်လုပ်ကာ နေထိုင်လာ သည့် အခြေအနေတွင် လွန်ခဲ့သော (၃) နှစ်ခန့်ကမှ ခြံချင်းကပ် လျက်တွင် ရောက်ရှိ၍ အိမ်ဆောက်ခဲ့သော ဒေါ်သန်းမြင့်က ခြံဝင်ထွက်ပေါက် မရှိ၍ ဦးအောင်ကြည်ခြံမှ ၁၁ ပေ ၉ လက်မ အကျယ်ကို လမ်းဖွင့်ပေးရန် တောင်းဆိုချက်အပေါ် အာဏာပိုင် အဖွဲ့က ဦးအောင်ကြည်တို့အား အမိန့်ပေးခြင်းမှာ အများပြည်သူအကျိုးနှင့် သက်ဆိုင်သည်ဟုလည်းကောင်း၊ တရား

---

* ၂၀၀၄ခုနှစ် ၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ အမှတ် ၁၄

\+ သံဖြူဇရပ်မြို့နယ် တရားရုံး၏ ၂၀၀၃ခုနှစ်၊ ပြစ်မှုကြီး အမှတ် ၁၀၈၅၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၁၈၈ အရ စွဲဆိုမှု အား ကျင့်ထုံး ပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးစေလိုမှု

၂၀၀၄
ဦးအောင်ကြည်
ပါ (၂)
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ (၂)

မှုတမှုရှိ သည်ဟူ၍လည်းကောင်း ဆိုနိုင်မည် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ သည် ပြည်သူ့ဝန်ထမ်းများက အများနှင့် သက်ဆိုင်သည့်ကိစ္စများ အတွက် ပြုလုပ်သောအမိန့်နှင့် သက်ဆိုင်သည်။ ပြည်သူ့ ဝန်ထမ်း က ထုတ်သောအမိန့်ကို ဖီဆန်ရုံမျှဖြင့် ၎င်းပုဒ်မအရ အပြစ် မပေးနိုင်၊ ဖီဆန်ခြင်းသည် ဥပဒေနှင့်အညီ ခိုင်းခြင်းခံရသူကို ဟန့်တားခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ သို့မဟုတ် ရှုန်းရင်းဆန်ခတ်မှု ကိုသော်လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုကိုသော် လည်းကောင်းဖြစ်စေခြင်း၊ သို့မဟုတ် ဖြစ်စေတတ်ခြင်းရှိကြောင်း သက်သေပြရမည်။

| | |
|---|---|
| လျှောက်ထားသူအတွက် | ဦးတင်အောင်သိန်း၊ |
| | တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | ၁။ ဦးချစ်ကိုကို၊ |
| | ဒုတိယညွှန်ကြားရေးမှူး၊ |
| | ရှေ့နေချုပ်ရုံး |
| | ၂။ ကိုယ်တိုင် (မလာ) |

သံဖြူဇရပ်မြို့နယ် တရားရုံးပြစ်မှုကြီးအမှတ် ၁၈၀၅/ ၂၀၀၃ တွင် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက သံဖြူဇရပ်မြို့နယ် ပဒံငံလေး ကျေးရွာနေ ဦးအောင်ကြည်၊ ဒေါ်ကျင်သိန်းတို့အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထုတ်ပြန်သော အမိန့်ကို လိုက်နာခြင်းမရှိသည့်အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ အရေးယူပေးရန် စွဲဆိုသော အမှုတွင် ဦးအောင်ကြည်၊ ဒေါ်ကျင်သိန်းတို့က ၎င်းတို့အပေါ် စွဲဆိုသောအမှုကို ပြစ်မှု ဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားလာသော အမှုဖြစ်သည်။

အမှုမှာ သံဖြူဇရပ်မြို့နယ် ပဒံငံလေးကျေးရွာ ကွင်းအမှတ် ၁၂၂၇၊ ဦးပိုင်အမှတ် (၂၇) မြေဧရိယာ ၁. ၉၁ ဧကတွင် နေထိုင်သူ မသန်းမြင့် (ကွယ်လွန်သူ ဦးအေးသောင်း၏ဇနီး)

၂၀၀၄
ဦးအောင်ကြည်
ပါ (၂)
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ (၂)

၏ ခြံမြေမျက်နှာစာရှိ ကားလမ်းမကြီးပေါ်တွင် ဦးအောင်ကြည်နှင့် ဒေါ်ကျင်သိန်းတို့က ကျူးကျော်ပြီး နေအိမ်ဆောက်လုပ်ထားသဖြင့် ခြံအဝင် အထွက်လမ်းပိတ်နေကြောင်း တင်ပြချက်အရ သံဖြူဇရပ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၇-၅-၂၀၀၃ နေ့ အစည်းအဝေး အမှတ်စဉ် ၆/၂၀၀၃ ဆုံးဖြတ်ချက်အပိုဒ် (၃) အရ ခြံမြေ မျက်နှာစာအနောက်ဘက်ထိပ်မှ အရှေ့ဘက်သို့ ၁၁ ပေ ၉ လက်မကို ဦးအောင်ကြည်၊ ဒေါ်ကျင်သိန်းတို့မှလမ်းဖွင့်ပေးရန် ၉-၅-၂၀၀၃ နေ့တွင်လည်းကောင်း၊ ၁၂-၁၁-၂၀၀၃ နေ့တွင် လည်းကောင်း အမိန့်ထုတ်အကြောင်းကြားခဲ့ သော်လည်း လိုက်နာခြင်းမရှိသဖြင့် ဥက္ကဋ္ဌဦးသိန်းဝင်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထား စွဲဆိုသော အမှုဖြစ်သည်။

လျှောက်ထားသူ ဦးအောင်ကြည်၊ ဒေါ်ကျင်သိန်းတို့၏ ရှေ့နေက လျှောက်ထားသူများသည် လက်ရှိနေထိုင်သော သံဖြူဇရပ်မြို့နယ် ပဒ်ငလေးကျေးရွာ ကွင်းအမှတ် ၁၂၂၇၊ ဦးပိုင်အမှတ် အင်န် (၈၁) မြေဧရိယာ (၀.၀၅) ဧကရှိ မြေပေါ်တွင် လွန်ခဲ့သောအနှစ် (၂၀) ခန့်က အခွန် ဆောင်၍ နေထိုင် လာခဲ့ကြောင်း၊ လျှောက်ထားသူ၏ အိမ်ခြံသည် မသန်းမြင့်တို့ နေထိုင်သော ဦးပိုင်အမှတ် (၂၇) မြေဧရိယာ (၁.၉၀) ဧကနှင့် ခြံစည်းရိုးချင်း ဆက်စပ်နေကြောင်း၊ လျှောက်ထားသူသည် နေအိမ်၊ ဆိုင်ခန်း၊ ရေတွင်း၊ ရေလောင်းအိမ်သာများ အခိုင်အခန့် ဆောက်လုပ်လျက် အနှစ် (၂၀) ခန့် တစ်ဆက်တည်း နေထိုင်လာခဲ့ခြင်းဖြစ်ကြောင်း၊ မသန်းမြင့်က ယခု အမှု မစွဲဆိုမီ လျှောက်ထားသူအပေါ် သံဖြူဇရပ်မြို့နယ် တရားရုံးတွင် မျက်နှာဝဥပစာအား ဝင်ထွက်လမ်းမရှိအောင် ပိတ်ဆို့ဆောက် လုပ်ထားသော ဆိုင်ခန်းအဆောက်အဦး အား ဖယ်ရှားပေးစေ လိုမှု စွဲဆိုရာ ပလပ်ခံရပြီး မြို့နယ်တရားရုံးအမိန့်ကို မော်လမြိုင်ခရိုင်တရားရုံးက အတည်ပြုခဲ့ကြောင်း၊ သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လျှောက်ထားသူအား အကြောင်းကြားခဲ့သော်လည်း သက်သေခံ(က)နှင့် သက်သေခံ(ခ) တမျှားမှာ အများပြည်သူနှင့် သက်ဆိုင်သည့် နည်းလမ်းတကျ ထုတ်ပြန်

၂၀၀၄
ဦးအောင်ကြည်
ပါ (၂)
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ (၂)

ကြော်ငြာသော အမိန့်မဟုတ်ကြောင်း၊ မသန်းမြင့် အကျိုးအတွက် လမ်းဖွင့်ပေးစေရန် ပေးပို့သော အကြောင်းကြားစာမျှသာ ဖြစ်ကြောင်း၊ ယင်းအကြောင်း ကြားစာကို သက်သေခံ (က) နှင့် (ခ) တို့အရ လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အရေးယူခွင့်မရှိကြောင်း၊ ဒေါ်စန်းမူ (၁၉၆၈၊ မတစ၊ စာ-၁)၊ အစိုးရနှင့် မောင်ဆိုင်အမှု (၁၈၉၂ အတွဲ (၁) အထက် မြန်မာပြည်စီရင်ထုံး၊ စာ-၁၈၁)တို့ကို ကိုးကား၍ သက်သေခံ (က) နှင့် (ခ) စာတို့သည် မသန်းမြင့် အကျိုးခံစားခွင့်ရရန် ထုတ်ပြန်သည့်စာသာဖြစ်ပြီး တရားခံများ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ နှင့်အညီ အရေးယူ နိုင်သော ဥပဒေနှင့်ညီသည့် အမိန့်များမဟုတ်သည့်ပြင် တရားလိုဘက်သက်သေခံချက်များအရ မည်သည့်ပြစ်မှုမှ မမြောက်ကြောင်း ထင်ရှားလျက်ရှိ၍ လျှောက်ထားသူများအ ပေါ် စွဲဆို ထားသောအမှုကို ချေဖျက်သင့်ကြောင်း ဦးမြဘူးနှင့် ဒေါ်သန်းကြည် အမှု (၁၉၆၆၊ မတစ၊ စာ-၁၀၈၃) ကို ကိုးကား၍ လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၂) အတွက် လျှောက်ထား တင်ပြ သူမရှိပေ။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးက သံဖြူဇရပ် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ သည် မြေစာရင်း ဦးစီးမှူး၊ ရဲစခန်းမှူး၊ ရပ်မိရပ်ဖများနှင့် အတူ ဦးရွှေတင်နှင့် ဦးအောင်ကြည်တို့၏ ခြံမြေကွက်ကို လမ်းဖွင့်ပေးနိုင်ရန် အဖွဲ့ဖြင့် သွားရောက်စစ်ဆေးခဲ့ပြီး ဦးအောင်ကြည်၏ ခြံကွက်အနေ အထားအရ ဦးအေးသောင်းနေအိမ်မှာ အပြင်ထွက်ရန် လမ်းပေါက် မရှိသဖြင့် ကာရံထားသည့် ၁၁ ပေ ၉ လက်မ အကျယ် နေရာကို ခြံပေါက်အဖြစ် ဖွင့်ပေးရန် အလုပ်အမှုဆောင် အဖွဲ့ ဆုံးဖြတ်ချက်အရ ဒေါ်ကျင်သိန်းတို့အား သက်သေခံ (က) ၉-၅-၂၀၀၃ ရက်နေ့စာနှင့် သက်သေခံ (ခ) ၁၂-၁၁-၂၀၀၃ ရက်နေ့ပါ စာများဖြင့် အကြောင်းကြား ခဲ့သော်လည်း လိုက်နာ ခြင်းမရှိ၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းစာများအ

တရားခံများနှင့် မသန်းမြင့် အတွက် တိုက်ရိုက်ရည်ရွယ်၍ ထုတ်ပြန်ခြင်းဖြစ်ကြောင်းကို ဝန်ခံထားကြောင်း၊ ပဒိုင်လေး ကျေးရွာ ရယကဥက္ကဋ္ဌ ဦးဘသိန်း(လိုပြ-၂) ထွက်ချက်အရ မသန်းမြင့်၏ခင်ပွန်း ဦးအေးသောင်းတို့ဖခင် ညီအစ်ကိုများ အမွေခွဲပြီး နောက်ပိုင်းတွင် ယခင်ဝင်ထွက်နေကျ လမ်းမှ အဆင်မပြေ ဖြစ်ခဲ့ကြောင်း၊ သို့သော် ဆွေမျိုးများဖြစ်၍ ယခင်လမ်းအတိုင်း အသုံးပြု၍ ဝင်ထွက်လျက်ရှိကြောင်း၊ ဦးအောင်ကြည်တို့မှာ လွန်ခဲ့သောအနှစ် (၂၀) ခန့်က နေထိုင်လာခဲ့ပြီး အိုးအိမ်အခိုင်အမာ ဆောက်လုပ်ထား ကြောင်း၊ မသန်းမြင့်တို့မှာ လွန်ခဲ့သော (၃) နှစ်ခန့်မှ ယခု လက်ရှိဖြစ်သော နေရာသို့ အိမ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဦးအုံးတင်လမ်းသွယ် ဘက်မှ ဝင်ထွက်သည်ဟု ဦးဘသိန်းက ထွက်ဆိုခဲ့ကြောင်း၊ တရားလိုနှင့် တရားလိုပြသက်သေများ ထွက်ချက်အရနှင့် သက်သေခံစာရွက်စာတမ်းများအရ တရားလိုဦးသိန်းဝင်း ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များသည် အများပြည်သူဝင်ထွက် သွားလာရန် လမ်းဖွင့်ပေးရေးအတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ မသန်းမြင့်၏ အိမ်အဝင်အထွက် လမ်းအတွက် လမ်းဖွင့်ပေးရန် ဆောင်ရွက်ခြင်းဖြစ်ရာ ပုဂ္ဂလိကကိစ္စအတွက်သာဖြစ်ကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က မိမိဝင်ထွက်သော နေရာကို တားဆီးပိတ်ပင်ပါက မိမိကိုယ်တိုင် တရားစွဲဆို ရန်ဖြစ်ကြောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်ရပ်အပေါ် မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက ပြစ်မှုပုဒ်မ ၁၈၈ ဖြင့် စွဲဆိုခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ဆီလျော်မှုမရှိ၍ လျှောက်ထားမှုအပေါ် သင့်မြတ်သည့်အမိန့်တစ်ရပ် ချမှတ်သင့်ပါကြောင်း လျှောက်လဲ တင်ပြသည်။

မူလရုံးအမှုတွဲကို လေ့လာရာတွင် တရားလိုသည် ဦးအောင်ကြည်၊ ဒေါ်ကျင်သိန်းတို့ထံ ပေးပို့ထားသော သံဖြူ ဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ၉-၅-၂၀၀၃ ရက်စွဲပါ စာအမှတ် ၄၀၀/၁-၆/ မယက (သံ) နှင့် ၁၂-၁၁-၂၀၀၃ ရက်စွဲပါ စာအမှတ် ၄၀၀/၁-၆/မယက (သံ) အကြောင်းကြားစာ (၂) စောင် အား ဦးအောင်ကြည်၊ ဒေါ်ကျင်သိန်းတို့က လိုက်နာခြင်း မရှိ၍ ၎င်းတို့အပေါ် တရား

၂၀၀၄
ဦးအောင်ကြည်
ပါ (၂)
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ (၂)

စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိ ရသည်။

သို့ဖြစ်၍ ယင်းစာ(၂)စောင်အပေါ် အခြေပြု၍ တရားခံများအပေါ် တရားစွဲဆိုခြင်းပြုနိုင်၊ မပြုနိုင် စိစစ် ရန် ဖြစ်သည်။ ဦးအောင်ကြည်၊ ဒေါ်ကျင်သိန်းတို့သည် အချင်းဖြစ် ခြံမြေတွင် လွန်ခဲ့သော အနှစ်(၂၀)ခန့်က ဦးပိုင်ပေါက်ပြီး မြေခွန်ပေးဆောင်ကာ အဆောက်အဦး အခိုင်အမာ ဆောက်လုပ်၍ နေထိုင်လာခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ဒေါ်သန်းမြင့်သည် ၎င်း၏ယောက္ခမ ဦးကျော်တင်ထံမှတစ်ဆင့် လွန်ခဲ့သော (၃) နှစ်ခန့်ကမှ လက်ရှိဖြစ်သော မြေကွက်တွင် အိမ်ဆောက်လုပ်ခြင်း ဖြစ်ပြီး ခင်ပွန်းဖြစ်သူ ဦးအေးသောင်း၏ ဘကြီးဦးအုံးတင်၏ ခြံဘက်မှ ယနေ့တိုင်အဝင်အထွက် ပြုလျက်ရှိကြောင်း၊ ပဒင်လေးကျေးရွာ ရယကဥက္ကဋ္ဌဦးဘသိန်း (လိုပြ-၂) ထွက်ချက်အရ တွေ့ရှိရသည်။ မြို့နယ်အေးချမ်း သာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှ ထုတ်ပြန်သော ဦးအောင်ကြည်၊ ဒေါ်ကျင်သိန်းထံသို့ပေးပို့သော အကြောင်းကြား စာမှ ဒေါ်သန်းမြင့်က ၎င်းတို့ခြံအဝင် အထွက်ပေါက်အား ကာရံထားကြောင်း တိုင်စာအရ ဒေါ်သန်းမြင့်အတွက် တိုက်ရိုက်ရည်ရွယ်ပြီး သက်သေခံ (က) နှင့် (ခ) စာ (၂)စောင်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ပြန်လှန် မေးမြန်း ချက်တွင် တရားလိုဦးသိန်းဝင်းမှ ဖြေကြား ထားသည်ကို ကြည့်ခြင်းအားဖြင့် အများပြည်သူနှင့် သက်ဆိုင်သည့်ကိစ္စအတွက် ထုတ်ပြန်ခြင်း မဟုတ်ကြောင်း ပေါ်လွင်လျက်ရှိပေသည်။ "ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကျိုးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီအနေဖြင့် တရားခံဦးအောင်ကြည်၊ ဒေါ်ကျင်သိန်းတို့အား အကြောင်းကြားစာထုတ်ပြန်ခြင်း ဖြစ်ပြီး ယင်းစာကို မလိုက်နာခြင်းအတွက် ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ ဖြင့် အရေးယူခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆီလျော်မှုမရှိ" ကြောင်း ရှေ့နေချုပ်ရုံးကလည်း တင်ပြခဲ့ပြီး ဖြစ်သည်။

ဦးအောင်ကြည်တို့က အချင်းဖြစ်ခြံမြေကို ၁၉၈၇-ခုနှစ်မှ ၂၀၀၃-ခုနှစ်အထိ မြေခွန်ဆောင်၍ အဆောက်အဦ အခိုင်အမာဆောက်လုပ်ကာ နေထိုင်လာသည့် အခြေအနေတွင်

လွန်ခဲ့သော (၃)နှစ်ခန့်ကမှ ခြံချင်းကပ်လျက်တွင် ရောက်ရှိ၍ အိမ်ဆောက်ခဲ့သော ဒေါ်သန်းမြင့်က ခြံဝင်ထွက်ပေါက်မရှိ၍ ဦးအောင်ကြည်ခြံမှ ၁၁ ပေ ၉ လက်မအကျယ်ကိုလမ်းဖွင့်ပေး ရန် တောင်းဆိုချက် အပေါ် အာဏာပိုင်အဖွဲ့က ဦးအောင်ကြည် တို့အား အမိန့်ပေးခြင်းမှာ အများပြည်သူ အကျိုး နှင့် သက်ဆိုင် သည်ဟု လည်းကောင်း၊ တရားမျှတ မှုရှိသည်ဟူ၍လည်းကောင်း၊ ဆိုနိုင်မည် မဟုတ်ပေ။

၂၀၀၄
ဦးအောင်ကြည်
ပါ (၂)
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ (၂)

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ သည် ပြည်သူ့ဝန်ထမ်းများ က အများနှင့်သက်ဆိုင်သည့်ကိစ္စများအတွက် ပြုလုပ်သော အမိန့်နှင့် သက်ဆိုင်သည်။ ပြည်သူ့ဝန်ထမ်းက ထုတ်သော အမိန့်ကို ဖီဆန်ရုံမျှ ဖြင့် ဤပုဒ်မအရ အပြစ်မပေးနိုင်၊ ဖီဆန် ခြင်းသည် ဥပဒေနှင့်အညီ ခိုင်းခြင်း ခံရသူကိုဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ သို့မဟုတ် ရုန်းရင်း ဆန်ခတ်မှုကိုသော်လည်း ကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုကိုသော်လည်းကောင်းဖြစ်စေ ခြင်း၊ သို့မဟုတ် ဖြစ်စေတတ်ခြင်း ရှိကြောင်း သက်သေပြရမည်။

နယ်ပိုင်တရားသူကြီးက နှင်ထုတ်သောအမိန့်ကို မလိုက်နာ ရုံမျှဖြင့် ဤပုဒ်မအရ အရေးယူအပြစ်မပေးနိုင်ပေ။ **ဒေါ်စန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်**[၁] အမှုကို ကြည့်ပါ။

သို့ဖြစ်ရာ ဒေါ်သန်းမြင့် တင်ပြချက်အရ သံဖြူဇရပ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးအောင်ကြည် နှင့် ဒေါ်ကျင်သိန်းတို့အား လမ်းဖွင့်ပေး ရန် အကြောင်းကြားခဲ့ရာ ထိုအကြောင်းကြားစာအား မလိုက်နာခြင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုအရေးယူရန် မသင့်ဟု သဘော ရရှိသည်။

ဤအခြေအနေတွင် ဦးအောင်ကြည်နှင့် ဒေါ်ကျင်သိန်းတို့ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ စွဲဆိုထားသည့် သံဖြူဇရပ်မြို့နယ် တရားရုံး၏ ပြစ်မှု ကြီးအမှတ် ၁၀၅/၂၀၀၃ အမှုအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ လုပ်ပိုင်ခွင့်အရ အမှုကို ချေဖျက်လိုက်သည်။

---

(၁) ၁၉၆၈-ခုနှစ်၊ မတစ၊ စာ-၁

# ၂၀၀၄ ခုနှစ်

# တရားမဆိုင်ရာအမှုများ

ညွှန်းချက်

(ကက)
တမျက်နှာ

## တရားမဆိုင်ရာအမှုများ

ဥပဒေများ

-ကာလစည်းကမ်းသတ် ဥပဒေ
-မြန်မာဓလေ့ထုံးတမ်း ဥပဒေ
-ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေ
-ပဋိညာဉ် အက်ဥပဒေ
-သက်သေခံ အက်ဥပဒေ
-ဟိန္ဒူ ဥပဒေ

အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာတွင် သားသမီးများကမိဘထံမှ အမွေရခွင့်အပေါ် အခြေခံ၍ စွဲဆိုသောအမှုနှင့်အခြားအမွေရှင်ထံမှ အမွေရခွင့်အပေါ် အခြေခံကာ ပူးတွဲအမွေဆိုင်အပေါ်စွဲဆိုသော အမှု နှစ်မျိုး နှစ်စားကွဲပြားခြားနားခြင်း ၊ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၆ ကိုယင်းဥပဒေပုဒ်မ ၈ နှင့် ယှဉ်တွဲ၍ စဉ်းစားသုံးသပ်ရခြင်း။

ဆုံးဖြတ်ချက်။ ။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓ ဘာသာဝင် တစ်ဦးကျန်ရစ်သော အမွေပစ္စည်းအပေါ် အရေးဆိုသည့်အမွေမှုနှစ်မျိုး နှစ်စားရှိသည်။ တစ်မျိုးမှာ မိဘတစ်ပါးပါး ကွယ်လွန်သည့်အခါ ဩရသ သားသမီးကကျန်ရစ်သူမိဘထံမှအမွေရခွင့်နှင့်ကျန်ရစ်သူမိဘနောက် အိမ်ထောင်ပြုသောအခါသားသမီးများကထိုမိဘထံမှအမွေရခွင့်အပေါ် အခြေခံ၍စွဲဆိုသောအမှုဖြစ်သည်။

ကျန်တစ်မျိုးမှာ အခြားအမွေရှင်ထံမှ အမွေရခွင့် အပေါ် အခြေခံကာ ပူးတွဲအမွေဆိုင်အပေါ် စွဲဆိုသော အမွေစီမံခန့်ခွဲမှု ဖြစ်သည်။

ဒုတိယအမှုအမျိုးအစားမှာကာလစည်းကမ်း

သတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၄ နှင့် သက်ဆိုင်သည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၆အရ တရားမကြီးမှုစွဲဆိုပိုင်သူသည်စည်းကမ်းသတ်ကာလအပိုင်းအခြားစတင်ရေတွက်ရမည့်အချိန်၌အရွယ်မရောက်သေးသူဖြစ်လျှင်၊ထိုသူအရွယ်ရောက်သည့်နေ့မှစ၍အမှုအတွက် ပြဋ္ဌာန်းထားသောကာလအပိုင်းအခြားအတွင်းတွင် တရားစွဲဆိုခြင်းပြုလုပ်နိုင်သည်။

ထို့ပြင် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ၈ ၌ အထူး ခြွင်းချက်အနေဖြင့် သတ်မှတ်ပြဋ္ဌာန်း ထားချက်ရှိသည်။ ထိုသတ်မှတ်ပြဋ္ဌာန်းချက်မှာ အရွယ်မရောက်သေးသူသည် တရားမကြီးမှုကို အရွယ်ရောက်သည့်အခါမှစ၍ စွဲဆိုတင်သွင်းရမည်ဖြစ်ရာ ထိုစွဲဆိုတင်သွင်းရမည့် ကာလအပိုင်းအခြားကို ၃နှစ်ထက်ပို၍တိုးပေးသည်ဟု မမှတ်ယူရဟူသော ပြဋ္ဌာန်းချက်ဖြစ်သည်။

| | | | |
|---|---|---|---|
| မသိန်းစောအေး(၁)<br>မအေးအေးလင်း | နှင့် | ဒေါ်မချေ(၁)<br>ဒေါ်ကြည်ကြည်ပါ (၀၃) | ၁၃၆ |

**ဩရသသားသမီးဖြစ်ရန် လိုအပ်ချက်၊ ဖခင်ဖြစ်သူ၏ တာဝန်ဝတ္တရားများကိုထမ်းဆောင်နိုင်စွမ်းမရှိသူသည် ဩရသသားအခွင့်အရေးကို ရထိုက်ခွင့် ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ဩရသသားသမီးဟူသည် ကွယ်လွန်သူ မိဘ၏တာဝန်ဝတ္တရားများကိုထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ရန်လိုအပ်သည်မှာ မြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဦးဝင်းမြင့်သည် အကြောင်းကြောင်းကြောင့် ဖခင်ဖြစ်သူ၏တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိသည်ဟု ဆိုရန် ခဲယဉ်းသည်ဖြစ်၍ ဩရသသား အခွင့်အရေးကို ရထိုက်ခွင့် မရှိဟု ကောက်ယူရမည်ဖြစ်ရာ ပထမပြဿနာနှင့်စပ်လျဉ်း၍အောက်ပါ

အတိုင်းဖြေဆိုလိုက်သည်-
"အမှုတွဲပေါ်ပေါက်ချက်များနှင့်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ စံမှုသဘော ရည်ရွယ်ရင်းအနှစ်သာရများအရဦးဝင်းမြင့်သည် ဩရသ အခွင့်အရေးရထိုက်သောသားအကြီးဆုံးဟု ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း"

ဒေါ်ကျင်စွမ် နှင့် ဒေါ်သန်းညွန့်ပါ-၆ — ဒေါ်အမာ(ခ) ဒေါ်သန်းရီ နှင့် ဦးဝင်းမြင့် ပါ-၆ 	၅၉

| ဒေါ်ကျင်စွမ် | နှင့် | ဒေါ်သန်းညွန့်ပါ-၆ | |
|---|---|---|---|
| ဒေါ်အမာ(ခ) ဒေါ်သန်းရီ | | ဦးဝင်းမြင့် ပါ-၆ | ၅၉ |

**အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်း၊တရားလို၏အဆိုလွှာကို တရားပြိုင် ၃-ဦးက ဝန်ခံပြီး ကျန်တရားပြိုင်၁-ဦးကသာခုခံချေပ သည် ။ ထိုခုခံချေပသူ တရားပြိုင်ကို စစ်ဆေးရာတွင် ဝန်ခံသူ တရားပြိုင်များကထိုသူအားပြန်လှန်စစ်ဆေးခွင့် ရှိ မရှိ ။ဆန့်ကျင် ဘက်အမှုသည်၏ အဓိပ္ပာယ်။**

**ဆုံးဖြတ်ချက်။** ။ဒေါ်မေဘမောင်ကတရားလိုပြုလုပ်၍ကွယ် လွန်သူမိဘများဖြစ်ကြသည့် ဦးဘမောင်နှင့်ဒေါ်နှင်းရီတို့ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီ၊ဦးညက်ရီ၊ ဦးခင်မောင်ရိုးတို့အပေါ်အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာတွင် အမှတ်(၄)တရားပြိုင် ဦးခင်မောင်ရိုးတစ်ဦးတည်းကသာခုခံချေပ ခဲ့သည်။ ကျန်တရားပြိုင် အမှတ် (၁) (၂) (၃)များဖြစ်ကြသော ဒေါ်ခင်ခင်အေး၊ဒေါ်အေးအေးရီ၊ဦးညက်ရီ တို့ကဝန်ခံချေပလွှာ တင်သွင်းခြင်းကြောင့် အမှတ်(၄)တရားပြိုင် ဦးခင်မောင်ရိုး ၏ အကျိုး နှင့် (Adverse) ဆန့်ကျင်ပြီးတရားလိုဒေါ်မေဘမောင်၏ အဆိုပြုချက် ကိုထောက်ခံထား ကြောင်း တွေ့ရှိ ရသည်။ ထို့ကြောင့် အမှတ် (၁)(၂) (၃) တရားပြိုင်များဖြစ်ကြသော ဒေါ်ခင်ခင်အေး၊ဒေါ်အေးအေးရီ နှင့် ဦးညက်ရီတို့သည် အမှုတွင် အမှတ်(၄)တရားပြိုင် ဦးခင်မောင်ရိုး၏ အကျိုးနှင့် ဆန့်ကျင်သူများဖြစ်ကြသည်ဟု ကောက်ယူရမည်ဖြစ်သည်။

(ကယ) ညွှန်းချက်

ထို့ကြောင့် Adverse party ဆိုသည်မှာ တရားလိုနှင့် တရားပြိုင်တို့ကို စာမျက်နှာသာ ရည်ညွှန်းခြင်း မဟုတ်ဘဲ တရားပြိုင် အချင်းချင်း တစ်ဦး၏ အကျိုးကို တစ်ဦးက ဆန့်ကျင် ဆောင်ရွက်လာလျှင် တရားပြိုင် အချင်းချင်းသည်လည်းAdverse party အဖြစ်အဓိပ္ပာယ်သက်ရောက်သည်ဟုမှတ်ယူရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပူးတွဲတရားပြိုင် သို့မဟုတ် ပူးတွဲလျှောက်ထားခံရသူ၏ သက်သေခံချက်သည်တရားပြိုင် သို့မဟုတ်လျှောက်ထားခံရသူအားဆန့်ကျင်လာသည့်အခါမှသာလျှင်ထိုတရားပြိုင်ကိုသို့မဟုတ်လျှောက်ထားခံရသူကို ပြန်လှန်စစ်မေးခွင့်ရှိကြောင်း ပေါ်ပေါက်သည်။

ဒေါ်ခင်ခင်အေး ပါ ၃ နှင့် ဦးခင်မောင်ဖိုး ပါ ၂ ၈၁

**အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု၊ မိဘက သားသမီး အတွက် ရည်စူးဝယ်ယူခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်ညီညွတ်ခြင်းမရှိ ။မိဘကသားသမီးအတွက်ရည်စူးဝယ်ယူခြင်းကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ လက်ခံကျင့်သုံးရန် သင့်၊ မသင့်။**

**ဆုံးဖြတ်ချက်။** ။ **မောင်ထွန်းဖေနှင့်ဘီကေတောလ်ဒါးနှင့် အခြားသူများအမှု**[၇] တွင်မိဘများသည် သားသမီးများအတွက် ရည်စူး၍ဝယ်ယူသည့်အလေ့အထသည် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့် ကိုက်ညီခြင်းမရှိကြောင်း စုံညီခုံရုံးဖြင့် လမ်းညွှန်ထုံးပြုခဲ့သည်။ ယင်းစီရင်ထုံးမတိုင်ခင်မိဘကသားသမီးအတွက်ရည်စူး၍ဝယ်ယူသည်ဆိုခြင်းကိုလက်ခံခြင်းမရှိသလိုလက်ခံသည့်သာဓကများရှိခဲ့ဖူးသည်။ ထို့ပြင်**ဦးမောင်ကလေးပါ-၄ နှင့် ဒေါ်စိန်နု (ခ) ဒေါ်နုမေ အမှု**[၈] တွင် အထက်ဖော်ပြပါ**မောင်ထွန်းဖေ စီရင်ထုံး** [၇] ကိုခြားနားပြကာ "တစ်ဦးတည်းသောသားအတွက်ဦးစားပေး၍အကျိုးခံစားခွင့်ရရှိစေရန်အချင်းဖြစ်အိမ်ကိုဝယ်ယူသူတစ်ဦးအနေဖြင့်ထည့်သွင်းထားခြင်းမှာအခြားအမွေစားအမွေခံသားသမီးများမရှိသဖြင့်ရင်းတို့အကျိုးကို ပိတ်ပင်ရာ

မရောက်သောကြောင့် အယူခံတရားလို၌အကျိုးခံစားခွင့်ရှိသည်ဟု ယူဆကြောင်း" သုံးသပ် ဆုံးဖြတ်ခဲ့သည်။

ယင်းအမှုတွင်အမွေစားအမွေခံတစ်ဦးတည်းသာ ရှိခြင်းအပေါ်ဝေဖန်သုံးသပ်ခဲ့ခြင်းဖြစ်ရာ ယခုအမှုတွင်မူ အမွေခံတစ်ဦး မကရှိနေခြင်းကြောင့် ယင်းစီရင်ထုံးကို လိုက်နာရန်လိုမည် မဟုတ်ပေ။

သို့ဖြစ်၍တရားရုံးချုပ်ကအချင်းဖြစ်ပစ္စည်းကို ဖခင်က သားအတွက်ရည်စူးဝယ်ခဲ့၍၄င်းပိုင်ပစ္စည်းဖြစ်ကြောင်း၊အမွေဆိုင်ပစ္စည်း မဟုတ်ကြောင်းသုံးသပ်ဆုံးဖြတ်ခြင်းသည်အထက်ဖော်ပြပါမောင်ထွန်းဖေ **နှင့် ဘိကေဟောလ်ဒါးနှင့် အခြားသူများလမ်းညွှန်စီရင်ထုံး**[၃] ကို လိုက်နာခြင်းမရှိဘဲကွဲလွဲဆုံးဖြတ်ခဲ့ကြောင်းမြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဦးခင်မောင်သည် အချင်းဖြစ်ပစ္စည်းများကို ဦးဝင်းမြင့် အမည်ငှားဖြင့် ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက် သည့်အပြင် မိမိ၏ ကိုယ်ပိုင်ငွေဖြင့် သားအတွက် ရည်စူး၍ ဝယ်သည်ဆိုခြင်းသည် ဖခင်ကွယ်လွန်စဉ် ကျန်ရစ်သည့် ပစ္စည်း တွင် ကျန်အမွေဆိုင်များ အ တွက်နစ်နာဖွယ်ရာအကြောင်း ရှိသဖြင့် မြန်မာဓလေ့ ထုံးတမ်း စဉ်လာ အရလက်ခံရန်မသင့်ပေ။

ဒေါ်မင်းမင်းဦး နှင့် ဦးဝင်းမြင့် ပါ ၅ ၉၉

**မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု၊ ပထမအိမ်ထောင်မှလင်ပါသားနှင့်ဒုတိယမယားတစ်ဦးတည်းက မွေးစားသောကိတ္တိမသမီးတို့ အမွေခွဲဝေခြင်း၊ ပထမအိမ်ထောင်မှ လင်နှင့်ဒုတိယမယားတို့မှမွေးစားသည့်သမီးနှင့် ပထမအိမ်ထောင် ကွယ်လွန်ပြီးဒုတိယမယားတစ်ဦးတည်းကမွေးစားသည့်သမီးရထိုက် သည့်အမွေဝေစုမတူညီခြင်း။**

**ဆုံးဖြတ်ချက်။** ။ဒေါ်အေးအေးသန်းသည် ဦးစိန်နှင့် ဒေါ်ငွေအောင် တို့ကမွေးစားခြင်း၊ သို့မဟုတ် ဦးစိန်ကွယ်လွန်ပြီးနောက်ဒေါ်ငွေအောင်

(က၈) ညွှန်းချက်

တစ်ဦးတည်းက မွေးစားခြင်းတည်းဟူသော ကွဲလွဲသည့် အခြေ အနေကို စာမျက်နှာ လိုက်၍ အချင်းဖြစ်အမှုပုံကို ဦးကံရှိန်နှင့် ဒေါ်အေးအေးသန်းတို့အား ခွဲဝေပေးရာ၌လိုက်နာရန်ကွဲပြားသည့်နည်းလမ်းနှစ်ရပ်ကိုကင်းဝန် မင်းကြီးဦးကောင်း၏အမွေမှုခန်းမှုသတ်ကျမ်းကြီးတွင်တွေ့မြင်နိုင်သည်။ ပထမအချက်၌ ဦးစိန်နှင့်ဒေါ်ငွေအောင်တို့ပေါင်းသင်းစဉ်ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်းကို ပုဒ်မ ၂၃၇ လာ'အထက်သားနှင့်နှစ်ပါးစုံ အောက်သားတို့ခွဲဝေရာသောတရား' အရခွဲဝေရန်ဖြစ်ပြီးဒုတိယ အချက်တွင်မူ မငြိမ်းအေးအမှု၌ကိုးကားသော ပုဒ်မ ၂၁၂ လာ 'လင်ပါ အထက်သားနှင့် မိထွေးတို့ခွဲဝေရာသောတရား' နှင့်အညီခွဲဝေရပေမည်။

ဒေါ်အေးအေးသန်း နှင့် ဦးကံရှိန် ၁၄၆
ဦးကံရှိန် ဒေါ်အေးအေးသန်း

**တိုက်ခန်းလက်ရောက်ရလိုမှုစွဲဆိုခြင်း။ ပစ္စည်းလွှဲပြောင်းပေးရန်အခွင့် အရေးမရှိသူကလွှဲပြောင်းပေးခြင်းသည် တရားဝင်အတည်မဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။"Nemo dat quod non habet" ဥပဒေဆိုရိုးအရ မည်သူမျှ မိမိတွင်မရှိသော အခွင့်အရေး ကို သူတစ်ပါးအား မအပ်နှင်း နိုင်ပေ။ ထို့ကြောင့် ပစ္စည်းလွှဲပြောင်းပေးရန်အခွင့်အရေးမရှိသူက လွှဲပြောင်းပေးခြင်းသည်တရားဝင်အတည်မဖြစ်ချေ။ ဦးတင်ထွန်းဝင်း သည် အချင်းဖြစ်ဥပစာနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲနိုင်သည့် အခွင့်အရေး တစ်စုံတစ်ရာရှိသူမဟုတ်သဖြင့် အယူခံတရားပြိုင်တို့ကရင်းထံမှ အချင်းဖြစ်ဥပစာကို လွှဲပြောင်းရယူ ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသည့်ပြင်ရင်းတို့အနေဖြင့်တရားဝင် လက်ရှိထားပိုင်ခွင့်လည်း ရှိမည် မဟုတ်ပေ။ အယူခံတရားပြိုင် များအနေဖြင့် ရောင်းသူဦးတင်ထွန်းဝင်း အပေါ်တွင်သာ မိမိတို့နစ်နာမှုအတွက်ထိုက်သင့်သောသက်သာခွင့် တောင်းဆိုရန်သာရှိပေသည်။ အထက်ပါ အကြောင်းများကြောင့် အယူခံ တရားလိုများသည်အချင်းဖြစ်ဥပစာကို လက်ရောက်ရထိုက်ခွင့်ရှိသည်

မှာမြင်သာသည်။

ဒေါ်တင်မော် ပါ ၂ နှင့် ဦးမြင့်သိန်း ပါ ၂ ၈၉

**ငြီစားနှင့်အာမခံထားသူထံမှ ငွေရလိုမှုစွဲဆိုခြင်း ၊ အာမခံပဋိညာဉ်၊ အာမခံသူ၊ မူလမြီစား၊ မြီရှင်တို့၏အစိပ္ပာယ်ဖွင့်ဆိုချက်၊ပဋိညာဉ်တွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အာမခံသူသည် မူလမြီစားနှင့်ထပ်တူထပ်မျှတာဝန်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၂၆ တွင် တတိယလူကဆောင်ရွက်ရန်ရှိသည်ဖြစ်စေ၊ ပေးဆပ်ရန်ရှိသည် ဖြစ်စေ၊ မဆောင်ရွက်လျှင်သို့မဟုတ်မပေးဆပ်လျှင်ဆောင်ရွက်ပါမည်၊ ပေးဆပ်ပါမည်ဆိုသော ပဋိညာဉ်သည် အာမခံပဋိညာဉ်ဖြစ်ကြောင်း၊ အာမခံပေးသူကိုသာ အာမခံသူ ဟုလည်းကောင်း၊ ပျက်ကွက်မှုအတွက် အာမခံပေးထားရသူကို မူလမြီစားဟု လည်းကောင်း၊ အာမခံရရှိသူကို မြီရှင်ဟုလည်းကောင်းခေါ်ဆိုကြောင်း၊ အာမခံခြင်းကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရဒေါ်ကြည်ကြည်သည်အာမခံသူ ဖြစ်သည်။ အမှတ်(၁) တရားပြိုင် ဦးသိန်းဇော် သည် မြီစားဖြစ်ပြီး ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမ အသင်းလီမိတက်သည် မြီရှင်ဖြစ်သည်။

အမှတ်(၂)တရားပြိုင်ဒေါ်ကြည်ကြည်သည်အမှတ်(၁) တရားပြိုင်ဦးသိန်းဇော်ကတရားလိုသမဝါယမအသင်းလီမိတက်သို့ ပေးရန်ရှိသည်များကို မပေးဆပ်ဘဲပျက်ကွက်လျှင် ၎င်းက ဆောင်ရွက် ပါမည်ဟု ပဋိညာဉ်ပြုခဲ့သည့် အတွက် ဒေါ်ကြည်ကြည်သည်အာမခံသူ ဖြစ်ကြောင်း ပေါ်ပေါက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၂၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

"ပဋိညာဉ်တွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင်အာမခံ သူသည် မူလမြီစားနှင့် ထပ်တူထပ်မျှ တာဝန်ရှိသည်။" စာမျက်နှာ

သို့ဖြစ်၍အာမခံသူဒေါ်ကြည်ကြည်၏ တာဝန်အတိုင်းအတာသည်မူလမြီစားဖြစ်သူ အမှတ်(၁)တရားပြိုင်ဦးသိန်းဇော်၏တာဝန်အတိုင်းအတာနှင့် ထပ်တူထပ်မျှ ဖြစ်သည်။ မြီရှင်ဖြစ်သူ တရားလိုသမဝါယမအသင်းလီမိတက်အနေဖြင့်မူလအာမခံသူအပေါ် အာမခံသည့်အတိုင်းအတာအထိတောင်းဆို ခွင့်ရှိသည်။ အမှတ်(၁)တရားပြိုင်ဦးသိန်းဇော်၏ပျက်ကွက်မှုအပေါ် ဒေါ်ကြည်ကြည်ကလုံးလုံးလျားလျားတာဝန်ယူထားသည့် အလျောက် ဦးသိန်းဇော် ပျက်ကွက်မှုအတွက် ဒေါ်ကြည်ကြည်သည်ပေးလျော်ရန်တာဝန်ရှိသည်။

| | | | | |
|---|---|---|---|---|
| ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် (၎င်း၏ဥက္ကဋ္ဌ ဦးကျော်ဝင်း) | နှင့် | ဦးသိန်းဇော် ပါ-၂ | | ၇၀ |

**သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁၅ ပါ ပြဋ္ဌာန်းချက်၊တစ်ဦးတစ်ယောက်၏ပျက်ကွက်မှု(OMISSION)ကိုအကြောင်းပြု၍ပိတ်ပင်မှုပေါ်ပေါက်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ ပြဋ္ဌာန်းချက် အရ တစ်ဦးတစ်ယောက်၏ပျက်ကွက်မှု (OMISSION) ကို အကြောင်းပြု၍ ပိတ်ပင်မှုပေါ်ပေါက်နိုင်သည်။ အပေါင်မှုတွင် ဦးကြင် နှင့် ဒေါ်စောညွန့်တို့ကအရောင်းအဝယ်စာချုပ်မှာအမည်ခံအမည်ငှားသာဖြစ်ပြီး မိမိတို့ပိုင်ဖြစ်၍ မိမိတို့သာလျှင် အကြွေးဆပ်ရန် တာဝန်ရှိသည်ဟု ထုတ်ဖော်ချေပခဲ့ခြင်း မရှိချေ။ ထိုပျက်ကွက်မှုကြောင့် အပေါင်မှုတွင် ၎င်းတို့အပြင်အထက်သားသမီးများ အပေါ် ဒီကရီချမှတ်ပြီးကာမှ ပေါင်နှံခဲ့သောပစ္စည်းများမှာ ဦးကြင်တို့ လင်မယားသာပိုင်သည်ဟု ပြင်ဆင်ပြောဆိုခြင်းကိုဦးကြင်တို့အားပိတ်ပင်သည်။ ၎င်းတို့ကွယ်လွန်ပြီးနောက်၎င်းတို့၏

(ကဈ) အမွေကို ဆက်ခံသည်ဟုဆိုသော ဒေါ်ခင်စန်းဝင်းတို့ကိုလည်း ပိတ်ပင် စာမျက်နှာ မည်ဖြစ်သည်။

ထို့ပြင် ဦးကြင်ကွယ်လွန်ပြီးနောက် ဇာရီမှုတွင် မူလရုံး တရားလို သည်တရားဝင်ကိုယ်စားလှယ်(Representative) အဖြစ် ပါဝင်လာခဲ့ရာ ဒေါ်ခင်စန်းဝင်းတို့အနေဖြင့်၎င်းတို့၏အစ်ကို၊ အစ်မများကကြွေးမြီ ပေးဆပ်ခြင်းကိုကန့်ကွက်ခဲ့ခြင်းမရှိဘဲပျက်ကွက်ခဲ့ကြသည်။

ကြွေးမြီပေးဆပ်သူတို့က မိမိပစ္စည်းများအဖြစ် ပြုမူဆောင်ရွက် ခြင်းကို လက်ပိုက်ကြည့်နေခဲ့ပြီးထိုသို့ ပေးဆပ်ပြီးကာမှ ပေးဆပ်သူတို့ မပိုင်ဟု ပြင်ဆင်ပြောဆိုခွင့်ရှိမည်မဟုတ်ပေ။ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁၅ အရ ပိတ်ပင်မည်ဖြစ်သည်။

| | | | |
|---|---|---|---|
| ဦးမြင့်အောင် | | ဒေါ်ခင်စန်းဝင်းပါ-၁၂ | |
| ဦးမြင့်အောင် | နှင့် | ဒေါ်ခင်စန်းဝင်းပါ-၁၂ | |
| ဒေါ်တင်ကြည်ပါ-၉ | | ဒေါ်ခင်စန်းဝင်းပါ-၄ | |
| ဒေါ်တင်ကြည်ပါ-၉ | | ဒေါ်ခင်စန်းဝင်းပါ-၄ | ၁၂၅ |

**ဟိန္ဒူဥပဒေအရ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်း၊ဟိန္ဒူမိန်းမ၏ သီးခြားပစ္စည်း Stridhana မြောက်ရန်လိုအပ်သည့်အချက်များ။**

**ဆုံးဖြတ်ချက်။** ။မိတက္ခရှာရဥပဒေအရမိန်းမကျန်ရစ်သည့်၎င်းပိုင် တစ်သီးပုဂ္ဂလပိုင်ပစ္စည်းအမွေဆက်ခံခွင့်ကို သီးခြားသတ်မှတ်ထားသည်။ ထိမ်းမြားရာတွင် မိန်းကလေးအားလက်ဆောင်ပေးသောပစ္စည်းကို အမွေစား အမွေခံများအဖြစ်သတ်မှတ်သည့်အစီအစဉ်အတိုင်းအမွေဆက်ခံသည်။ ထို့အတူ မိန်းမ၏အခြားပစ္စည်းများကိုလည်း သတ်မှတ်ထားသည့် အမွေစား အမွေခံတို့က အမွေဆက်ခံကြသည်။

ဟိန္ဒူဥပဒေအရ Stridhana သည် မိန်းမတစ်ဦး၏ သီးခြားပိုင်ပစ္စည်းဖြစ်သည်။ မိန်းမတစ်ဦး၏ Stridhana ပစ္စည်းတိုင်းသည် ၎င်း၏တစ်သီး ပုဂ္ဂလပိုင်ဖြစ် သော်လည်း ဟိန္ဒူမိန်းမတစ်ဦးပိုင်ပစ္စည်းတိုင်း မှာ မူ Stridhana ပစ္စည်းမဟုတ်ပေ။ Stridhana ပစ္စည်းမြောက်ရန် သီးခြား အင်္ဂါရပ်များနှင့် ညီညွတ်ရန်လိုသည်။

ညွှန်းချက်

(ကည)

စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ယခုအမှုတွင် အချင်းဖြစ်မြေသည်ဟိန္ဒူမိန်းမ၏ သီးခြားပစ္စည်း Stridhana ပစ္စည်းတွင် အကျုံးဝင် မဝင်စိစစ်ရန် လိုသည်။ ဥပဒေကျမ်းနှစ်ခုတွင်ဖော်ပြသည့်ပစ္စည်းများအနက်ပထမကျမ်းတွင် ဖော်ပြသည့် Purchase နှင့် ဒုတိယကျမ်းတွင်ဖော်ပြသည့် Property purchased with stridhana ဆိုသည့်အချက်ကို ရှေးဦးစွာ ဆန်းစစ်ရန်ဖြစ်သည်။ D.F. Mula ၏ HINDU LAW တွင် Purchase နှင့်စပ်လျဉ်း၍ "the definition of stridhana given in the Mitakshara, that money give absolutely to a woman for her maintenance and purchases made with such money." ဟု ဖော်ပြထားသည်။ S.V. GUPTE ၏ဟိန္ဒူဥပဒေကျမ်းတွင်Property Purchased with stridhana ဟု ပြဆိုထားရာအဓိပ္ပါယ်ဖွင့်ဆိုချက်များမှာအနှစ်သာရအားဖြင့်အတူတူဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒုတိယစိစစ်ရန်အချက်မှာပထမကျမ်းတွင် ဖော်ပြသည့် Seizure (e.g. adverse possession) နှင့် ဒုတိယကျမ်းတွင်ဖော်ပြသည့် property acquired by adverse possession at any time တွင် အကျုံးဝင်သောမြေဟုတ်၊ မဟုတ်ဖြစ်သည်။

ပစ္စည်းကို ဆန့်ကျင်လက်ရှိထားမှုမြောက်ရန် သီးခြားလက်ရှိထားမှု exclusive possession ရှိရန် လိုအပ်သည်။ **ဦးဖေပါ-၃ နှင့် စပ်ဘိုစစ်အမှု**[၁] ကိုကြည့်ပါ။ ဒေါ်အင်န်အမားသည် အချင်းဖြစ်မြေကို ခင်ပွန်းဖြစ်သူ အမ်ဗွီဒေးဗား ထံမှ ဝယ်ယူသည် ဆိုသော် လည်း ခင်ပွန်းသည်နှင့်အတူနေထိုင်ခဲ့သည်။ အချင်းဖြစ်မြေတွင် မိသားစုနေထိုင်ခဲ့ပြီး ၁၉၆၇-ခုနှစ်တွင် ဒေါ်အင်န်အမားကွယ်လွန်ခဲ့ရာ ခင်ပွန်းအမ်ဗွီဒေးဗားသည် ကွယ်လွန်သည်အထိ ယင်းမြေတွင် ဆက်လက်နေထိုင်ခဲ့ကြောင်းပေါ်ပေါက်သည်။ သို့ဖြစ်၍ ဒေါ်အင်န်အမား သည်မြေကို သီးခြားလက်ရှိထားခဲ့ခြင်း exclusive possession မဟုတ်၍ ဆန့်ကျင်လက်ရှိထားခြင်းဖြင့် ပိုင်ဆိုင်သည့် ပြဿနာပေါ်ပေါက်ရန် အကြောင်းမရှိပေ။

အထက်ဖော်ပြပါဥပဒေကျမ်းများတွင်ပြဆိုသော

**အခြားအမျိုးအစားတစ်ခုခုတွင် အကျုံးဝင်ခြင်းလည်းမရှိသဖြင့်အချင်း**ဖြစ်မြေမှာဒေါ်အင်န်အမား၏သီးခြားပစ္စည်း Stridhana ဖြစ်သည်ဟု

ကောက်ယူရန် မဖြစ်နိုင်ပေ။

စာမျက်နှာ

ဒေါ်မြင့်မြင့်မေ(ကွယ်လွန်သူ
မိုဟန်ဒတ်စ်(ခ)ဦးမောင်ဟန်၏
တရားဝင်ကိုယ်စားလှယ်)
ကူစ်လာကုမာရီ (ခ)
ဒေါ်တင်တင်လှ

နှင့်

၁။စီဗားရာဂျ်(ခ)ဦးမောင်ကြီး
၂။ကူစ်လာကုမာရီ (ခ)
ဒေါ်တင်တင်လှ
၁။ စီဗားရာဂျ် (ခ) ဦးမောင်ကြီး
၂။ဒေါ်မြင့်မြင့်မေ(ကွယ်လွန်သူ
မိုဟန်ဒတ်စ်(ခ)ဦးမောင်ဟန်၏
တရားဝင်ကိုယ်စားလှယ်)

၁၁၂

+၂၀၀၄
မတ်လ
၁၂ ရက်

တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော** ဦးခင်မောင်အေးနှင့်ဦးချစ်လွင် **တို့၏ရှေ့တွင်**

| | | |
|---|---|---|
| **ဒေါ်တကျင်စွမ်** | | **ဒေါ်သန်းညွန့်ပါ-၆** |
| | **နှင့်** | |
| **ဒေါ်အမာ(ခ) ဒေါ်သန်းရီ** | | **ဦးဝင်းမြင့် ပါ-၆ *** |

**ဩရသသားသမီးဖြစ်ရန် လိုအပ်ချက်၊ ဖခင်ဖြစ်သူ၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်း မရှိသူသည် ဩရသသား အခွင့်အရေးကို ရထိုက်ခွင့်ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ဩရသသားသမီးဟူသည်ကွယ်လွန်သူ မိဘ၏တာဝန်ဝတ္တရား များကို ထမ်းဆောင် နိုင်စွမ်းရှိသူ ဖြစ်ရန် လိုအပ်သည်မှာ မြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဦးဝင်းမြင့်သည်အကြောင်းကြောင်း ကြောင့် ဖခင်ဖြစ်သူ၏တာဝန်ဝတ္တရားများကို ထမ်းဆောင် နိုင်စွမ်းရှိသည်ဟုဆိုရန် ခဲယဉ်းသည်ဖြစ်၍ ဩရသသား အခွင့် အရေးကို ရထိုက်ခွင့်မရှိဟု ကောက်ယူရမည်ဖြစ်ရာ ပထမ ပြဿနာနှင့်စပ်လျဉ်း၍အောက်ပါအတိုင်းဖြေဆိုလိုက်သည်- "အမှုတွဲပေါ်ပေါက်ချက်များ နှင့် မြန်မာဓလေ့ထုံးတမ်းဥပဒေ ပါစံမူသဘောရည်ရွယ်ရင်း အနှစ်သာရများအရ ဦးဝင်းမြင့် သည် ဩရသအခွင့်အရေး ရထိုက်သော သားအကြီးဆုံးဟု ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း"

---

* ၂၀၀၄ ခုနှစ် ၊ တရားမ အထူးအယူခံမှု အမှတ်၅နှင့်၇
၂၀၀၃ ခုနှစ် ၊တရားမ ပထမအယူခံ မှုအမှတ် ၂၁၄ နှင့် ၂၂၁တို့တွင် ချမှတ်ထားသော ၁၈-၇-၂၀၀၃ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

၂၀၀၄

ဒေါ်ကျင်စွမ်

ဒေါ်အမာ(ခ)

ဒေါ်သန်းရီ

နှင့်

ဒေါ်သန်းညွန့်ပါ-၆

ဦးဝင်းမြင့် ပါ-၆

အယူခံတရားလိုများအတွက် ဦးတင်မောင်ကြီး (တရားရုံးချုပ်ရှေ့နေ) / ဦးဇော်မင်းစိန် (တရားရုံးချုပ်ရှေ့နေ)

(၁)အတွက် ဦးမြင့် (တရားရုံးချုပ်ရှေ့နေ)

(၂မှ၄)အတွက် ဦးအောင်သစ် (တရားရုံးချုပ်ရှေ့နေ)

(၅)အတွက် ဦးဇော်မင်းစိန် (တရားရုံးချုပ်ရှေ့နေ)

(၆)အတွက် ဦးအောင်သိန်းလှိုင် (တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက်

(၁)အတွက် ဦးအောင်သိန်းလှိုင် (တရားရုံးချုပ်ရှေ့နေ)

(၂)အတွက် ဦးမြင့် (တရားရုံးချုပ်ရှေ့နေ)

(၃)အတွက် ဦးတင်မောင်ကြီး (တရားရုံးချုပ်ရှေ့နေ)

(၄မှ၆)အတွက် ဦးအောင်သစ် (တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၀ပြည့်နှစ်၊ တရား
ကြီးမှုအမှတ်၄၄၀တွင်ဒေါ်သန်းညွန့်က ဒေါ်ကျင်စွမ်
ဒေါ်ဝင်းဝင်းရီ၊ ဒေါ်ခင်မာလာ၊ ဦးထွန်းထွန်း၊ ဒေါ်အမာ (ခ
ဒေါ်သန်းရီ နှင့် ဦးဝင်းမြင့်တို့အပေါ် အမွေပုံပစ္စည်း စီမံခန့်
ပေးစေလိုမှုစွဲဆိုရာ မူလရုံးကတရားလိုသည်ဦးရီကင်းကျန်ရ
သောအမွေပုံပစ္စည်း၏ ၃၂ပုံ၇ပုံကိုလည်းကောင်း၊ရုံးခွဲ
ထမ်းဆောင်ထားသည့် တရားပြိုင်ဒေါ်အမာ(ခ)ဒေါ်သန်းရီသ
အမွေပုံပစ္စည်း ၏ ၂၄ ပုံ၇ပုံကိုလည်းကောင်းရထိုက်ကြော
ပဏာမဒီကရီချမှတ်သည်။တိုင်းတရားရုံး၏စီရင်ချက်န

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(ခ)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

ကရီကိုကျေနပ်မှုမရှိသဖြင့်ဒေါ်ဝင်းဝင်းရီ၊ဒေါ်ခင်မာလာ နှင့် ကိုထွန်းထွန်းတို့ကတရားရုံးချုပ်တွင် ၂၀၀၃ခုနှစ်၊တရားမ ထမအယူခံမှုအမှတ် ၂၁၄၅၌လည်းကောင်း၊တရားလို ဒေါ်သန်းညွန့်က ၂၀၀၃ခုနှစ်တရားမပထမအယူခံမှုအမှတ် ၂၁၆ ၌လည်းကောင်း၊ တရားပြိုင်ဦးဝင်းမြင့်က ၂၀၀၃ခုနှစ်တရားမ ထမအယူခံမှုအမှတ် ၂၂၁၃၌လည်းကောင်း အယူခံဝင်ရောက် သောအခါ တရားရုံးချုပ်က အမွေဆိုင်များ၏ အမွေဝေစုများကို ပြင်ဆင်၍ပဏာမဒီကရီချမှတ်ခဲ့သည်။

တရားရုံးချုပ်၏ စီရင်ချက်နှင့် ပဏာမဒီကရီကို ဒေါ်ကျင်စွမ်ကမကျေနပ်၍ ၂၀၀၃ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ (အထူး) အမှတ်၂၁၆ တွင်လည်းကောင်း၊ဒေါ်အမာ (ခ) ဒေါ်သန်းရီက ၂၀၀၃ခုနှစ် တရားမအထွေထွေလျှောက် လွှာ (အထူး) အမှတ် ၂၂၉ တွင် လည်းကောင်း ၊၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇-အရ ပြန်လည်စစ်ဆေးပေးရန် လျှောက်ထားသည့်အခါတရားရုံးချုပ်အထူးခုံရုံးကလျှောက် ထားမှုနှစ်မှုလုံးကို တစ်ပေါင်းတည်းကြားနာပြီးနောက် အောက်ပါ ပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူး အယူခံဝင်ခွင့်ပြုခဲ့သည် -

"၁။ အမှုတွဲပေါ်ပေါက်ချက်များနှင့် မြန်မာဓလေ့ ထုံးတမ်းဥပဒေပါစံမူသဘောရည်ရွယ်ရင်းအနှစ် သာရများအရ ဦးဝင်းမြင့်သည် ဩရသအခွင့်အရေး ရထိုက်သောသားအကြီးဆုံးဟု ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှုရှိ၊ မရှိ။

၂။ တရားဝင်မယားများရှိသောမိသားစုမှ ဩရသသည် ကွယ်လွန်သူဖခင်၏ဇနီးများတစ်ဦးစီရရှိသောအမွေ ဝေစုထက်ပို၍ရထိုက်ခွင့် ရှိ၊ မရှိ။"

ဤတရားမအထူးအယူခံမှုများသည် မူလရုံးတရားမကြီးမှု တစ်မှုတည်းမှ ပေါ်ပေါက်လာခြင်းဖြစ်၍ ဤစီရင်ချက်သည် အထူးအယူခံမှုနှစ်မှုလုံးနှင့်သက်ဆိုင်သည်။

အဆိုလွှာအရမူလရုံးတရားလို ဒေါ်သန်းညွန့်သည် ဦးရီကင်း၏ ပထမဇနီးဖြစ်ကြောင်း၊ အမှတ်(၁) တရားပြိုင် ဒေါ်ကျင်စွမ်သည် ဒုတိယဇနီးဖြစ်ကြောင်း၊ အမှတ်(၂) (၃) (၄)

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(ခ)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

တရားပြိုင်တို့၏ မိခင်ဒေါ်လှကြည်သည်တတိယဇနီးဖြ
ကြောင်း၊ အမှတ်(၅) တရားပြိုင် ဒေါ်အမာ (ခ) ဒေါ်သန်း
သည်စတုတ္ထဇနီးဖြစ်ကြောင်း၊အမှတ်(၆)တရားပြိုင် ဦးဝင်းမြ
သည် ဦးရီကင်းနှင့် ပထမဇနီး ဒေါ်သန်းညွန့်တို့မှ မွေးဖွားသေ
ဩရသသားဖြစ်ကြောင်း၊ဦးရီကင်းသည် မူလရုံးတရားဝ
ဒေါ်သန်းညွန့် ၊ (၁) တရားပြိုင်ဒေါ်ကျင်စွမ်၊ (၅) တရားပြို
ဒေါ်အမာ (ခ) ဒေါ်သန်းရီတို့အား မယားပြိုင် များအဖြစ်တ
အိမ်တည်းတွင် အတူပေါင်းသင်းခဲ့ကြောင်း၊ ဦးရီကင်း သ
၂၈-၃-၉၉ ရက်နေ့တွင် ကွယ်လွန်ခဲ့ရာ ဦးရီကင်းပိုင် ပစ္စည်းမျ
အပေါ်တွင်ဩရသသားဦးဝင်းမြင့်က ၄ပုံ၁ပုံ၊ တရားဝ
ဒေါ်သန်းညွန့်က ၄ပုံ၃ပုံ၏ ၄ပုံ၁ပုံ ဖြစ်သော ၁၆ ပုံ ၃ပုံ
ရထိုက်ကြောင်းစသည်ဖြင့် အဆိုပြုသည်။

အမှတ်(၁)တရားပြိုင်ဒေါ်ကျင်စွမ်က တရားဝ
ဒေါ်သန်းညွန့်သည် ဦးရီကင်း၏ ပထမဇနီးမဟုတ်၊ ဒေါ်ကျင်စွ
သာပထမဇနီးဖြစ်ကြောင်း၊ ဦးရီကင်းနှင့် (၁) တရားပြို
ပေါင်းသင်းစဉ် ဒေါ်သန်းညွန့်နှင့် အိမ်ထောင် ပြုခြင်းဖြစ်
ပစ္စည်းများအနက်အချို့မှာဦးရီကင်းကျန်ရစ်သောအမွေ
ပစ္စည်းမဟုတ်ကြောင်း၊ (၁)တရားပြိုင် ဒေါ်ကျင်စွမ်နှင့် ဦးရီကင
တို့၌ သမီးအကြီးဆုံး မွေးဖွားပြီး ကွယ်လွန်ခဲ့သည့်အတွက် (
တရားပြိုင် ဦးဝင်းမြင့်သည် ဩရသအခွင့်အရေး တောင်းဆိုခွ
မရှိကြောင်း၊ ထို့ပြင် ဦးဝင်းမြင့်သည် ဩရသအခွင့်အရေး ရရ
အရည်အချင်းနှင့်ပြည့်စုံသူမဟုတ်ကြောင်း၊ ဇနီးများမှ
တစ်အိမ်တည်းနေသော်လည်းတစ်အိုးတည်းစားခြင်းမရှိကြော
စသည်ဖြင့် ချေပသည်။

အမှတ် (၂) (၃) (၄) တရားပြိုင်တို့က ဦးရီကင်းသ
ဒေါ်သန်းညွန့်၊ ဒေါ်ကျင်စွမ်၊ ဒေါ်လှကြည်တို့ကို တစ်ပြိုင်တည
ပေါင်းသင်းခဲ့ပြီး ဒေါ်လှကြည်ကွယ်လွန်ပြီးနောက်အမှတ်(
တရားပြိုင်ဒေါ်အမာ(ခ)ဒေါ်သန်းရီကိုမယားပြိုင်အဖြ
ဆက်လက်ပေါင်းသင်းကြောင်း၊ အမှတ်(၆)တရားပြိုင်ဦးဝင်းမြ
သည် ဩရသသားမဟုတ်ကြောင်း၊ အဆိုလွှာ၏နောက်ဆက်တွဲ
ပစ္စည်းအားလုံးမှာအမွေပုံ ပစ္စည်းမဟုတ်ကြောင်း၊အရောင
စာချုပ်ပါဝယ်သူများပိုင်ဆိုင်သောပစ္စည်းများသာဖြစ်ကြောင

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(ခ)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

အပိုင်ပေးစာချုပ်ဖြင့်ပေးကမ်းထားသောပစ္စည်းများကို အမွေပုံတွင်ထည့်သွင်းစွဲခွင့်မရှိကြောင်း၊ အမှတ်(၆)တရားပြိုင် ဦးဝင်းမြင့်မှအပကျန်အမှုသည်များမှာအမွေဆိုင်များဖြစ်ကြောင်း၊ တရားလို ဒေါ်သန်းညွန့် အပါအဝင်မယား ၃-ဦးက ၄ပုံ ၁ပုံစီနှင့် အမှတ် (၂) မှ (၄) ထိတရားပြိုင်များက ကျန်၄ပုံ ၁ပုံကို ခွဲဝေယူရန်ဖြစ်ကြောင်းချေပသည်။

အမှတ် (၅) တရားပြိုင်ဒေါ်အမာ (ခ) ဒေါ်သန်းရီ က ဦးရီကင်းသည်မယားပြိုင်များနှင့်တစ်အိမ်တည်းနေသော်လည်းတစ်အိုးတည်းမစားကြောင်း၊ ဦးရီကင်းနှင့် ဒေါ်ကျင်စွမ်တို့တွင် မတင်ဆင့်ဟုခေါ်သော သမီးတစ်ဦး ရှိပြီး ငယ်စဉ်ကပင်ကွယ်လွန်သွားကြောင်း၊ ဦးရီကင်းသည် မယားပြိုင်များမှ မွေးသောသားသမီးများကို အရည်အချင်းအလိုက် စီးပွားရေးထူထောင်ပေးခဲ့ကြောင်း၊ အမှတ်(၆) တရားပြိုင်ဦးဝင်းမြင့်မှာ ဩရသသားအရာမမြောက်ကြောင်း၊အဆိုလွှာပါပစ္စည်းစာရင်းမှပစ္စည်း အားလုံးမှာ အမွေပစ္စည်းမဟုတ်ကြောင်း၊ ဒေါ်အမာ (ခ) ဒေါ်သန်းရီသည် ဦးရီကင်း အမှန်တကယ် ကျန်ရစ်သောပစ္စည်း၏၄ပုံ၁ပုံရထိုက်သဖြင့်ရုံးခွန်ထမ်းဆောင်ကြောင်း ချေပသည်။

အမှတ်(၆) တရားပြိုင်ဦးဝင်းမြင့်ကအဆိုလွှာကိုဖြောင့်ဆိုဝန်ခံသည်။

တိုင်းတရားရုံးက မူလရုံးတရားလိုဒေါ်သန်းညွန့်သည် ဦးရီကင်း၏ပထမဇနီးဖြစ်ပြီး အမှတ်(၆)တရားပြိုင် ဦးဝင်းမြင့်သည် ဦးရီကင်း၏ဩရသသားဖြစ်၍ အမွေရထိုက်ခွင့်ရှိကြောင်း၊ ဦးရီကင်း၏တတိယဇနီး ဒေါ်လှကြည် (ကွယ်လွန်)၏သားသမီးများဖြစ်ကြသော အမှတ် (၂)(၃)(၄) တရားပြိုင်များသည်အမွေဝေစု၏၈ပုံ၁ပုံကို လင်ပါသားသမီးများအဖြစ်အမွေဆက်ခံခွင့်ရှိကြောင်း၊ ထို့ကြောင့် တရားလိုသည် အမွေဝေစု၏ ၃၂ပုံ၇ပုံကို လည်းကောင်း၊ ရုံးခွန်ထမ်းဆောင်၍အမွေဝေစုတောင်းခံသော ဦးရီကင်း၏စတုတ္ထဇနီး အမှတ် (၅) တရားပြိုင် ဒေါ်အမာ (ခ) ဒေါ်သန်းရီသည် အမွေဝေစု၏ ၂၄ ပုံ ၇ ပုံကိုလည်းကောင်းရထိုက်ကြောင်းကောက်ယူဆုံးဖြတ်ကာပဏာမဒီကရီချမှတ်သည်။

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(ခ)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

တရားရုံးချုပ်ကမူလရုံးတရားလိုဒေါ်သန်းညွန့်သည် ၁၉၄၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်ထိ ဖြစ်ထွန်းသည့်ပစ္စည်းများတွင် ၄ပုံ၁ ပုံ ရထိုက်ခွင့်ရှိကြောင်းနှင့် ၁၉၇၂ ခုနှစ်မှ ၁၉၉၉ခုနှစ်ထိ ဖြစ်ထွန်းသောပစ္စည်းများတွင် ၃၂ ပုံ ၇ ပုံ ရထိုက်ခွင့်ရှိကြောင်း၊ ရုံးခွန်ထမ်းဆောင်၍အမွေဝေစုတောင်းဆိုသော မူလရုံးအမှတ် (၅) တရားပြိုင်ဒေါ်အမာ (ခ) ဒေါ်သန်းရီသည် ၁၉၄၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်ထိ ဖြစ်ထွန်းသောပစ္စည်းများတွင် ၈ပုံ၁ပုံရထိုက်ခွင့်ရှိကြောင်းနှင့် ၁၉၇၂ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိ ဖြစ်ထွန်းသော ပစ္စည်းများတွင် ၃၂ ပုံ ၇ပုံ ရထိုက်ခွင့်ရှိကြောင်း ဖြင့်တိုင်းတရားရုံး၏အဆုံးအဖြတ်ကိုပြင်ဆင်၍ပဏာမဒီကရီ ချမှတ်ခဲ့သည်။

အမှုတွင်မူလရုံးတရားလိုဒေါ်သန်းညွန့်ကဦးရီကင်း၏ မယားပြိုင်များဖြစ်ကြသော ဒေါ်ကျင်စွမ်၊ ဒေါ်အမာ (ခ) ဒေါ်သန်းရီနှင့်ကွယ်လွန်သူမယားပြိုင်ဒေါ်လှကြည်၏သား သမီးများနှင့် ဩရသသားဟု အဆိုရှိသူ ဦးဝင်းမြင့်တို့အပေါ် အမွေရှင်ဦးရီကင်း ကျန်ရစ်သည့် အမွေပုံအား စီမံခန့်ခွဲပေးရန် တရားစွဲဆိုခြင်းဖြစ်သည်။

ကွယ်လွန်သူဦးရီကင်းသည် ဗုဒ္ဓဘာသာကိုးကွယ်သူ တစ်ဦးဖြစ်ပြီးငင်းတွင်ဒေါ်သန်းညွန့်၊ဒေါ်ကျင်စွမ်၊ ဒေါ်လှကြည်၊ ဒေါ်အမာ(ခ)ဒေါ်သန်းရီဟူသောဇနီး ၄ ဦးရှိခဲ့သည်။ ၁၉၄၆ ခုနှစ်တွင်ဒေါ်သန်းညွန့်နှင့်ဒေါ်ကျင်စွမ်တို့အား နိုးယူပြီး ၎င်းတို့နှင့်ရှေ့ဆင့်နောက်ဆင့်ပေါင်းသင်းနေထိုင်ခဲ့သည်။ ထို့နောက် ၁၉၅၂ ခုနှစ်တွင် ဒေါ်လှကြည်နှင့် ထပ်မံအိမ်ထောင် ပြုသည်။ ဦးရီကင်းသည် မယားများကို တစ်အိမ်တည်းထား၍ ပေါင်းသင်းခဲ့သည်။ ၁၉၇၁ ခုနှစ်ကဒေါ်လှကြည်ကွယ်လွန်ခဲ့ ရာ ၁၉၇၂ ခုနှစ်တွင် ဒေါ်လှကြည်၏ညီမ ဒေါ်အမာ (ခ) ဒေါ်သန်းရီနှင့်ထပ်မံအိမ်ထောင်ပြုသည်။ ဦးရီကင်းသည် ကွယ်လွန်သည်အထိမယားပြိုင်များနှင့် အတူတကွ ပေါင်းသင်း နေထိုင်ခဲ့သည်။

ဦးရီကင်းသည် ဒေါ်အမာ (ခ) ဒေါ်သန်းရီမှအပကျန် မယားများနှင့် သားသမီးများရခဲ့ရာ ဒေါ်သန်းညွန့်နှင့် ရသော အမှတ်(၆) တရားပြိုင်ဦးဝင်းမြင့်သည် ယင်းမိသားစုတွင်

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(၁)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

အကြီးဆုံးသားဖြစ်သည်။ ဒေါ်သန်းညွန့်ကဦးဝင်းမြင့်အား ဩရသသားအဖြစ် သတ်မှတ်၍အမွေပုံပစ္စည်းစီမံခန့်ခွဲမှုတွင် အမှုသည်အဖြစ်ထည့်သွင်းစွဲဆိုခြင်းဖြစ်သည်။

ဤအယူခံမှုများတွင် ဦးဝင်းမြင့်သည်ဩရသအခွင့်အရေးကိုရထိုက်သူဟုတ်၊မဟုတ်နှင့် ဝေစုမည်မျှဖြစ်သည်စသည်တို့ကို ဆန်းစစ်ရန်ဖြစ်သည်။

ဩရသဟူသောဝေါဟာရနှင့်ပတ်သက်၍ **ကတ်ဝုနှင့်မောင်ဆင့်အမှု**[၁] တွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်ကို တွေ့ရသည် -

> "ဩရသဟူသည်မိဘနှစ်ပါးသဘောတူ ထိမ်းမြားသည့်လင်နှင့်မယားမှမွေးဖွားသည့်သားကို ခေါ်ကြောင်း ယုံမှားသံသယဖြစ်ရန်မရှိပေ။ကာလကြာညောင်းသော်အိမ်ထောင်တစ်ခုတွင်ဖခင်၏တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်သောကြောင့် သတ်မှတ်သည့်မိဘ အမွေအနှစ်ရရှိသောသားဟူ၍ အထူးအဓိပ္ပာယ်သက်ရောက်လာသည်။ ထိုနည်းတူ ကာလကြာသော် သမီးအားလည်းသားကဲ့သို့ပင် အခွင့်အရေးပေး၍ဩရသဟူ၍ခေါ်ဆိုပေသည်။"

မြန်မာနိုင်ငံတရားရုံးချုပ်တရားသူကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာမောင်မောင်ပြုစုသည့် "မြန်မာတရားဥပဒေလေ့ထုံးတမ်းနှင့် မြန်မာ အိမ်ထောင်စု" ကျမ်းတွင် အောက်ပါအတိုင်း ရေးသားထားသည် -

> "ဩရသဖြစ်ရန်အဓိကလိုအပ်ချက်မှာ မိဘ၏ပစ္စည်းဥစ္စာရှာဖွေရေး၊သို့မဟုတ်အိမ်ထောင်ထိန်းသိမ်းရေးတို့၌ ကူညီဆောင်ရွက်မှုပေါ်တွင်မတည်ပေ။ကွယ်လွန်သူ မိဘ၏တာဝန်ဝတ္တရားများကိုထမ်းဆောင်နိုင်းသည့် အခါထမ်းဆောင်နိုင်စွမ်းရှိသည့်အချက်ပေါ်တွင်သာတည်ရှိနေသည်"

ဤအဆိုအမိန့်များအရဩရသသားသမီးဟူသည် ကွယ်လွန်သူမိဘ၏တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ရန် လိုအပ်သည်မှာ မြင်သာသည်။

မူလရုံးတရားလိုဒေါ်သန်းညွန့်၏ ကိုယ်စားလှယ်စာရသူကိုသန်းထွန်းကဦးဝင်းမြင့်နှင့်ပတ်သက်၍အောက်ပါအတိုင်း

---

(၁) ၂ ရန်ကုန် ၊ စာ၆၉၃ (၇၈၇) (ပီစီ)

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(ခ)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

ထွက်ဆိုထားသည် -

"ကျွန်တော့်အစ်ကိုကြီးဦးဝင်းမြင့်မှာ ကိုယ်ပိုင် သီးခြား စီးပွားရေးလုပ်ကိုင်နိုင်ခြင်းမရှိသဖြင့် ဦးမျိုးသန့်နှင့် ဦးဇော်လင်းတို့က ယနေ့ထိကျွေးမွေးထောက်ပံ့နေကြရသည်ဆိုလျှင်မှန်ပါသည်။ ဦးဝင်းမြင့်သာမကမိသားစုအားလုံးကိုယနေ့အထိထောက်ပံ့ခြင်းဖြစ်ပါသည်။ ဦးဝင်းမြင့်မှာ ခြေထောက်မသန်၍ ယာဉ်လည်းမမောင်းနိုင်ပါ။ ပြင်ပခရီးဝေးဝေးလံလံလည်းမသွားနိုင်ပါ။ သို့အတွက်ငဲ့နှင့်သင့်တော်ရာလုပ်ငန်းကိုခြံအတွင်း၌ သာနေထိုင်စေပြီးလုပ်ကိုင်စေခဲ့ပါသည်။"

ဒေါ်သန်းညွန့်၏သားဖြစ်သူကိုယုလွင် (လိုပြ-၁) က အောက်ပါအတိုင်း ထွက်ဆိုသည် -

"အမိက စစ်မေးချက်တွင် ကျွန်တော်သည် ဦးဝင်းမြင့်ခြေထောက်မသန်၍အိမ်မှာပင်အများဆုံးနေပြီးဖခင်ကြီးနှင့်အတူစေခိုင်းသည့်လုပ်ငန်းတာဝန်များ လုပ်ရသည်ဟုထွက်ဆိုထားရာဦးဝင်းမြင့်သည်ကျန်းမာရေးမကောင်း၍ ဦးရီကင်းကမည်သည့်လုပ်ငန်းတာဝန်ကိုမျှဦးစီးဦးရွက်လုပ်ရန်ခိုင်းစေခဲ့ခြင်းမရှိဆိုလျှင်မှန်ပါသည်။ ဦးဝင်းမြင့်သည် မည်သည့်စီးပွားရေးလုပ်ငန်းမျှယနေ့တိုင်အောင်လုပ်ကိုင်နိုင်ခြင်း မရှိဆိုလျှင်မှန်ပါသည်။ အိမ်ဟာဟီရအထွေထွေလုပ်ငန်းများကို လုပ်ကိုင်ပေးရပါသည်။ ထို့ကြောင့်ဦးဝင်းမြင့်သည်ဦးရီကင်း မကွယ်လွန်မီက ရောကွယ်လွန်ပြီးနောက်ပိုင်းတွင်ရောဖခင်ကိုယ်စားမိသားစုစီးပွားရေး လုပ်ငန်းများကို ဦးစီးဦးရွက်လုပ်ကိုင်ခဲ့ခြင်းမရှိဆိုလျှင်မှန်ပါသည်။ ဦးရီကင်းနှင့်တွဲလုပ်ပါ သည်။ ဦးရီကင်းနှင့် တွဲလုပ်သည်ဆိုရာတွင်လည်း အိမ်၏ဟာဟီရလုပ်ငန်းများကို လုပ်ကိုင်ခဲ့ခြင်းသာဖြစ်ပါသည်။"

ဦးရီကင်း၏သားများဖြစ်ကြသောကိုသန်းထွဋ်၊ ကိုဇော်လင်း၊ ကိုမျိုးသန့်၊ ကိုယုလွင်၊ ကိုသန်းနိုင်၊ ကိုထွန်းထွန်းနှင့် ကိုတင့်လွင်တို့သည် ဖခင်ဦးရီကင်း၏ စီးပွားရေးလုပ်ငန်းတွင် ကျရာကဏ္ဍ၌ ကိုယ်တိုင်ပါဝင် လုပ်ကိုင်ခဲ့ကြသော်လည်း ဦးဝင်းမြင့်မှာမူ အခြားသားများကဲ့သို့ စွမ်းဆောင်ရည်မပြည့်သောကြောင့်သီးသန့်

တာဝန်ပေးခံရမှုမရှိခြင်း၊ငယ်စဉ်ကတည်းကခြေမသန်သဖြင့် ဖခင်နှင့်အတူ ခြံထဲတွင်နေပြီး အိမ်၏ဗာဟီရလုပ်ငန်းများကိုသာလုပ်ကိုင်ခြင်း၊ ဦးရိကင်း ကွယ်လွန်ပြီးနောက်တွင်လည်း ဖခင်၏စီးပွားရေးလုပ်ငန်းနှင့်အခြားတာဝန်ဝတ္တရားများကို ဦးဆောင်ဦးရွက်ပြု၍လုပ်ကိုင်မှုမရှိခြင်း၊အခြားသူများအပေါ် မှီခိုနေရခြင်း စသည့်အချက်များမှာအမှုတွင်ပေါ်ပေါက်လျက်ရှိသည်။

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(ခ)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

ဤအခြေအနေတွင် ဦးဝင်းမြင့်သည်အကြောင်းကြောင်းကြောင့်ဖခင်ဖြစ်သူ၏တာဝန်ဝတ္တရားများကိုထမ်းဆောင်နိုင်စွမ်းရှိသည်ဟုဆိုရန်ခဲယဉ်းသည်ဖြစ်၍သြရသသားအခွင့်အရေးကိုရထိုက်ခွင့်မရှိဟုကောက်ယူရမည်ဖြစ်ရာပထမပြဿနာနှင့်စပ်လျဉ်း၍အောက်ပါအတိုင်းဖြေဆိုလိုက်သည်

> "အမှုတွဲပေါ်ပေါက်ချက်များနှင့်မြန်မာဓလေ့ထုံးတမ်းဥပဒေပါစိမ့်မူသဘောရည်ရွယ်ရင်းအနှစ်သာရများအရဦးဝင်းမြင့်သည်သြရသအခွင့်အရေးရထိုက်သောသားအကြီးဆုံးဟုဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း။"

အမွေဝေစုနှင့်စပ်လျဉ်း၍ တရားရုံးချုပ်ကဦးဝင်းမြင့်အားသြရသသားအဖြစ် သတ်မှတ်ပြီး အမွေပုံဝေစုကို ခွဲဝေသတ်မှတ်ခဲ့ကြောင်း တွေ့ရသည်။ ဦးဝင်းမြင့်သည် သြရသသား မဟုတ်သောကြောင့် ၎င်း၏အမွေဝေစုသတ်မှတ်ချက်ကို ပယ်ဖျက်ရန်ဖြစ်သည်။ သို့ဖြစ်၍ သြရသအမွေဝေစုသတ်မှတ်ချက်နှင့်စပ်လျဉ်းသည့်ဒုတိယပြဿနာကိုဖြေဆိုရန်လိုအပ်မည်မဟုတ်တော့ပေ။

ဦးဝင်းမြင့်သည်သြရသသားဖြစ်နိုင်သူမဟုတ်၍ဦးရိကင်း၏အမွေကိုကျန်ရစ်သူမယားပြိုင်မုဆိုးမများနှင့်လင်ပါသားသမီးတို့ကခွဲဝေယူကြရန်ဖြစ်ပေသည်။

ပထမ မယားသုံးယောက်နှင့် ပေါင်းသင်းစဉ် ဖြစ်ထွန်းခဲ့သောပစ္စည်း၌အမွေရှင်၏ဝေစုသည် ၂ပုံ ၁ပုံ ဖြစ်၍ ဒေါ်လှကြည် အပါအဝင်မယားပြိုင်သုံးဦးသည်၆ပုံ၁ပုံစီရခွင့်ရှိသည်။ ယင်းဥပဒေသဘောကို **အက်(စ်)၊ ပီ၊ အယ်(လ်)၊ အက်**

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(ခ)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

(စ်) **ချစ်တီးယားဖမ်းနှင့်မပုအမှု**[၂]တွင်ရှင်းပြထားသည်။ ဒေါ်လှကြည်ကွယ်လွန်သောအခါရင်း၏သားသမီးများဖြစ်သော အယူခံတရားပြိုင် ဒေါ်ဝင်းဝင်းရီ တို့ သုံးဦးသည် ထိုဝေစု၆ပုံ၁ပုံ ကို လက်ခံရရှိသည်။ **မောင်အောင်ဖေနှင့် ဦးထွန်းအောင်ကျော် ပါ-၂အမှု**[၃] ကို ရည်ညွှန်းသည်။

ဒေါ်လှကြည်ကွယ်လွန်ပြီးနောက် ဦးရီကင်းသည် စတုတ္ထမယားဒေါ်အမာ(ခ)ဒေါ်သန်းရီနှင့်ထပ်မံအိမ်ထောင်ပြုသောအခါ ပထမမယားသုံးယောက်နှင့် ပေါင်းသင်းစဉ်ကဖြစ်ထွန်းခဲ့သောပစ္စည်းများ၌စတုတ္ထမယားသည်ခင်ပွန်းဦးရီကင်း၏ ဝေစုဖြစ်သည့် ၂ပုံ၁ပုံတွင်နိဿယနှင့်နိဿိတဥပဒေအရ ၂ပုံ၁ပုံ × ၃ပုံ၁ပုံ = ၆ပုံ၁ပုံအကျိုးခံစားခွင့်ရရှိသဖြင့် ဦးရီကင်းကွယ်လွန်သောအခါထိုပစ္စည်းများ၌ရင်းဝေစုသည် ၂ပုံ၁ပုံ – ၆ပုံ၁ပုံ = ၆ပုံ၂ပုံသာဖြစ်သည်။ ထိုအစုကိုလင်ပါ သားသမီးများနှင့်ကျန်ရစ်သူမိထွေးသုံးဦးတို့ခွဲဝေယူရန်ဖြစ်သော်လည်းတရားရုံးချုပ်ကတရားမပထမအယူခံမှုများတွင် စတုတ္ထမယားမယူမီဖြစ်ထွန်းခဲ့သော ပစ္စည်းများ၌ ဒေါ်ဝင်းဝင်းရီ တို့ သုံးဦးအား၆ပုံ၁ပုံသာရထိုက်ခွင့်ရှိသည်ဟုဆုံးဖြတ်ထားခြင်းကိုအယူခံမဝင်သဖြင့်ဤအထူးအယူခံမှုများတွင်ရင်းတို့၏ဝေစုကိုတိုးပေးခွင့်မရှိ၍၆ပုံ၁ပုံဝေစုသာရထိုက်ကြောင်း ချမှတ်သည့်တရားရုံးချုပ်၏ အဆုံးအဖြတ်ကို အတည်ပြုရန် ဖြစ်သည်။

ဤအခြေအနေတွင် စတုတ္ထမယားမယူမီဖြစ်ထွန်းသောပစ္စည်းကို ဦးရီကင်း၏ဝေစုဖြစ်သည့် ၆ပုံ၂ပုံ ကို ကျန်ရစ်သောမုဆိုးမသုံးဦးကသာအညီအမျှရခွင့်ရှိပေသည်။ သို့ဖြစ်ရာစတုတ္ထမယားမယူမီပစ္စည်းများ၌ဒေါ်သန်းညွန့်သည်မယားတစ်ဦးအနေဖြင့် အပြီးအပိုင်ရရှိပြီးဖြစ်သော၆ပုံ၁ပုံဝေစုအပြင်လင်၏ဝေစုမှ ၆ပုံ၂ပုံ × ၃ပုံ၁ပုံ = ၉ပုံ၁ပုံ ထပ်မံရခွင့်ရှိ၍ ရင်း၏ ဝေစုသည် ၆ပုံ၁ပုံ + ၉ပုံ၁ပုံ = ၁၈ပုံ(၃+၂)ပုံ = ၁၈ပုံ၅ပုံ ဖြစ်ပြီး အခြားမယား ဒေါ်ကျင်စွမ်နှင့် ဒေါ်အမာ(ခ)ဒေါ်သန်းရီတို့သည်လည်း

---

(၂) ၁၄ ၊ ရန်ကုန် ၊ စာ၆၉၇
(၃) ၈ ၊ ရန်ကုန် ၊စာ၅၂၄

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(ခ)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

၁၈ပုံ ၅ပုံစီရရှိသည်။ သို့သော်တရားရုံးချုပ်ကတရားမပထမ အယူခံမှုများတွင်ဒေါ်သန်းညွန့်သည်ဦးရီကင်းစတုတ္ထမယား မယူမီဖြစ်ထွန်းသောပစ္စည်းများ၌၄ပုံ၁ပုံရထိုက်ခွင့်ရှိသည်ဟု ဆုံးဖြတ်ထားသည်ကိုအယူခံဝင်ရောက်ခြင်းမပြု၍ ဤအထူး အယူခံအမှုများတွင်၎င်း၏ ဝေစုကို တိုးပေးခွင့်မရှိသဖြင့် ၄ပုံ၁ပုံ သာရထိုက်ကြောင်းဆုံးဖြတ်သည့်တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကိုအတည်ပြုရန်သာရှိပေသည်။

စတုတ္ထမယားယူပြီးနောက် ဖြစ်ထွန်းသောပစ္စည်းများတွင် လင်ပါသားသမီးများသည်၈ပုံ၁ပုံ ရထိုက်ကြောင်းတရားရုံးချုပ်က ဆုံးဖြတ်ထားခြင်းမှာဒေါ်ခင်ခင်ကြွယ်ပါ၆နှင့်ဒေါ်တင်တင်ကြွယ် အမှု[၄] ၌ ချမှတ်သည့်စီရင်ထုံးအရ မှန်ကန်သည်။တရားရုံးချုပ်က ဆုံးဖြတ်ကိုးကားသော မညိမ်းအေးနှင့်မောင်မောင်အမှု[၅]၌ ချမှတ်သောထုံးဖွဲ့ချက်သည်မယားတစ်ဦးတည်းသာရှိသော အိမ်ထောင် နှင့်သက်ဆိုင်သည်မှန်သော် လည်းလင်ပါသားသမီး များသည်ဖခင်၏ဝေစု၂ ပုံ၁ပုံကို လေးပုံ ပုံပြီးတစ်ပုံ၊ သို့မဟုတ် ၂ပုံ၁ပုံ × ၄ပုံ၁ပုံ = ၈ပုံ၁ပုံ ရရှိ ခြင်းဖြစ်ရာ မယားပြိုင်များ ရှိသောအိမ်ထောင်တွင် ဖြစ်ထွန်းသောလက်ထက်ပွားပစ္စည်း များတွင် ခင်ပွန်း (လင်ပါသားသမီးများ၏ ဖခင်) ၏ ဝေစုသည် ၂ပုံ၁ပုံပင်ဖြစ်၍ လင်ပါသားသမီးများ၏ဝေစုပမာဏမှာ ကွဲပြားခြားနားခြင်းမရှိသဖြင့်ဒေါ်ခင်ခင်ကြွယ်အမှုတွင်လင်ပါ သမီးဒေါ်တင်တင်ကြွယ်အားဝေစု၈ပုံ၁ပုံသတ်မှတ်ပေးခြင်းဖြစ် သည်။

စတုတ္ထမယားယူပြီးနောက်ဖြစ်ထွန်းသောပစ္စည်းများတွင် ကျန်ရစ်သူမယားပြိုင်မုဆိုးမသုံးဦးသည်လင်ပါသားသမီး၏ဝေစု ၈ပုံ၁ပုံကိုနုတ်ပြီးနောက်ကျန်ရစ်သော၈ပုံ၇ပုံအစုကိုအညီအမျှ ခွဲဝေယူရန်ဖြစ်ရာဒေါ်သန်းညွန့် အပါအဝင်မုဆိုးမတစ်ဦးလျှင် ၂၄ပုံ၇ပုံစီရထိုက်ခွင့်ရှိသည်။သို့သော်တရားရုံးချုပ်ကတရားမ ပထမအထူးအယူခံမှုများတွင်ဒေါ်သန်းညွန့်သည်ဦးရီကင်းစတုတ္ထ မယားယူပြီးနောက် ဖြစ်ထွန်းသောပစ္စည်းများတွင်၃၂ပုံ၇ပုံသာ

---

(၄) ၁၉၆၄ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၅၉၉

(၅) ၃ ၊ ရန်ကုန် ၊ ၅၄၉ (က) ၅၇၉ (စုံညီ)

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(ခ)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

ရထိုက်ကြောင်းဆုံးဖြတ်ထားသည်ကိုအယူခံဝင်ရောက်ခြင်း မပြု၍ ဤအထူးအယူခံမှုများ၌ဝင်း၏ဝေစုကို ၂၄ပုံ၇ပုံသို့တိုးပေးခွင့်မရှိ၍ ၃၂ပုံ၇ပုံသာရထိုက်ကြောင်းဆုံးဖြတ်သည့် တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကိုအတည်ပြုရန်သာရှိပေသည်။

ဤအထူးအယူခံမှုများတွင်အဆုံးအဖြတ်ပြုရန်ကျန်ရှိနေသေးသည်။တရားရုံးချုပ်သည်တရားမပထမအယူခံမှုသုံးမှုကို စီရင်ချက်တစ်ခုထဲတွင်ပေါင်း၍ဆုံးဖြတ်ခဲ့ရာဒေါ်ကျင်စွမ်က တရားရုံးချုပ် ၂၀၀၃ ခုနှစ်တရားမအထူးအယူခံမှု အမှတ်၅တွင်လည်းကောင်း၊ဒေါ်အမာ(ခ)ဒေါ်သန်းရီက ၂၀၀၃-ခုနှစ်တရားမအထူးအယူခံမှုအမှတ်၇တွင်လည်းကောင်း၊ တရားမအယူခံမှုအားလုံးတွင်ချမှတ်ခဲ့သောစီရင်ချက်နှင့်ဒီကရီတို့အပေါ်အယူခံဝင်ခဲ့သည်။ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်လွှာတစ်စောင်စီသာတင်သွင်းခဲ့သည်။ အမှန်စင်စစ်တရားမပထမအယူခံမှုတစ်မှုစီတွင်ချမှတ်ထားသောစီရင်ချက်နှင့်ဒီကရီတို့အပေါ်သီးခြားလျှောက်လွှာတစ်စောင်စီနှင့်အထူးအယူခံလွှာတစ်စောင်စီ စုစုပေါင်းသုံးစောင်စီတင်သွင်းရန်လိုအပ်သည်။ သို့ရာတွင် ထိုသို့စုပေါင်းလျှောက်ထားခြင်းကို အထူးခုံရုံးကလက်ခံခွင့်ပြုပြီးဖြစ်ရာလုပ်ထုံးလုပ်နည်းနှင့်အတိအကျမညီညွတ်သည်ကို အကြောင်းပြုပြီး ဤအထူးအယူခံမှုများကို အဆုံးအဖြတ်မပြုလိုဟု ငြင်းပယ်ရန်သင့်တော်မည်မဟုတ်ချေ။သို့ရာတွင်နောင်တွင် အလားတူချွတ်ချော်မှုမျိုးထပ်မံ မပေါ်ပေါက်စေရန်တရားရုံးချုပ်သက်ဆိုင်ရာဌာနကစိစစ်ဆောင်ရွက်ရန်လိုအပ်ကြောင်းမှတ်ချက်ပြုလိုက်သည်။

ထို့ကြောင့်ဤအထူးအယူခံမှုများကိုတစ်စိတ်တစ်ဒေသခွင့်ပြုပြီးအယူခံတရားပြိုင်ဒေါ်သန်းညွန့်၏အမွေဝေစု အသီးသီးကို သတ်မှတ်သောတရားရုံးချုပ်၏စီရင်ချက်နှင့်ပဏာမဒီကရီတို့ကိုအတည်ပြုကာရုံးခွန် ထမ်းဆောင်၍ အမွေဝေစုတောင်းဆိုသည့် အမှတ်(၅)တရားပြိုင်ဒေါ်အမာ(ခ)ဒေါ်သန်းရီနှင့်စပ်လျဉ်း၍ ချမှတ်သည့် တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကိုမူပယ်ဖျက်ပြီးဒေါ်အမာ(ခ)ဒေါ်သန်းရီသည်ဦးရီကင်းနှင့်အကြောင်းမပါမီဦးရီကင်းနှင့်ပထမမယားများပေါင်းသင်းစဉ်ကဖြစ်ထွန်းခဲ့သောပစ္စည်းများတွင်၁၈ပုံ၅ပုံနှင့်ဒေါ်အမာ (ခ)

ဒေါ်သန်းရီနှင့် ဦးရီကင်းတို့အကြောင်း ပါပြီးနောက် ဖြစ်ထွန်းသောပစ္စည်းများ၏ ၂၄ပုံ၇ပုံရထိုက်ကြောင်းတရားရုံးချုပ်၏ ပဏ္ဏာမဒီကရီကိုပြင်ဆင်ချမှတ်လိုက်သည်။

အယူခံတရားလိုများသည်အရေးယူလောက်သောပြဿနာများအပေါ် ချမှတ်သည့်အဆုံးအဖြတ်အရအနိုင်ရရှိခြင်းမဟုတ်သဖြင့်နှစ်ဖက်သောအမှုသည်များသည်မိမိတို့အသီးသီးကုန်ကျသောတရားစရိတ်များကိုမိမိတို့ကိုယ်တိုင်ကျခံကြစေ။

ရှေ့နေစရိတ် ကျပ်၃၀၀၀/ စီသတ်မှတ်သည်။

၂၀၀၄
ဒေါ်ကျင်စွမ်
ဒေါ်အမာ(ခ)
ဒေါ်သန်းရီ
နှင့်
ဒေါ်သန်းညွန့်ပါ-၆
ဦးဝင်းမြင့် ပါ-၆

+ ၂၀၀၄
ဒီဇင်ဘာ
၁၇ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော
ဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေး၏တို့ရှေ့တွင်

ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့်
အထွေထွေ ရောင်းဝယ်ရေး
သမဝါယမအသင်းလီမိတက် နှင့် ဦးသိန်းဇော် ပါ-၂*
(၎င်း၏ ဥက္ကဋ္ဌ ဦးကျော်ဝင်း)

**မြီစား နှင့် အာမခံထားသူ ထံမှ ငွေရလိုမှု စွဲဆိုခြင်း ၊ အာမခံပဋိညာဉ်၊ အာမခံသူ၊ မူလမြီစား၊ မြီရှင်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပဋိညာဉ်တွင် အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် အာမခံသူသည် မူလမြီစားနှင့် ထပ်တူ ထပ်မျှ တာဝန်ရှိခြင်း၊**

**ဆုံးဖြတ်ချက်။** ။ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၂၆ တွင် တတိယလူက ဆောင်ရွက်ရန် ရှိသည်ဖြစ်စေ၊ ပေးဆပ်ရန်ရှိသည်ဖြစ်စေ မဆောင်ရွက်လျှင် သို့မဟုတ် မပေးဆပ်လျှင် ဆောင်ရွက်ပါမည်၊ပေးဆပ်ပါမည်ဆိုသော ပဋိညာဉ်သည် အာမခံပဋိညာဉ်ဖြစ်ကြောင်း၊ အာမခံပေးသူကိုသာ အာမခံသူဟုလည်းကောင်း၊ ပျက်ကွက်မှုအတွက် အာမခံပေးထားရသူကို မူလမြီစားဟု လည်းကောင်း၊ အာမခံရရှိသူကို မြီရှင်ဟုလည်းကောင်း ခေါ်ဆိုကြောင်း၊ အာမခံခြင်းကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရဒေါ်ကြည်ကြည်သည် အာမခံသူဖြစ်သည်။ အမှတ်(၁) တရားပြိုင် ဦးသိန်းဇော်သည် မြီစားဖြစ်ပြီး

---

* ၂၀၀၄ ခုနှစ် ၊ တရားမ အထူးအယူခံမှု အမှတ် ၅၂

\+ ၂၀၀၃ ခုနှစ် ၊ တရားမ ပထမအယူခံမှု အမှတ် ၃၆၈တွင် ချမှတ်ထားသော ၁၁-၃-၂၀၀၄ ရက်စွဲပါ ဘရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၂၀၀၄
ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်နှင့်ဦးသိန်းဇော်
ပါ-၂

ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်သည် မြီရှင်ဖြစ်သည်။

အမှတ်(၂)တရားပြိုင်ဒေါ်ကြည်ကြည် သည် အမှတ်(၁) တရားပြိုင်ဦးသိန်းဇော်က တရားလိုသမဝါယမ အသင်း လီမိတက်သို့ ပေးရန်ရှိသည်များကို မပေးဆပ်ဘဲ ပျက်ကွက်လျှင် ၎င်းက ဆောင်ရွက်ပါမည်ဟု ပဋိညာဉ်ပြုခဲ့သည့် အတွက် ဒေါ်ကြည်ကြည်သည် အာမခံသူဖြစ်ကြောင်း ပေါ်ပေါက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၂၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -" ပဋိညာဉ်တွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အာမခံသူသည် မူလမြီစား နှင့် ထပ်တူထပ်မျှ တာဝန်ရှိသည်။"
သို့ဖြစ်၍ အာမခံသူ ဒေါ်ကြည်ကြည်၏တာဝန်အတိုင်း အတာသည် မူလမြီစားဖြစ်သူ အမှတ်(၁) တရားပြိုင် ဦးသိန်းဇော် ၏ တာဝန်အတိုင်းအတာနှင့် ထပ်တူထပ်မျှ ဖြစ်သည်။ မြီရှင် ဖြစ်သူ တရားလိုသမဝါယမ အသင်းလီမိတက်အနေဖြင့် မူလ အာမခံသူ အပေါ် အာမခံသည့် အတိုင်းအတာအထိ တောင်းဆိုခွင့်ရှိသည်။ အမှတ်(၁) တရားပြိုင် ဦးသိန်းဇော်၏ ပျက်ကွက်မှု အပေါ် ဒေါ်ကြည်ကြည်ကလုံးလုံးလျားလျားတာဝန်ယူထားသည့် အလျောက်ဦးသိန်းဇော်၏ပျက်ကွက်မှုအတွက်ဒေါ်ကြည်ကြည် သည် ပေးလျော်ရန် တာဝန်ရှိသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးအုံးမောင် (တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်အတွက် | - | ဦးမောင်မောင်စိုး (တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်းတရားရုံး ၂၀၀၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၀၁တွင် ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့်အထွေထွေ ရောင်းဝယ်ရေး

၂၀၀၄
ကြယ်ငါးပွင့်
ဝန်ဆောင်မှု
နှင့်အထွေထွေ
ရောင်းဝယ်ရေး
သမဝါယမ
အသင်း
လီမိတက်
နှင့်
ဦးသိန်းဇော်
ပါ-၂

သမဝါယမအသင်း လီမိတက်က တရားပြိုင် ဦးသိန်းဇော်နှင့် ဒေါ်ကြည်ကြည်တို့အပေါ် မြီစားနှင့် အာမခံထားသူတို့ထံမှ ငွေကျပ် ၂၉၀၆၈၁၈၇/ ၅၀ ပြား ရလိုမှုစွဲဆိုရာ မူလရုံးက အနိုင်ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်ကြည်ကြည်က မကျေနပ်၍ တရားရုံးချုပ်တွင် ၂၀၀၃ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၃၆၈ အရ အယူခံ တင်သွင်းရာ တရားရုံးချုပ်ကအယူခံကို တစ်စိတ်တစ်ဒေသ ခွင့်ပြုပြီး ကြယ်ငါးပွင့် ဝန်ဆောင်မှုနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်ထံ ပေးဆပ်ရမည့်ငွေများကို ဦးသိန်းဇော်နှင့်ဒေါ်ကြည်ကြည်တို့က ထက်ဝက်စီ ပေးဆပ်စေရန် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်ချက်ဖြင့် အတည်ပြုသည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့် အထွေထွေရောင်းဝယ် ရေး သမဝါယမအသင်းလီမိတက်က မကျေနပ်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေး စီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အတွက် အထူးအယူခံဝင်ခွင့် ပြုသည် -

> "ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၂၈ တွင် ပဋိညာဉ်၌ အခြားနည်းပြဋ္ဌာန်းထားခြင်း မရှိလျှင် အာမခံသူသည် မူလမြီစားနှင့် ထပ်တူထပ်မျှ တာဝန်ရှိသည်ဟု ပြဋ္ဌာန်းချက်ရှိပါလျက် တရားရုံးချုပ်၏စီရင်ချက်တွင် ပေးဆပ်ရမည့် ငွေကျပ် ၂၉၀၆၈၁၈၇/၅၀ ပြားကို ဦးသိန်းဇော်နှင့် ဒေါ်ကြည်ကြည်တို့က ထက်ဝက်စီ ပေးဆပ်စေရန် ချမှတ်ထားသည့်အမိန့်သည် ဥပဒေ အရ မှန်ကန်ခြင်းရှိ၊ မရှိ"

အဆိုလွှာအရ အမှတ်(၁)တရားပြိုင်သည် တရားလို ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်သို့ မတ်ပဲပထမတန်းစား မက်ထရစ်တစ်တန်လျှင် နိုင်ငံခြားရေယာဉ်ပေါ်အရောက်၂၁၈၀၉၁ ကျပ်နှုန်းဖြင့် မက်ထရစ်တန် ၁၈ တန်ပေးသွင်း ရန်ငွေ ၃၉၂၅၆၂၅ကျပ် ကို ၂၇-၆-၂၀၀၁ ရက်စွဲပါ အရောင်း အဝယ် သဘောတူ စာချုပ်ချုပ်ဆို၍ လက်ခံရယူ သွားကြောင်း၊ စာချုပ်

အရ ၁၅-၇-၂၀၀၁ နေ့ထက် နောက်မကျဘဲ အရည်အသွေးနှင့် အရေအတွက် ပြည့်ဝစွာ အပ်နှံခြင်း မပြုနိုင်ပါက ကုန်ပစ္စည်း တန်ဖိုးအပေါ် ၁၀ ရာခိုင်နှုန်း ထမ်းဆောင်၍ ကျသင့်ငွေကို ချက်ချင်းပြန်ပေးရန် ဝန်ခံကတိပြုထားကြောင်း၊ တစ်ဖန် ၁၈၀၀၀၀ ကျပ် နှုန်းဖြင့် မတ်ပဲမက်ထရစ်တန် ၁၂၅ တန် ပေးသွင်းရန် ၂၈-၆-၂၀၀၁ ရက်စွဲပါ အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ ငွေကျပ် ၂၂၅ သိန်း ထုတ်ယူသွားကြောင်း၊ ၃၀-၆-၂၀၀၁ ရက်စွဲပါ အတည်ပြုချက်ကို အမှတ်(၁) တရားပြိုင်က လက်မှတ် ထိုးပေးခဲ့သော်လည်း မတ်ပဲ ၁၄၃တန် ကို သတ်မှတ်ရက်ဖြစ်သော ၁၅-၇-၂၀၀၁ နေ့ထက်နောက် မကျစေဘဲ နိုင်ငံခြားထွက်မည့် ရေယာဉ်ပေါ်သို့ တင်ရန် ပျက်ကွက်ခဲ့ကြောင်း၊ ထို့နောက် ၃၁-၈-၂၀၀၁ နေ့တွင် မပျက်မကွက် ပေးဆပ်ရန် ၂-၈-၂၀၀၁ ရက်နေ့ကဝန်ခံကတိ ပြုလက်မှတ်ထိုးပေးကြောင်း၊ အချိန်တိုးမြှင့် ပေးခြင်း အတွက် မိခင်ဖြစ်သူ အမှတ်(၂) တရားပြိုင်ပိုင်ဆိုင်သော မန္တလေးမြို့ရှိ မြေနှင့် တစ်ထပ်တိုက်ကို အာမခံအဖြစ် လက်ခံရန် အဆိုပြုပြီး အမှတ်(၂) တရားပြိုင်ကလည်း ၂၉-၈-၂၀၀၁ ရက်စွဲပါ အာမခံ စာချုပ်ကိုလက်မှတ်ရေးထိုးပေးကြောင်း၊မန္တလေးမြို့၊ ဦးကျားကြီး ဝင်း၊၈၄-လမ်း၊အမှတ် - ၂၉၁/ ၂၄ (၃၅နှင့်၃၆လမ်းကြား) ရှိမြေနှင့် မြေကွက်ပေါ်ရှိတစ်ထပ်တိုက်ကိုအာမခံအဖြစ်တင် သွင်းကြောင်း၊ အမှတ်(၁) တရားပြိုင်သည် ၃၁-၈-၂၀၀၁ ရက်နေ့တွင်လည်း မတ်ပဲများပေးသွင်းနိုင်ခြင်းမရှိသော ကြောင့်တရားလိုသမဝါယမအသင်းလီမိတက်မှ ရရန်ရှိငွေ ကျပ် ၂၆၄၂၅၆၂၅နှင့်နောက်ကျကြေး၁၀ရာခိုင်နှုန်းဖြစ်သော ၂၆၄၂၅၆၂,ကျပ်၅၀ပြားစုစုပေါင်း ၂၉၈၆၈၁၈၇ကျပ် ၅၀ပြား ကို စရိတ်နှင့်တကွ ရထိုက်ခွင့်ရှိကြောင်း အဆိုပြုသည်။

အမှတ်(၁) တရားပြိုင်က တရားလိုသမဝါယမ အသင်း လီမိတက်သို့ ပဲစင်းငုံမက်ထရစ်တန် ၃၅၀ အတွက် မက်ထရစ် တစ်တန်လျှင်ကျပ်၁၁၄၀၀၀နှုန်းဖြင့် တန်ဖိုးငွေကျပ်၃၉၉သိန်း ကိုစာချုပ်ချုပ်ဆိုကာစရန်ငွေကျပ်၃၅သိန်းကို ၅-၄-၂၀၀၁နေ့ နှင့်၁၁-၄-၂၀၀၁နေ့တို့တွင်ပေးအပ်သဖြင့်လက်ခံရယူခဲ့ ကြောင်း၊ တရားလိုသမဝါယမအသင်းလီမိတက်မှနောက်ထပ်ငွေ

ကြယ်ငါးပွင့် ဝန်ဆောင်မှု နှင့်အထွေထွေ ရောင်းဝယ်ရေး သမဝါယမ အသင်း လီမိတက် နှင့် ဦးသိန်းဇော် ပါ-၂

မပေးချေနိုင်တော့သဖြင့်ပဲစင်းငုံ(အသစ်)မက်ထရစ်တန်၃၅၀ နှင့်စပ်လျဉ်းသည့် စာချုပ်ပယ်ဖျက်ပြီး ပဲစင်းငုံဖိုးစရန်ငွေကို မတ်ပဲ၁၈ တန်နှင့်ပြောင်းလဲ၍ အမှတ်(၁) တရားပြိုင်က လူမှုရေးအရစာချုပ်ချုပ်ပေးရကြောင်း၊ စာချုပ်ချုပ်သည့် နေ့မှာ ၂-၈-၂၀၀၁ရက်နေ့ဖြစ်သော်လည်း ၂၇-၆-၂၀၀၁ နေ့စွဲဖြင့် လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း၊ မတ်ပဲ ၁၈ တန်အတွက် သီးခြားငွေလက်ခံရယူခြင်းမရှိကြောင်း၊ ၃၀-၁-၂၀၀၁ ရက်နေ့တွင် ပဲစင်းငုံ (အဟောင်း) မက်ထရစ်တန် ၂၅၀ ကို တစ်တန်လျှင်၉၀၀၀၀ ကျပ်ဈေး ဖြင့် တန်ဖိုးကျပ် ၂၂၅ သိန်းကို စာချုပ်ချုပ်ဆိုခဲ့ပြီးကျပ်၂၁၃ သိန်းကို ၈ ကြိမ်ခွဲပေးချေကြောင်း၊ တရားလိုသမဝါယမအသင်းလီမိတက်မှရောင်းချသောနိုင်ငံခြားကုမ္ပဏီက ပဲစင်းငုံ (အဟောင်း)မယူတော့သဖြင့်မတ်ပဲ(အသစ်) နှင့် လဲပေးရန်တရားလိုသမဝါယမအသင်းလီမိတက် က အမှတ် (၁) တရားပြိုင်ထံမေတ္တာရပ်ခံသဖြင့်မတ်ပဲ၁၂၅တန်ကို ပြောင်းလဲ၍စာချုပ်ချုပ်ပေးရကြောင်း၊ပဲစင်းငုံမှမတ်ပဲသို့ပြောင်းခြင်းမှာ ၃၀-၅-၂၀၀၁နေ့တွင် တရားလိုသမဝါယမအသင်းလီမိတက် ကိုယ်တိုင်လက်မှတ်ရေးထိုးသည့် အထောက် အထားအရဖြစ်ကြောင်း၊တရားပြိုင်ကမတ်ပဲများကိုစံချိန်စံညွှန်းမီပေးအပ်သော်လည်းနိုင်ငံခြားကုန်သည်လက်ခံသူကိုယ်စားလှယ်က အရည်အသွေးနှင့် စပ်လျဉ်း၍ငြင်းပယ်သောကြောင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နိုင်ခြင်းမရှိကြောင်း၊တရားလိုသမဝါယမအသင်းလီမိတက်က အရှုံးမပေါ်စေရန် အတွက် အမှတ် (၁) တရားပြိုင်ထံမှဝန်ခံချက်ယူသွားခြင်းသာဖြစ်ကြောင်း၊အမှတ်(၁) တရားပြိုင်၏မိခင်ဖြစ်သူအမှတ်(၂)တရားပြိုင်ထံမှမြေနှင့် တစ်ထပ် တိုက်ကို အာမခံ အဖြစ်ထားရန်၊အာမခံမသွင်းလျှင် အမှတ်(၁)တရားပြိုင်အားရာဇဝတ်ကြောင်း အရေးယူမည်ဟု ခြိမ်းခြောက်သောကြောင့် အာမခံအဖြစ် ပေးအပ်ရကြောင်း၊ တရားလိုသမဝါယမအသင်းလီမိတက်နှင့်အမှတ်(၁)တရားပြိုင်တို့အကြားစာရင်းရှင်းလင်းရန်ကျန်ရှိသေးသဖြင့်တရားလိုတောင်းဆိုသောငွေကြေးများကိုပေးချေရန်တာဝန်မရှိကြောင်း ချေပသည်။

**တိုင်းတရားရုံးက တရားလိုသမဝါယမအသင်း လီမိတက်**

သည် တရားပြိုင်ဦးသိန်းဇော်ထံမှ ကုန်ဖိုးငွေ ကျပ် ၂၆၄၂၅၆၂၅ နှင့် နောက်ကျကြေး ၁၀ ရာခိုင်နှုန်းကိုလည်း ရထိုက်ခွင့်ရှိကြောင်း၊ ယင်းငွေများကို အမှတ် (၁) တရားပြိုင်ဦးသိန်းဇော်မှ ပေးဆောင်ရန် ပျက်ကွက်လျှင် အမှတ် (၂) တရားပြိုင် ဒေါ်ကြည်ကြည်က မိမိ ပိုင်ဆိုင်သည့် တစ်ထပ်တိုက်နှင့်မြေကို အာမခံထား၍ လွှဲပြောင်းပေးရန် ဝန်ခံကတိပြုလက်မှတ် ရေးထိုးထား ကြောင်း၊ သို့ဖြစ်၍ အမှတ်(၁) တရားပြိုင် ဦးသိန်းဇော်၏ ပျက်ကွက်မှုအပေါ် အမှတ်(၂)တရားပြိုင် ဒေါ်ကြည်ကြည်သည် ပူးတွဲတာဝန်ရှိကြောင်းသုံးသပ်၍မူလရုံးတရားပြိုင်တို့သည် တရားလိုသမဝါယမအသင်းလီမိတက်သို့ငွေကျပ် ၂၉၀၆၈၁၈၇/၅၀ပြား ပေးစေရန် ဒီကရီချမှတ်ခဲ့သည်။

တရားရုံးချုပ်ကမူလရုံးတရားပြိုင်ဦးသိန်းဇော်သည် ကုန်ဖိုးငွေများ ပေးအပ်ရန်သတ်မှတ်ရက်ဖြစ်သော ၃၁-၈-၂၀၀၁ ရက်နေ့မတိုင်မီကပင် ဦးသိန်းဇော်၏မိခင်ဒေါ်ကြည်ကြည် ပိုင်ဆိုင်သောမရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် မြေနှင့်အိမ် ကို လွှဲပြောင်းပေးအပ်ရန်အတွက်စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ အမှတ်(၁) တရားပြိုင်ဦးသိန်းဇော်နှင့် ကြယ် ငါးပွင့်ဝန်ဆောင်မှု နှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်တို့ အကြားချုပ်ဆိုသောအရောင်းအဝယ်စာချုပ်များအတွက် အမှတ်(၁)တရားပြိုင် ဦးသိန်းဇော်ပြန်လည်ပေးဆပ်ရန်တာဝန် ရှိသောငွေကျပ် ၂၉၀၆၈၁၈၇/၅၀ ပြားကို အမှတ်(၁)တရားပြိုင် ဦးသိန်းဇော်နှင့်မိခင်ဖြစ်သူအမှတ်(၂)တရားပြိုင်ဒေါ်ကြည်ကြည် တို့ကအတူတကွပေးဆပ်စေမည့်အစားသီးခြားစီတာဝန် သတ်မှတ်ခြင်းကပိုမိုသင့်လျော်မျှတကြောင်းသုံးသပ်လျက် တရားလို သမဝါယမအသင်း လီမိတက်သို့ ပေးအပ်ရမည့်ငွေကို ဦးသိန်းဇော်နှင့် ဒေါ်ကြည်ကြည်တို့က ထက်ဝက်စီပေးဆပ်စေရန် တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြင်ဆင် ချက်ဖြင့်အတည်ပြုသည်။

အယူခံတရားလို၏ ရှေ့နေက မူလရုံးတွင် အမှတ်(၂)တရားပြိုင်ဒေါ်ကြည်ကြည်က အာမခံသူအဖြစ်ဖြင့် လက်မှတ်ရေးထိုး ထားသောစာချုပ်၊ သက်သေခံအမှတ်(ပ) တွင်မူလရုံးအမှတ်(၁) တရားပြိုင် ဦးသိန်းဇော်ပေးရန်ရှိသော ကြွေးမြီများ၏ ထက်ဝက်

အတွက်သာ အာမခံပါသည်ဟူ၍ ဖော်ပြထားခြင်း မရှိကြောင်း၊ ယင်းကဲ့သို့ ဆန့်ကျင်ဘက် သဘောတူညီမှုမရှိသဖြင့် မူလရုံး အမှတ် (၁) တရားပြိုင်နှင့် အမှတ်(၂) တရားပြိုင်တို့သည် မူလရုံး တရားလိုအား ပေးဆပ် ရန်ရှိသောငွေများအတွက် ထပ်တူ ထပ်မျှ တာဝန်ရှိကြောင်း၊ အာမခံသူဒေါ်ကြည်ကြည်သည်အာမခံ စာချုပ်အတိုင်း ဦးသိန်းဇော်နှင့် ထပ်တူထပ်မျှ တာဝန်ရှိသည်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၂၈ပြဋ္ဌာန်းချက်အရထင်ရှားကြောင်း၊ သို့ပါလျက်တရားရုံးချုပ်ကမူလရုံးတရားလိုအားပေးဆပ်ရ မည့်ငွေများကို အမှတ်(၁) တရားပြိုင်ဦးသိန်းဇော်နှင့် အမှတ်(၂) တရားပြိုင် ဒေါ်ကြည်ကြည်တို့က ထက်ဝက်စီ ပေးဆပ်စေရန် စီရင်ချက်နှင့်ဒီကရီချမှတ်ခြင်းသည်ဥပဒေနှင့်ညီညွတ်ခြင်းမရှိ ကြောင်းလျှောက်လဲသည်။

အမှတ်(၁) အယူခံတရားပြိုင်မှာရုံးရှေ့သို့လာရောက်ခြင်း မရှိချေ။

အမှတ်(၂)အယူခံတရားပြိုင်၏ရှေ့နေကအမှတ်(၂) တရားပြိုင်ဒေါ်ကြည်ကြည်အနေဖြင့်တရားလိုသမဝါယမအသင်း လီမိတက်မှကုန်ဖိုးငွေတစ်ပြားတစ်ချပ်မျှရယူခဲ့ခြင်းမရှိသည့်ပြင် စာချုပ်များတွင်အမှတ်(၂)တရားပြိုင်ဒေါ်ကြည်ကြည်ကပဋိညာဉ် ပြုသူအဖြစ်လည်းကောင်း၊ အသိသက်သေအဖြစ်လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းလုံးဝမရှိကြောင်း၊ မူလရုံးတရားလို သမဝါယမ အသင်းလီမိတက်နှင့် ဦးသိန်းဇော်တို့နှစ်ဦး နှစ်ဖက် ဆောင်ရွက်ခဲ့သည့် အချင်းဖြစ်ကိစ္စကိုလည်း ဒေါ်ကြည်ကြည် မသိရှိကြောင်း၊ယခုစွဲဆိုသည့်အမှုမှာအာမခံတင်သွင်းထားသည့် မြေနှင့်အိမ်အား ပဋိညာဉ် အတိုင်း လွှဲပြောင်းပေးစေလိုမှုဖြင့် ဒေါ်ကြည်ကြည် အပေါ် စွဲဆိုခဲ့ခြင်းမဟုတ်ဘဲ မတ်ပဲကုန်ပစ္စည်း ဖိုးငွေနှင့် နောက်ကျကြေးငွေပေးဆပ်ရန် စွဲဆိုထားခြင်းဖြစ် ကြောင်း၊ ဦးသိန်းဇော်သည် ရန်ကုန်မြို့၌ မိမိမိသားစုနှင့် သီးခြား စီးပွားလုပ်ကိုင်နေထိုင်သူဖြစ်ပြီးမန္တလေးမြို့နေမိခင်ဒေါ်ကြည်ကြည် နှင့် စီးပွားဘက်အတူနေထိုင်လုပ်ကိုင်သူမဟုတ်ကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၂၈ အရ အာမခံသူဒေါ်ကြည်ကြည် သည် ဦးသိန်းဇော်ပြန်လည်ပေးဆပ်ရန်တာဝန်ရှိသောငွေအပေါ် တွင် ရင်းတစ်ဦးတည်းသာတာဝန်ရှိကြောင်းပေါ်ပေါက်မှုမရှိ

၂၀၀၄
ကြယ်ငါးပွင့်
ဝန်ဆောင်မှု
နှင့်အထွေထွေ
ရောင်းဝယ်ရေး
သမဝါယမ
အသင်း
လီမိတက်
နှင့်
ဦးသိန်းဇော်
ပါ-၂

သည်မှာမြင်သာကြောင်း၊သို့ဖြစ်ရာတရားရုံးချုပ်ကဦးသိန်းဇော် ပြန်လည်ပေးဆပ်ရန်တာဝန်ရှိသောငွေကျပ် ၂၉၀၆၈၁၈၇/၅၀ပြား တို့ ဦးသိန်းဇော်နှင့် မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်တို့ အတူတကွ ပေးဆပ်စေမည့်အစားသီးခြားစီတာဝန်သတ်မှတ်ခြင်းကပိုမို သင့်လျော်မှုတမည်ဖြစ်ကြောင်းသုံးသပ်ထားခြင်းမှာလျော်ကန် သင့်မြတ်မှုနှင့်ကန်မှုတမှုရှိကြောင်း လျှောက်လဲသည်။

မူလရုံးတရားလို ကြယ်ငါးပွင့်ဝန်ဆောင်မှုသမဝါယမ အသင်းလီမိတက်နှင့် အမှတ်(၁) တရားပြိုင်ဦးသိန်းဇော် တို့ ချုပ်ဆိုသော ၂၇-၆-၂၀၀၁ ရက်စွဲပါစာချုပ်အရ အမှတ်(၁) တရားပြိုင်ဦးသိန်းဇော်ကတရားလိုသမဝါယမအသင်း လီမိတက်သို့ မတ်ပဲပထမတန်းစားတစ်တန်လျှင် ရေယာဉ်ပေါ် အရောက် ငွေကျပ် ၂၁၈၀၉၁ နှုန်းဖြင့် စုစုပေါင်း မတ်ထရစ် တန် ၁၈ တန်ပေးသွင်းပါမည်ဟု ကတိပြုခဲ့သည်။ ယင်းသို့ ကတိပြုပြီးနောက်အမှတ်(၁)တရားပြိုင်ကတရားလိုသမဝါယမ အသင်းလီမိတက်ထံမှ စုစုပေါင်းငွေကျပ် ၃၉၂၅၆၂၅ကို လက်ခံရယူခဲ့သည်။ ၂၈-၆-၂၀၀၁ ရက်နေ့တွင်မတ်ထရစ် တစ်တန်လျှင် ကျပ်၁၈၀၀၀၀နှုန်းဖြင့်မတ်ပဲ၁၂၅တန်ကို ကျသင့်ငွေကျပ်၂၂၅သိန်းဖြင့်ရောင်းချရန်သဘောတူပြီး ယင်းငွေကိုရယူလျက် ၂၈-၆-၂၀၀၁ရက်စွဲပါအရောင်းအဝယ် သဘောတူစာချုပ် ၊သက်သေခံအမှတ်(င)ကိုအမှတ်(၁) တရားပြိုင် ဦးသိန်းဇော်ကလက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် ကုန်ဝယ်ပြေစာ၊သက်သေခံအမှတ်(ယ)နှင့်သက် သေခံအမှတ်(စ)တို့အရအမှတ်(၁)တရားပြိုင်ဦးသိန်းဇော် ကကုန်ပစ္စည်းများလျော့နည်းပျောက်ပျက်မှုနှင့်အခြားဆုံးရှုံးမှု မဖြစ်အောင်တာဝန်ယူထိန်းသိမ်းကြောင်းဝန်ခံကတိပြု လက်မှတ်ရေးထိုးထားသည်။ကုန်ပစ္စည်းယုံကြည်အပ်နှံမှု ကတိစာချုပ်၊သက်သေခံအမှတ် (စ) အရလည်း အမှတ်(၁) တရားပြိုင်ဦးသိန်းဇော်ကတရားလိုသမဝါယမအသင်း လီမိတက်ထံမှမတ်ပဲ၁၄၃တန်အတွက်ငွေများလက်ခံရရှိပြီး ဖြစ်ကြောင်းလက်မှတ်ရေးထိုးခဲ့သည်။

ရှေ့ဝတီတိုင်း သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဦးသိန်းရွှေ လက်ထောက်ညွှန်ကြား ရေးမှူး ဦးတင်အေး၊

၂၀၀၄
ကြယ်ငါးပွင့်
ဝန်ဆောင်မှု
နှင့်အထွေထွေ
ရောင်းဝယ်ရေး
သမဝါယမ
အသင်း
လီမိတက်
နှင့်
ဦးသိန်းဇော်
ပါ-၂

ဦးစီးအရာရှိဦးစိန်ဝင်းတို့၏ထွက်ချက်အရအမှတ်(၁
တရားပြိုင်ဦးသိန်းဇော်သည် မတ်ပဲများ ဂိုဒေါင်တွင် သိုလှော
ကာသမဝါယမသို့ပို့ကုန်သွင်းကုန်လုပ်ငန်းများအတွက်ပေးသွင်
ရမည်ဖြစ်သော်လည်းပေးသွင်းခြင်းမပြုဘဲ ပျက်ကွက်ကြောင်
ပေါ်ပေါက်သည်။ အမှတ်(၁) တရားပြိုင်ဦးသိန်းဇော်က ကုန်ပ
ငွေများ အပြည့်အဝရရှိခြင်းမရှိကြောင်းတရားလိုသမဝါယ
အသင်းလီမိတက်အနေဖြင့်တရားပြိုင်အားအမျိုးမျိုးခြိမ်းခြော
ပြောဆိုသဖြင့်ဝန်ခံကတိစာချုပ်များလက်မှတ်ရေးထိုးပေးရကြော
ငြင်းဆိုသော်လည်းအထောက်အထားအခိုင်အမာတင်ပြနိုင်ခြ
မရှိပေ။

အဆိုပါစာချုပ်များတွင်၁၅-၇-၂၀၀၁ရက်နေ့ထက်နောင
မကျစေဘဲရေယာဉ်ပေါ်တင်ခြင်း၊ရောင်းချခြင်းများပြုလုပ်ရ
အတွက်ရောင်းသူကကုန်ပစ္စည်းပြသစစ်ဆေးခံခြင်း၊အရ
အသွေးပြည့်၊အရေအတွက်ပြည့်ဝစွာ အပ်နှံခြင်းမပြုလုပ်နိုင
ကကုန်ပစ္စည်းတန်ဖိုးငွေအပေါ် ၁၀ ရာခိုင်နှုန်းထပ်ဆောင်း
ကျသင့်ငွေကို ရောင်းသူဦးသိန်းဇော်က ဝယ်သူ တရား
သမဝါယမအသင်းလီမိတက်သို့ချက်ချင်းပြန်လည်ပေးအပ်
စည်းကမ်းချက်သတ်မှတ်ထားသည်။

သို့ရာတွင်တရားပြိုင်ဦးသိန်းဇော်သည်သတ်မှတ်ရက်အတွ
ကုန်ပစ္စည်းများကိုအချိန်မီမပေးသွင်းနိုင်သဖြင့်မူလရယူထ
သောငွေနှင့်ဒဏ်ကြေးငွေစုစုပေါင်းငွေကျပ်၂၉၀၆၈၁၈၇/၅၀ပြ
ကိုပေးလျော်ရန်တာဝန်ရှိသည်ယင်းသို့တာဝန်ရှိသည့်အလျော
၂၃-၈-၂၀၀၁ရက်စွဲပါစာ၊သက်သေခံ (၄) အရ အမှတ်(
တရားပြိုင်ဦးသိန်းဇော်ကပေးရန်ရှိသောမတ်ပဲများအတွက်ဎ
၏မိခင်အမှတ်(၂)တရားပြိုင်ဒေါ်ကြည်ကြည်ပိုင် တစ်ထပ်တို
နှင့်မြေကိုအာမခံပစ္စည်းအဖြစ်ထားရှိ၍ပိုင်ဆိုင်မှုအထော
အထားများလွှဲပြောင်းပေးရန် အဆိုပြုတင်ပြခဲ့သည်။အမှတ်(
တရားပြိုင် ဒေါ်ကြည်ကြည် ကိုယ်တိုင်ကလည်း ၂၉-၈-၂၀
ရက်စွဲပါ သဘောတူစာချုပ် ၊သက်သေခံအမှတ်(၁)
အောက်ပါ အတိုင်း တာဝန်ခံချုပ်ဆိုခဲ့သည် -

"ဦးသိန်းဇော်ကပေးရန်ရှိသောမတ်ပဲများအ
တစ်လအတွင်းအပြည့်အဝပေးဆပ်နိုင်ခြင်းမရှိပါ

လွှဲပြောင်းပေးထားသည့် မြေနှင့်အဆောက်အအုံ ပေါ်တွင် နေထိုင်သူ အားလုံးတို့ကို ဖယ်ရှားစေပြီးကြယ်ငါးပွင့် သမဝါယမအသင်းက လိုအပ်သလို သုံးစွဲခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ထုခွဲရောင်းချခြင်း စသည့်အထွေထွေစီမံခန့်ခွဲ ဆောင်ရွက်ခြင်းတို့ကိုသဘောတူညီပါသည်"

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၂၆ တွင် တတိယလူကဆောင် ရွက်ရန်ရှိသည်ဖြစ်စေ၊ ပေးဆပ်ရန်ရှိသည်ဖြစ်စေမဆောင်ရွက် လျှင်၊သို့မဟုတ်မပေးဆပ်လျှင်ဆောင်ရွက်ပါမည်၊ပေးဆပ်ပါ မည်ဆိုသောပဋိညာဉ်သည်အာမခံပဋိညာဉ်ဖြစ်ကြောင်း၊အာမခံ ပေးသူကိုအာမခံသူဟုလည်းကောင်း၊ပျက်ကွက်မှုအတွက်အာမခံ ပေးထားရသူကိုမူလမြီစားဟုလည်းကောင်း၊အာမခံရရှိသူကို မြီရှင်ဟုလည်းကောင်းခေါ်ဆိုကြောင်း၊ အာမခံခြင်းကို နှုတ်ဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေပြုလုပ်နိုင်ကြောင်းပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရ ဒေါ်ကြည်ကြည်သည်အာမခံသူ ဖြစ်သည်။ အမှတ်(၁) တရားပြိုင်ဦးသိန်းဇော်သည် မြီစားဖြစ်ပြီး ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့်အထွေထွေရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်သည် မြီရှင်ဖြစ်သည်။

အမှတ်(၂)တရားပြိုင်ဒေါ်ကြည်ကြည်သည်အမှတ်(၁) တရားပြိုင်ဦးသိန်းဇော်က တရားလိုသမဝါယမ အသင်းလီမိတက် သို့ ပေးရန်ရှိသည်များကို မပေးဆပ်ဘဲ ပျက်ကွက်လျှင် ၎င်းက ဆောင်ရွက်ပါမည်ဟု ပဋိညာဉ်ပြုခဲ့သည့်အတွက်ဒေါ်ကြည်ကြည် သည်အာမခံသူဖြစ်ကြောင်းပေါ်ပေါက်သည်။

ပဋိညာဉ်အက်ဥပဒေ၁၂၈တွင်အောက်ပါအတိုင်းပြဋ္ဌာန်း ထားသည် -

"ပုဒ်မ - ၁၂၈။ ပဋိညာဉ်တွင် အခြားနည်း ပြဋ္ဌာန်းထား ခြင်းမရှိလျှင် အာမခံသူသည်မူလမြီစားနှင့် ထပ်တူထပ်မျှတာဝန်ရှိသည်။"

သို့ဖြစ်၍အာမခံသူ ဒေါ်ကြည်ကြည်၏ တာဝန်အတိုင်း အတာသည် မူလမြီစားဖြစ်သူ အမှတ်(၁) တရားပြိုင်ဦးသိန်းဇော် ၏ တာဝန်အတိုင်းအတာနှင့်ထပ်တူထပ်မျှဖြစ်သည်။ မြီရှင်ဖြစ်သူ တရားလိုသမဝါယမအသင်းလီမိတက်အနေဖြင့် မူလအာမခံသူ အပေါ် အာမခံသည့်အတိုင်းအတာအထိတောင်းဆိုခွင့်ရှိသည်။

၂၀၀၄
ကြယ်ငါးပွင့်
ဝန်ဆောင်မှု
နှင့်အထွေထွေ
ရောင်းဝယ်ရေး
သမဝါယမ
အသင်း
လီမိတက်
နှင့်
ဦးသိန်းဇော်
ပါ-၂

အမှတ်(၁)တရားပြိုင်ဦးသိန်းဇော်၏ပျက်ကွက်မှုအပေါ် ဒေါ်ကြည်ကြည်ကလုံးလုံးလျားလျားတာဝန်ယူထားသည့်အလျောက် ဦးသိန်းဇော်၏ပျက်ကွက်မှု အတွက် ဒေါ်ကြည်ကြည် သည်ပေးလျော်ရန်တာဝန်ရှိသည်။

သို့ပါလျက် တရားရုံးချုပ်က ကြယ်ငါးပွင့်ဝန်ဆောင်မှုနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်သို့ ပေးဆပ်ရမည့်ငွေများကို ဦးသိန်းဇော်နှင့် ဒေါ်ကြည်ကြည်တို့က ထက်ဝက်စီပေးဆပ်စေရန် ချမှတ်သည့်စီရင်ချက်နှင့်ဒီကရီသည် မှန်ကန်မှုတသည်ဟုဆိုနိုင်မည်မဟုတ်ချေ။

ထို့ကြောင့်ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

"ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၂၈တွင်ပဋိညာဉ်၌ အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင်အာမခံသူသည် မူလမြီစားနှင့်ထပ်တူထပ်မျှတာဝန်ရှိသည်ဟုပြဋ္ဌာန်းချက် ရှိပါလျက်တရားရုံးချုပ်၏စီရင်ချက်တွင်ပေးဆပ်ရမည့် ငွေကျပ် ၂၉၀၆၈,၁၈၇/၅၀ပြားကိုဦးသိန်းဇော်နှင့် ဒေါ်ကြည်ကြည်တို့ကထက်ဝက်စီပေးဆပ်စေရန်ချမှတ် ထားသည့်အမိန့်သည် ဥပဒေအရမှန်ကန်ခြင်းမရှိကြောင်း"

ဤတရားမ အထူးအယူခံမှုကို ခွင့်ပြုပြီးတရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကာတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွပြန်လည် အတည်ပြုလိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀/ သတ်မှတ်သည်။

+ ၂၀၀၄
ဒွန်လ
၂၉ ရက်

## တရားမပြင်ဆင်မှု

## တရားရုံးချုပ်၊တရားသူကြီးဦးခင်မြင့်၏ရှေ့တွင်

## ဒေါ်ခင်ခင်အေး ပါ ၃
## နှင့်
## ဦးခင်မောင်ရိုး ပါ ၂*

**အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခြင်း၊တရားလို၏အဆိုလွှာကိုတရားပြိုင်၃ ဦးကဝန်ခံပြီးကျန်တရားပြိုင်၁ ဦးကသာခုခံချေပသည်။ထိုခုခံချေပသူတရားပြိုင်ကိုစစ်ဆေးရာတွင်ဝန်ခံသူတရားပြိုင်များကထိုသူအားပြန်လှန်စစ်ဆေးခွင့်ရှိ၊မရှိဆန့်ကျင်ဘက်အမှုသည်၏အဓိပ္ပာယ်။**

**ဆုံးဖြတ်ချက်။** ။ဒေါ်မေဘမောင်ကတရားလိုပြုလုပ်၍ ကွယ်လွန်သူမိဘများ ဖြစ်ကြသည့် ဦးဘမောင်နှင့် ဒေါ်နှင်းရီတို့ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီ၊ဦးညက်ရီ၊ ဦးခင်မောင်ရိုးတို့အပေါ်အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုမှုတွင်အမှတ်(၄)တရားပြိုင်ဦးခင်မောင်ရိုးတစ်ဦးတည်းကသာခုခံချေပခဲ့သည်။ကျန်တရားပြိုင်အမှတ် (၁) (၂) (၃)များဖြစ်ကြသောဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီ၊ ဦးညက်ရီ တို့က ဝန်ခံ ချေပလွှာတင်သွင်းခြင်းကြောင့် အမှတ်(၄)တရားပြိုင် ဦးခင်မောင်ရိုး၏အကျိုးနှင့် (Adverse) ဆန့်ကျင်ပြီးတရားလိုဒေါ်မေဘမောင်၏အဆိုပြုချက်ကိုထောက်ခံထားကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အမှတ် (၁) (၂) (၃)တရားပြိုင်များဖြစ်ကြသောဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီ နှင့် ဦးညက်ရီတို့သည်အမှုတွင်အမှတ်(၄)

* ၂၀၀၄ခုနှစ် ၊ တရားမပြင်ဆင်မှု အမှတ် ၁၀၀

\+ ၁၉၉၉ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၂၉၀တွင်ချမှတ်ထားသော ၂၂-၁၂-၂၀၀၃ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပြောက်ထားမှု

တရားပြိုင် ဦးခင်မောင်ရိုး၏အကျိုးနှင့်ဆန့်ကျင်သူများဖြစ်ကြသည်ဟုကောက်ယူရမည်ဖြစ်သည်။ထို့ကြောင့် Adverse party ဆိုသည်မှာတရားလိုနှင့်တရားပြိုင်တို့ကိုသာရည်ညွှန်းခြင်းမဟုတ်ဘဲတရားပြိုင်အချင်းချင်းတစ်ဦး၏အကျိုးကိုတစ်ဦးကဆန့်ကျင်ဆောင်ရွက်လာလျှင်တရားပြိုင်အချင်းချင်းသည်လည်း Adverse party အဖြစ် အဓိပ္ပာယ်သက်ရောက် သည်ဟုမှတ်ယူရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပူးတွဲတရားပြိုင်၊ သို့မဟုတ် ပူးတွဲလျှောက်ထားခံရသူ၏သက်သေခံချက်သည်တရားပြိုင် သို့မဟုတ်လျှောက်ထားခံရသူအားဆန့်ကျင်လာသည့်အခါမှသာလျှင်ထိုတရားပြိုင်ကို၊သို့မဟုတ်လျှောက်ထားခံရသူကိုပြန်လှန်စစ်မေးခွင့်ရှိကြောင်းပေါ်ပေါက်သည်။

| | |
|---|---|
| အယူခံတရားလိုများအတွက် | -ဦးအေးမောင် (တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်များအတွက် | -(၁) ဦးအုံးမောင် (တရားရုံးချုပ်ရှေ့နေ) |
| | (၂) ဦးကျော်မြင့် (တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်းတရားရုံး ၁၉၉၉ ခုနှစ် တရားမကြီးမှု အမှတ် ၂၉၀တွင်ဒေါ်မေဘမောင်ကဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီ၊ ဦးညဏ်ရီနှင့် ဦးခင်မောင်ရိုးတို့အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုစွဲဆိုသည်။ ဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီနှင့် ဦးညဏ်ရီတို့ကဝန်ခံချေလွှာတင်သည်။ ဦးခင်မောင်ရိုးကအမှုကိုခုခံသည်။ ဦးခင်မောင်ရိုး(တရားပြိုင်-၄)အားအဓိကစစ်ဆေးပြီးနောက်တရားပြိုင်အမှတ်(၁) မှ (၃) တို့ဖြစ်ကြသောဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီနှင့် ဦးညဏ်ရီတို့က တရားပြိုင်အမှတ်(၄) ဦးခင်မောင်ရိုးအား ပြန်လှန် စစ်မေးခွင့်

၂၀၀၄
ဒေါ်ခင်ခင်အေး
ပါ ၃
နှင့်
ဦးခင်မောင်ရိုး
ပါ၂

ပြုရန်လျှောက်ထားရာတိုင်းတရားရုံးကခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။ထိုအမိန့်အပေါ် ကျေနပ်ခြင်းမရှိ၍ဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီ၊ ဦးညက်ရီတို့ကဤပြင်ဆင်မှုကိုတင်သွင်းလာခြင်းဖြစ်သည်။

တိုင်းတရားရုံးကတရားလိုကတရားပြိုင်အမှတ်(၄) ဦးခင်မောင်ရိုးသည် သွာနုတ္တသားသမီးတစ်ဦးဖြစ်ကြောင်း ဖော်ပြ၍ ကွယ်လွန်သူမိဘများ ကျန်ရစ်သည့်အမွေပုံ ပစ္စည်းကို စီစဉ်ခန့်ခွဲပေးရန်တရားပြိုင်များအပေါ် တရားစွဲဆိုခြင်းဖြစ်ကြောင်း၊တရားပြိုင်(၁)မှ(၃)အထိတို့ကတရားလိုစွဲဆိုသည့် အတိုင်းဒီကရီချမှတ်ပေးရန်ဝန်ခံချေလွှာတင်သွင်းခဲ့သောကြောင့် ၎င်းတို့သည်တရားလိုနှင့်ပူးပေါင်းခဲ့သူများဖြစ်ကြကြောင်း၊ တရားလိုသည်၎င်းအဆိုပြုသည့်အတိုင်းတရားပြိုင်(၄)ဖြစ်သူဦးခင်မောင်ရိုးသည်သွာနုတ္တသားဖြစ်ကြောင်းသက်သေပြရန် တာဝန် ရှိမည်ဖြစ်ကြောင်း၊ တရားပြိုင် (၁) မှ (၃)အထိတို့တွင်တာဝန်မရှိကြောင်း၊တရားလိုစွဲဆိုချက်အပေါ်ဝန်ခံချေလွှာတင်သွင်းပြီးနှုတ်ပိတ်၍တရားလိုနှင့် ပူးပေါင်း ခဲ့သူ တရားပြိုင် (၁)မှ(၃)အထိတို့သည်တရားပြိုင်များအဖြစ်အစစ်ခံခွင့်ရခဲ့သူများလည်းမဟုတ်ကြောင်း၊ ၎င်းတို့သည်တရားပြိုင်(၄)၏ ဆန့်ကျင်ဘက်အမှုသည်ဖြစ်သည်ဟုမဆိုနိုင်သဖြင့်တရားပြိုင်(၄)အား၎င်းတို့ကပြန်လှန်စစ်မေးခွင့်ပြုရန်အကြောင်းမရှိကြောင်းသုံးသပ်ခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူများ အကျိုးဆောင်က တရားရုံး များတွင် တရားလိုဘက်နှင့် တရားပြိုင်ဘက်ဟူ၍ နှစ်ဖက် ရှိရာ ၎င်းတို့ကို (Opposite parties) ဟုခေါ်ဝေါ်ကြောင်း၊လျှောက်ထားသူတို့သည်လျှောက်ထားခံရသူဦးခင်မောင်ရိုးနှင့်တရားပြိုင်ဘက်တစ်ဘက်တည်းတွင်(same side)ရှိကြ၍(Opposite parties) များမဟုတ်ကြသော်လည်း၎င်းတို့၏ အကျိုးစီးပွားများမှာ ဝိရောဓိဖြစ်လျက်ရှိကြောင်း၊အမှုတွင်ဆန့်ကျင်ဘက်အကျိုးစီးပွားရှိသူများဖြစ်ကြကြောင်း၊တစ်နည်းအားဖြင့်အမှုတွင်လျှောက်ထားသူတို့၏အနေအထားသည်ဦးခင်မောင်ရိုး၏အနေအထားနှင့် ဆန့်ကျင်ဘက်(Contrary or hostile) ဖြစ်ကြောင်း၊ ဤအခြေအနေတွင်လျှောက်ထားသူတို့သည် ဦးခင်မောင်ရိုး၏ (adverse

၂၀၀၄
ဒေါ်ခင်ခင်အေး
ပါ ၃
နှင့်
ဦးခင်မောင်ရိုး
ပါ၂

party ) ဖြစ်၍ သက်သေခံဥပဒေပုဒ်မ၁၃၈ အရ ဦးခင်မောင်ရိုးအား ပြန်လှန်စစ်မေးခွင့်ရှိကြောင်း၊ ဤအမှုတွင်လျှောက်ထားသူတို့၏ထုချေချက်သည်ပူးတွဲတရားပြိုင်ဦးခင်မောင်ရိုးနှင့်ထပ်တူထပ်မျှမတူညီသည့်ပြင်ဆန့်ကျင်ဘက်ဖြစ်ကြောင်း၊ဦးခင်မောင်ရိုး၏သက်သေခံချက်သည် လျှောက်ထားသူတို့၏ အကျိုးစီးပွားနှင့်ဆန့်ကျင်သည် ဖြစ်၍ ဦးခင်မောင်ရိုးကို လျှောက်ထားသူများက ပြန်လှန် စစ်မေးခွင့်ရှိကြောင်း၊ ဦးခင်မောင်ရိုးသည် သွာနုတ္တသား ဖြစ်ခဲ့လျှင် လျှောက်ထားခံရသူများက အမွေကို ရခွင့်ရှိသည်ဖြစ်ရာ ထိုကိစ္စမှာ လျှောက်ထားသူများနှင့် အကျိုးသက်ဆိုင်ကြောင်းယုံမှားဖွယ်မရှိကြောင်း၊ လက်တွေ့တွင်မူတရားလိုနှင့်လျှောက်ထားသူများသည်တစ်လေ့တည်းစီးသူများဖြစ်ရာဦးခင်မောင်ရိုးသွာနုတ္တသားဖြစ်သည့်ကိစ္စတွင် လျှောက်ထားသူ အကျိုးသက်ဆိုင်ခွင့် (interest) ရှိနေသည်ကို တိုင်းတရားရုံးက ဆင်ခြင်ရန်ပျက်ကွက်ကြောင်း၊ ပညာရှင်မူလာ၏တရားမကျင့်ထုံးဥပဒေကျမ်း(၁၆-ကြိမ်မြောက်ထုတ်) (၂၀၀၂-ခုနှစ်ထုတ်) အတွဲ-၂ စာမျက်နှာ ၂၃၁၂ တွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်း ၂ ကို ငြိကာချဲ့ရာ၌ A.I.R 1953 Punj 102, 29 Cul. 32, 32 Bom, 599 A.I.R 1964 Punj. 105 စီရင်ထုံးများကို ကိုးကားကာတရားလိုကိုထောက်ခံသောတရားပြိုင်များသည် သက်သေအဖြစ်အစစ်ခံခွင့် ရှိကြောင်းကို "Where there are several defendants and some of them support the plaintiff's case they are entitled to adduce evidence in their turn as a matter of right and the Court cannot shut it out." ဟု ပြဆိုထား ကြောင်း၊ သက်သေခံဥပဒေပုဒ်မ ၁၃၈ ပါ ပြဋ္ဌာန်းချက်များအရ ပြန်လှန်စစ်မေးခွင့်သည် သက်သေထင်ရှားပြရန် တာဝန်အပေါ်တွင်တည်မှီကြောင်းကိုပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ တိုင်းတရားရုံး၏အထက်ဖော်ပြပါအကြောင်းပြချက်များသည် သက်သေခံအက်ဥပဒေပါ Adverse Party ဟူသော စကားရပ်၏အဓိပ္ပာယ်နှင့်မညီညွတ်ကြောင်း၊ သို့ပါ၍သက်သေခံဥပဒေပုဒ်မ ၁၃၈ ပါ Adverse ဟူသောစကားရပ်သည် Oppositeဟူ၍ အဓိပ္ပာယ်မရဘဲဆန့်ကျင်ဘက်ဟုအဓိပ္ပာယ်ရရှိကြောင်းနှင့် ထွက်ဆို သောသူ၏ထွက်ချက်ကြောင့် ထိခိုက်သော ဆန့်ကျင်ဘက်အမှုသည်သည်ထိုထွက်ဆိုသူအား ပြန်လှန်စစ်မေးခွင့်ရှိသည်ဟု

၂၀၀၄
ဒေါ်ခင်ခင်အေး
ပါ ၃
နှင့်
ဦးခင်မောင်ရှိုး
ပါ၂

အစီရင်ခံမှားယွင်းသည်ဆိုကြောင်း၊ ထို့ကြောင့် ဦးခင်မောင်ရှိုးအားပြန်လှန်စစ်မေးခွင့်ပြုသည့်အမိန့်ချမှတ်ပေးရန်တင်ပြသည်။

လျှောက်ထားခံရသူ အမှတ်(၁) အကျိုးဆောင်က မူလရုံးတရားလို၏ အဆိုလွှာကို ဖြောင့်ဆိုထားသော တရားပြိုင်(၃)ဦးသည်(၄)တရားပြိုင်၏အကျိုးနှင့်ဆန့်ကျင်သူများဖြစ်ကြကြောင်း ၊ ထိုတရားပြိုင်များအား(၄) တရားပြိုင်က အပြန်အလှန်မေးမြန်းခွင့်လုံးဝမရရှိခဲ့ကြောင်း၊ထိုတရားပြိုင်များက(၄)တရားပြိုင်ကို ပြန်လှန်မေးခွန်းမေးမြန်းခွင့်ပြုမည်ဆိုလျှင် တရားမျှတမှု ရှိမည်မဟုတ်ကြောင်း၊ မူလရုံးတရားသူကြီး ၏ စီရင်ချက်နှင့်အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ပါ ပြဋ္ဌာန်းချက် ၃ ခုအနက်တစ်ခုခုနှင့်ငြိစွန်းခြင်းမရှိသည်မှာမြင်သာကြောင်းသို့ဖြစ်ပါ၍မူလရုံးအမိန့်တို့ကိုအတည်ပြု၍ ပြင်ဆင်မှုကိုပလပ်ရန်တင်ပြသည်။

လျှောက်ထားခံရသူ အမှတ်(၂) အကျိုးဆောင်က တရားလိုနှင့် တရားပြိုင်များသည် Opposite parties ဆန့်ကျင်ဘက်အမှုသည်များဖြစ်ကြကြောင်း၊ ပြန်လှန် စစ်မေးခွင့်ကို တရားပြိုင်၏ဆန့်ကျင်ဘက်ဖြစ်သော Adverse တရားလို ကသာရရှိသည်ဟုပုဒ်မသာ၁၃၈တွင်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ Adverse party ဆိုသည်မှာ အစစ်ခံသော အမှုသည်၏ အကျိုးနှင့်ဆန့်ကျင်သည့်အမှုသည် ဖြစ်ကြောင်း၊ အမှုတွင် တရားလိုနှင့်တရားပြိုင်များအနေအထားတွင်ရှိ၍Opposite parties ဖြစ်နေခြင်းသည်သက်သေခံအက်ဥပဒေပုဒ်မ၁၃၈ အရ Adverse parties များ၏ အနေအထားတွင်မရှိကြောင်း၊ အနှစ်သာရအားဖြင့် တရားလိုနှင့် အမှတ် (၁) မှ (၃) တရားပြိုင်တို့သည် တူသောအကျိုးခံစားခွင့် same interest ရှိသူများဖြစ်ကြောင်း၊ ဤအခြေအနေတွင်တရားလိုသည် ဦးခင်မောင်ရှိုး၏ Adverse party ဖြစ်သည့်နည်းတူ အမှတ် (၁) မှ (၃) တရားပြိုင်တို့သည် လည်းလက်တွေ့၌ဦးခင်မောင်ရှိုး၏ Adverse parties ဖြစ်ကြောင်း၊ Opposite party မဟုတ်စေကာမူသက်သေခံအက်ဥပဒေပုဒ်မ၁၃၈အရဦးခင်မောင်ရှိုးအားပြန်လှန်မေးခွင့်ရရှိသင့်ကြောင်း၊ဦးခင်မောင်ရှိုးသည် သွာနုစ္ဆုသားဖြစ်ခဲ့လျှင် အမှတ်(၁) မှ (၃) တရားပြိုင်တို့ကအမွေပိုမိုရခွင့်ရှိမည်ဖြစ်ရာထိုကိစ္စနှင့်စပ်လျဉ်း၍

၂၀၀၄
ဒေါ်ခင်ခင်အေး
ပါ ၃
နှင့်
ဦးခင်မောင်ရိုး
ပါ၂

ဦးခင်မောင်ရိုးအား ပြန်လှန်စစ်မေးခွင့်ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ စစ်ဆေးခွင့်မရှိဟုဆိုပါလျှင်တရားပြိုင်များ၏အခွင့်အရေးကို ပိတ်ပင်ရာရောက်လိမ့်မည်ဖြစ်ကြောင်းတင်ပြသည်။

တရားလိုဒေါ်မေဘမောင်ကရင်း၏အခွင့်ရ ကိုယ်စားလှယ် ဦးကိုကိုလေးမှတစ်ဆင့်ဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီ၊ ဦးညက်ရီနှင့် ဦးခင်မောင်ရိုးတို့အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ရာ မူလရုံး တရားပြိုင် အမှတ် (၁) (၂) (၃) များဖြစ်ကြသောဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီနှင့် ဦးညက်ရီတို့က ဒေါ်မေဘမောင် စွဲဆိုသည့်အတိုင်းဝန်ခံချေလွှာ တင်သွင်းခဲ့ပြီး မူလရုံးတရားပြိုင်အမှတ်(၄)ဦးခင်မောင်ရိုးကခုခံ ချေပခဲ့သည်။

ထို့ကြောင့် အမှုတွင် ဝန်ခံချေလွှာတင်သွင်းခဲ့သည့် မူလရုံးတရားပြိုင် အမှတ် (၁) (၂) (၃) တို့သည် တရားမ ကျင့်ထုံးဥပဒေအမိန့် ၁၈ နည်း ၂ အရ သက်သေခံခွင့် မရှိပေ။ ဦးထွန်းတင်နှင့် ဦးဌေးပါ-၂ အမှု[၁]တွင်ထိုမူသဘောကို လမ်းညွှန်ဆုံးဖြတ်ထားသည်။ သို့ဖြစ်၍လျှောက်ထားသူ ဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီနှင့် ဦးညက်ရီတို့သည် အမှုနှင့်စပ်လျဉ်း၍ သက်သေခံခွင့် မရှိကြောင်း အငြင်းမပွားပေ။ သို့ရာတွင် ယခုအငြင်းပွားသော ပြဿနာမှာ မူလရုံးတရားပြိုင် အမှတ်(၄) ဦးခင်မောင်ရိုးအား မူလရုံးတရားပြိုင်အမှတ် (၁) မှ (၃) တို့ဖြစ်ကြသော ဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီနှင့် ဦးညက်ရီတို့က ပြန်လှန်စစ်မေးခွင့်လျှောက်ထားခြင်းကိစ္စကို ခွင့်ပြုနိုင်ခြင်းရှိ၊မရှိဆိုသောကိစ္စဖြစ်သည်။ လျှောက်ထားသူ များဖြစ်ကြသည့် ဒေါ်ခင်ခင်အေးပါ-၃ ဦးတို့ကအမှတ်(၄) တရားပြိုင်ဦးခင်မောင်ရိုးအား ပြန်လှန်မေးခွင့်ရှိ၊ မရှိဆိုသော ပြဿနာသည်သက်သေခံဥပဒေပုဒ်မ၁၃၈နှင့်သက်ဆိုင်ကြောင်း တွေ့ရှိရသည်။

သက်သေခံဥပဒေပုဒ်မ ၁၃၈ တွင် "Witness shall be first examined-in-chief, then (if the adverse party so desires) cross examined, then (if the party calling him so desires) re-examined." ဟု ပြဋ္ဌာန်းထားသည်။

---

(၁) ၁၉၈၄ ခုနှစ်မြန်မာနိုင်ငံ တရားစီရင်ထုံး ၊ စာ-၂၇၂

၂၀၀၄
ဒေါ်ခင်ခင်အေး
ပါ ၃
နှင့်
ဦးခင်မောင်ရိုး
ပါ၂

ထိုပြဋ္ဌာန်းချက်အရဆိုပါမှုပြန်လှန်စစ်မေးခြင်းကိုအဓိကစစ်ဆေးပြီးနောက်ဆန့်ကျင်ဘက်အမှုသည်ကစစ်ဆေးလိုလျှင် ပြန်လှန်စစ်မေးရမည်ဟု ပြဋ္ဌာန်းထားသည်။

ဤနေရာတွင်ဆန့်ကျင်ဘက်အမှုသည်ဆိုသော စကားရပ်နှင့်စပ်လျဉ်း၍မည်ကဲ့သို့အဓိပ္ပာယ်ကောက်ယူသင့်ကြောင်း ရှေးဦးစွာ ဆင်ခြင်သုံးသပ်ရန်လိုပေသည်။

ဒေါ်မေဘမောင်ကတရားလိုပြုလုပ်၍ကွယ်လွန်သူမိဘများဖြစ်ကြသည့် ဦးဘမောင်နှင့် ဒေါ်နှင်းရီတို့ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီ၊ ဦးညာဏ်ရီ၊ ဦးခင်မောင်ရိုးတို့အပေါ်အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုမှုတွင် အမှတ်(၄) တရားပြိုင် ဦးခင်မောင်ရိုးတစ်ဦးတည်းကသာခုခံချေပခဲ့သည်။ ကျန်တရားပြိုင်အမှတ် (၁) (၂) (၃) များဖြစ်ကြသောဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီ၊ ဦးညာဏ်ရီတို့က ဝန်ခံချေပလွှာတင်သွင်းခြင်းကြောင့် အမှတ်(၄) တရားပြိုင် ဦးခင်မောင်ရိုး၏အကျိုးနှင့် (Adverse) ဆန့်ကျင်ပြီး တရားလိုဒေါ်မေဘမောင်၏အဆိုပြုချက်ကိုထောက်ခံထားကြောင်းတွေ့ရှိရသည်။ထို့ကြောင့် အမှတ်(၁) (၂) (၃) တရားပြိုင်များဖြစ်ကြသောဒေါ်ခင်ခင်အေး၊ ဒေါ်အေးအေးရီ နှင့် ဦးညာဏ်ရီတို့သည်အမှုတွင်အမှတ် (၄)တရားပြိုင် ဦးခင်မောင်ရိုး၏အကျိုးနှင့်ဆန့်ကျင်သူများဖြစ်ကြသည်ဟု ကောက်ယူရမည်ဖြစ်သည်။ ထို့ကြောင့် Adverse party ဆိုသည်မှာ တရားလိုနှင့်တရားပြိုင်တို့ကိုသာရည်ညွှန်းခြင်းမဟုတ်ဘဲတရားပြိုင် အချင်းချင်းတစ်ဦး၏အကျိုးကို တစ်ဦးကဆန့်ကျင်ဆောင်ရွက်လာလျှင် တရားပြိုင်အချင်းချင်းသည်လည်းAdverse partyအဖြစ် အဓိပ္ပာယ်သက်ရောက်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

M.MONIR ပြုစုသော PRINCIPLES AND DIGEST OF THE LAW OF EVIDENCE စာအုပ် စာမျက်နှာ၈၇၁တွင်သက်သေခံဥပဒေပုဒ်မ၁၃၇နှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြရာ၌ Piroja Ghadiali V. Pestonji Ghadiali (1946) 48 Bom. L.R. 36 အမှုကိုကိုးကားပြီး အောက်ပါအတိုင်းပြဆိုထားသည် -

၂၀၀၄
ဒေါ်ခင်ခင်အေး
ပါ ၃
နှင့်
ဦးခင်မောင်ရှိုး
ပါ၂

"Where the defences of a co-respondent or a co-defendant and the respondent or the defendant are identical, neither is entitled to cross-examine the other. It is only where the evidence of a co-defendant or a co-respondent is adverse to the defendant or the respondent that the defendant or respondent has the right to cross-examine."

ထို့ကြောင့် ပူးတွဲတရားပြိုင် သို့မဟုတ် ပူးတွဲ လျှောက်ထားခံရသူ၏သက်သေခံချက်သည်တရားပြိုင်သို့မဟုတ်လျှောက်ထားခံရသူအားဆန့်ကျင်လာသည့်အခါမှသာလျှင်ထိုတရားပြိုင်ကို သို့မဟုတ်လျှောက်ထားခံရသူကို ပြန်လှန်စစ်မေးခွင့်ရှိကြောင်း ပေါ်ပေါက်သည်။

အထက်ပါအကြောင်းများအရ လျှောက်ထားသူများ၏ ထုချေချက်များသည် ပူးတွဲတရားပြိုင်ဦးခင်မောင်ရှိုးနှင့်ထပ်တူထပ်မျှမတူညီသည့်အပြင်ဆန့်ကျင်ဘက်ဖြစ်ကြောင်း၊ တရားပြိုင်ဦးခင်မောင်ရှိုး၏ သက်သေခံချက်သည် လျှောက်ထားသူတို့၏ အကျိုးသက်ဆိုင်ခွင့်နှင့်ဆန့်ကျင်သော အခြေအနေတွင် ဦးခင်မောင်ရှိုးအား လျှောက်ထားသူများက ပြန်လှန်စစ်မေးခွင့် ပြုရန်လျှောက်ထားခြင်းအပေါ် ခွင့်မပြုကြောင်းချမှတ်သည့် အမိန့်သည်တရားမျှတမှုမရှိသည့်အပြင်စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာ၌ ဥပဒေနှင့်အညီ ဖြစ်သည်ဟုဆိုနိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ ဤပြင်ဆင်မှုကိုခွင့်ပြုပြီးတိုင်းတရားရုံး၏ အမိန့်ကိုစရိတ်နှင့်တကွပယ်ဖျက်လိုက်သည်။လျှောက်ထားသူများက အမှတ် (၄) တရားပြိုင်ဦးခင်မောင်ရှိုးအားပြန်လှန်စစ်မေးခြင်းကိုတိုင်းတရားရုံးကခွင့်ပြု၍ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးသွားရန်ညွှန်ကြားလိုက်သည်။

ရှေ့နေခ ကျပ် ၁၅၀/- သတ်မှတ်သည်။

+ ၂၀၀၄
အောက်တိုဘာ
၂၉ ရက်

တရားမအထူးအယူခံမှု
တရားရုံးချုပ်၊ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေးနှင့်
ဦးချစ်လွင်တို့၏ရှေ့တွင်

ဒေါ်တင်မော် ပါ ၂
နှင့်
ဦးမြင့်သိန်း ပါ ၂ *

**တိုက်ခန်းလက်ရောက်ရလိုမှုစွဲဆိုခြင်း၊ ပစ္စည်း လွှဲပြောင်းပေးရန် အခွင့်အရေးမရှိသူက လွှဲပြောင်းပေးခြင်းသည် တရားဝင် အတည်မဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** "Nemo dat quod non habet" ဥပဒေဆိုရိုး အရ မည်သူမျှ မိမိတွင်မရှိသော အခွင့်အရေး ကို သူတစ်ပါးအား မအပ်နှင်းနိုင်ပေ။ထို့ကြောင့်ပစ္စည်းလွှဲပြောင်းပေးရန်အခွင့် အရေးမရှိသူကလွှဲပြောင်းပေးခြင်းသည် တရားဝင်အတည်မဖြစ် ချေ။ ဦးတင်ထွန်းဝင်းသည် အချင်း ဖြစ်ဥပစာနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲနိုင်သည့် အခွင့်အရေးတစ်စုံ တစ်ရာ ရှိသူမဟုတ်သဖြင့် အယူခံတရားပြိုင်တို့သည်၎င်းထံမှအချင်းဖြစ်ဥပစာကိုလွှဲပြောင်း ရယူခြင်းသည်ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်ပြင်၎င်းတို့ အနေ ဖြင့်တရားဝင်လက်ရှိထားပိုင်ခွင့်လည်းရှိမည်မဟုတ်ပေ။ အယူခံ တရားပြိုင်များအနေဖြင့် ရောင်းသူဦးတင်ထွန်းဝင်းအပေါ် တွင်သာ မိမိတို့ နစ်နာမှုအတွက် ထိုက်သင့်သောသက်သာခွင့် တောင်းဆိုရန်သာရှိပေသည်။ အထက်ပါအကြောင်းများကြောင့် အယူခံတရားလိုများသည် အချင်းဖြစ်ဥပစာကို လက်ရောက်

---

* ၂၀၀၄ ခုနှစ်၊ တရားမ အထူးအယူခံမှု အမှတ် ၃၅
+ ၂၀၀၃ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၂၄တွင် ချမှတ်ထားသော ၂၄-၆-၂၀၀၃ ရက်စွဲပါ တရားရုံးချုပ် ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၂၀၀၄
ဒေါ်တင်မော်ပါ ၂
နှင့်
ဦးမြင့်သိန်း ပါ ၂

ရထိုက်ခွင့်ရှိသည်မှာ မြင်သာသည်။

အယူခံတရားလိုများအတွက် - ဒေါ်ခင်ငြိမ်းဌေး၊
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်များအတွက် - ဦးကျော်ထွန်း၊
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၄၄ တွင် အယူခံတရားလို ဒေါ်တင်မော်နှင့် ဒေါ်သန်းသန်းဝင်းတို့က အယူခံတရားပြိုင် ဦးမြင့်သိန်း၊ ဒေါ်ဆွေဆွေမြင့်တို့အပေါ် တရားလိုများ ပိုင်ဆိုင်သော တိုက်ခန်းအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်သော တရားပြိုင်များအား ဖယ်ရှားထွက်ခွာပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီရရှိသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုဦးမြင့်သိန်း၊ ဒေါ်ဆွေဆွေမြင့်တို့က ကျေနပ်မှုမရှိ၍ တရားရုံးချုပ်တွင် ၂၀၀၃ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁၃၆ အရ အယူခံဝင်ရောက်ရာ တရားရုံးချုပ်ကတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားလိုများ စွဲဆိုသောအမှုကို ပလပ်ခဲ့သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်တင်မော်နှင့် ဒေါ်သန်းသန်းဝင်းတို့က ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ ပြန်လည် စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက်အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

"မူလမှုတွင် ပေါ်ပေါက်သည့်သက်သေခံချက်များအရ မူလရုံးတရားလိုများသည် အချင်းဖြစ် အခန်းဥပစာအား အပျောက်စနစ်အရ လွှဲပြောင်း ဝယ်ယူပိုင်ဆိုင် စီမံခန့်ခွဲပိုင်ခွင့် ရှိသူများဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်ပါလျက်ယင်းအချက်ကိုထည့်သွင်းသုံးသပ်ခြင်းမပြုဘဲမူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးချုပ်က

၂၀၀၄
ဒေါ်တင်မေ
ပါ ၂
နှင့်
ဦးမြင့်သိန်း
ပါ ၂

ပယ်ဖျက်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မှုရှိ၊ မရှိ"

အဆိုလွှာအရ အယူခံတရားလိုဒေါ်တင်မေပါ-၂ တို့က ၁၉၉၃ ခုနှစ်တွင် ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ၈ ရပ်ကွက်၊ လမ်း ၃၀၊ တိုက်အမှတ် ၂၉၂ ပထမထပ် (လက်ဝဲဘက်ခန်း)၊ အခန်းအမှတ် ၄ နှင့် တိုက်ခန်းတွင် တပ်ဆင်ထားသော တယ်လီဖုန်းအမှတ် ၈၄၀၁၇ ကို မူလ ပိုင်ရှင်ထံမှ အပေါင်ပျောက် စနစ်ဖြင့် ဝယ်ယူခဲ့ပြီး တိုက်ခန်း ငှားရမ်းခများကို အယူခံ တရားလိုများအမည်ဖြင့် ပေးခဲ့ကြောင်း၊ အချင်းဖြစ် တိုက်ခန်းကို ဦးချင်တိန်ဟောက်အား ၁၁-၁၀-၉၅ မှ ၁၁-၁၀-၉၆ နေ့ထိ စာချုပ်ချုပ်ဆိုငှားရမ်းခဲ့ကြောင်း၊ ထို့နောက် အမှတ် (၁) အယူခံတရားလို ဒေါ်တင်မေ၏သားဖြစ်သူ ဦးတင်ထွန်းဝင်းက အချင်းဖြစ် တိုက်ခန်း၌ ခေတ္တနေထိုင်ခွင့်ပြုရန် တောင်းခံသဖြင့် အယူခံတရားလိုများက သော့ကို ပေးအပ်ကာနေထိုင်ခွင့်ပြုခဲ့ ကြောင်း၊ အယူခံ တရားလို များသည် နိုင်ငံခြားသို့ သွားရောက်လည်ပတ်ပြီး မြန်မာနိုင်ငံသို့ ပြန်လာကြောင်း၊ အမှတ် (၁) အယူခံတရားလို ရန်ကုန်မြို့သို့ ရောက်၍ အချင်းဖြစ် တိုက်ခန်းအား သွားရောက်ကြည့်ရှုသောအခါ တိုက်ခန်း၌ အယူခံတရားပြိုင်ဦးမြင့်သိန်းတို့မိသားစု ကျူးကျော် ဝင်ရောက် နေထိုင်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ အယူခံတရားပြိုင်များ အား တိုက်ခန်းမှ ဖယ်ရှား ထွက်ခွာ ပေးရန် အကြောင်းကြား သော်လည်း လိုက်နာမှု မရှိကြောင်း အဆိုပြုသည်။

အယူခံတရားပြိုင်ဦးမြင့်သိန်းပါ-၂ တို့က အချင်းဖြစ် တိုက်ခန်းကို ဦးတင်ထွန်းဝင်းက မူလပိုင်ရှင် ဦးခင်မောင်အေး ထံမှ ၁၀-၃-၉၂ နေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အမှတ်(၂) အယူခံတရားပြိုင် ဒေါ်ဆွေဆွေမြင့်က ဦးတင်ထွန်းဝင်းထံမှ ၂၀-၇-၉၆ ရက်စွဲပါ တိုက်ခန်း အပြီး အပိုင် ရောင်းချခြင်း စာချုပ်အရ လွှဲပြောင်းရောင်းချသဖြင့် ဝယ်ယူနေထိုင်လျက် ရှိကြောင်း၊ အချင်းဖြစ်တိုက်ခန်းတွင် အယူခံတရားပြိုင်တို့က ကျူးကျော်သူ များမဟုတ်ဘဲ ပိုင်ရေးပိုင်ခွင့်အရ နေထိုင်သူများ ဖြစ်ကြောင်း စသည်ဖြင့် ချေပသည်။

၂၀၀၄
ဒေါ်တင်မော်
ပါ ၂
နှင့်
ဦးမြင့်သိန်း
ပါ ၂

ရန်ကုန်တိုင်းတရားရုံးက တရားလိုဒေါ်တင်မော်နှင့် ဒေါ်သန်းသန်းဝင်းတို့က အချင်းဖြစ်တိုက်ခန်းကို ဒေါ်လှလှစိန်ထံမှ ၂၈-၄-၉၃ နေ့တွင် ငွေ ၁၃၅၀၀၀၀ ကျပ်ဖြင့် သက်သေခံ (ယ) စာချုပ်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ အချင်းဖြစ်တိုက်ခန်းပါဝင်သော တိုက်အမှတ် ၂၃၂ ၏ မြေပိုင်ရှင်မှာ ဦးရာကွတ် မောင်မောင် (လို ပြ-၁) ဖြစ်ကြောင်း၊ ဦးရာကွတ် မောင်မောင်က အချင်းဖြစ်တိုက်ခန်းကို ဒေါ်လှလှစိန်က ဝယ်ယူပြီး တိုက်ခန်းလခများကို မှန်မှန် ပေးခဲ့ကြောင်း၊၁၉၉၃ ခုနှစ်တွင် ဒေါ်တင်မေနှင့် ဒေါ်သန်းသန်းဝင်းတို့ကဒေါ်လှလှစိန်ထံမှ ဝယ်ယူသဖြင့်တိုက်ခန်း၏အမည်ပေါက်ပိုင်ရှင်အဖြစ် ဒေါ်တင်မော်နှင့်ဒေါ်သန်းသန်းဝင်းအမည်ကိုပြောင်းပေးခဲ့ကြောင်း၊ အချင်းဖြစ်တိုက်ခန်းကို ဦးခင်မောင်အေးထံမှဦးတင်ထွန်းဝင်းကဝယ်ယူပြီး ဦးတင်ထွန်းဝင်းထံမှ သက်သေခံအမှတ် (၃) စာချုပ်ဖြင့် ဝယ်ယူကြောင်း ဒေါ်ဆွေဆွေမြင့်ကထွက်ဆိုသော်လည်း ဦးရာကွတ် မောင်မောင် ကထိုအချက်ကို ထောက်ခံထွက်ဆိုခြင်း မရှိကြောင်း၊ အယူခံတရားပြိုင်များသည် ဦးတင်ထွန်းဝင်းထံမှ တိုက်ခန်းကို ဝယ်ယူခဲ့စေကာမူ ပိုင်ဆိုင်မှုကို မရနိုင်ကြောင်း၊ ထို့ကြောင့် အယူခံတရားလိုများသည် အချင်းဖြစ် တိုက်ခန်း၏ အမည်ပေါက် ပိုင်ရှင်များဖြစ်ကြကြောင်း၊ အယူခံ တရားပြိုင်များသည် အယူခံတရားလိုများ၏ခွင့်ပြုချက်မရရှိဘဲ တိုက်ခန်းတွင် နေထိုင်လာခဲ့ခြင်းဖြစ်၍ ကျူးကျော်ဝင်ရောက်နေထိုင်သူများသာဖြစ်ကြောင်း၊ သို့ဖြစ်၍အယူခံတရားပြိုင်များက အချင်းဖြစ် တိုက်ခန်းအား အယူခံတရားလိုများသို့ လက်ရောက်ပေးအပ်ရန် ဖြစ်ကြောင်း သုံးသပ်လျက် ဒီကရီချမှတ်ခဲ့သည်။

တရားရုံးချုပ်၏ စီရင်ချက်တွင် အယူခံတရားပြိုင် ဒေါ်ဆွေဆွေမြင့်က ဦးခင်မောင်အေးသည် ဦးတင်ထွန်းဝင်းအားအချင်းဖြစ်တိုက်ခန်းကို ၁၀-၃-၉၂ ရက်စွဲပါတိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချကြောင်း၊ ဦးတင်ထွန်းဝင်းက အယူခံတရားပြိုင် ဒေါ်ဆွေဆွေမြင့်အား သက်သေခံအမှတ် (၃) တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး

၂၀၀၄
ဒေါ်တင်မော်
ပါ ၂
နှင့်
ဦးမြင့်သိန်း
ပါ ၂

အချင်းဖြစ်တိုက်ခန်းကို ရောင်းချခဲ့သဖြင့် လက်ဝယ်ရရှိ နေထိုင်လာကြောင်းဖြင့် ထွက်ဆိုကြောင်း၊ ထိုစာချုပ်တွင် ရောင်းသူအဖြစ် ဦးတင်ထွန်းဝင်းကလည်းကောင်း၊ ဝယ်သူအဖြစ် ဒေါ်ဆွေဆွေမြင့်ကလည်းကောင်းလက်မှတ်ရေးထိုးထားကြောင်း၊ ယင်းစာချုပ်အရ အယူခံတရားပြိုင်များသည် ၁၉၉၆ ခုနှစ်မှစ၍အချင်းဖြစ်တိုက်ခန်းတွင်နေထိုင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင်၎င်းတို့သည် သက်သေခံ အမှတ်( ၅ )အိမ်ထောင်စု လူဦးရေစာရင်းဖြင့်နေထိုင်ခဲ့ကြောင်း၊အယူခံတရားပြိုင်များသည် အချင်းဖြစ်တိုက်ခန်း၌နှစ်ပေါင်းများစွာနေထိုင်လာသော်လည်းအယူခံတရားလိုများကတစ်စုံ တစ်ရာကန့်ကွက်ပြောဆိုမှုမရှိကြောင်း၊ ခြုံငုံ သုံးသပ်လျှင် အယူခံတရားပြိုင်များသည် အချင်းဖြစ်တိုက်ခန်း၌ ကျူးကျော်ဝင် ရောက်နေသည်မှာ မထင်ရှားကြောင်း သုံးသပ်လျက် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခဲ့သည်။

အယူခံတရားလိုများရှေ့နေကအချင်းဖြစ်တိုက်ခန်းကို အယူခံတရားလိုများက ၂၀-၄-၉၃ နေ့တွင် မူလအမည်ပေါက်ပိုင်ရှင်ဒေါ်လှလှစိန်ထံမှ သက်သေခံ အမှတ် (ဃ ) စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အယူခံတရား လိုများ၏ အမည်ပေါက်သည့် သက်သေခံအမှတ်(ဠ)အဖြစ်တင်သွင်းထားသည့် အိမ်လခပြေစာ ဖြတ်ပိုင်းစာရွက်စာတမ်းအထောက်အထားများ၊တိုက်နှင့် မြေပိုင်ရှင်ဦးရာကွတ်မောင်မောင်၊ ဒေါ်မြသန်း၊ ဦးအောင်ဝင်း၊ ဦးအောင်ကိုကိုကြည်နှင့် ဦးချင်တိန်ဟောက်(ခ)မောင်ခင်အောင်တို့၏ထွက်ဆိုချက်များအရအယူခံတရားလိုများသည်အချင်းဖြစ်တိုက်ခန်း၏ ပိုင်ရှင်အစစ် အမှန်ဖြစ်ကြောင်း၊ အယူခံတရားလိုများသည်မိမိတို့ဝယ်ယူပြီးလက်ရှိရယူပိုင်ဆိုင်သောတိုက်ခန်းတွင် ဆွေမျိုးများအား နေထိုင်စေခြင်း၊ အိမ်ငှားများအား ငှားရမ်းခဲ့ခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူများဖြစ်ကြောင်းလည်း ထင်ရှားပေါ်ပေါက်ကြောင်း၊အယူခံတရားပြိုင်များသည်အချင်းဖြစ် တိုက်ခန်း၏တရားဝင်ပိုင်ရှင်ဖြစ်ကြောင်းခိုင်မာလုံလောက်သည့်သက်သေခံအထောက်အထားများတင်ပြနိုင်ခြင်းမရှိကြောင်း၊ သက်သေများ၏ထွက်ဆိုချက်များ၊ သက်သေခံအထောက်အထားများကိုဥပဒေနှင့်အညီ မှန်ကန်စွာကောက်ယူသုံးသပ်ဆုံးဖြတ်ထားသော မူလရုံး၏အမိန့်၊စီရင်ချက်သည်တရားမျှတပြီးမှန်ကန်မှုရှိကြောင်း

၂၀၀၄
ဒေါ်တင်မော်
ပါ ၂
နှင့်
ဦးမြင့်သိန်း
ပါ ၂

လျှောက်လဲသည်။

အယူခံတရားပြိုင်များ ရှေ့နေက မူလမှုတွင်ပေါ်ပေါက်လျက်ရှိသည့် သက်သေခံချက်များအရ မူလရုံး တရားလိုများသည် အချင်းဖြစ်အခန်းဥပစာအား အပျောက်စနစ်အရ လွှဲပြောင်း ဝယ်ယူပိုင်ဆိုင်ခဲ့သည်ဟု ထင်ရှားခြင်းမရှိကြောင်း၊ ထို့ပြင် စီမံခန့်ခွဲပိုင်ခွင့်လည်း ရှိသူများမဟုတ်ကြောင်း၊ ဒေါ်လှလှစိန်က အယူခံ တရားလိုများအား သက်သေခံအမှတ် (ယ) အရ အရောင်းအဝယ်ပြုလုပ်ခဲ့သည်မှာ မှန်ပါက ဒေါ်လှလှစိန်အား မလွှဲမသွေ စစ်ဆေးခဲ့ရမည်ဖြစ်ကြောင်း၊ သို့မှသာလျှင် အယူခံတရားလိုများနှင့် ဦးရာကွတ်တို့၏ အိမ်ရှင်/ အိမ်ငှားအခြေအနေသည် မည်သည့်အခြေအနေ ရောက်သွားကြောင်း ပေါ်ပေါက်မည်ဖြစ်ကြောင်း၊ ရှေ့နောက် မညီညွတ်သောဦးရာကွတ်၏ သက်သေထွက်ချက်ကို ယုံကြည်ရန်အကြောင်းမပေါ်ပေါက်ကြောင်း၊ထို့အတူ ဦးချင်တိန်ဟောက်ထွက်ချက်ကိုလည်း ယုံကြည်ရန် မရှိကြောင်း၊ အချင်းဖြစ်အခန်းကို ဦးတင်ထွန်းဝင်းထံမှ အယူခံတရားပြိုင်များ အပျောက်စနစ်ဖြင့်ဝယ်ယူစဉ်က အချင်းဖြစ်အခန်းတွင် ဦးတင်ထွန်းဝင်းသည် လက်ရှိနေထိုင်သည်ကို ဒေါ်တင်မော် ဝန်ခံရာရောက်ကြောင်း၊အယူခံတရားပြိုင်များသည်အနှောင့်အယှက်အတားအဆီးမရှိနေထိုင်ခဲ့သူများဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲကိုစစ်ရာတွင်အယူခံတရားလိုဒေါ်တင်မော်နှင့် ဒေါ်သန်းသန်းဝင်းတို့သည် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် (ဂ)ရပ်ကွက်၊ လမ်း ၃၀၊ ပထမထပ် ၂၃၂ အချင်းဖြစ်တိုက်ခန်းကို ၂၈-၄-၉၃ ရက်နေ့တွင်ဒေါ်လှလှစိန်ထံမှတန်ဖိုးငွေ ကျပ် ၁၃၅၀၀၀ဖြင့် သက်သေခံအမှတ်(ယ)စာချုပ်အရ ဝယ်ယူသည်။

အချင်းဖြစ်တိုက်၏ မြေပိုင်ရှင်မှာ ဦးရာကွတ်မောင်မောင် (လိုပြ-၁) ဖြစ်သည်။ ၎င်းက အောက်ပါအတိုင်းထွက်ဆိုထားသည် -

"ကျွန်တော်သည် ရန်ကုန်မြို့၊ ပန်းဘဲတန်း မြို့နယ် (ဂ) ရပ်ကွက်၊ လမ်း၃၀၊ အမှတ် ၂၃၂ တိုက်ခန်း၏ မြေပိုင်ရှင်မှာ ကျွန်တော်ပိုင်ဖြစ်ပါသည်။ အချင်းဖြစ်

လမ်း၃၀၊ အမှတ် ၂၃၂၊ ပထမထပ် တိုက်ခန်းမှာအပျောက် စနစ်ဖြင့်ဒေါ်လှလှစိန်ကဝယ်ယူပိုင်ဆိုင်ထားပါသည်။ ဒေါ်လှလှစိန်မှကျွန်တော့်အားယင်းတိုက်ခန်းအတွက် အိမ်လခပေးပြီးဇနီး၊ မိသားစုနေထိုင်ခဲ့ကြပါသည်။ ၁၉၉၃ ခုနှစ်တွင်ဒေါ်လှလှစိန်ကဒေါ်တင်မေ်ာနှင့် ဒေါ်သန်းသန်းဝင်းအား ရောင်းချမည်ဖြစ်ကြောင်း ကျွန်တော့်အားတယ်လီဖုန်းဖြင့် သတင်းပို့ပါသည်။ ကျွန်တော်ကလည်း ဒေါ်လှလှစိန်အားရောင်းချနိုင် ကြောင်းပြန်လည်အကြောင်းပြန်ကြားလိုက်ပါသည်။ ကျွန်တော့်အိမ်သို့ဒေါ်လှလှစိန်ကတိုက်ခန်းအရောင်း အဝယ်ဖြစ်ကြောင်း ဒေါ်လှလှစိန်နှင့် ဒေါ်သန်းသန်းဝင်းတို့ ရောက်လာကြပြီးတိုက်ခန်းအရောင်းအဝယ်ဖြစ်၍ ဒေါ်သန်းသန်းဝင်းတို့ အမည်ပေါက်ပေးရန်ကျွန်တော့်အား ဒေါ်လှလှစိန်ကပြောပါသည်။

၂၀၀၄
ဒေါ်တင်မေ်ာ
ပါ ၂
နှင့်
ဦးမြင့်သိန်း
ပါ ၂

ဒေါ်လှလှစိန်က အမည်ပြောင်းခကျွန်တော့်အား ၆ သောင်းပေး၍ ကျွန်တော်သည် ဒေါ်လှလှစိန် အမည်မှ ဒေါ်တင်မေ်ာနှင့် ဒေါ်သန်းသန်းဝင်း အမည်သို့ပြောင်း ပေးလိုက်ပါသည်။ အိမ်လခများကို ဒေါ်တင်မေ်ာနှင့် ဒေါ်သန်းသန်းဝင်းတို့က ပေးချေသဖြင့် ကျွန်တော်သည် အိမ်လခပြေစာဖြတ်ပိုင်းများ ပြန်လည်ပေးအပ်ခဲ့ပါသည်။ အိမ်လခ ပြေစာလက်ခံ ဖြတ်ပိုင်းပေါ်တွင် တံဆိပ်ခေါင်း ပေါ်၌ရေးထိုးထားသောလက်မှတ်မှာကျွန်တော်၏ လက်မှတ်ဖြစ်ပါသည်။ သက်သေခံ (၄) (ဂ) စာရွက်ပေါ်ရှိ လက်မှတ်မှာကျွန်တော်၏လက်မှတ်များမှန်ပါသည်။ မူလကအချင်းဖြစ်အခန်းအတွက် အိမ်လခမှာ ၁၆၅ ကျပ် ဖြင့် ဒေါ်တင်မေ်ာတို့ကပေးချေခဲ့ပါသည်။ နောက်ပိုင်း ကျွန်တော်မှအိမ်လခတိုးမြှင့်ကောက်ခံသောအခါ တစ်လ လျှင် အိမ်လခ ၃၅၀ကျပ် ဖြစ်သွားပါသည်။ အချင်းဖြစ် အခန်းအတွက်အိမ်လခများကို ဒေါ်တင်မေ်ာတို့က ကျွန်တော့်အား အဆင်ပြေသလိုပေးပါသည်။ယခုအချိန် အထိ အိမ်လခပေးချေရန် ပျက်ကွက်မှု လုံးဝမရှိသေးပါ" ယင်းအချက်ကိုထောက်ရှုခြင်းအားဖြင့်အယူခံတရားလို

များသည်အချင်းဖြစ်အခန်းကိုအပျောက်စနစ်ဖြင့်ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက်သည်။

ဒေါ်လှလှစိန်သည်မူလအိမ်ငှားဖြစ်သည်။အိမ်ငှားတစ်ဦးသည်မိမိငှားရမ်းနေထိုင်သည့်ဥပစာကိုတစ်ဆင့်ပြန်လည်၍အငှားချထားခွင့်ရှိသည်။ထိုကဲ့သို့တစ်ဆင့်ပြန်လည်အငှားချထားရာ၌ရန်ကုန်မြို့၌အများလက်ခံကျင့်သုံးလျက်ရှိသော အပျောက်စနစ် (နေထိုင်ခွင့် အတွက် တန်ရာတန်ကြေးပေး၍ ဥပစာကို လွှဲပြောင်း ရယူသည့်စနစ်) ဖြင့် ဒေါ်တင်မော်နှင့် ဒေါ်သန်းသန်းဝင်းတို့က ဒေါ်လှလှစိန်ထံမှ ဥပစာကိုလွှဲပြောင်းရယူခဲ့ကြောင်းပေါ်ပေါက်သည်။

ဒေါ်ငွေသိန်းနှင့် ဒေါ်သိန်းညွန့် အမှု(၁) ကိုကြည့်ပါ။

ထို့ပြင် ယင်းသို့ ဥပစာကို ဒေါ်တင်မော်တို့က လွှဲပြောင်း ရယူပြီး နှစ်ချုပ်များဖြင့် အိမ်ကိုငှားရမ်းခဲ့သည်။ အမှုတွင် တင်ပြထားသည့် သက်သေခံအမှတ် (င) ကတိစာချုပ်မှာ အခန်းပိုင်ရှင် ဒေါ်တင်မော်က ဦးချင်တိန်ဟောက်ကို ထိုအချင်းဖြစ်အခန်း၌ ၁၁-၁၀-၉၅ မှ ၁၁-၁၀-၉၆ ရက်နေ့အထိနှစ်ချုပ်ဖြင့်ထားရှိသောအငှားစာချုပ်တစ်ရပ်ဖြစ်သည်။ဦးချင်တိန်ဟောက်(လိုပြ-၅)ကလည်း တိုက်ခန်းပိုင်ရှင်ဒေါ်တင်မော်ထံမှအချင်းဖြစ် အခန်းကိုငှားရမ်းနေထိုင်ခဲ့ကြောင်းထောက်ခံထွက်ဆိုသည်။ သို့ဖြစ်၍ အယူခံတရားလိုများအနေဖြင့် အချင်းဖြစ်အခန်းကိုလက်ရှိ ထားကာ စီမံခန့်ခွဲလျက်ရှိ ကြောင်း ထင်ရှားသည်။

အယူခံတရားပြိုင်များက ၎င်းတို့သည် အချင်းဖြစ်တိုက်ခန်းကို ၂၀-၇-၉၆ ရက်စွဲပါ နေအိမ်တိုက်ခန်း အပြီးအပိုင် ရောင်းချခြင်းစာချုပ်အရ ဦးတင်ထွန်းဝင်းထံမှ တစ်ဆင့်ဝယ်ယူခဲ့ကြောင်း ထုချေထားသည်။

ဦးတင်ထွန်းဝင်းသည် အယူခံတရားလိုဒေါ်တင်မော်၏သားဖြစ်ပြီး ၎င်းအား အိမ်ငှားဦးချင်တိန်ဟောက်ပြောင်းရွှေ့ချိန်တွင် ခေတ္တနေထိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း အယူခံတရားလိုဘက်မှ တင်ပြသည်။ ဦးတင်ထွန်းဝင်း သည်

---

(၁) ၁၉၉၇ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-၁၇

မူလအိမ်ငှားဦးခင်မောင်အေး (ဒေါ်လှလှစိန်၏ ခင်ပွန်း) ထံမှ ဝယ်ယူပြီး အယူခံတရားပြိုင်များရောင်းချ ခြင်းဖြစ်ကြောင်း ခုခံ ချေပသော်လည်း ခိုင်မာသည့် အထောက်အထားတစ်စုံ တစ်ရာ တင်ပြနိုင်ခြင်းမရှိချေ။ သို့ဖြစ်၍ ဦးတင်ထွန်းဝင်းသည်မိခင် အယူခံတရားလို ဒေါ်တင်မေ်ာနှင့် ဒေါ်သန်းသန်းဝင်း၏ ခွင့်ပြုချက်၊ သို့မဟုတ် လွှဲအပ်ချက်တစ်စုံတစ်ရာ မရှိဘဲ မိမိပိုင်ဆိုင် လေဟန်ဖြင့် လိမ်လည်၍ လွှဲပြောင်းရောင်းချခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

၂၀၀၄
ဒေါ်တင်မေ်ာ
ပါ ၂
နှင့်
ဦးမြင့်သိန်း
ပါ ၂

"nemo dat quod non habet" "ဥပဒေဆိုရိုး အရ မည်သူမျှ မိမိတွင်မရှိသောအခွင့်အရေးကိုသူတစ်ပါးအား မအပ် နှင်းနိုင်ပေ။ ထို့ကြောင့် ပစ္စည်းလွှဲပြောင်းပေးရန် အခွင့်အရေး မရှိသူက လွှဲပြောင်းပေးခြင်းသည် တရားဝင်အတည်မဖြစ်ချေ။ ဦးတင်ထွန်းဝင်းသည် အချင်းဖြစ်ဥပစာနှင့်စပ်လျဉ်း၍စီမံခန့်ခွဲ နိုင်သည့်အခွင့်အရေးတစ်စုံတစ်ရာရှိသူမဟုတ်သဖြင့် အယူခံ တရားပြိုင်တို့ကငင်းထံမှအချင်းဖြစ်ဥပစာကို လွှဲပြောင်းရယူခြင်း သည်ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်ပြင်ငင်းတို့အနေဖြင့် တရားဝင် လက်ရှိထားပိုင်ခွင့်လည်း ရှိမည်မဟုတ်ပေ။ အယူခံ တရားပြိုင်များအနေဖြင့်ရောင်းသူဦးတင်ထွန်းဝင်း အပေါ်တွင် သာ မိမိတို့နစ်နာမှုအတွက်ထိုက်သင့်သောသက်သာခွင့် တောင်းဆိုရန်သာရှိပေသည်။ အထက်ပါ အကြောင်းများကြောင့် အယူခံတရားလိုများသည်အချင်းဖြစ်ဥပစာကိုလက်ရောက် ရထိုက်ခွင့်ရှိသည်မှာ မြင်သာသည်။

မူလတိုင်းတရားရုံးက အယူခံတရားလိုများ တောင်းဆိုသည့် အတိုင်းအနိုင်ဒီကရီချမှတ်ပေးသည့် စီရင်ချက်နှင့်ဒီကရီကို တရားရုံးချုပ်ကပယ်ဖျက်ခဲ့ခြင်း သည် မှန်ကန်မျှတသည်ဟုဆိုနိုင် မည်မဟုတ်ပေ။

သို့ဖြစ်၍ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

> "မူလမှုတွင်ပေါ်ပေါက်သည့်သက်သေခံချက် များအရ မူလရုံးတရားလိုများသည် အချင်းဖြစ်အခန်းဥပစာအား အပျောက်စနစ်အရလွှဲပြောင်းဝယ်ယူပိုင်ဆိုင် စီမံခန့်ခွဲ ပိုင်ခွင့်ရှိသူများဖြစ်ကြောင်းထင်ရှားပေါ်ပေါက်ပါလျက်

| | |
|---|---|
| ၂၀၀၄<br>ဒေါ်တင်မော်<br>ပါ ၂<br>နှင့်<br>ဦးမြင့်သိန်း<br>ပါ ၂ | ယင်းအချက်ကိုထည့်သွင်းသုံးသပ်ခြင်းမပြုဘဲမူလရုံး၏ စီရင်ချက်နှင့် ဒီကရီကိုတရားရုံးချုပ်ကပယ်ဖျက်ခဲ့ခြင်း သည်ဥပဒေအရမှန်ကန်မှုမရှိကြောင်း"<br>ဤတရားမအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်တာတိုင်းတရားရုံး၏ စီရင်ချက် နှင့် ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည် ပြုလိုက်သည်။<br>ရှေ့နေစရိတ် ကျပ် ၃၀၀၀/ သတ်မှတ်သည်။ |

+ ၂၀၀၄
အောက်တိုဘာ
၁၅ ရက်

## တရားမအထူးအယူခံမှု

**တရားလွှတ်တော်ချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသောဦးခင်မြင့်နှင့်ဦးမြင့်သိန်း တို့၏ရှေ့တွင်**

**ဒေါ်မင်းမင်းဦး**
**နှင့်**
**ဦးဝင်းမြင့် ပါ၅***

**အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု၊** မိဘက သားသမီး အတွက် ရည်စူးဝယ်ယူခြင်းသည် မြန်မာဓလေ့ထုံးတမ်း စဉ်လာ နှင့် ညီညွတ်ခြင်း ရှိ မရှိ မိဘက သားသမီးအတွက် ရည်စူးဝယ်ယူခြင်းကို မြန်မာဓလေ့ထုံးတမ်းစဉ်လာအရ လက်ခံကျင့်သုံးရန် သင့်၊ မသင့်။

**ဆုံးဖြတ်ချက်။** ။ **မောင်ထွန်းဖေနှင့်ဘီကေဟောလ်ဒါး နှင့် အခြားသူများအမှု**⁽၇⁾ တွင် မိဘများသည် သားသမီးများ အတွက် ရည်စူး၍ ဝယ်ယူသည့် အလေ့အထသည် မြန်မာ ဓလေ့ထုံးတမ်းစဉ်လာနှင့် ကိုက်ညီခြင်း မရှိကြောင်း စုံညီခုံရုံးဖြင့် လမ်းညွှန်ထုံးဖွဲ့ခဲ့သည်။ ယင်းစီရင်ထုံးမတိုင်ခင် မိဘက သားသမီးအတွက် ရည်စူး၍ ဝယ်ယူသည်ဆိုခြင်းကို လက်ခံခြင်း မရှိသလို လက်ခံသည့်သာဓကများ ရှိခဲ့ဖူးသည်။ ထို့ပြင် **ဦးမောင်ကလေးပါ-၄ နှင့် ဒေါ်စိန်နု (ခ) ဒေါ်နုမေ အမှု**⁽၄⁾ တွင် အထက်ဖော်ပြပါ **မောင်ထွန်းဖေ စီရင်ထုံး** ⁽၇⁾ ကို ခြားနားပြကာ "တစ်ဦးတည်းသော သားအတွက် ဦးစားပေး၍ အကျိုးခံစားခွင့်ရရှိစေရန် အချင်းဖြစ်အိမ်ကို ဝယ်ယူသူ

* ၂၀၀၄ ခုနှစ်၊ တရားမ အထူးအယူခံမှုအမှတ် ၂၆
\+ ၂၀၀၃ ခုနှစ်၊ တရားမ ပထမအယူခံ မှုအမှတ် ၅၅ တွင်ချမှတ်ထားသော ၂၅-၇-၂၀၀၃ ရက်စွဲ ပါ တရားရုံးချုပ်၏စီရင်ချက် နှင့်ဒီကရီအပေါ် အယူခံမှု

၂၀၀၄
ဒေါ်မင်းမင်းဦး
နှင့်
ဦးဝင်းမြင့် ပါ ၅

တစ်ဦးအနေဖြင့် ထည့်သွင်းထားခြင်းမှာ အခြားအမွေစား အမွေခံ သားသမီးများ မရှိသဖြင့် ၎င်းတို့အကျိုးကို ထိပ်ပါက်ရာ မရောက်သောကြောင့် အယူခံတရားလို၌ အကျိုးခံစားခွင့် ရှိသည်ဟု ယူဆကြောင်း" သုံးသပ်ဆုံးဖြတ်ခဲ့သည်။

ယင်းအမှုတွင် အမွေစားအမွေခံ တစ်ဦးတည်းသာ ရှိခြင်းအပေါ် ဝေဖန် သုံးသပ်ခဲ့ခြင်းဖြစ်ရာ ယခုအမှုတွင်မူ အမွေခံတစ်ဦးမကရှိနေခြင်းကြောင့် ယင်းစီရင်ထုံးကို လိုက်နာရန်လိုမည် မဟုတ်ပေ။

သို့ဖြစ်၍ တရားရုံးချုပ်က အချင်းဖြစ် ပစ္စည်းကို ဖခင်က သားအတွက် ရည်စူးဝယ်ယူခဲ့၍ ၎င်းပိုင်ပစ္စည်းဖြစ်ကြောင်း၊ အမွေဆိုင်ပစ္စည်းမဟုတ်ကြောင်း သုံးသပ် ဆုံးဖြတ်ခြင်းသည် အထက်ဖော်ပြပါ **မောင်ထွန်းမေနှင့် အီတေ တောလ်ဝါးနှင့် အခြားသူများ လမ်းညွှန်စီရင်ထုံး**[၇] ကို လိုက်နာခြင်းမရှိဘဲ ကွဲလွဲဆုံးဖြတ်ခဲ့ကြောင်း မြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ဦးခင်မောင်သည်အချင်းဖြစ်ပစ္စည်းများကိုဦးဝင်းမြင့် အမည်ငှားဖြင့် ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက်သည့်အပြင် မိမိ၏ ကိုယ်ပိုင်ငွေဖြင့် သားအတွက် ရည်စူး၍ ဝယ်သည်ဆိုခြင်းသည်ဖခင်ကွယ်လွန်စဉ်ကျန်ရစ်သည့်ပစ္စည်းတွင်ကျန် အမွေဆိုင်များအတွက် နစ်နာဖွယ်ရာအကြောင်း ရှိသဖြင့် မြန်မာ ဓလေ့ ထုံးတမ်းစဉ်လာအရ လက်ခံရန် မသင့်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးမင်းလွင် (တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်များအတွက် | - | (၁) ဦးဝင်းမြင့်၏ ရေးသားလျှောက်လဲချက်ကို သမီးဖြစ်သူ မမို့မို့ဇင်က ကိုယ်စားတင်သည်။ |

| | |
|---|---|
| (၂၊ ၃) အတွက် | ကိုယ်တိုင် (မလာ) |
| (၄၊ ၅) အတွက် | ဦးအောင်ကျော်ဟန်၊ (တရားရုံးချုပ်ရှေ့နေ) |

၂၀၀၄
ဒေါ်မင်းမင်းဦး
နှင့်
ဦးဝင်းမြင့် ပါ၅

ရန်ကုန်တိုင်း တရားရုံး ၁၉၉၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၉၆ တွင် ဒေါ်မင်းမင်းဦးက ဒေါ်တင်စိန်၊ ဒေါ်ခင်မြ၊ ဒေါ်လှအေးနှင့် ဒေါ်ကြွယ်ကြွယ်တို့အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ ဒေါ်မင်းမင်းဦး သည် ကွယ်လွန်သူ ဦးခင်မောင် (ခ) ဦးပြုံးချို ကျန်ရစ် သော အမွေပုံပစ္စည်းများ၏ ၈ ပုံ ၁ ပုံ ရထိုက်ကြောင်းဖြင့် တိုင်းတရားရုံးက ပဏာမဒီကရီ ချမှတ်ခဲ့သည်။ အမွေပစ္စည်း စာရင်းကောက်ယူရန် တိုင်း တရားရုံးက ကော်မရှင်နာ ခန့်အပ်ဆောင်ရွက်စေခဲ့ပြီး ကော်မရှင်နာ အစီရင်ခံစာအပေါ် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အပြီးသတ် ဒီကရီချမှတ်သည်။ တိုင်းတရားရုံး ၏စီရင်ချက် နှင့် အပြီးသတ်ဒီကရီအပေါ် ဦးဝင်းမြင့်က ကျေနပ်မှုမရှိ၍ တရားရုံးချုပ်တွင် ၂၀၀၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၅၅ အရ အယူခံဝင်ရောက်ရာ ဦးဝင်းမြင့် တင်ပြသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အမွေပုံပစ္စည်း အဖြစ်မှ ထုတ်ပယ်ကြောင်း ပြင်ဆင်၍ ဒီကရီချမှတ်သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကိုဒေါ်မင်းမင်းဦးက ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည် စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါတရားရုံးချုပ် အထူးခုံရုံးကအောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့် ပြုခဲ့သည် -

> "မိဘက သားသမီးအတွက် ရည်စူးဝယ်ယူခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ မိဘက သားသမီးအတွက် ရည်စူးဝယ်ယူခြင်းကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာ အရ လက်ခံကျင့်သုံးရန် သင့်၊ မသင့်"

မူလရုံးတရားလို ဒေါ်မင်းမင်းဦးက မိခင် ဒေါ်အုန်းမြင့် သည် ကွယ်လွန်သူများဖြစ်ကြသော ဦးခင်မောင် (ခ) ဦးပြုံးချိုနှင့် ဇနီးဒေါ်အုန်းလှတို့၏ တစ်ဦးတည်းသော သမီးဖြစ်ကြောင်း၊ မိခင်ဒေါ်အုန်းမြင့်သည် တရားလို ၁၄ ရက်သမီးအရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း၊ တရားလို ဒေါ်မင်းမင်းဦး၏ မိခင်သည် ၎င်း၏ ဖခင်ဦးခင်မောင် မကွယ်လွန်မီကပင် ကွယ်လွန်ခဲ့သဖြင့် မူလရုံးတရားလိုသည် ကွယ်လွန်သူဦးခင်မောင်၏ အမွေမမီ

မြေးဖြစ်ကြောင်း၊ ဦးခင်မောင်သည် ဒေါ်အုန်းလှ ကွယ်လွန်ပြီး နောက် မအုန်းဆိုသူနှင့် ထပ်မံပေါင်းသင်းပြီး ၆ လခန့်အကြာ တွင် လင်မယားကွဲခဲ့ကြောင်း၊ ထို့နောက် ဦးခင်မောင်သည် အမှတ်(၁) မူလရုံးတရားပြိုင် ဒေါ်တင်စိန်နှင့် ပေါင်းသင်းခဲ့ရာ သားသမီး ၂ ဦး မွေးဖွားခဲ့ကြောင်း၊ အမှတ်(၂) မူလရုံး တရားပြိုင် ဒေါ်ခင်မြသည် ဦးခင်မောင်နှင့် ပထမဇနီး ဒေါ်တင်ဦးတို့၏သမီးဖြစ် ကြောင်း၊ အမှတ်(၃) မူလရုံး တရားပြိုင် ဒေါ်လှအေးသည် ဦးခင်မောင်၊ ဒေါ်တင်ဦးတို့၏ သား ဦးသာအေး(ကွယ်လွန်) ၏ ဇနီးဖြစ်ကြောင်း၊ အမှတ်(၄) မူလရုံးတရားပြိုင် ဒေါ်ကြွယ်ကြွယ်သည် ဦးခင်မောင်၊ ဒေါ်တင်ဦးတို့၏သားဦးကျော်ငြိမ်း(ကွယ်လွန်)၏ဇနီး ဖြစ်ကြောင်း၊ကွယ်လွန်သူ ဦးခင်မောင်နှင့် တရားလို၊ တရားပြိုင် တို့သည်ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြောင်း၊ မူလရုံး တရားလိုသည် ကွယ်လွန်သူဦးခင်မောင်၏ အမွေမမီမြေး တစ်ဦးအဖြစ် ၎င်း၏ကျန်ရစ်သောပစ္စည်းများအပေါ်တွင် အမွေဝေစု ၈ ပုံ ၁ ပုံ ရထိုက်ခွင့်ရှိကြောင်း အဆိုပြုလျက် ဒေါ်မင်းမင်းဦးက ဒေါ်တင်စိန်ပါ ၄ ဦးတို့အပေါ်တရား စွဲဆိုခဲ့သည်။

တိုင်းတရားရုံးက မူလရုံးတရားလို ဒေါ်မင်းမင်းဦး သည် ကွယ်လွန်သူ ဦးခင်မောင်၏အမွေမမီ မြေးတစ်ဦး ဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ဦးခင်မောင်ကွယ်လွန်စဉ် ကျန်ရစ်သည့် ပစ္စည်းများ၏ ၈ ပုံ ၁ ပုံ ခွဲဝေရထိုက်ကြောင်း ဖြင့် ပဏာမ ဒီကရီချမှတ်ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ပဏာမ ဒီကရီကို တရားရုံးချုပ် ၂၀၀၁ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၃၃၇ အရ အတည်ပြုခဲ့ သည်။ ထို့နောက် တိုင်းတရားရုံး က ကော်မရှင်နာခန့်အပ်၍ ပစ္စည်းစာရင်းကောက်ယူစေပြီး ကော်မရှင်နာမှ အစီရင်ခံတင်ပြသည့်ပစ္စည်း ၆ မျိုးအနက် ပစ္စည်း၅ မျိုးကို အမွေပစ္စည်းအဖြစ် အတည်ပြုကာယင်းပစ္စည်း ၅ မျိုး၏ ၈ ပုံ ၁ ပုံကို ဒေါ်မင်းမင်းဦး ခွဲဝေခံစားရန် အပြီးသတ် ဒီကရီချမှတ်သည်။

တိုင်းတရားရုံးက အမွေပစ္စည်းဟု သတ်မှတ်ခဲ့သော အမှတ် ၇၈၁ မဟာပန္နလလမ်း၊ လမ်းမတော်မြို့နယ်၊

ရန်ကုန်မြို့ရှိ ၃ ထပ်တိုက်နှင့် ထိုတိုက်တည်ရှိရာ ရန်ကုန်မြို့၊ မြို့မအနောက်တိုက်နယ်၊ ရပ်ကွက်အမှတ် ၂၂၊ ဇက် ၁၊ မြေကွက်အမှတ် ပဥ္စမမြေအမျိုးအစား ၆၄၊ အလျား ၅၀ ပေ × အနံ၃၀ ပေရှိမြေကွက်သည် ၁၉၅၄ ခုနှစ် ကတည်းကဦးဝင်းမြင့်အမည်ပေါက်ပိုင်ဆိုင်လာသည့် ပစ္စည်းဖြစ်ကြောင်း၊ ဦးဝင်းမြင့်က တင်ပြ၍တိုင်းတရားရုံး၏ စီရင်ချက်နှင့်အပြီးသတ်ဒီကရီ အပေါ် အယူခံဝင်ရောက်ခဲ့သည်။

၂၀၀၄
ဒေါ်မင်းမင်းဦး
နှင့်
ဦးဝင်းမြင့် ပါ၅

တရားရုံးချုပ်က မူလရုံးအမှုတွဲရှိ သက်သေခံ အထောက်အထားများအရ အချင်းဖြစ်ရန်ကုန်မြို့၊ မြို့မအနောက်တိုက်နယ်၊ ရပ်ကွက်အမှတ် ၂၂၊ ဇက် ၁၊ မြေကွက်အမှတ်၊ ပဥ္စမမြေအမျိုးအစား ၆၄၊ အလျား ၅၀ ပေ × အနံ ၃၀ ပေ ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၇၈၁၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟူသော အဆောက်အဦကို ၁-၁၂-၅၄ ရက်စွဲပါ မှတ်ပုံတင် စာချုပ် သက်သေခံအမှတ် (ဈ) ဖြင့် ဦးမြင့်နှင့် ဦးဝင်းမြင့်တို့နှစ်ဦးအမည်ဖြင့် ဝယ်ယူကြောင်း၊ ထို့နောက် ၁၈-၃-၅၅ ရက်စွဲပါ အမှားပြင်စာချုပ်သက်သေခံအမှတ် (ဈ-၁) ဖြင့် ဝယ်ယူသူ ဦးမြင့်အမည်ကို ပယ်ဖျက်၍ အချင်းဖြစ်မြေနှင့်တိုက်ကို ဝယ်ယူသူအဖြစ် ဦးဝင်းမြင့်တစ်ဦးတည်းကိုသာ ထားရှိကြောင်း၊ ယင်းစာချုပ်များတွင် ဦးမြင့်နှင့် ဦးဝင်းမြင့်တို့မှာစာချုပ်ချုပ်စဉ်က အရွယ်မရောက်သေးသူများဖြစ်၍ ဦးခင်မောင်က အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ဦးခင်မောင်သည် အချင်းဖြစ်မြေနှင့်တိုက်ကို မည်သည့်အကြောင်းကြောင့် ဦးဝင်းမြင့်အမည်ငှားဖြင့် ဝယ်ယူသည်ဟု ပေါ်ပေါက်ခြင်းမရှိကြောင်း၊ ဦးခင်မောင်က ဦးဝင်းမြင့်၏အုပ်ထိန်းသူအနေဖြင့်ပင် ဦးဝင်းမြင့် အမည်ပေါက်မြေဂရန်ရရှိအောင် ဆောင်ရွက်ထားကြောင်း၊ ယင်းအချက်ကို တစ်ဖက်မှ မမှန်ဟုတင်ပြနိုင်ခဲ့ခြင်းမရှိကြောင်း၊ ဤအချက်အရ အချင်းဖြစ် မြေနှင့်တိုက်ကို ဦးခင်မောင်က ဦးဝင်းမြင့် အတွက် ရည်စူး၍ ဝယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးဝင်းမြင့်အား အမည်ငှားအဖြစ်ထား၍ ဦးခင်မောင် (ခ) ဦးပြုံးချိုက ဝယ်ယူခြင်းဖြစ်သည်ဟု မဆိုနိုင်သဖြင့် အချင်းဖြစ်တိုက်နှင့် မြေသည် ဦးဝင်းမြင့်ပိုင်ပစ္စည်းသာဖြစ်ကြောင်း သုံးသပ်လျက် ယင်းမြေနှင့်

၂၀၀၄
ဒေါ်မင်းမင်းဦး
နှင့်
ဦးဝင်းမြင့် ပါ၅

တိုက်ကို အမွေပုံပစ္စည်းမှ ပယ်ဖျက်၍ ပြင်ဆင်ချက်ဖြင့် တိုင်းတရားရုံး၏အပြီးသတ် ဒီကရီကို အတည်ပြုခဲ့သည်။

အယူခံတရားလို ရှေ့နေကဦးဝင်းမြင့်၏ ပိခင်ကိုယ်တိုင်က ဦးခင်မောင်သည် အိမ်မြေဥပစာများကို ဇနီး၊ သား၊ မြေးများအမည်ခံ ဝယ်ယူလေ့ရှိကြောင်းဖြင့် ဝန်ခံကြောင်း၊ အမှတ် ၇၈၁၊ မဟာဗန္ဓုလလမ်းရှိ အချင်းဖြစ် မြေနှင့်တိုက်ကို ဦးမြင့်နှင့်ဦးဝင်းမြင့်တို့အတွက် အုပ်ထိန်း သူ ဦးခင်မောင်က ၁-၁၂-၅၄ ရက်စွဲပါ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၂၀၈၇/၅၄ အရ ဝယ်ယူခဲ့ပြီး ဦးဝင်းမြင့်တစ်ဦးတည်း အမည်ဖြင့် ၁၈-၃-၅၅ ရက်စွဲပါ အမှားပြင်ဆင်ချက်စာချုပ် အမှတ် ၄၅၄/၅၅ ကို ပြန်လည် ချုပ်ဆိုခဲ့သည်မှာ အငြင်းမပွား ကြောင်း၊ ဦးဝင်းမြင့်သည် အရွယ်မရောက်သေးသူဖြစ်၍ အချင်းဖြစ်မြေနှင့်တိုက်ကို ဦးခင်မောင် (ခ) ဦးပြူးချို့ငွေဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်မှာ ထင်ရှားကြောင်း၊ သို့ဖြစ်၍ ဦးဝင်းမြင့်သည် အမည်ခံ အမည်ငှားမျှသာဖြစ်ကြောင်း၊ ၁၉၃၆ခုနှစ်တွင်ဆုံးဖြတ်သည့် **မောင်ထွန်းဖေနှင့်ဘီဇေ ဟောလ်စါးနှင့်အခြားသူများ အတွဲ - ၁၄၊ ရန်တုန် ၂၄၂ (စုံညီ)** တွင်တရားသူကြီး၅ဦးပါဝင်သည့် စုံညီခုံရုံးက မိဘက သား သမီးအတွက် ရည်စူး၍ဝယ်ယူသည့်အလေ့အထသည် မြန်မာလူ့ဘောင်၏အလေ့အထ စိတ်ကူးစိတ်သန်းများနှင့် ကိုက်ညီခြင်းမရှိကြောင်း အကျယ်တဝင့် သုံးသပ်ကာ ဆုံးဖြတ် ခဲ့ကြောင်း၊ နောက်ပိုင်းတွင် အဆိုပါ စီရင်ထုံးနှင့် ဆန့်ကျင်သည့် ဆုံးဖြတ်ချက်တစ်စုံတစ်ခုမျှ မရှိဘူးသေးကြောင်း လျှောက်လဲ သည်။

အမှတ် (၁) အယူခံတရားပြိုင် ရှေ့နေက ယခုအမှုတွင် ဖခင်ဦးခင်မောင်မှ အမှုပါသားသမီးများအားလုံးကို အိမ်ရာ ပိုင်ဆိုင်မှု အပြည့်အဝရရှိစေရန်အတွက် ဖခင်အမည်ဖြင့် ဝယ်ယူပြီး ပေးကမ်းခဲ့ကြောင်း၊ မြေးဖြစ်သူ ယခုအမှု၏ အယူခံ တရားလိုဒေါ်မင်းမင်းဦးအတွက်လည်း အမှတ် ၆၉၊ ၁၄ လမ်း၊ ၃ ထပ်တိုက်၊ အလယ်ထပ် (၂၅ ပေ × ၅၀ ပေ) အခန်းကို အပိုင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဦးခင်မောင်မှ သားသမီးများနှင့် မြေးဖြစ်သူ ဒေါ်မင်းမင်းဦးတို့ အတွက်လည်း

မိမိငွေဖြင့် စိုက်ထုတ်ဝယ်ယူ၍ ရထိုက်သည်များကို အသီးသီး စီစဉ်ဆောင်ရွက် ပေးခဲ့ပြီးလည်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ချက်များသည် ဖခင်ဦးခင်မောင်မှ သားသမီးများ နှင့်မြေးများ အတွက်နောင်ရေးကောင်းမွန်စေရေးအတွက် ရည်စူး၍ လုပ်ဆောင် ခဲ့သော လုပ်ရပ်များဖြစ်ကြောင်း၊ မိဘများ က သားသမီးများအတွက် ရည်စူးဝယ်ယူခြင်းသည် မြန်မာဓလေ့ ထုံးတမ်းအစဉ်အလာတွင်လက်ခံကျင့်သုံးနေကြသည့် အလျောက် မြန်မာဓလေ့ထုံးတမ်းအစဉ်အလာနှင့် ညီညွတ်လျက်ရှိပြီး မြန်မာ ဓလေ့ထုံးတမ်းအစဉ်အလာကောင်း လုပ်ရပ်များဖြစ်၍ လက်ခံ ကျင့်သုံးသင့်သောကောင်းမြတ်သော လုပ်ရပ်များဖြစ်ကြောင်း လျှောက်လဲသည်။

အမှတ် (၄) (၅) အယူခံတရားပြိုင်များ ရှေ့နေက မြန်မာ ဓလေ့ထုံးတမ်းဥပဒေတွင် အမွေခန်း၌ အပြီး အပြတ် အပ်နှင်းပြီး အခွင့်အရေးများသတ်မှတ်ထားပြီးဖြစ်၍မိဘကသားသမီး အတွက်ရည်စူးဝယ်ယူသည့် အလေ့အထမှာအမွေခန်း တရားဥပဒေကို ရှောင်လွှဲခြင်း ဖြစ်သဖြင့် ဓလေ့ ထုံးတမ်းနှင့် ညီညွတ်မှုမရှိကြောင်း၊ အခြားအမွေစားအမွေခံ သားသမီးများ ရှိပါကငင်းတို့၏ အကျိုးကို ထိခိုက်နစ်နာစေကြောင်း၊ သားသမီး တို့သည် မိဘတို့၏ပစ္စည်းအရပ်ရပ်တွင်အညီအမျှအမွေ ဆက်ခံခွင့် ရရှိကြသည်ဟူသော မြန်မာဓလေ့ ထုံးတမ်း ဥပဒေမူ သဘောနှင့်လည်း ဆန့်ကျင်ကြောင်း၊ မိဘက သားသမီး အတွက် ရည်စူး၍ ဝယ်ပေးသည်ဆိုစေဦး၊ ငွေရှင်မှာ မိဘဖြစ်၍စာချုပ် တွင် အမည်ဖော်ပြခံရသော သားသမီးမှာ ငွေရှင်မဟုတ် သဖြင့် ပိုင်ဆိုင်သူမှာမိဘသာဖြစ်ကြောင်း၊ အချင်းဖြစ်ပစ္စည်းကို ဦးခင်မောင်ငွေဖြင့်ဝယ်ယူခဲ့ပြီး ၎င်းကိုယ်တိုင် အဆိုပါ အဆောက်အအုံ၌ အသက်ထက်ဆုံး နေထိုင်သွားခဲ့ကြောင်း၊ ထိုအဆောက်အအုံ၌ပင် "စီ" ကုမ္ပဏီထူထောင်၍ တိုင်းရင်း ဆေးဝါးဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းလုပ်ကိုင်ခဲ့ကြောင်း၊ မိဘက သားသမီး အတွက် ရည်စူး ဝယ်ယူခြင်းကို မြန်မာဓလေ့ထုံးတမ်း စဉ်လာအရ လက်ခံကျင့်သုံးရန် မသင့်ကြောင်းလျှောက်လဲသည်။

အယူခံစာရားပြိုင် (၂) (၃) တို့လာရောက်ခြင်းမရှိချေ။

မူလရုံးအမှုတွဲကို စိစစ်ရာတွင် တိုင်းတရားရုံး၏ အပြီး

၂၀၀၄
ဒေါ်မင်းမင်းဦး
နှင့်
ဦးဝင်းမြင့် ပါ၅

သတ်ဒီကရီ၌ ပါရှိသည့်အမွေပုံပစ္စည်းစာရင်းအမှတ်စဉ်(၄) အိမ်နှင့်မြေသည်ဒေါ်စန်းမြင့်ကမိမိပစ္စည်းဖြစ်သဖြင့်အမွေပုံ ပစ္စည်းမှ ဖယ်ထုတ်ရန်ကိစ္စကိုအကြောင်း ပြု၍တရားရုံးချုပ်တွင် ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၇၀အရ အယူခံ ဝင်ရောက်ရာ တရားရုံးချုပ်က အယူခံကို ခွင့်ပြုပြီး အဆိုပါပစ္စည်း ကို အမွေပုံပစ္စည်းမှ ဖယ်ထုတ်ခဲ့သည်။ ထို့ပြင် ကျန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေပုံပစ္စည်းများ ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ ပြီးဖြစ်သည်။

ဤအခြေအနေတွင်အမှတ်(၁)မူလရုံးတရားပြိုင်ဒေါ်တင်စိန် ၏သားဖြစ်သူဦးဝင်းမြင့်က မူလမှုတွင်အမှုသည် အဖြစ်ပါဝင်ခြင်း မရှိသော်လည်းတိုင်းတရားရုံး၏ အပြီးသတ်ဒီကရီကြောင့်ထိခိုက် နစ်နာသူအနေဖြင့်တရားရုံးချုပ်တွင်အယူခံဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

၎င်းက ဖခင်ဦးခင်မောင်သည် မူလရုံးဒီကရီ အမှတ်စဉ် ၃ ပါ မြေနှင့် ၃ ထပ်တိုက်ကို မိမိအမည်ဖြင့် ဝယ်ပေးခဲ့သော ပစ္စည်းဖြစ်၍ မိမိပိုင်ပစ္စည်းဖြစ်သဖြင့် အမွေပုံပစ္စည်းမှ ဖယ်ထုတ်ပေးရန် အဓိကထား တင်ပြ ထားသည်ကို တွေ့ရသည်။

ဤအယူခံတွင် အချင်းဖြစ်ပစ္စည်းကို အမွေပုံပစ္စည်းမှ ဖယ်ထုတ်သင့်၊ မသင့် စိစစ်ရန်ဖြစ်သည်။

ကွယ်လွန်သူ ဦးခင်မောင်တွင် အိမ်ထောင် (၄)ဆက် ရှိသည်။ ၎င်းတို့မှာ ပထမဇနီးဒေါ်တင်ဦး၊ ဒုတိယဇနီး ဒေါ်အုန်းလှ၊ တတိယဇနီး ဒေါ်အုန်းနှင့် စတုတ္ထဇနီး ဒေါ်တင်စိန် တို့ဖြစ်ကြသည်။ ဦးခင်မောင် ကွယ်လွန်ချိန်တွင် အမွေစား အမွေခံအဖြစ် အိမ်ထောင်ကြီးများမှ သားသမီးမြေးများ ကျန်ရစ် ခဲ့သည်။ မူလရုံးတရားလို ဒေါ်မင်းမင်းဦးမှာ ဦးခင်မောင်နှင့် ဒုတိယဇနီး ဒေါ်အုန်းလှတို့မှ မွေးဖွားသောသမီး ဒေါ်အုန်းမြင့် ၏သမီးဖြစ်ပြီး ဦးခင်မောင်၏မြေးဖြစ်သည်။ ဦးဝင်းမြင့်သည် ဦးခင်မောင်နှင့် စတုတ္ထဇနီးဒေါ်တင်စိန်(အမှတ် ၁ မူလရုံး တရားပြိုင်) ၏သားဖြစ်သည်။

ဦးခင်မောင်သည် အချင်းဖြစ် ရန်ကုန်မြို့၊ မြို့မ အနောက် တိုက်နယ်၊ ရပ်ကွက်နံပါတ် ၂၂၊ ဇက် ၁၊ မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အဆောက်အအုံကို ၁-၁၂-၅၄ ရက်စွဲပါ

မှတ်ပုံတင်စာချုပ်သက်သေခံအမှတ်(၈)အရ ဦးမြင့်နှင့် ဦးဝင်းမြင့်တို့အမည်ဖြင့် မူလပိုင်ရှင် ဦးသိန်းထံမှ ဝယ်ယူခဲ့သည်။ ထိုသို့ဝယ်ယူစဉ် ဦးမြင့်နှင့် ဦးဝင်းမြင့်တို့မှာ အရွယ်မရောက်သေးသူများဖြစ်၍ဦးခင်မောင်ကအုပ်ထိန်းသူအဖြစ်ဆောင်ရွက်သည်။ထို့နောက်၁၈-၃-၅၅ရက်စွဲပါအမှားပြင်စာချုပ်သက်သေခံအမှတ်(၈-၁)အရဝယ်ယူသူ ဦးမြင့်အမည်ကိုဖျက်၍ အချင်းဖြစ်မြေနှင့်အဆောက်အအုံတွင် ဦးဝင်းမြင့် အမည်ဖြင့် ပြန်လည်ထားရှိသည်။

၂၀၀၄
ဒေါ်မင်းမင်းဦး
နှင့်
ဦးဝင်းမြင့် ပါ၅

ဦးခင်မောင်က ယင်းသို့ ပစ္စည်းများ ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ အမှုတွင် အမှတ်(၁) မူလရုံးတရားပြိုင် ဒေါ်တင်စိန် (ဦးဝင်းမြင့်၏မိခင်) က အောက်ပါအတိုင်း ထွက်ဆို ထားသည်ကို တွေ့ရသည် -

"ဖိုးပြုံးချိုဆေးတိုက်၊ စီကုမ္ပဏီတိုက်နှင့်စပ်လျဉ်းသည့် လုပ်ငန်းသုံးပစ္စည်း အမြောက်အမြား ဒေါ်တင်စိန် လက်ဝယ် ကျန်ရစ်ခဲ့သည် မဟုတ်လား ဆိုလျှင် ဒါကတော့ ကျွန်မနှင့်ဆိုင်သည့် ကျွန်မ လက်ထက်ပွား ပစ္စည်းများ ဖြစ်၍ ကျွန်မလက်ဝယ် ကျန်ရစ်ပါသည်။ အမှတ် ၇၈၁၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ စီကုမ္ပဏီတိုက်တွင် မီးခံ သေတ္တာတစ်လုံး ကျန်ရစ် သည်ဆိုလျှင် မှန်ပါသည်။ အဆိုပါ မီးခံသေတ္တာထဲတွင် စီကုမ္ပဏီလုပ်ငန်းနှင့် ပတ်သက်သည့်ငွေကြေးများ၊ ဘဏ်စာအုပ်များ၊ အစုရှယ်ယာများ၊ အိမ်မြေ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများ ကျန်ရစ်သည်ဆိုလျှင် ဆေးနှင့်ပတ်သက်သော စာရွက်စာတမ်းများရှိပါသည်။ ဦးခင်မောင်သည် အိမ်မြေဥပစာများကို ဝယ်ယူရာတွင် ဇနီး၊ သား၊ မြေးများ အမည်ခံထား၍ ဝယ်ယူလေ့ရှိသည်ဆိုလျှင် မှန်ပါသည်။"

ယင်းထွက်ဆိုချက်အရ ဦးခင်မောင်သည် အိမ်မြေဥပစာစသည်များကို ဇနီး၊ သား၊ မြေးများအမည်ခံ ဝယ်ယူလေ့ရှိသည်။ သို့ဖြစ်၍ ယခုအချင်းဖြစ်မြေနှင့်အဆောက်အအုံကိုလည်း မူလက မြေးဦးမြင့်နှင့် သားဦးဝင်းမြင့်တို့အမည်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

'ဘီနာမီ' ခေါ် နာမည်ငှားဖြင့် အရောင်းအဝယ်

ပြုလုပ်သော ကိစ္စများ၌ အောက်ပါအချက်များအပေါ်တွင် မူတည်၍ စဉ်းစားသင့်ကြောင်း **ဒေါ်အစုရာဘီ (ခ) ဒေါ်ချစ်တီးယားနှင့် ဒေါ်ဖွာတူး (ခ) ဒေါ်မြမြဝင်းအမှု**[၁] တွင် ထုံးပြုသည်-

(၁) နာမည်ငှားစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် အကြောင်း ရှိ၊ မရှိ၊

(၂) နာမည်ငှားများနှင့် တကယ်တမ်းဝယ်ယူသူတို့ ဆက်စပ်နေပုံအရ တကယ်တမ်း ဝယ်ယူသူက ထိုနာမည်ငှားများကို ရွေးချယ်ရန်အကြောင်း ရှိ၊ မရှိ၊

(၃) ပစ္စည်းပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသည့် စာချုပ်စာတမ်း များ မည်သူ့ထံတွင်ရှိသနည်း၊

(၄) ပစ္စည်းသည် မည်သူ့လက်ဝယ်တွင် ရှိသနည်း၊

(၅) မည်သူ့ထံမှ အဖိုးငွေကို ရရှိသနည်း။

ထို့ပြင် ယင်းအကြောင်းအချက်များသည် နာမည်ငှားစနစ်ဖြင့် မှတ်ကျောက်သဖွယ်ဖြစ်ကြောင်း၊ အရောင်းအဝယ်တစ်ခုသည် နာမည်ငှားစနစ်အရ ဖြစ်နိုင်ကြောင်း ပတ်ဝန်းကျင်အကြောင်းခြင်းရာများအရ တွေ့ရသည့် အခါ၌ နာမည်ခံသူများသည် ပစ္စည်းနှင့် စာချုပ်စာတမ်း ကို လက်ရှိထားသူမဟုတ်လျှင် ထိုအရောင်းအဝယ် နာမည်ငှားစနစ် အရဖြစ်သည်မှာ သေချာသည်ဟု ယူဆ သင့်ကြောင်း လမ်းညွှန် ထားသည်။

ယခုအမှုတွင် အရွယ်မရောက်သေးသူ ဦးဝင်းမြင့်၏ အမည်ဖြင့် အချင်းဖြစ်ပစ္စည်းများကို ဝယ်ယူရာတွင် ဦးခင်မောင်ကပင် ငွေချေခဲ့ပြီး အဆိုပါအဆောက်အအုံ တွင် စီကုမ္ပဏီထူထောင်လျက် တိုင်းရင်းဆေးများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခဲ့သည်။ ၎င်းကိုယ်တိုင်ပင် ယင်း အဆောက်အအုံတွင် ကွယ်လွန်သည်အထိ နေထိုင်လျက် စီမံခန့်ခွဲခဲ့ကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ အချင်းဖြစ် မြေအဆောက်အအုံကို ဦးဝင်းမြင့် အမည်ငှားဖြင့် ဦးခင်မောင်က ဝယ်ယူခဲ့ခြင်းဖြစ် ပေသည်။

---

(၁) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ ၁၄၈

၂၀၀၄
ဒေါ်မင်းမင်းဦး
နှင့်
ဦးဝင်းမြင့် ပါ၅

အမည်ငှား သဘောလွှဲပြောင်းပေးခြင်းသည် အကျိုးသက်ရောက်မှုမရှိသည့်အလျောက် လွှဲပြောင်းသည့် ပစ္စည်းသည် လွှဲပြောင်းပေးသူ၏ ပစ္စည်းအဖြစ်သာ ဆက်လက် တည်ရှိမည်ဖြစ်ရာ ထိုသူကွယ်လွန်သောအခါ ၎င်း၏အမွေပစ္စည်းအဖြစ် ကျန်ရစ်မည်မှာ သဘာဝပင် ဖြစ်သည်ဟု **ဒေါ်လွန်းနှင့် ဒေါ်သိန်းရှင်အမှု**[၂] တွင် ဆုံးဖြတ်ထားရာ အမည်ငှားဝယ်ယူခဲ့သော အချင်းဖြစ် ပစ္စည်းသည် ကွယ်လွန်သူဦးခင်မောင်၏ အမွေအဖြစ် ကျန်ရစ်ကြောင်း ထင်ရှားသည်။

တစ်ဖန် တရားရုံးချုပ်က အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ဖခင်ဦးခင်မောင်က သားဖြစ်သူ ဦးဝင်းမြင့်အတွက် ရည်စူး၍ ဝယ်ခဲ့ခြင်းဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

သို့ရာတွင် **မောင်ထွန်းဖေနှင့် ဘီကေဟောလ်ဒါးနှင့် အခြားသူများအမှု**[၃] တွင် မိဘများသည် သားသမီးများ အတွက် ရည်စူး၍ ဝယ်ယူသည့်အလေ့အထသည် မြန်မာ့ဓလေ့ထုံးတမ်း စဉ်လာနှင့် ကိုက်ညီခြင်းမရှိကြောင်း စုံညီခုံရုံးဖြင့် လမ်းညွှန် ထုံးဖွဲ့ခဲ့သည်။ ယင်းစီရင်ထုံး မတိုင်ခင် မိဘက သားသမီး အတွက် ရည်စူး၍ ဝယ်ယူသည်ဆိုခြင်းကို လက်ခံခြင်းမရှိသလို လက်ခံသည့် သာဓကများ ရှိခဲ့ဖူးသည်။ ထို့ပြင် **ဦးမောင်ကလေး ပါ-၄ နှင့် ဒေါ်စိန်နု (ခ) ဒေါ်နုမေအမှု**[၄] တွင် အထက်ဖော်ပြပါ **မောင်ထွန်းဖေစီရင်ထုံး**[၃] ကို ခြားနားပြကာ "တစ်ဦးတည်းသော သားအတွက် ဦးစားပေး၍ အကျိုးခံစားခွင့် ရရှိ စေရန် အချင်းဖြစ်အိမ်ကို ဝယ်ယူသူတစ်ဦးအနေဖြင့် ထည့်သွင်းထားခြင်းမှာ အခြားအမွေစားအမွေခံ သား သမီးများမရှိသဖြင့် ၎င်းတို့အကျိုးကိုပိတ်ပင်ရာမရောက်သောကြောင့် အယူခံ တရားလို၌အကျိုးခံစားခွင့်ရှိသည်ဟုယူဆကြောင်း"သုံးသပ် ဆုံးဖြတ်ခဲ့သည်။

---

(၂) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-၁၄၉
(၃) အတွဲ ၁၄၊ ရန်ကုန် ၊ စာ-၂၄၂ (စုံညီ)
(၄) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-၁၃၀၉

၂၀၀၄
ဒေါ်မင်းမင်းဦး
နှင့်
ဦးဝင်းမြင့် ပါ၅

ယင်းအမှုတွင်အမွေစားအမွေခံတစ်ဦးတည်းသာရှိခြင်းအပေါ် ဝေဖန်သုံးသပ်ခဲ့ခြင်းဖြစ်ရာယခုအမှုတွင်မူ အမွေခံတစ်ဦးမကရှိနေခြင်းကြောင့်ယင်းစီရင်ထုံးကို လိုက်နာရန်လိုမည်မဟုတ်ပေ။

သို့ဖြစ်၍ တရားရုံးချုပ်ကအချင်းဖြစ်ပစ္စည်းကို ဖခင်က သားအတွက် ရည်စူးဝယ်ခဲ့၍ ၄င်းပိုင်ပစ္စည်းဖြစ်ကြောင်း၊ အမွေဆိုင်ပစ္စည်းမဟုတ်ကြောင်းသုံးသပ် ဆုံးဖြတ်ခြင်းသည် အထက်ဖော်ပြပါ **မောင်ထွန်းဖေနှင့်ဘီကေဟောလ်ဒါးနှင့်အခြားသူများလမ်းညွှန်စီရင်ထုံး**[၃] ကိုလိုက်နာခြင်းမရှိဘဲ ကွဲလွဲဆုံးဖြတ်ခဲ့ကြောင်းမြင်သာသည်။

အထက်တွင်သုံးသပ်ထားသည့်အတိုင်း ဦးခင်မောင်သည် အချင်းဖြစ်ပစ္စည်းများကို ဦးဝင်းမြင့်အမည်ငွေဖြင့်ဝယ်ယူခဲ့ကြောင်းပေါ်ပေါက်သည့်အပြင်မိမိ၏ကိုယ်ပိုင်ငွေဖြင့်သားအတွက် ရည်စူး၍ဝယ်သည်ဆိုခြင်းသည်ဖခင်ကွယ်လွန်စဉ် ကျန်ရစ်သည့်ပစ္စည်းတွင် ကျန်အမွေဆိုင်များအတွက်နစ်နာဖွယ်ရာအကြောင်းရှိသဖြင့် မြန်မာဓလေ့ထုံးတမ်းစဉ်လာအရ လက်ခံရန်မသင့်ပေ။

ထို့ကြောင့် ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> "မိဘက သားသမီးအတွက် ရည်စူးဝယ်ယူခြင်း သည် မြန်မာဓလေ့ထုံးတမ်းအစဉ်အလာနှင့် ညီညွတ်ခြင်း မရှိကြောင်း၊ မိဘက သားသမီးအတွက် ရည်စူးဝယ်ယူခြင်းကို မြန်မာဓလေ့ထုံးတမ်းစဉ်လာအရ လက်ခံကျင့်သုံးရန် မသင့်ကြောင်း"

ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုပြီး တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီမှအဆိုပါအချင်းဖြစ် မြေနှင့် အဆောက်အအုံကို အမွေပုံပစ္စည်းအဖြစ်မှ ဖယ်ထုတ်ကြောင်း ပြင်ဆင်ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ကာ တိုင်းတရားရုံးက

---

(၃) အတွဲ ၁၄၊ ရန်ကုန် ၊ စာ၂၄၂ (စုံညီ)

ယင်းပစ္စည်းကို အမွေပုံပစ္စည်းအဖြစ် သတ်မှတ်၍ ခွဲဝေရန် ချမှတ်သည့်စီရင်ချက်နှင့် ဒီကရီကိုပြန်လည်အတည်ပြု လိုက်သည်။

ရွှေနေစရိတ်ကျပ် ၃၀၀၀/ သတ်မှတ်သည်။

၂၀၀၄
ဒေါ်မင်းမင်းဦး
နှင့်
ဦးဝင်းမြင့် ပါ၅

+၂၀၀၄
ဒီဇင်ဘာလ
၁၇ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့၏ရှေ့တွင်

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်မေ(ကွယ်လွန်သူ မိုဟန်ဒတ်စ်(ခ)ဦးမောင်ဟန်၏ တရားဝင်ကိုယ်စားလှယ်) | နှင့် | ၁။စီဗားရာဂျ်(ခ)ဦးမောင်ကြီး ၂။ကူစ်လာကုမာရီ (ခ) ဒေါ်တင်တင်လှ |
| ကူစ်လာကုမာရီ (ခ) ဒေါ်တင်တင်လှ | | ၁။ စီဗားရာဂျ် (ခ) ဦးမောင်ကြီး ၂။ဒေါ်မြင့်မြင့်မေ(ကွယ်လွန်သူ မိုဟန်ဒတ်စ်(ခ)ဦးမောင်ဟန်၏ တရားဝင်ကိုယ်စားလှယ်) * |

ဟိန္ဒူဥပဒေအရ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်း။ ဟိန္ဒူမိန်းမ၏သီးခြားပစ္စည်း Stridhana မြောက်ရန် လိုအပ်သည့်အချက်များ။

ဆုံးဖြတ်ချက်။ ။ မိတက္ခရှာရ ဥပဒေအရ မိန်းမ ကျန်ရစ်သည့် ၎င်းပိုင်တစ်သီး ပုဂ္ဂလပိုင်ပစ္စည်း အမွေဆက်ခံခွင့်ကို သီးခြားသတ်မှတ်ထားသည်။ ထိမ်းမြားရာတွင် မိန်းကလေးအား လက်ဆောင်ပေးသောပစ္စည်းကို အမွေစားအမွေခံများအဖြစ် သတ်မှတ်သည့်အစီအစဉ်အတိုင်း အမွေဆက်ခံသည်။ ထို့အတူ မိန်းမ၏အခြားပစ္စည်းများကိုလည်း သတ်မှတ်ထားသည့် အမွေစား အမွေခံတို့က အမွေဆက်ခံကြသည်။

ဟိန္ဒူဥပဒေအရ Stridhana သည် မိန်းမတစ်ဦး၏ သီးခြားပိုင် ပစ္စည်းဖြစ်သည်။ မိန်းမတစ်ဦး၏ Stridhana ပစ္စည်းတိုင်းသည် ၎င်း၏တစ်သီး ပုဂ္ဂလပိုင်ဖြစ်

---

* ၂၀၀၄ ခုနှစ် ၊ တရားမ အထူးအယူခံမှု ၆၃ နှင့် ၆၄

+၂၀၀၃ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၄၂၀ တွင်ချမှတ်ထားသော ၃၀-၁၂-၂၀၀၃ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

သော်လည်း ဟိန္ဒူမိန်းမတစ်ဦးပိုင်ပစ္စည်းတိုင်းမှာမူ Stridhana ပစ္စည်းမဟုတ်ပေ။ Stridhana ပစ္စည်းမြောက်ရန် သီးခြားအင်္ဂါရပ်များနှင့် ညီညွတ်ရန်လိုသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ယခုအမှုတွင် အချင်းဖြစ်မြေသည် ဟိန္ဒူမိန်းမ၏သီးခြားပစ္စည်း Stridhana ပစ္စည်းတွင်အကျုံးဝင်မဝင် စိစစ်ရန် လိုသည်။ ဥပဒေကျမ်းနှစ်ခုတွင်ဖော်ပြသည့်ပစ္စည်းများအနက် ပထမကျမ်းတွင် ဖော်ပြသည့်Purchase နှင့် ဒုတိယကျမ်းတွင် ဖော်ပြသည့် Property purchased with Stridhana ဆိုသည့်အချက်ကို ရှေးဦးစွာ ဆန်းစစ်ရန်ဖြစ်သည်။ D.F. Mula ၏ HINDU LAW တွင် Purchase နှင့်စပ်လျဉ်း၍ "the definition of stridhana given in the Mitakshara, that money give absolutely to a woman for her maintenance and purchases made with such money." ဟု ဖော်ပြထားသည်။ S.V. GUPTE ၏ ဟိန္ဒူဥပဒေကျမ်းတွင် Property Purchased with Stridhana ဟု ပြဆိုထားရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာအနှစ်သာရအားဖြင့် အတူတူဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒုတိယစိစစ်ရန်အချက်မှာပထမကျမ်းတွင် ဖော်ပြသည့် Seizure (e.g. adverse possession) နှင့် ဒုတိယကျမ်းတွင်ဖော်ပြသည့် property acquired by adverse possession at any time တွင်အကျုံးဝင်သောမြေဟုတ်၊ မဟုတ်ဖြစ်သည်။

ပစ္စည်းကိုဆန့်ကျင်လက်ရှိထားမှုမြောက်ရန်သီးခြားလက်ရှိထားမှု exclusive possession ရှိရန် လိုအပ်သည်။ **ဦးဖေပါ-၃ နှင့် စပ်ဘိုစစ်အမှု**[၁] ကိုကြည့်ပါ။ ဒေါ်အင်န်အမားသည် အချင်းဖြစ်မြေကို ခင်ပွန်းဖြစ်သူ အမ်ဗွီဒေးဗားထံမှ ဝယ်ယူသည်ဆိုသော်လည်း ခင်ပွန်းသည်နှင့် အတူနေထိုင်ခဲ့သည်။ အချင်းဖြစ်မြေတွင်မိသားစုနေထိုင်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် ဒေါ်အင်န်အမားကွယ်လွန်ခဲ့ရာ ခင်ပွန်းအမ်ဗွီဒေးဗားသည် ကွယ်လွန်သည်အထိ ယင်းမြေတွင်ဆက်လက် နေထိုင်ခဲ့ကြောင်း

၂၀၀၄
ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)
ကူစ်လာကုမာရီ
(ခ)
ဒေါ်တင်တင်လှ
နှင့်
၁။ စီဗားရာဂျ်
(ခ)
ဦးမောင်ကြီး
၂။ကူစ်လာကုမာရီ
(ခ) ဒေါ်တင်တင်လှ

၁။ စီဗားရာဂျ် (ခ)
ဦးမောင်ကြီး
၂။ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)

(၁) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၁၆

၂၀၀၄
ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)
ကူစ်လာကုမာရီ
(ခ)
ဒေါ်တင်တင်လှ
နှင့်
၁။ စီဗားရာဂျ်
(ခ)
ဦးမောင်ကြီး
၂။ကူစ်လာကုမာရီ
(ခ) ဒေါ်တင်တင်လှ
၁။ စီဗားရာဂျ် (ခ)
ဦးမောင်ကြီး
၂။ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)

ပေါ်ပေါက်သည်။ သို့ဖြစ်၍ ဒေါ်အင်န်အမားသည် မြေကို သီးခြားလက်ရှိထားခဲ့ခြင်း exclusive possession မဟုတ်၍ ဆန့်ကျင်လက်ရှိထားခြင်းဖြင့် ပိုင်ဆိုင်သည့် ပြဿနာပေါ်ပေါက်ရန် အကြောင်းမရှိပေ။

အထက်ဖော်ပြပါ ဥပဒေကျမ်းများတွင် ပြဆိုသောအခြား အမျိုး အစားတစ်ခုခုတွင် အကျုံးဝင်ခြင်းလည်း မရှိသဖြင့်အချင်း ဖြစ်မြေမှာ ဒေါ်အင်န်အမား၏ သီးခြားပစ္စည်း Stridhana ဖြစ်သည် ဟုကောက်ယူရန် မဖြစ်နိုင်ပေ။

ဦးမောင်မောင်ကျော်လင်း၊
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားလိုအတွက်

ဦးလှသိန်း၊
(တရားရုံးချုပ်ရှေ့နေ)

(၁) ဦးစံတင်၊
(တရားရုံးချုပ်ရှေ့နေ)
(၂) ဦးလှသိန်း၊
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက်

(၁) ဦးစံတင်၊
(တရားရုံးချုပ်ရှေ့နေ)
(၂) ဦးမောင်မောင်ကျော်လင်း၊
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၆၇ တွင် တရားလိုဒေါ်မြင့်မြင့်မေက တရားပြိုင် စီဗားရာဂျ် (ခ) ဦးမောင်ကြီးနှင့် ကူစ်လာကုမာရီ (ခ) ဒေါ်တင်တင်လှတို့အပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီရရှိသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို စီဗားရာဂျ် (ခ) ဦးမောင်ကြီးက ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်သို့ ၂၀၀၃ ခုနှစ်၊

တရားမ ပထမ အယူခံမှု အမှတ် ၄၂၀ အရ အယူခံဝင်ရောက်ရာ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်မြင့်မြင့်မေစွဲဆိုသောအမှုကို ပလပ်ခဲ့သည်။ တရားရုံးချုပ်၏စီရင်ချက်နှင့် ဒီကရီကို ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေး စီရင်ပေးရန် ဒေါ်မြင့်မြင့်မေက တရားရုံးချုပ်တွင် ၂၀၀၄ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၆၉ အရလည်းကောင်း၊ ကူစ်လာကုမာရ် (ခ) ဒေါ်တင်တင်လှက ၂၀၀၄ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာ (အထူး) အမှတ် ၁၇၀ အရလည်းကောင်း လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါပြဿနာများအပေါ် အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"၁။ အချင်းဖြစ်မြေကွက်များတွင် ဒေါ်အင်န်အမား အမည်ပေါက်နေခြင်းကြောင့် ဒေါ်အင်န်အမား၏ သီးခြားပစ္စည်း (Stridhana) ဖြစ်သည်ဟုကောက်ယူနိုင် ခြင်း ရှိ မရှိ။

၂။ အချင်းဖြစ်မြေကွက်များသည် ဒေါ်အင်န်အမား၏ သီးခြားပစ္စည်း (Stridhana) အဖြစ် ကောက်ယူနိုင်ပါက ဒေါ်အင်န်အမား ကွယ်လွန်သည့်အခါ အချင်းဖြစ်မြေကွက်များသည် သားဖြစ်သူ စီဗားရာဂျ် (ခ) ဦးမောင်ကြီးသို့ အမွေသက်ဆင်းသည်ဟု ကောက်ယူဆုံးဖြတ်ထား ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ"

ဤတရားမအထူးအယူခံမှုများသည် မူလတရားမကြီးမှု တစ်မှုတည်းမှ ပေါ်ပေါက်လာပြီး ဆုံးဖြတ်ရန် ပြဿနာများမှာလည်း တူညီသဖြင့် ဤစီရင်ချက်သည် နှစ်မှုလုံးနှင့် သက်ဆိုင်သည်။

အဆိုလွှာတွင် မူလရုံးတရားလိုက ရန်ကုန်တိုင်း၊ သက်န်းကျွန်းမြို့နယ်၊ ကွင်းအမှတ် (၂၉-က)၊ ဦးပိုင်အမှတ် (၇)၊ မြေဧရိယာ ၀. ၆၅၀ ဧကရှိမြေနှင့် ဦးပိုင် အမှတ် (၈) ဧရိယာ ၁. ၄၈၀ ဧကရှိ မြေတို့ကို ဒေါ်အင်န်အမားက ပိုင်ဆိုင်ကြောင်း၊ ဒေါ်အင်န်အမားသည် ၂၆-၁၁-၆၇ ရက်နေ့တွင် ကွယ်လွန်ပြီး ၎င်း၏ ခင်ပွန်းဖြစ်သူ အမ်စွီဒေးမားသည် ၁၇-၄-၇၀ ရက်နေ့တွင် ကွယ်လွန်ကြောင်း၊ ၎င်းတို့သည် ဟိန္ဒူဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ကွယ်လွန်ချိန်တွင် စီဗားရာဂျ်(ခ) ဦးမောင်ကြီး၊ ဒေါ်ဆရမ်ဝါသီးအမား၊

၂၀၀၄
ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)
ကူစ်လာကုမာရီ
(ခ)
ဒေါ်တင်တင်လှ
နှင့်
၁။ စီဗားရာဂျ်
(ခ)
ဦးမောင်ကြီး
၂။ကူစ်လာကုမာရီ
(ခ) ဒေါ်တင်တင်လှ
၁။ စီဗားရာဂျ် (ခ)
ဦးမောင်ကြီး
၂။ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)

**၂၀၀၄**
ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)
ကူစ်လာကုမာရီ
(ခ)
ဒေါ်တင်တင်လှ
နှင့်
၁။ စီဗားရာဂျ်
(ခ)
ဦးမောင်ကြီး
၂။ကူစ်လာကုမာရီ
(ခ) ဒေါ်တင်တင်လှ
၁။ စီဗားရာဂျ် (ခ)
ဦးမောင်ကြီး
၂။ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)

အာသာလက်ချ်မီးဟူသည့် သားသမီးများ ကျန်ရစ်ကြောင်း၊ ဒုတိယသားဖြစ်သူ သီယာရာဂျန်(ခ) ဦးမောင်မောင်သည် ၁၉၅၀ ခုနှစ်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ကြောင်း၊ အာသာလက်ချ်မီးသည် ၁၉၅၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ အပြီးအပိုင်ထွက်ခွာသွားကြောင်း၊ ဒေါ်ဆရမ်ဝါသီးအမားသည် ဦးဗွိနိုင်ရကွန်းနှင့် အိမ်ထောင်ကျပြီး ဥမ္မာဒါနီးမိုဟန်ဒတ်စ် (ခ) ဦးမောင်ဟန်၊ ဦးဘီဂျေဆန်ကား၊ အလ်ဒါနီ (ခ) ဒေါ်လှဝင်း၊ ကူစ်လာကုမာရီ (ခ) ဒေါ်တင်တင်လှ ဟူသော သားသမီးများကိုမွေးဖွားခဲ့ကြောင်း၊ ဒေါ်ဆရမ်မာသီးအမားသည် ၁၁-၉-၉၄ နေ့တွင် လည်းကောင်း၊ ဦးဗွိနိုင်ရကွန်းသည် ၁၉၅၆-ခုနှစ်တွင် လည်းကောင်း၊ ဥမ္မာဒါနီးသည် ၆-၄-၉၇နေ့တွင်လည်းကောင်း၊ မိုဟန်ဒတ်စ် (ခ) ဦးမောင်ဟန်သည် ၁၁-၁၁-၉၉ နေ့တွင် လည်းကောင်း ကွယ်လွန်ကြောင်း၊ မိုဟန်ဒတ်စ်(ခ) ဦးမောင်ဟန်တွင်ဇနီး ဒေါ်မြင့်မြင့်မေ ကျန်ရစ်ကြောင်း၊ ဦးဘီဂျေဆန်ကာသည် ၉-၃-၈၇ နေ့တွင် ကွယ်လွန်ပြီး အလီဒါနီ (ခ) ဒေါ်လှဝင်းသည် ၁၄-၄-၉၈နေ့တွင် ကွယ်လွန်ကြောင်း၊ အချင်းဖြစ်ပစ္စည်းနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၅-၁-၂၀၀၁ ရက်စွဲပါ စာအမှတ် ၁၈၇-၉၄/ရေ ၃ အရ အမည်ပေါက် သားနှင့်မြေး ၅ ဦးတို့မှာ မိသားစုဆက်နွယ်မှုဇယားအရ အမွေဆက်ခံခွင့်လမ်းကြောင်းတွင် ပါဝင်သဖြင့် ပြည်ပရောက်နိုင်ငံခြားသားဖြစ်သူ သမီးအာသာလက်ချ်မီးမှအပ အမွေဆက်ခံခွင့်ရှိသော သားဖြစ်သူ, စီဗားရာဂျ်(ခ) ဦးမောင်ကြီး၊ မြေးများဖြစ်ကြသော ဥမ္မာဒါနီး (ခ)ဥမ္မာ၊ မိုဟန်ဒတ်စ် (ခ) ဦးမောင်ဟန်၊ ဦးဘီဂျေ ဆန်ကား၊ အလီဒါနီ (ခ) ဒေါ်လှဝင်း၊ ကူစ်လာကုမာရီ(ခ) ဒေါ်တင်တင်လှတို့အား အမွေဆက်ခံခွင့်ပြုရန်နှင့် ဦးမောင်ကြီးမှ လိမ်လည်၍ အမည်ပြောင်းထားခြင်းအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်အတွက် ယင်းကော်မတီသို့ အကြောင်းကြားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ယခုအခါတွင် အသက်ရှင်လျက်ရှိပြီး အမွေဆက်ခံခွင့်ရှိသူတို့မှာ စီဗားရာဂျ် (ခ) ဦးမောင်ကြီး၊ ဒေါ်မြင့်မြင့်မေ၊ ကူစ်လာကုမာရီ(ခ) ဒေါ်တင်တင်လှတို့ဖြစ်ကြောင်း၊ ထို့ကြောင့် မူလရုံးတရားလိုသည် အမွေပုံပစ္စည်းများ၏ ၃ ပုံ ၁ ပုံ ဝေစုရထိုက်ကြောင်း အဆို

ပြုသည်။

အမှတ်(၁) မူလရုံးတရားပြိုင် စိဗားရာဂျ် (ခ) ဦးမောင်ကြီးက ကွယ်လွန်သူအင်န်အမား နှင့် ခင်ပွန်း အမ်ဗွီဒေးဗားတို့သည် ဟိန္ဒူတမီလ်ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဟိန္ဒူဓလေ့ထုံးစံနှင့်အညီ နေထိုင်သူများဖြစ်ကြောင်း၊ ၎င်းတို့ကွယ်လွန်ချိန်၌ မြန်မာနိုင်ငံတွင် စိဗားရာဂျ်(ခ) ဦးမောင်ကြီး၊ ဒေါ်ဆရမ်ဝါသီးအမားတို့သာ ကျန်ရစ်ကြောင်း၊ အာသာလက်ချ်မီးသည် မိဘများ မကွယ်လွန်မီ ကတည်းက အိန္ဒိယနိုင်ငံသို့ အပြီးအပိုင်ပြောင်းရွှေ့သွားကြောင်း၊ ဦးဗွီနိုင်ရကွန်းသည် ၁၉၅၆ ခုနှစ်တွင် ရန်ကင်းနေအိမ်၌ ကွယ်လွန်ခဲ့သဖြင့် အမှတ်(၁) မူလရုံးတရားပြိုင်က ညီမနှင့် တူ၊ တူမများကို လက်ရှိနေထိုင်ရာ သက်န်းကျွန်းမြို့နယ် (ဆ/ခ) ရပ်ကွက်တွင် ခေါ်ယူစောင့်ရှောက် နေထိုင်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဥမ္မာဒါနီ၊ မိုဟန်ဒတ်စ် (ခ) ဦးမောင်ဟန်၊ ဦးဘီဂျေဆန်ကား၊ အလီဒါနီ (ခ) ဒေါ်လှဝင်းတို့ ကွယ်လွန်သည့်အခါ ဟိန္ဒူဓလေ့ ထုံးစံနှင့်အညီ ဟိန္ဒူသင်္ချိုင်း၌သာ မီးသဂြိုဟ်ခဲ့ကြောင်း၊ မူလရုံး တရားလို ၊ တရားပြိုင်တို့သည် ဟိန္ဒူဓလေ့ထုံးစံရှိသူများ ဖြစ်၍ ဤပုံစံဖြင့် တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ကြောင်း၊ တရားရုံးချုပ်တရားမပထမအယူခံမှုအမှတ် ၁၇၈/၂၀၀၁ အရ ဒေါ်မြင့်မြင့်မေတို့သည် မိမိအမွေ ဆက်ခံခွင့်အတွက် သက်ဆိုင်ရာ ဌာနသို့ တင်ပြ ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း ချေပသည်။

အမှတ်(၂) တရားပြိုင်ကဖြောင့်ဆို ဝန်ခံလွှာတင်သွင်းသည်။

တိုင်းတရားရုံးကတရားလိုဒေါ်မြင့်မြင့်မေသည် ဟိန္ဒူဓလေ့ ထုံးတမ်းအရ လက်ထပ်ခဲ့ကြောင်း၊ မိုဟန်ဒက်စ် (ခ) ဦးမောင်ဟန် သည် ၁၁-၁၁-၉၉နေ့၌ကွယ်လွန်ခဲ့ရာ ဇနီးဖြစ်သူတရားလို ဒေါ်မြင့်မြင့်မေကျန်ရစ်ကြောင်း၊ မုဆိုးမသည်နောက်ထပ် အိမ်ထောင်ပြုမှသာလျှင် ကွယ်လွန်သူ ခင်ပွန်းဟောင်း၏ အမွေ ရခွင့်ဆုံးရှုံးကြောင်း၊ ဒေါ်မြင့်မြင့်မေသည် နောက်ထပ်အိမ်ထောင် မပြုသဖြင့် ကွယ်လွန်သူခင်ပွန်း မိုဟန်ဒက်စ် (ခ) ဦးမောင်ဟန်၏ အမွေကို ဆက်ခံခွင့်ရှိကြောင်း၊ ထို့ကြောင့် ကွယ်လွန်သူ ဒေါ်အင်န်အမား၏အမွေကို သားဖြစ်သူ စိဗားရာဂျ် (ခ) ဦးမောင်ကြီး၊ မြေးဖြစ်သူ မိုဟန်ဒတ်စ် (ခ) ဦးမောင်ဟန်၏ ဇနီးဒေါ်မြင့်မြင့်မေ၊ ကူစ်လာကုမာရီ (ခ)ဒေါ်တင်တင်လှတို့သည် ပူးတွဲပိုင်ဆိုင်သူများအဖြစ် အမွေဆက်ခံကြကြောင်း ကောက်ယူ

၂၀၀၄
ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)
ကူစ်လာကုမာရီ
(ခ)
ဒေါ်တင်တင်လှ
နှင့်
၁။ စီဗားရာဂျ်
(ခ)
ဦးမောင်ကြီး
၂။ကူစ်လာကုမာရီ
(ခ) ဒေါ်တင်တင်လှ
၁။ စီဗားရာဂျ် (ခ)
ဦးမောင်ကြီး
၂။ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)

သုံးသပ်ပြီး မူလရုံးတရားလိုသည် အမွေပုံပစ္စည်း၏ ၃ပုံ၁ပုံရထိုက်ကြောင်း အပြီးသတ် ဒီကရီ ချမှတ်သည်။

တရားရုံးချုပ်က အချင်းဖြစ်မြေသည် ကွယ်လွန်သူ ဒေါ်အင်န်အမားအမည်ပေါက်ဖြစ်သည်ဟုသာ ပေါ်ပေါက်ကြောင်း၊ အမျိုးသမီး၏သီးခြားပိုင်ပစ္စည်းဖြစ်သည်ဟု သက်သေထင်ရှားပြသထားခြင်း မရှိကြောင်း၊ ဒေါ်အင်န်အမားကွယ်လွန်ပြီးမှ ၎င်း၏ခင်ပွန်း ဦးအမ်ဗွီဒေးမား ကွယ်လွန်သည်ဖြစ်၍ ၎င်းတို့၏ သား စီဗားရာဂျ် (ခ) ဦးမောင်ကြီးတစ်ဦးသာလျှင် အချင်းဖြစ်မြေကို အမွေဆက်ခံရရှိမည်ဖြစ်ကြောင်း သုံးသပ်လျက် စီဗားရာဂျ်(ခ) ဦးမောင်ကြီး၏ အယူခံကို ခွင့်ပြုပြီး မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ကာ ဒေါ်မြင့်မြင့်မေ၏ စွဲဆိုသောအမှုကို ပလပ်ခဲ့သည်။

အမွေရှင်ဒေါ်အင်န်အမားအမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန်တိုင်း သက်န်းကျွန်းမြို့နယ်၊ ကွင်းအမှတ် ၂၉-က၊ ဦးပိုင်အမှတ်-၇၊ မြေဧရိယာ ၀.၆၅ ဧကရှိ မြေနှင့် ဦးပိုင်အမှတ် ၈၊ ဧရိယာ ၁.၀၈ ဧကရှိ မြေကွက်များအပေါ် အမွေပုံစီမံခန့်ခွဲပေးရန် မူလရုံးတရားလို ဒေါ်မြင့်မြင့်မေက မူလရုံးတရားပြိုင် စီဗားရာဂျ် (ခ) ဦးမောင်ကြီး၊ ကူစ်လာကုမာရီ(ခ) ဒေါ်တင်တင်လှတို့ အပေါ် စွဲဆိုခြင်းဖြစ်သည်။

အမှုတွင် ဟိန္ဒူဘာသာဝင် အမ်ဗွီဒေးဗားနှင့် ဇနီး ဒေါ်အင်န်အမားတို့တွင် သားသမီး ၄ ဦးရှိရာ ၎င်းတို့မှာ စီဗားရာဂျ်(ခ)ဦးမောင်ကြီး၊ ဒေါ်ဆရမ်ဝါသီးအမား၊ အာသာလက်ချ်မီး နှင့် သီယာရာဂျန် (ခ) ဦးမောင်မောင်တို့ဖြစ်ကြသည်။ မိဘများဖြစ်ကြသည့် ဒေါ်အင်န်အမားသည် ၂၆-၁၁-၆၇ ရက်နေ့တွင်လည်းကောင်း၊ အမ်ဗွီဒေးဗားသည် ၁၄-၄-၇၄ ရက်နေ့တွင်လည်းကောင်း၊ ကွယ်လွန်ခဲ့ကြသည်။ သားဖြစ်သူ သီဟာရာဂျန် (ခ) ဦးမောင်မောင်သည် မိဘများထက်စော၍ လူပျိုကြီးဘဝဖြင့် ၁၉၅၈ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ အာသာလက်ချ်မီးမှာ ၁၉၅၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ အပြီးအပိုင် ထွက်ခွာသွားခဲ့သည်။ သမီးဖြစ်သူ ဒေါ်ဆရမ်ဝါသီးအမားသည် ဦးဗွီနိုင်ရကွန်းနှင့် အိမ်ထောင်ကျခဲ့ရာ သားသမီးများအဖြစ် ဥမ္မာဒါနီ၊ မိုဟန်ဒတ်စ် (ခ) ဦးမောင်ဟန်၊ ဦးဘီဂျေဆန်ကား၊ အလီဒါနီ (ခ) ဒေါ်လှဝင်း၊ ကူစ်လာကုမာရီ (ခ) ဒေါ်တင်တင်လှ

သည်တို့ကို မွေးဖွားခဲ့သည်။ ဒေါ်ဆရမ်ဝါသီး အမားသည် ၁၀-၉-၉၄ နေ့တွင် လည်းကောင်း၊ ဦးဗွိနိုင်ရကွန်းသည် ၁၉၅၆ ခုနှစ်တွင် လည်းကောင်း ကွယ်လွန်ခဲ့ကြသည်။ ဒေါ်အင်န်အမား၏ သားသမီး ၅ ဦးအနက် ကူစ်လာကုမာရီ (ခ) ဒေါ်တင်တင်လှမှ တစ်ပါး ကျန်သားသမီး ၄ ဦးတို့မှာ ကွယ်လွန်ပြီးဖြစ်သည်။ မူလရုံးတရားလို ဒေါ်မြင့်မြင့်မေသည် ကွယ်လွန်သူ မိုဟန်ဒတ်စ် (ခ) ဦးမောင်ဟန်၏ ဇနီး ဖြစ်သည်။

မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ ပြည်ထောင်စုမြန်မာနိုင်ငံရှိ တရားရုံး များတွင် အမွေဆက်ခံရေး၊ အမွေခွဲဝေရေးကိစ္စများနှင့် သက်ဆိုင်သော မည်သည့် ပြဿနာကိုမဆို အဆုံးအဖြတ်ပေးရန်လိုအပ်လျှင် သက်ဆိုင်ရာ အမှုသည်များသည် ဟိန္ဒူဘာသာဝင်ဖြစ်ပါက ဟိန္ဒူဥပဒေအရ အဆုံးအဖြတ် ပေးရမည်ဖြစ်သည်။ အမွေရှင် ဒေါ်အင်န်အမားနှင့် ၎င်း၏ သားသမီး၊ မြေးများသည် ဟိန္ဒူဘာသာဝင်များဖြစ်ကြောင်း တွေ့ရသည်။ ဒေါ်အင်န်အမား ကွယ်လွန်သည့်အခါ သင်္ကန်းကျွန်း မြို့တွင် ဒေါ်အင်န်အမားအမည်ပေါက်သည့် အထက်ဖော်ပြပါ မြေကွက်ကျန်ရစ်ကြောင်း အမှုတွင် အငြင်းမပွားပေ။ ယင်းအမှုတွင် မူလတိုင်းတရားရုံးနှင့် တရားမအယူခံရုံးတို့က ဟိန္ဒူဥပဒေဖြစ်သည့် မိတက္ခရှာရ ဥပဒေကို ရည်ညွှန်းလျက် အဆုံးအဖြတ်ပေးခဲ့ခြင်းဖြစ် သည်။

မိတက္ခရှာရဥပဒေအရ မိန်းမကျန်ရစ်သည့် ၎င်းပိုင် တစ်သီး ပုဂ္ဂလပိုင်ပစ္စည်း အမွေဆက်ခံခွင့်ကို သီးခြားသတ်မှတ်ထားသည်။ ထိမ်းမြားရာတွင် မိန်းကလေးအား လက်ဆောင်ပေးသောပစ္စည်းကို အမွေစားအမွေခံများအဖြစ် သတ်မှတ်သည့်အစီအစဉ်အတိုင်း အမွေဆက်ခံသည်။ ထို့အတူ မိန်းမ၏အခြားပစ္စည်းများကိုလည်း သတ်မှတ်ထားသည့် အမွေစားအမွေခံတို့က အမွေဆက်ခံ ကြသည်။

ဟိန္ဒူဥပဒေအရ Stridhana သည် မိန်းမတစ်ဦး၏ သီးခြားပိုင် ပစ္စည်းဖြစ်သည်။ မိန်းမတစ်ဦး၏ Stridhana ပစ္စည်းတိုင်းသည် ၎င်း၏တစ်သီးပုဂ္ဂလပိုင်ဖြစ်သော်လည်း ဟိန္ဒူမိန်းမတစ်ဦးပိုင်ပစ္စည်း တိုင်းမှာမူ Stridhana ပစ္စည်း မဟုတ်ပေ။ Stridhana ပစ္စည်း မြောက်ရန် သီးခြားအင်္ဂါရပ်များနှင့် ညီညွတ်ရန်လိုသည်။

ဤအထွေထွေအယူခံတွင် အချင်းဖြစ်မြေကွက်သည် ဒေါ်အင်န်

၂၀၀၄
ဒေါ်မြင့်မြင့်မေ (ကွယ်လွန်သူ မိုဟန်ဒတ်စ် (ခ) ဦးမောင်ဟန်၏ တရားဝင် ကိုယ်စားလှယ်)
ကူစ်လာကုမာရီ (ခ) ဒေါ်တင်တင်လှ နှင့် ၁။ စီဗားရာဂျ် (ခ) ဦးမောင်ကြီး ၂။ကူစ်လာကုမာရီ (ခ) ဒေါ်တင်တင်လှ
၁။ စီဗားရာဂျ် (ခ) ဦးမောင်ကြီး ၂။ဒေါ်မြင့်မြင့်မေ (ကွယ်လွန်သူ မိုဟန်ဒတ်စ် (ခ) ဦးမောင်ဟန်၏ တရားဝင် ကိုယ်စားလှယ်)

အမား၏ ဟိန္ဒူဥပဒေလာသီးခြားပိုင်ပစ္စည်း Stridhana ဟုတ်၊ မဟုတ် **စိစစ်ရန်ဖြစ်သည်။**

အချင်းဖြစ်ပစ္စည်းအမျိုးအစားကို စိစစ်နိုင်ရန် အမှတ်(၁) အယူခံတရားပြိုင် စီဗားရာဂျ် (ခ) ဦးမောင်ကြီးဘက်မှ အချင်းဖြစ်မြေကို ဒေါ်အင်န်အမားအား ၎င်း၏ခင်ပွန်း အမ်ဗွီဒေးဗားက ရောင်းချသည့် ၂၉-၇-၁၉၃၃ ရက်စွဲပါ မှတ်ပုံတင်အရောင်းစာချုပ်အမှတ် ၆၄၇/၁၉၃၃ ၏ တာဝန်ခံမိတ္တူမှန်နှင့် ထိုသို့ရောင်းချလိုက်ခြင်းကို အကြောင်းပြုပြီး ဒေါ်အင်န်အမားအမည်သို့ ပြောင်းခဲ့ပုံကိုဖော်ပြထားသည့်အချင်းဖြစ်မြေ အတ္တုပ္ပတ္တိရာဇဝင် မှတ်တမ်းတာဝန်ခံ မိတ္တူမှန်များကို တရားမကျင့်ထုံးဥပဒေအမိန့်၄၁ နည်း ၂၇ (၁) (ခ) အရ သက်သေခံအဖြစ် လက်ခံခွင့်ပြုရန် လျှောက်ထားခဲ့သည်။

အဆိုပါပစ္စည်း အမျိုးအစားနှင့်စပ်လျဉ်း၍ မှန်မှန်ကန်ကန်နှင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်ရန်အလို့ငှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) တွင် ခွင့်ပြုထားသည့်အတိုင်း ယင်းစာရွက်စာတမ်းများကို သက်သေခံအဖြစ် လက်ခံရန် ကျွန်ုပ်တို့ ခွင့်ပြုသည်။

အချင်းဖြစ်ပြဿနာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ထုံးပြုထားသည်ကို မတွေ့ရသေးပေ။ ထို့ကြောင့် ဟိန္ဒူဥပဒေကျမ်းများကို လေ့လာအဖြေရှာရန် လိုအပ်ပေသည်။

မိန်းမ၏သီးခြားပစ္စည်း Stridhana နှင့် စပ်လျဉ်း၍ ဥပဒေပညာရှင် D.F. Mula ၏ Principles of HINDU LAW 12[th] Edition စာမျက်နှာ ၁၉၃ တွင် အောက်ပါအတိုင်း ပြဆိုထားသည် -

"Section 115. Stridhana according to the Mitakshara. The following is the definition of stridhana as given by Vijnaneswara in the Mitakshara;- That which was given by the father, by the mother, by the husband, or by a brother and that which was presented by the maternal uncles and the rest at the time of wedding before the nuptial fire; and a gift on a second mar-

riage of gratuity on account of supersession: and, as indicated by the word adya (and the rest), property obtained by -

(1) inheritance;
(2) purchase;
(3) partition;
(4) seizure, e.g adverse possession;
(5) finding

all this is stridhana according to Manu and the rest..

တစ်ဖန် Stridhana နှင့် စပ်လျဉ်း၍ပင် ဥပဒေပညာရှင် S.V.GUPTE ၏ HINDU LAW 2nd Edition စာမျက်နှာ ၅၃၉ တွင် အောက်ပါအတိုင်းဖော်ပြသည် -

Art. 156. (1) Property of a Hindu woman is either (i) stridhana, or (ii) non-stridhana.

(2) Stridhana means property which, subject to certain qualifications peculiar to Hindu Law, is the absolute property of a woman.

(3)Non- stridhana means property other than stridhana .

ယင်းဥပဒေကျမ်းတွင် Stridhana ပစ္စည်း၌ အကျုံးဝင်သော ပစ္စည်းငါးမျိုးကို အောက်ပါအတိုင်း ဖော်ပြသည်။

Art. 157 (A) According to all schools (Mitakshara and Dayabhaga) the following property is stridhana: -

(1) Property given (or bequeathed) by relations at any time (that is, during maidenhood, coverture, of widowhood).
(2) Property purchased with stridhana.
(3) Money given for maintenance at any time (that is. whether during maidenhood. coverture, or widowhood).
(4) Property acquired by adverse pos-

၂၀၀၄
ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)
ကူစ်လာကုမာရီ
(ခ)
ဒေါ်တင်တင်လှ
နှင့်
၁။ စီဗားရာကျ်
(ခ)
ဦးမောင်ကြီး
၂။ကူစ်လာကုမာရီ
(ခ) ဒေါ်တင်တင်လှ
၁။ စီဗားရာကျ်
(ခ)
ဦးမောင်ကြီး
၂။ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ) ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)

၂၀၀၄
ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)
ကူစ်လာကုမာရီ
(ခ)
ဒေါ်တင်တင်လှ
နှင့်
၁။ စီဗားရာဂျ်
(ခ)
ဦးမောင်ကြီး
၂။ကူစ်လာကုမာရီ
(ခ) ဒေါ်တင်တင်လှ
၁။ စီဗားရာဂျ်
(ခ)
ဦးမောင်ကြီး
၂။ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ) ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)

session at any time (that is. whether during maidenhood, coverture, or widowhood).

(5) Property acquired by compromise at any time (that is, whether during maidenhood, coverture, or widowhood,).

ယခုအမှုတွင် အချင်းဖြစ်မြေသည် ဟိန္ဒူမိန်းမ၏ သီးခြားပစ္စည်း Stridhana ပစ္စည်းတွင် အကျုံးဝင်၊မဝင် စိစစ်ရန်လိုသည်။ ဥပဒေကျမ်းနှစ်ခုတွင် ဖော်ပြသည့် ပစ္စည်းများအနက် ပထမကျမ်းတွင် ဖော်ပြသည့် Purchase နှင့် ဒုတိယကျမ်းတွင် ဖော်ပြသည့် Property purchased with Stridhana ဆိုသည့်အချက်ကို ရှေးဦးစွာ ဆန်းစစ်ရန်ဖြစ်သည်။ D.F. Mula ၏ HINDU LAW တွင် Purchase နှင့်စပ်လျဉ်း၍ "the definition of stridhana given in the mitakshara, that money given absolutely to a woman for her maintenance and purchases made with such money." ဟု ဖော်ပြထားသည်။

S.V. GUPTE ၏ ဟိန္ဒူဥပဒေကျမ်းတွင် Property Purchased with Stridhana ဟု ပြဆိုထားရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ အနှစ်သာရအားဖြင့် အတူတူ ဖြစ်သည်။

ဒေါ်အင်န်အမားသည် ၁၉၃၃-ခုနှစ်က အချင်းဖြစ် မြေကို ခင်ပွန်းဖြစ်သူ အမ်ဗွီဒေးဗားထံမှ မှတ်ပုံတင် အရောင်းစာချုပ် အမှတ် ၆၄၇/၁၉၃၃ အရ ဝယ်ယူ ပိုင်ဆိုင်ခဲ့သည်ဆိုရာ၌ ယင်းမြေကို မိမိ၏ Stridhana ငွေဖြင့် ဝယ်ယူခြင်းဟုတ်၊ မဟုတ် မည်သူကမျှ တိတိ ကျကျ ခိုင်ခိုင်မာမာထွက်ဆိုနိုင်ခြင်း မရှိပေ။ ထို့ပြင် ဒေါ်အင်န်အမားက ၎င်းပိုင် Stridhana ငွေဖြင့် ဝယ်ယူကြောင်း ညွှန်ပြသည့်သက်သေခံချက်လည်း မရှိချေ။ မူလရုံးတရားလိုအနေဖြင့် အချင်းဖြစ်မြေသည် Stridhana ပစ္စည်းဖြစ်သည်ဟုပင် အဆိုလွှာတွင် အဆိုပြုဖော်ပြစွဲဆိုခြင်းလည်း မရှိချေ။ ထို့ကြောင့် မူလတရားရုံးကလည်း အချင်းဖြစ်မြေသည် Stridhana ပစ္စည်း ဟုတ်၊ မဟုတ် ငြင်းချက်ထုတ်နုတ်စစ်ဆေးမှု မရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် အချင်းဖြစ်မြေသည် ဒေါ်အင်န်အမား၏

Stridhana ငွေဖြင့် ဝယ်ယူခဲ့ကြောင်း ထင်ရှားခြင်းမရှိဟု ကောက်ယူရပေမည်။

ဒုတိယစိစစ်ရန်အချက်မှာ ပထမကျမ်းတွင် ဖော်ပြ သည့် Seizure (e.g. adverse possession) နှင့် ဒုတိယကျမ်းတွင် ဖော်ပြသည့် Property required by adverse possession at any time တွင် အကျုံးဝင် သောမြေ ဟုတ် မဟုတ်ဖြစ်သည်။

ပစ္စည်းကို ဆန့်ကျင်လက်ရှိထားမှုမြောက်ရန် သီးခြားလက်ရှိထားမှု exclusive possession ရှိရန်လိုအပ်သည်။ **ဦးဖေပါ-၃ နှင့် စပ်ဘိုစစ်အမှု**[၁] ကို ကြည့်ပါ။ ဒေါ်အင်န်အမားသည် အချင်းဖြစ်မြေကို ခင်ပွန်းဖြစ်သူ အမ်ဗွီဒေးဗားထံမှ ဝယ်ယူသည် ဆိုသော် လည်း ခင်ပွန်းသည်နှင့်အတူ နေထိုင်ခဲ့သည်။ အချင်းဖြစ်မြေတွင် မိသားစုနေထိုင်ခဲ့ပြီး ၁၉၆၇-ခုနှစ်တွင် ဒေါ်အင်န်အမား ကွယ်လွန်ခဲ့ရာ ခင်ပွန်းအမ်ဗွီဒေးဗား သည် ကွယ်လွန်သည်အထိ ယင်းမြေတွင် ဆက်လက် နေထိုင်ခဲ့ကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ ဒေါ်အင်န်အမားသည် မြေကိုသီးခြားလက်ရှိထားခဲ့ခြင်း (exclusive possession) မဟုတ်၍ ဆန့်ကျင်လက်ရှိထားခြင်းဖြင့် ပိုင်ဆိုင်သည့်ပြဿနာပေါ်ပေါက်ရန် အကြောင်းမရှိပေ။

အထက်ဖော်ပြပါ ဥပဒေကျမ်းများတွင် ပြဆိုသော အခြားအမျိုးအစားတစ်ခုခုတွင်အကျုံးဝင်ခြင်းလည်း မရှိသဖြင့်အချင်းဖြစ်မြေမှာ ဒေါ်အင်န်အမား၏ သီးခြားပစ္စည်း Stridhana ဖြစ်သည်ဟု ကောက်ယူရန် မဖြစ်နိုင်ပေ။

အထက်ပါ ဥပဒေပညာရှင် S.V.GUPTE ၏HINDU LAW ဥပဒေကျမ်းစာမျက်နှာ ၅၆၄ တွင် ဟိန္ဒူ မိန်းမ တစ်ဦးပိုင်ပစ္စည်းသည် ၎င်း၏ Stridhana ပစ္စည်းဖြစ် ကြောင်း သက်သေထင်ရှားပြရန် တာဝန်မှာ အဆိုပြုသူ အပေါ် ကျရောက် ကြောင်း ဝေဖန်သုံးသပ်ထားသည်။ သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁ နှင့် ၁၀၂ ပါ ပြဋ္ဌာန်း ချက်အရလည်း အချင်းဖြစ်မြေသည် ဒေါ်အင်န်အမား၏ Stridhana ပစ္စည်းဖြစ်ကြောင်း သက်သေထင်ရှားပြရန် တာဝန်မှာ မူလရုံးတရားလို ဒေါ်မြင့်မြင့်မေ အပေါ် ကျရောက်သည်။ ဒေါ်မြင့်မြင့်မေအနေနှင့် အချင်းဖြစ်မြေသည် ဒေါ်အင်န်အမား၏ Stridhana ပစ္စည်းဖြစ်ကြောင်း

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-၈၁၆

၂၀၀၄
ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)
ကူစ်လာကုမာရီ
(ခ)
ဒေါ်တင်တင်လှ
နှင့်
၁။ စီတားရာဂျ်
(ခ)
ဦးမောင်ကြီး
၂။ကူစ်လာကုမာရီ
(ခ) ဒေါ်တင်တင်လှ
၁။ စီတားရာဂျ် (ခ)
ဦးမောင်ကြီး
၂။ဒေါ်မြင့်မြင့်မေ
(ကွယ်လွန်သူ
မိုဟန်ဒတ်စ်
(ခ)
ဦးမောင်ဟန်၏
တရားဝင်
ကိုယ်စားလှယ်)

သက်သေထင်ရှားတင်ပြနိုင်ခြင်းမရှိချေ။

ဤအခြေအနေတွင် တရားရုံးချုပ်က အချင်းဖြစ်မြေကွက်မှာ ဒေါ်အင်န်အမား၏ အမည်ပေါက်ရုံမျှဖြင့် ဟိန္ဒူဥပဒေလာ ၎င်း၏တစ်သီးပုဂ္ဂလပိုင်ပစ္စည်း Stridhana ဖြစ်သည်ဟု တစ်ထစ်ချကောက်ယူနိုင်မည် မဟုတ်ကြောင်း သုံးသပ် ဆုံးဖြတ်ခြင်းသည် မှားယွင်းမှု မရှိသည့်အလျောက် ဤတရားမအထူးအယူခံမှုတွင် တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို စွက်ဖက်ပြင်ဆင်ရန်သင့်မည်မဟုတ်ပေ။

သို့ဖြစ်၍ ဤအထူးအယူခံခုံရုံးက ကြားနာလျက် ရှိသောအမှတ် (၁) ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

> "(၁)အချင်းဖြစ်မြေကွက်များတွင် ဒေါ်အင်န်အမား အမည်ပေါက်နေခြင်း ကြောင့် ဒေါ်အင်န်အမား၏ သီးခြားပစ္စည်း Stridhana ဖြစ်သည်ဟု ကောက်ယူ နိုင်ခြင်းမရှိကြောင်း။"

အထက်ပါပြဿနာကိုဖြေဆိုချက်အရအမှတ်(၂) ပြဿနာကို ဖြေဆိုရန် မလိုအပ်တော့ပေ။

ဤတရားမအထူးအယူခံမှုများကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀/ စီသတ်မှတ်သည်။

+၂၀၀၄
ဧပြီလ
၃၀-ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ဒုတိယတရားသူကြီးချုပ်၊ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော
ဦးခင်မြင့်
နှင့်
ဒေါက်တာတင်အောင်အေးတို့၏ရှေ့တွင်

| | | |
|---|---|---|
| ဦးမြင့်အောင် | | ဒေါ်ခင်စန်းဝင်းပါ-၀၂ |
| ဦးမြင့်အောင် | နှင့် | ဒေါ်ခင်စန်းဝင်းပါ-၀၂ |
| ဒေါ်တင်ကြည်ပါ-၉ | | ဒေါ်ခင်စန်းဝင်းပါ-၄ |
| ဒေါ်တင်ကြည်ပါ-၉ | | ဒေါ်ခင်စန်းဝင်းပါ-၄ |

**သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၀၅ ပါ ပြဋ္ဌာန်းချက် ၊ တစ်ဦးတစ်ယောက်၏ပျက်ကွက်မှု (OMISSION) ကိုအကြောင်းပြု၍ ဝိတ်ဝင်မှုပေါ်ပေါက်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ သက်သေခံအက်ဥပဒေပုဒ်မ၁၁၅ပြဋ္ဌာန်းချက်အရ တစ်ဦးတစ်ယောက်၏ ပျက်ကွက်မှု (OMISSION) ကိုအကြောင်းပြု၍ ဝိတ်ပင်မှုပေါ်ပေါက်နိုင်သည်။ အပေါင်မှု တွင် ဦးကြင်နှင့် ဒေါ်စောညွန့်တို့က အရောင်းအဝယ် စာချုပ်မှာ အမည်ခံအမည်ငှားသာဖြစ်ပြီး မိမိတို့ပိုင်ဖြစ်၍ မိမိတို့သာလျှင် အကြွေးဆပ်ရန် တာဝန်ရှိသည်ဟု ထုတ်ဖော်ချေပခဲ့ခြင်း မရှိချေ။ ထိုပျက်ကွက်မှုကြောင့် အပေါင်မှုတွင် ၎င်းတို့အပြင် အထက်သား

---

* ၂၀၀၄ ခုနှစ်၊တရားမ အထူးအယူခံမှု အမှတ် ၁၃၊ ၁၄၊ ၁၆ နှင့် ၁၇

\+ ၂၀၀၃ ခုနှစ် ၊ တရားမ ပထမအယူခံမှု အမှတ် ၂၅ နှင့် ၆၆ တွင်ချမှတ်ထားသော ၂၉-၄-၂၀၀၃ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

သမီးများအပေါ် ဒီကရီချမှတ်ပြီးကာမှ ပေါင်နှံခဲ့သော ပစ္စည်းများမှာဦးကြင်တို့ လင်မယားသာပိုင်သည်ဟု ပြင်ဆင်ပြောဆိုခြင်းကို ဦးကြင်တို့အားပိတ်ပင်သည်။ ၎င်းတို့ကွယ်လွန်ပြီး နောက် ၎င်းတို့၏အမွေကို ဆက်ခံသည်ဟုဆိုသော ဒေါ်ခင်စန်းဝင်းတို့ကိုလည်း ပိတ်ပင်မည် ဖြစ်သည်။

ထို့ပြင် ဦးကြင်ကွယ်လွန်ပြီးနောက် ဇာရီမှုတွင် မူလရုံးတရားလိုသည်တရားဝင်ကိုယ်စားလှယ်(Representative) အဖြစ်ပါဝင်လာခဲ့ရာဒေါ်ခင်စန်းဝင်းတို့အနေဖြင့် ၎င်းတို့၏ အစ်ကို၊ အစ်မများကကြွေးမြီပေးဆပ်ခြင်းကိုကန့်ကွက်ခဲ့ခြင်း မရှိဘဲပျက်ကွက်ခဲ့ကြသည်။

ကြွေးမြီပေးဆပ်သူတို့ကမိမိပစ္စည်းများအဖြစ်ပြုမူဆောင်ရွက်ခြင်းကိုလက်ပိုက်ကြည့်နေခဲ့ပြီး ထိုသို့ ပေးဆပ်ပြီးကာမှပေးဆပ်သူတို့မပိုင်ဟုပြင်ဆင်ပြောဆိုခွင့်ရှိမည်မဟုတ်ပေ။ သက်သေခံဥပဒေပုဒ်မ ၁၁၅ အရပိတ်ပင်မည်ဖြစ်သည်။

အယူခံတရားလိုများအတွက် ဦးအောင်သစ်၊
(တရားရုံးချုပ်ရှေ့နေ)
ဦးမင်းလွင်၊
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက် (၁ မှ ၃) အတွက်ဦးခင်ဇော်၊
(တရားရုံးချုပ်ရှေ့နေ)
(၈ မှ ၁၂) (ကိုယ်တိုင်) မလာ
(၁ မှ ၃) အတွက် ဦးခင်ဇော်၊
(တရားရုံးချုပ်ရှေ့နေ)
(၄) အတွက် ဦးအောင်သစ်၊
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၁၉၉၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃ စတွင်မူလရုံးတရားလိုဒေါ်ခင်စန်းဝင်းပါ ၃ ဦးတို့က တရားပြိုင်ဒေါ်တင်ကြည်ပါ ၁၀ ဦးတို့အပေါ် အမွေပုံပစ္စည်း

၂၀၀၄
ဦးမြင့်အောင်
ဦးမြင့်အောင်
ဒေါ်တင်ကြည်ပါ-၉
ဒေါ်တင်ကြည်ပါ-၉
နှင့်
ဒေါ်ခင်စန်းဝင်းပါ၁၂
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၄
ဒေါ်ခင်စန်းဝင်းပါ -၄

စီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာတိုင်းတရားရုံးကမူလရုံးတရားလိုများသည် ကွယ်လွန်သူမိဘများ ကျန်ရစ်သောလက်ထက်ပွားပစ္စည်းများ၏ ၃ ပုံ ၂ ပုံရထိုက်ကြောင်းပဏာမဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ ကော်မရှင်နာအစီရင်ခံစာကို ပြင်ဆင်ချက်ဖြင့် အတည်ပြုကာဦးကြွင်နှင့်ဒေါ်စောညွန့်တို့ ကွယ်လွန်ချိန် လက်ထက်ပွားပစ္စည်းအဖြစ်ကျန်ရစ်သော ရန်ကုန်မြို့ ၆-မိုင်၊ ပြည်လမ်း၊ ခြံအမှတ် (၈) ရှိမြေပေါ်တွင်ဆောက်လုပ်ထားသည့်နှစ်ထပ်တိုက်အဆောက် အအုံ တွင် တရားလိုများက ၃ ပုံ ၂ ပုံ ခွဲဝေယူရန် အပြီးသတ် ဒီကရီ ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် အပြီးသတ် ဒီကရီကို ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် ဒေါ်ခင်စန်းဝင်း ပါ-၃ ဦးတို့က ၂၀၀၃ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်၊ ၂၅ အရလည်းကောင်း၊ ဒေါ်တင်ကြည်ပါ ၉-ဦးက ၂၀၀၃ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆၆ အရလည်းကောင်း အသီးသီးအယူခံဝင်ရောက်ရာ တရားရုံးချုပ်က ၂၀၀၃ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၅၂၅ တွင် ပြင်ဆင်ချက်ဖြင့် ဒီကရီချမှတ်ပြီး ၂၀၀၃ခုနှစ်၊ တရားမပထမအယူခံမှု ၊အမှတ် ၆၆ ကိုမူပလပ်ခဲ့သည်။

တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီများအပေါ် ၂၀၀၀ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရပြန်လည်စစ်ဆေးစီရင်ပေးရန် မူလရုံးတရားပြိုင်ဒေါ်တင်ကြည်ပါ- ၉ ဦးတို့က ၂၀၀၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး)အမှတ် ၂၅၀နှင့် ၂၅၁တို့အရလည်းကောင်း၊ မူလရုံးတရားပြိုင်ဦးမြင့်အောင်ကလည်း ၂၀၀၃ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ်၂၅၂ နှင့် ၂၅၃တို့အရလည်းကောင်း အသီးသီးလျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးကအောက်ပါပြဿနာများကို ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုသည်-

၁။ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်များအရ ပြည်လမ်း၊ ခြံအမှတ်(၈)နှင့် (၉) မြေများကို ဝယ်ယူရာ၌ ဦးကြွင်ကဇနီးနှင့်သားသမီးများ အမည်များဖြင့်အမည်ခံအမည်ငှားစနစ်အရ

ဝယ်ယူ ခြင်းဖြစ်သည်ဟု တရားရုံးချုပ်၏ကောက်ယူ ဆုံးဖြတ် ချက် သည်မူလမှုတွင်ပေါ် ပေါက်သည့် သက်သေခံချက် များအရလည်းကောင်း၊တရား ဥပဒေအရလည်းကောင်းမှန်ကန်ခြင်း ရှိ မရှိ။

၂။ ပြည်လမ်း၊ ခြံအမှတ်(၈)ရှိနှစ်ထပ်တိုက်နှင့် ပြည်လမ်းခြံအမှတ် (၉) ရှိ တစ်ထပ် တိုက်တို့သည် အမွေပစ္စည်းများဖြစ်ကြောင်းကောက်ယူဆုံးဖြတ် ချက်သည် သက်သေခံ ချက်များအရ လည်းကောင်း၊ ဥပဒေအရလည်းကောင်းမှန်ကန်ခြင်း ရှိ မရှိ။

ဤတရားမအထူးအယူခံမှုများသည်မူလမှုတစ်မှုတည်းမှ ပေါ်ပေါက်လာခြင်းဖြစ်၍ ဤစီရင်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်သည်။

မူလရုံးတရားလို ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်ဝင်းမာ၊ မောင်ထွန်းထွန်းနိုင်တို့က ဒေါ်တင်ကြည်ပါ ၁၀ဦးတို့ အပေါ် မိဘများဖြစ်ကြသော ဦးကြင်၊ ဒေါ်စောညွန့်တို့ ကျန်ရစ်သော ပစ္စည်းများကို အမွေပုံစီမံခန့်ခွဲပေးရန် စွဲဆိုသည်။

ကွယ်လွန်သူဦးကြင်တွင် အိမ်ထောင်နှစ်ဆက်ရှိခဲ့သည်။ ပထမအိမ်ထောင်မှာ ဒေါ်မြကြည်ဖြစ်ပြီး ဒုတိယ အိမ်ထောင်မှာ ဒေါ်စောညွန့်ဖြစ်သည်။ ၁၉၅၂ခုနှစ် ဧပြီလတွင် ဒေါ်မြကြည် ကွယ်လွန်ရာ ဒေါ်မြကြည်၏တစ်ဝမ်းကွဲညီမ ဒေါ်စောညွန့်နှင့် ထပ်မံအိမ်ထောင်ပြုသည်။ မူလ ရုံးတရားပြိုင်ဒေါ်တင်ကြည် ပါ-၁၀ ဦးတို့သည် ဦးကြင် နှင့် ဒေါ်မြကြည်တို့၏သားသမီးများ ဖြစ်ကြပြီး ၊မူလရုံး တရားလို ဒေါ်ခင်စန်းဝင်းပါ- ၃ ဦးတို့မှာ ဦးကြင်နှင့်ဒေါ်စောညွန့်တို့မှမွေးဖွားသော သားသမီးများ ဖြစ်ကြ သည်။ ဦးကြင်သည် ၁၉၇၉ခုနှစ်၊ဒီဇင်ဘာလတွင်လည်းကောင်း၊ ဒေါ်စောညွန့်သည် ၁၃-၂-၉၀ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသည်။

မူလရုံးတရားလိုများကဦးကြင်နှင့်ဒေါ်စောညွန့်တို့ ပေါင်းသင်းစဉ် ဖြစ်ထွန်းသောလက်ထက်ပွားပစ္စည်းများ ကို အထက်သားသမီးများဖြစ်ကြသည့် တရားပြိုင်များကသာ အကျိုးအမြတ်ခံစားနေကြောင်း၊ တရားပြိုင်များကို အမွေခွဲဝေ ပေးရန်ပြောသော်လည်း ခွဲဝေပေးခြင်းမရှိကြောင်း၊ ဦးကြင်နှင့်

၂၀၀၄
ဦးမြင့်အောင
ဦးမြင့်အောင
ဒေါ်တင်ကြည်ပါ-၉
ဒေါ်တင်ကြည်ပါ-၉
နှင့်
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းဝါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၄
ဒေါ်ခင်စန်းဝင်းပါ -၄

ဒေါ်စောညွန့်တို့ကွယ်လွန်ပြီးနောက် ၎င်းတို့၏လက်ထက်ပွား ပစ္စည်းအဖြစ် မြေ၊ တိုက်၊ အိမ်၊ ဆန်စက်၊ ဆီစက်၊ ဂျုံစက်များ အပါအဝင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ ရွှေ့ပြောင်း နိုင်သောပစ္စည်းများနှင့်ကြွေးကာလအမြတ် အစွန်းများ ကျန်ရစ်ကြောင်းတရားလိုများက ယင်းပစ္စည်းများ၏၃ပုံ ၂ပုံ ရထိုက်ကြောင်းအဆိုပြုစွဲဆိုခဲ့ခြင်းဖြစ်သည်။

တိုင်းတရားရုံးက ရန်ကုန် မြို့နယ်၊ ပြည်လမ်း ခြံ အမှတ် (၈) မြေပေါ်တွင် တည်ဆောက်ထားသော နှစ်ထပ်တိုက် အဆောက်အအုံသည် ကွယ်လွန်သူ ဦးကြင်၊ ဒေါ်စောညွန့်တို့ ကျန်ရစ်သောအမွေပစ္စည်းအဖြစ် သတ်မှတ်လျက် ယင်းပစ္စည်း အပေါ်တွင် တရားလိုများက ၃ ပုံ ၂ ပုံ ခွဲဝေယူရန် အပြီးသတ် ဒီကရီချမှတ်ခဲ့သည်။

သို့ရာတွင် တရားရုံးချုပ်ကမူ ရန်ကုန်၊ ပြည်လမ်း အမှတ် (၈) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ် တိုက်၊ ရန်ကုန်၊ ပြည်လမ်း အမှတ် (၉) မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ တစ်ထပ်တိုက်များအား မူလရုံးတရားလို များက အမွေဝေစု ၃ ပုံ ၂ ပုံ ရထိုက်ကြောင်း၊ မြင်ဆင်ချက်ဖြင့် အပြီးသတ် ဒီကရီချမှတ်သည်။

ယင်းသို့ ဒီကရီချမှတ်ရာတွင် ခြံအမှတ် (၈) နှင့် ခြံအမှတ် (၉) တို့ကို မှတ်ပုံတင်စာချုပ်များဖြင့် ဝယ်ယူစဉ် က ဝယ်ယူရာ တွင် ပါဝင်သည့် ဦးကြင်၏ ပထမအိမ်ထောင်မှ မွေးဖွားသော သားသမီး ၅ဦးတို့သည် ကျောင်းသားအရွယ်သာဖြစ်ကြ၍ ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူ နိုင်သည့်အခြေအနေရှိသူများ မဟုတ် ကြောင်း၊ အချင်းဖြစ် မြေကို ဝယ်ယူရာ၌ ငွေပေးချေသူမှာ ဦးကြင်သာဖြစ်၍ အဆိုပါမြေများကို ဝယ်ယူသည့်မှတ်ပုံတင် စာချုပ်တွင် ဦးကြင်၏ပထမဇနီးမှ သားသမီး ၅ဦးနှင့် ဒုတိယဇနီးတို့အား အမည်ခံထားလျက် စာချုပ်ချုပ်ဆိုခြင်း ဖြစ်ကြောင်း၊မြေကွက်အမှတ်(၈) ပေါ်ရှိ နှစ်ထပ်တိုက်တစ်လုံး နှင့် မြေကွက်အမှတ် (၉) ပေါ်ရှိ တစ်ထပ်တိုက်တစ်လုံးတို့မှာ ဦးကြင်နှင့် ဒေါ်စောညွန့်တို့ ပေါင်းသင်းစဉ်ဆောက်လုပ် သည့် အဆောက်အဦများဖြစ်၍ ဦးကြင်နှင့် ဒေါ်စောညွန့်တို့၏ လက်ထက်ပွားပစ္စည်းများဖြစ်ကြောင်း၊ ယောဂီကျောင်းလမ်းရှိ

၂၀၀၄
ဦးမြင့်အောင်
ဦးမြင့်အောင်
ဒေါ်တင်ကြည်ပါ-၉
ဒေါ်တင်ကြည်ပါ-၉
နှင့်
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၄
ဒေါ်ခင်စန်းဝင်းပါ -၄

ငွေဖင်ယော်ဂျစက်နှင့် ယင်းဂျစက်တည်ရာမြေမှအပကျန် ပစ္စည်းများမှာ အစုစပ် လုပ်ငန်းပိုင်ပစ္စည်းများဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍အထက်ဖော်ပြပါ အချင်းဖြစ်မြေနှင့်တိုက်များ ကို ဦးကြင်၊ ဒေါ်စောညွန့်တို့၏ လက်ထက်ပွားပစ္စည်းအဖြစ် တရားရုံးချုပ်က အမွေခွဲဝေရန် သတ်မှတ်ခဲ့ခြင်းသည် မှန်ကန်မှုရှိ မရှိ စိစစ်ရန်ဖြစ်ပေသည်။

ဦးကြင်သည် ၂၉-၉-၅၃ ရက်စွဲပါ အစုစပ်လုပ်ငန်း မှတ်ပုံတင်စာချုပ်အမှတ် ၆၃/၅၃၊ ၂၆-၈-၅၉ ရက်စွဲပါ အစုစပ်လုပ်ငန်းမှတ်ပုံတင်စာချုပ်အမှတ် ၁၄၆၃/၅၉ တို့ အရ ငွေဖင်ယော်ဆီစက်အစုစပ်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ယင်းလုပ်ငန်းတွင် ဦးကြင်၊ ၎င်း၏ဒုတိယဇနီး ဒေါ်စောညွန့် ၎င်း၏ပထမအိမ်ထောင်၏သားသမီးများ ဖြစ်ကြသော ဦးမြင့်အောင်၊ ဒေါ်တင်ကြည်၊ ဒေါ်အေးမြင့်၊ ဒေါ်စန်းမြင့်နှင့် ဒေါ်တင်လှိုင်တို့သည် အစုဝင်များအနေဖြင့်ဆောင်ရွက်ခဲ့ ကြသည်။

ထိုစဉ် အမှုတွင် အငြင်းပွားလျက်ရှိသော ရန်ကုန်မြို့၊ ၆-မိုင်၊ ပြည်လမ်း၊ ခြံအမှတ် ၈ နှင့် ခြံအမှတ် ၉ မြေကွက် များကို မှတ်ပုံတင်စာချုပ်အမှတ် ၂၅၆/၅၇ သက်သေခံ အမှတ် (၄) နှင့် မှတ်ပုံတင်စာချုပ်အမှတ် ၃၉၀/၅၇ သက်သေခံအမှတ် (၅) တို့အရ ဦးကြင်၏ ပထမအိမ်ထောင်မှ သားသမီးများဖြစ်ကြသော ဦးမြင့်အောင်၊ ဒေါ်တင်ကြည်၊ ဒေါ်အေးမြင့်၊ ဒေါ်စန်းမြင့်၊ ဒေါ်တင်လှိုင်တို့ ၅ဦးနှင့် ဒုတိယ အိမ်ထောင်ဒေါ်စောညွန့် အမည်ဖြင့် မူလပိုင်ရှင်ဆီချွမ်နှင့် စီဘီချင်းတို့ထံမှ ၁၉၅၇ခုနှစ်တွင် ဝယ်ယူခဲ့ကြသည်။ ထိုသို့ မြေဝယ်ယူခြင်းမှာ ဦးကြင်နှင့် ဇနီးသားသမီးများအနေဖြင့် ငွေဖင်ယော်ဆီစက်လုပ်ငန်းတွင်အစုစပ်လုပ်ငန်းစာချုပ်အရ အစုဝင်များအဖြစ် လုပ်ကိုင်ရာမှ ရရှိသောအစုစပ်ဝင်ငွေဖြင့် ဝယ်ယူခဲ့ကြောင်းပေါ်ပေါက်သည်။

ထို့ပြင် အချင်းဖြစ်မြေကွက်များကို စရန်ပေးစာချုပ် သက်သေခံအမှတ် (ပ) နှင့် (ပ-၁) တို့အရ ဦးကြင်က ချုပ်ဆိုခဲ့သည်ဆိုသော်လည်း ဦးကြင်တစ်ဦးတည်း ငွေဖြင့်

ပေးချေကြောင်း အထောက်အထားမရှိပေ။ ဦးကြင်သည် အစုစပ်လုပ်ငန်းဖြစ်သည့်ငွေဇင်ယော်ဆီစက်လုပ်ငန်းတစ်ခု တည်းမှသာ ဝင်ငွေရှိသူဖြစ်ကြောင်းအမှုတွင် ပေါ်ပေါက် နေသဖြင့်ဦးကြင်သည်ငွေဇင်ယော်ဆီစက်အစုစပ်လုပ်ငန်း မှ ရရှိသောငွေဖြင့် ဝယ်ယူခြင်းဖြစ်သည်ဟုကောက်ယူရ ပေမည်။

အဆိုပါမြေကွက်များ ဝယ်ယူသည့် မှတ်ပုံတင်စာချုပ် တွင် ဝယ်ယူသူများကို အတိအလင်းဖော်ပြထားရာ ထိုသူများ ၏ငွေဖြင့်သာဝယ်ယူခြင်းဖြစ်သည်ဟု သက်သေခံအက် ဥပဒေပုဒ်မ ၁၁၄ အရ မှတ်ယူရမည် ဖြစ်သည်။ ၎င်းတို့ ဝယ်ယူခြင်းမဟုတ်ကြောင်း ငြင်းဆိုသူဘက်မှ သက်သေပြ ရန် တာဝန်ကျရောက်သော်လည်း မူလရုံးတရားလိုများက သက်သေထင်ရှားတင်ပြနိုင်ခြင်းမရှိချေ။

တရားရုံးချုပ်က ဒေါ်စောညွန့်၏အစ်ကိုအရင်း ဖြစ်သူ ဦးမြဖေ၏ထွက်ချက်ကို အလေးပေး၍ ဦးမြင့်အောင်ပါ ၅ ဦးတို့သည် သက်သေခံအမှတ် (၄) နှင့် (၅) စာချုပ်များ ချုပ်ဆိုသော ၁၉၅၇ ခုနှစ်က ကျောင်းသားအရွယ်များသာ ဖြစ်၍ သားသမီးများသည် ငွေပေးချေဝယ်ယူ ရန်အကြောင်း မရှိဟု သုံးသပ်ဆုံးဖြတ်ခဲ့သည်။ ထိုစဉ်က သားသမီးများ သည် အစုစပ်ဝင်များဖြစ်သည့်ပြင် ဦးမြင့်အောင်သည် ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဘွဲ့ရပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်နေကြောင်းသက်သေခံချက်များ အရပေါ်ပေါက် လျက်ရှိသည်။ သို့ဖြစ်၍ ထိုစဉ်က ဝင်ငွေမရှိ ကျောင်းသား အရွယ်သာ ရှိသည်ဟု ဦးမြဖေ၏ ထွက်ဆိုချက်မှာ မမှန်ကန် နိုင်ပေ။ ၁၉၅၉ ခုနှစ်တွင် ဦးကြင်၊ ဒေါ်စောညွန့်၊ ဦးမြင့်အောင်တို့ အပါအဝင် ၆ဦးတို့က ယခင်နိုင်ငံတော် ကူးသန်း ရောင်းဝယ်ရေးဘက်တွင် အချင်းဖြစ်မြေကွက် များနှင့် တိုက်များကို ပေါင်နှံငွေချေးခဲ့သည်။ နောက်တွင် ပြည်ထောင်စုမြန်မာ နိုင်ငံဘဏ်က ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှုအမှတ် ၂၆/၇၃ တွင် တရားစွဲဆိုရာ ဒီကရီ ချမှတ်သဖြင့် တရားမ စာရီမှုအမှတ် ၇၃/၈၇ အရ အတည်ပြုဆောင်ရွက်ခဲ့သည်။ ၁၉၉၂ခုနှစ်တွင် အချင်း


ဦးမြင့်အောင်
ဦးမြင့်အောင်
ဒေါ်တင်ကြည်ပါ-၉
ဒေါ်တင်ကြည်ပါ-၉
နှင့်
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၄
ဒေါ်ခင်စန်းဝင်းပါ -၄

၂၀၀၄
ဦးမြင့်အောင်
ဦးမြင့်အောင်
ဒေါ်တင်ကြည်ပါ-၉
ဒေါ်တင်ကြည်ပါ-၉
နှင့်
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၄
ဒေါ်ခင်စန်းဝင်းပါ -၄

ဖြစ်ပစ္စည်းများကို အယူခံတရားလိုဦးမြင့်ဆွေက ဦးဆောင်ဦးရွက်ပြု၍ ပြန်လည်ရွေးနုတ်ခဲ့သည်။ ထိုစဉ်က ယင်းမြေနှင့် တိုက်တို့ကို ဦးကြင်၊ ဒေါ်စောညွန့်အပါအဝင် အထက်သားသမီးများဖြစ်ကြသော ဦးမြင့်အောင်တို့ပိုင်ဆိုင်ကြောင်းတည်ပြုလက်ခံပြီးကာမှ ယခုအချိန်တွင် ဦးကြင်နှင့် ၎င်း၏ဇနီးဒေါ်စောညွန့်တို့သာပိုင်သည်ဟု ပြောဆိုလာခြင်းကို လက်ခံရန်မရှိပေ။

သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

> "တစ်ဦးတစ်ယောက်သောသူသည် ပြောဆိုခြင်းဖြင့်ဖြစ်စေ၊ ပြုလုပ်ခြင်းဖြင့်ဖြစ်စေ၊ ပျက်ကွက်ခြင်းဖြင့်ဖြစ်စေ အခြားသူတစ်ဦးတစ်ယောက်အား အကြောင်း ခြင်းရာတစ်ခုကို မှန်ကန်သည်ဟု တမင်ယုံကြည်စေ၍၊ သို့မဟုတ် ယုံကြည်စေရန် တမင် ခွင့်ပြု၍ ထိုယုံကြည်ချက်အရ ပြုလုပ်ဆောင်ရွက်စေလျှင်၊ သို့မဟုတ်ပြုလုပ်ဆောင်ရွက်ခွင့်ပြုလျှင်ထိုသူအား သို့မဟုတ်ထိုသူ၏ကိုယ်စားလှယ်အားထိုသူနှင့်အခြားသူ၊ သို့မဟုတ် ထိုအခြားသူ၏ ကိုယ်စားလှယ်တို့ အချင်းချင်းတရားဆိုင်သည့်တရားမှုတွင်သော်လည်းကောင်း၊ အခြားမှုခင်းကိစ္စတွင်သော်လည်းကောင်း၊ ထိုအကြောင်းအချက်မမှန်ကန်ကြောင်းငြင်းဆိုခြင်း မပြုရ"

ယင်းပြဋ္ဌာန်းချက်အရ တစ်ဦးတစ်ယောက်၏ ပျက်ကွက်မှု (OMISSION) ကို အကြောင်းပြု၍ ပိတ်ပင်မှုပေါ်ပေါက်နိုင်သည်။ အပေါင်မှုတွင် ဦးကြင်နှင့် ဒေါ်စောညွန့်တို့က အရောင်းအဝယ်စာချုပ်မှာ အမည်ခံအမည်ငှားသာဖြစ်ပြီး မိမိတို့ပိုင်ဖြစ်၍ မိမိတို့သာလျှင် အကြွေးဆပ်ရန် တာဝန်ရှိသည်ဟု ထုတ်ဖော်ချေပခဲ့ခြင်း မရှိချေ။ ထိုပျက်ကွက်မှုကြောင့် အပေါင်မှုတွင် ၎င်းတို့အပြင် အထက်သားသမီးများအပေါ် ဒီကရီချမှတ်ပြီးကာမှ ပေါင်နှံခဲ့သောပစ္စည်းများမှာ ဦးကြင်တို့လင်မယားသာ ပိုင်သည်ဟု ပြင်ဆင်ပြောဆိုခြင်းကို (ဦးကြင်တို့အား

၂၀၀၄
ဦးမြင့်အောင်
ဦးမြင့်အောင်
ဒေါ်တင်ကြည်ပါ-၉
ဒေါ်တင်ကြည်ပါ-၉
နှင့်
ဒေါ်ခင်စိန်းဝင်းပါ-၁၂
ဒေါ်ခင်စိန်းဝင်းပါ-၁၂
ဒေါ်ခင်စိန်းဝင်းပါ-၄
ဒေါ်ခင်စိန်းဝင်းပါ -၄

ပိတ်ပင်သည်။ ၎င်းတို့ကွယ်လွန်ပြီးနောက် ၎င်းတို့၏ အမွေကို ဆက်ခံသည်ဟုဆိုသော ဒေါ်ခင်စိန်းဝင်းတို့ကိုလည်း ပိတ်ပင်မည်ဖြစ်သည်။

ထို့ပြင် ဦးကြင်ကွယ်လွန်ပြီးနောက်ဇာင်ရှုမှုတွင်မူလရုံးတရားလိုတို့သည် တရားဝင်ကိုယ်စားလှယ် (Representative) အဖြစ် ပါဝင်လာခဲ့ရာ ဒေါ်ခင်စိန်းဝင်းတို့ အနေဖြင့် ၎င်းတို့၏အစ်ကို၊ အစ်မများကကြွေးမြီပေးဆပ်ခြင်းကို ကန့်ကွက်ခဲ့ခြင်းမရှိဘဲပျက်ကွက်ခဲ့ကြသည်။

ကြွေးမြီပေးဆပ်သူတို့က ငွေမိပစ္စည်းများအဖြစ် ပြုမူဆောင်ရွက်ခြင်းကို လက်ပိုက်ကြည့်နေခဲ့ပြီး ထိုသို့ ပေးဆပ်ပြီးကာမှ ပေးဆပ်သူတို့မပိုင်ဟု ပြင်ဆင်ပြောဆိုခွင့်ရှိမည်မဟုတ်ပေ။ သက်သေခံဥပဒေပုဒ်မ ၁၁၅ အရ ပိတ်ပင်မည်ဖြစ်သည်။

ဒေါ်ခင်စိန်းဝင်းပါ-၂ နှင့် မောင်မိုးရှိန်အမှု(၁) တွင် အမည်ခံအမည်ငှား လွှဲပြောင်းခြင်းဖြစ်ကြောင်း သံသယကင်းရှင်းသည်အထိ သက်သေထင်ရှားပြရမည်ဟု ဆုံးဖြတ်သည်။ ဒေါ်ခင်မြနှင့် ဦးခင်မောင်အမှု(၂) တွင် လိုက်နာ၍ အလားတူ ဆုံးဖြတ်ခဲ့သည်။

ယခုအမှုတွင်မူလရုံးကမှတ်ပုံတင်အရောင်းအဝယ်စာချုပ်များအရ မြေများဝယ်ယူရာတွင် ဦးကြင်ကဇနီး သားသမီးများ၏ အမည်များဖြင့်အမည်ခံအမည်ငှားစနစ်အရဝယ်ယူကြောင်းအထောက်အထားများနိုင်လုံစွာ မူလရုံးတရားလိုများက တင်ပြနိုင်ခြင်းမရှိချေ။ သို့ဖြစ်ရာ တရားရုံးချုပ်အနေဖြင့်ဦးမြင့်အောင်တို့သည်မြေကွက်ဝယ်ယူသူများ မဟုတ်ဟူ၍လည်းကောင်း၊ အမည်ခံအမည်ငှားဖြစ်သည်ဟူ၍လည်းကောင်းဆုံးဖြတ်ခွင့်ရှိမည်မဟုတ်ချေ။

အချင်းဖြစ် မြေအမှတ်(၈)ပေါ်ရှိ နှစ်ထပ်တိုက်သည်လည်းကောင်း၊အချင်းဖြစ်မြေအမှတ် (၉) ပေါ်ရှိ ဦးမြင့်အောင်

---

(၁) အတွဲ ၄၊ရန်ကုန်၊စာ-၅၁၁ (ပီစီ)
(၂) ၁၉၇၀ ပြည်ထောင်စုမြန်မာနိုင်ငံတရားစီရင်ထုံး၊စာ-၃၅

၂၀၀၄
ဦးမြင့်အောင်
ဦးမြင့်အောင်
ဒေါ်တင်ကြည်ပါ-၉
ဒေါ်တင်ကြည်ပါ-၉
နှင့်
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၄
ဒေါ်ခင်စန်းဝင်းပါ -၄

နေထိုင်သည့် တစ်ထပ်တိုက်သည် လည်းကောင်း၊ ဦးကြွင် ဆောက်လုပ်ကြောင်း မူလရုံးတရားလိုများက ပြောဆို တင်ပြလာသည့်အတွက် သက်သေပြရန်တာဝန်သည် ၎င်းတို့အပေါ် ကျရောက်သည်။ တိုက်ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ဦးကြွင်ငွေထုတ်ပေးသည့်စာရင်း၊ သစ်နှင့်သံထည် ပစ္စည်းအစရှိသည့်များအဝယ်စာရင်းတို့ကို မူလရုံးတရားလို ဘက်မှတင်ပြထားသည်။ သို့ရာတွင်ယင်းစာရင်းများသည် ဦးကြွင်ပြုစုထားကြောင်းအထောက်အထားမရှိချေ။

သက်သေခံအက်ဥပဒေပုဒ်မ ၃၄အရစနစ်တကျ ထားရှိသော စာရင်းအင်းများမှာသာမန်အားဖြင့် မှန်ကန်သော စာရင်းများဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ သက်သေခံအဖြစ် သက်သေခံရန်ဥပဒေက ခွင့်ပြုထားခြင်း ဖြစ်ကြောင်း၊ သို့ရာတွင် စနစ်တကျထားရှိသောစာရင်း အင်းဖြင့် တစ်စုံတစ်ယောက်အား တာဝန်တင်ရှိစေရန် အလို့ငှာ ထိုစာရင်းအားထောက်ခံသည့်သက်သေခံ အထောက်အထားရှိရန်လိုကြောင်း မအေးကြည်ပါ-၃ နှင့် နသားဆင်းအမှု(၃) တွင်ပြဆိုသည်။

ယခုအမှုတွင် ယင်းစာရင်းဇယားမှန်ကန်ကြောင်း အထောက်အထားသက်သေစသည်တို့ကို တင်ပြထားခြင်း မရှိပေ။ သို့ဖြစ်၍ခြံအမှတ် (၈) (၉) တို့ရှိ တိုက်များသည် ဦးကြွင်ငွေဖြင့်ဆောက်လုပ်ထားသော တိုက်များဖြစ်ကြောင်း ကောက်ယူရန်အကြောင်းမရှိချေ။

ဤအခြေအနေတွင် တရားရုံးချုပ်က အချင်းဖြစ် ပစ္စည်းများသည် ဦးကြွင်၊ ဒေါ်စောညွန့်တို့ ကျန်ရစ်သော ပစ္စည်းများအဖြစ် သုံးသပ်ဆုံးဖြတ်ခြင်းသည် မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာများကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

၁။ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်များအရ ပြည်လမ်းခြံအမှတ်(၈)နှင့်ခြံအမှတ်(၉) မြေများကို

---

(၃) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-၁၄၀၂

ဝယ်ယူရာ၌ ဦးကြွင်က ဇနီးနှင့် သားသမီးများ အမည်များဖြင့် အမည်ခံအမည်ငှားစနစ်အရ ဝယ်ယူခြင်းဖြစ်သည်ဟု တရားရုံးချုပ်က ကောက်ယူဆုံးဖြတ်ချက်သည် မူလမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရ လည်းကောင်း၊ တရားဥပဒေအရလည်းကောင်း မှန်ကန်ခြင်းမရှိကြောင်း။

၂။ ပြည်လမ်း၊ ခြံအမှတ် (၈) ရှိ နှစ်ထပ်တိုက် နှင့် ပြည်လမ်း၊ခြံအမှတ် (၉) ရှိ တစ်ထပ်တိုက် တို့သည် အမွေပစ္စည်းများဖြစ်ကြောင်းကောက်ယူ ဆုံးဖြတ်ချက်သည် သက်သေခံချက်များအရ လည်းကောင်း၊ ဥပဒေအရလည်းကောင်း မှန်ကန်ခြင်းမရှိကြောင်း။

ထို့ကြောင့် ဤတရားမအထူးအယူခံမှုများကို ခွင့်ပြု ပြီးတိုင်းတရားရုံး၏စီရင်ချက်နှင့် အပြီးသတ်ဒီကရီကို လည်းကောင်းထိုဒီကရီကိုပြင်ဆင်သောတရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကိုလည်းကောင်းစရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀/ သတ်မှတ်သည်။

၂၀၀၄
ဦးမြင့်အောင်
ဦးမြင့်အောင်
ဒေါ်တင်ကြည်ပါ-၉
ဒေါ်တင်ကြည်ပါ-၉
နှင့်
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၁၂
ဒေါ်ခင်စန်းဝင်းပါ-၄
ဒေါ်ခင်စန်းဝင်းပါ -၄

+၂၀၀၄
စက်တင်ဘာ
၁၆-ရက်

## တရားမ ပထမ အယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးဦးတင်အေး၏ရှေ့တွင်

| | | |
|---|---|---|
| မသိန်းစောအေး(ခ) | နှင့် | ဒေါ်မချော(ခ) |
| မအေးအေးလင်း | | ဒေါ်ကြည်ကြည်ပါ (၁၃)* |

**အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာတွင် သားသမီးများက မိဘထံမှ အမွေရခွင့်အပေါ် အခြေခံ၍ စွဲဆိုသောအမှုနှင့် အခြားအမွေရှင်ထံမှ အမွေရခွင့်အပေါ် အခြေခံကာ ပူးတွဲ အမွေဆိုင်အပေါ်စွဲဆိုသောအမှုနှစ်မျိုးနှစ်စားကွဲပြားခြားနား ခြင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၆ ကိုယင်း ဥပဒေပုဒ်မ ၈ နှင့်ယှဉ်တွဲ၍ စဉ်းစားသုံးသပ်ရခြင်း**

**ဆုံးဖြတ်ချက်။** ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာဝင်တစ်ဦး ကျန်ရစ်သောအမွေပစ္စည်းအပေါ် အရေးဆိုသည့်အမွေမှု နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးမှာ မိဘတစ်ပါးပါး ကွယ်လွန်သည့်အခါ ဩရသသားသမီးက ကျန်ရစ်သူမိဘထံမှ အမွေရခွင့်နှင့် ကျန်ရစ်သူမိဘနောက်အိမ်ထောင်ပြုသောအခါ သားသမီးများက ထိုမိဘထံမှအမွေရခွင့် အပေါ်အခြေခံ၍ စွဲဆိုသောအမှုဖြစ်သည်။

ကျန်တစ်မျိုးမှာ အခြားအမွေရှင်ထံမှ အမွေရခွင့်အပေါ် အခြေခံကာပူးတွဲအမွေဆိုင်အပေါ်စွဲဆိုသော အမွေစီမံခန့်ခွဲမှု ဖြစ်သည်။

ဒုတိယအမှုအမျိုးအစားမှာ ကာလစည်းကမ်းသတ်အက် ဥပဒေပထမဇယားအမှတ်စဉ် ၁၄၄နှင့် သက်ဆိုင်သည်။ မဖွားသင်နှင့် ဦးညို၊အမှု[၁]၊ မညွန့်နှင့် မချမ်းမြ အမှု[၂]၊

---

* ၂၀၀၄ ခုနှစ် ၊ တရားမပထမအယူခံမှု အမှတ် ၃၃၃

+၂၀၀၁ခုနှစ် ၊ တရားမကြီးမှု အမှတ် ၈ တွင်ချမှတ်ထားသော ၆-၄-၂၀၀၄ ရက်စွဲပါ ရခိုင်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

စောင်ကျော်ရှိန်နှင့် ကေကြည်မောင်အမှု[၅] အသီးသီးတို့ကို ကြည့်ပါ။

ထပ်မံဆုံးဖြတ်ချက်။ ။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၆ အရ တရားမကြီးမှု စွဲဆိုပိုင်သူသည် စည်းကမ်းသတ်ကာလအပိုင်းအခြား စတင်ရေတွက်ရမည့်အချိန်၌ အရွယ်မရောက်သေးသူဖြစ်လျှင် ထိုသူအရွယ်ရောက်သည့်နေ့မှစ၍ အမှုအတွက် ပြဋ္ဌာန်းထားသောကာလအပိုင်းအခြားအတွင်းတွင် တရားစွဲဆိုခြင်းပြုလုပ်နိုင်သည်။

ထို့ပြင် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၈ ၌ အထူး ခြွင်းချက်အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားချက်ရှိသည်။ ထိုသတ်မှတ်ပြဋ္ဌာန်းချက်မှာ အရွယ်မရောက်သေးသူသည် တရားမကြီးမှုကိုအရွယ်ရောက်သည့်အခါမှစ၍ စွဲဆိုတင်သွင်းရမည်ဖြစ်ရာ ထိုစွဲဆိုတင်သွင်းရမည့် ကာလအပိုင်းအခြားကို ၃ နှစ်ထက်ပို၍တိုးပေးသည်ဟု မမှတ်ယူရဟူသောပြဋ္ဌာန်းချက် ဖြစ်သည်။

၂၀၀၄
မသိန်းစောအေး
(ခ)
မအေးအေးလင်း
နှင့်
ဒေါ်မချေ
(ခ)
ဒေါ်ကြည်ကြည်
ပါ ၁၃

အယူခံတရားလိုအတွက် — ဦးတင်မြင့်၊ (တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက် — ဦးကျော်မြင့်၊ (တရားရုံးချုပ်ရှေ့နေ)

ရခိုင်ပြည်နယ်တရားရုံး ၂၀၀၁ခုနှစ် တရားမကြီးမှု အမှတ် ၈ တွင် မသိန်းစောအေး (ခ) မအေးအေးလင်းက ဒေါ်မချေ (ခ) ဒေါ်ကြည်ကြည်ပါ - ၁၃ ဦးတို့အပေါ်တွင် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ ပြည်နယ်တရားရုံးကတရားလို စွဲဆိုသောအမှုကို ကာလစည်းကမ်းသတ်ကျော်လွန်သဖြင့် စရိတ်နှင့်တကွ ပလပ်သည်။

မသိန်းစောအေးက ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီအပေါ် မကျေနပ်သဖြင့်တရားရုံးချုပ်တွင် ဤတရားမ အယူခံမှုကို တင်သွင်းသည်။

အဆိုလွှာအရ တရားလိုသည် အမွေပုံပစ္စည်း၏ ပိုင်ရှင်ဖြစ်သူ ဒေါ်နှင်းသာလှ၏ တရားဝင်ကိတ္တိမသမီးဖြစ်ကြောင်း၊ တရားပြိုင်(၁) နှင့် (၇) တို့မှာ ဒေါ်နှင်းသာလှ၏ ခင်ပွန်း ဦးချမ်းဦး ၏ အထက်အိမ်ထောင်မှပါလာသော လင်ပါသား ၂ ဦးတို့၏ ဇနီးများဖြစ်ကြောင်း၊ လင်ပါသားဦးမောင်ဖိုးငြိမ်းနှင့် ဦးမောင်စံသာတို့သည် ကွယ်လွန်ခဲ့ကြပြီးဖြစ်ကြောင်း၊ကျန် တရားပြိုင်တို့မှာ တရားပြိုင် (၁) နှင့် (၇) တို့မှ မွေးဖွားလာသော သားသမီးများဖြစ်ကြကြောင်း၊ တရားလိုသည် မိခင်ဒေါ်နှင်းသာလှ နှင့် ၅ နှစ်သမီးအရွယ်ခန့်ကပင် အတူနေထိုင်ခဲ့ပြီး တရားလို ၈ နှစ်ခန့်အရွယ်တွင် တရားဝင်စာချုပ်စာတမ်းများပြုလုပ်၍ ကိတ္တိမသမီး အဖြစ်မွေးစားခြင်းဖြစ်ကြောင်း၊ မွေးစားမိခင်ကြီး ကွယ်လွန်ချိန်အထိမိခင်၏သာစဉ်နာစဉ်ပြုစုစောင့်ရှောက်နေထိုင် လာခဲ့သူ ဖြစ်ကြောင်း၊ ဒေါ်နှင်းသာလှ၏လင်ပါသား ဖြစ်သော ကွယ်လွန်သူဦးမောင်ဖိုးငြိမ်း၏ဇနီးမိသားစုတို့မှာ မိခင်ကြီး ပိုင်မင်းပြားမြို့၊ဈေးဟောင်းပိုင်းရပ်ကွက်၊ အကွက်အမှတ် ၂ ဦးပိုင် အမှတ် ၃၃၃/၁၁၄၊ ဧရိယာ ၀. ၁၀၅ ဧကရှိ မြေကွက်နှင့်ထို မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောပျဉ်ခင်း၊ပျဉ်ကာ၊သွပ်မိုး နေအိမ်တစ်ဆောင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအပိုင်စီး လျက်တရားလိုအား နေထိုင်ခွင့်မပေးတော့ကြောင်း၊ တရားလိုမှ မိရင်းဖရင်းများ၏နေအိမ်သို့ သွားရောက်နေထိုင်ခဲ့ရကြောင်း၊ ယင်းပစ္စည်းများအပေါ် ကိတ္တိမသမီးတစ်ဦးအနေဖြင့်ခံစားပို ခွင့်ရှိကြောင်း၊ တရားလိုသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအ အမွေပုံပစ္စည်းများအပေါ်တွင် ၁၂ ပုံ ၁၀ ပုံ ခံစားခွင့်ရှိသူဖြ ကြောင်း၊ ပစ္စည်းများခွဲဝေပေးရန် ၉-၂-၂၀၀၁ရက်နေ့တွ လည်းကောင်း၊၂၁-၉-၂၀၀၁ ရက်နေ့တွင်လည်းကောင်း နို့တစ်စ ပေးပို့ခဲ့သော်လည်း အကြောင်းပြန်ကြားခြင်းမရှိကြောင်း၊ ထို နောက်ပိုင်းရက်များတွင် တရားစွဲဆိုရန်အကြောင်းပေါ်ပေါ ကြောင်းဖော်ပြအဆိုပြုသည်။

ချေပလွှာအရတရားလိုသည် ကိတ္တိမမွေးစားသမီးမဟု သဖြင့် ဖော်ပြပါမြေကွက်နှင့်နေအိမ်မှာ တရားလိုရပိုင်ခွ မရှိကြောင်း၊ အခင်းဖြစ်နေအိမ်မှာဦးဘိုးငြိမ်းမိသားစုက န အိမ်ဟောင်းကိုဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်ထားသ

နေအိမ်သာဖြစ်ကြောင်း၊ အမွေပစ္စည်းနှင့်သက်ဆိုင်ခြင်းမရှိကြောင်း၊ အမွေရှင်ဒေါ်နှင်းသာလှကွယ်လွန်သည့်နေ့မှာ ၂၇-၆-၈၃ နေ့ဖြစ်သဖြင့် ၁၈ နှစ်ကျော်လွန်ပြီးဖြစ်၍ကာလစည်းကမ်းသတ် ကျော်လွန်ပြီဖြစ်ကြောင်း၊ ဒေါ်နှင်းသာလှတွင် ကျန်ရစ်သည့် ရွှေထည်ပစ္စည်းများကို ရောင်းချပြီးကထိန်ခင်းရာတွင်သုံးစွဲလိုက်ပြီဖြစ်ကြောင်း၊ မည်သည့်ရွှေထည်ပစ္စည်းမျှ မကျန်ရစ်တော့ကြောင်းစသည်ဖြင့် ဖော်ပြထုချေသည်။

ပြည်နယ်တရားရုံးက အဆိုအချေတို့အရ ရုံးငြင်းချက် ၅ ရပ် ထုတ်နုတ်သည်။ ၎င်းအပြင်ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ နောက်တိုးငြင်းချက်တစ်ရပ်ကိုလည်း ထပ်မံထုတ်နုတ်ကာ ယင်းနောက်တိုးငြင်းချက်နှင့် စပ်လျဉ်း၍ နှစ်ဖက်ကြားနာပြီးနောက် အောက်ပါအတိုင်းသုံးသပ် ဖြေဆိုဆုံးဖြတ်သည် -

"ဒေါ်နှင်းသာလှ ကွယ်လွန်သည့်နေ့မှာ ၂၇-၆-၈၃ ဟု ပေါ်ပေါက်သည်။ကွယ်လွန်ပြီးနောက် ၁-၇-၈၃ရက် နေ့တွင် အမွေကိစ္စဆောင်ရွက်ကြကြောင်း ပေါ်ပေါက်ပြီး တရားလိုသည် မွေးစားမိခင်နှင့်နေထိုင်သည့်အိမ်ပေါ်မှမိရင်းဖရင်းအိမ်သို့ဆင်းသွားရကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ အမွေရှင်ကွယ်လွန်သည့်အချိန်မှတွက်လျှင်လည်းကောင်း၊ ဦးမောင်ဘိုးငြိမ်းကတရားလိုအား မွေးစားမိခင်နှင့် အတူနေထိုင်သည့်အိမ်မှဆင်းသွားစေပြီးလက်ရောက်သိမ်းပိုက်သည့်နေ့မှသော်လည်းကောင်းတွက်လျှင်လည်း ကာလစည်းကမ်းသတ်ကျော်လွန်သည်ဟုပင်တွေ့ရပေသည်။

သို့ပါ၍နောက်တိုးကောက်ချက်ဖြစ်သည့် ဤအမှုစွဲဆိုရန် ကာလစည်းကမ်းသတ်ကျော်လွန်ပြီး ဖြစ်သည်ဆိုခြင်းမှာ မှန်သည်ဟုဖြေဆိုပါသည်။

ကျန်ငြင်းချက်များဖြေဆိုရန် မလိုအပ်ကြောင်း တွေ့ရသည်။ တရားလိုသည်သက်သာခွင့်ရထိုက် မည်မဟုတ်ပေ။

အထက်ပါ အကြောင်းများကြောင့် တရားလိုစွဲဆိုသောအမှုကို ကာလစည်းကမ်းသတ်ကျော်လွန်သဖြင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။"

အယူခံတရားလိုရှေ့နေက အခြားအမွေဆိုင်ထံမှ အမွေရ

ခွင့်အပေါ်အခြေခံကာ ပူးတွဲအမွေဆိုင်အပေါ်စွဲဆိုသော အမွေစီမံခန့်ခွဲမှုမှာကာလစည်းကမ်းသတ်ဥပဒေအမှတ်စဉ် ၁၄၄ နှင့် သက်ဆိုင်ကြောင်း၊ အမွေရှင်ကွယ်လွန်သည့် ၂၇-၆-၈၃ နေ့တွင် ၁၀ နှစ်အရွယ် ၊အရွယ်မရောက်သေးသူဖြစ်ကြောင်း၊ တရားလိုသည် ဥပဒေနှင့်အညီ အရွယ်ရောက်၍ တရားစွဲဆိုခွင့်ရရှိရန်မှာ ၈ နှစ်လိုနေကြောင်း၊ အမွေရှင်ကွယ်လွန်သည့် ၂၇-၆-၈၃ နေ့မှ၂၇-၆-၂၀၀၃ အတွင်း တရားစွဲဆိုရမည်ဖြစ်သောကြောင့် ဤအမှုကို ၂၃-၁၀-၂၀၀၁ နေ့တွင် စတင်စွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်အတွင်း ကျရောက်လျက်ရှိကြောင်း၊ မှတ်ပုံတင်ကိတ္တိမမွေးစားစာချုပ်ပါ ဖော်ပြချက်အရ မူလရုံး တရားလိုသည် မွေးစားစာချုပ်ပြုလုပ်သည့် ၁၉၈၂ ခုနှစ်က ၈နှစ်သမီးဖြစ်သည်မှာ အငြင်းမပွားပေါ်ပေါက်ကြောင်း၊ အမွေရှင်ကွယ်လွန်သည့်အချိန်၌တရားလိုသည် ၉ နှစ်အရွယ်ဟု ပေါ်ပေါက်ကြောင်း၊ ဤအမှုကိုစွဲဆိုခြင်းမှာကာလစည်းကမ်းသတ်အတွင်းကျရောက်ကြောင်း၊ ထို့ကြောင့်မူလရုံးကကာလစည်းကမ်းသတ်ကျော်လွန်သည်ဟု ဆုံးဖြတ်ခြင်းမှာမှားယွင်းကြောင်းလျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ ရှေ့နေက မူလရုံးတွင် တရားလိုကငင်း၏အသက်ကို၃၁နှစ်ဟုဖော်ပြထားကြောင်း၊ မွေးသက္ကရာဇ်ကို ၁၃၃၂ ခုနှစ်ဟုဖော်ပြကာ မွေးလကိုမမှတ်မိဟု ထွက်ဆိုထားကြောင်း၊ ရုံးရှေ့တွင် တရားလို အစစ်ခံသည့်နေ့မှာ ၂၄-၁၂-၂၀၀၂နေ့ဖြစ်ကြောင်း ပြန်လှန်စစ်မေးသည့်အခါ တရားလိုက ငင်း၏မွေးသက္ကရာဇ်ကို ၁၉၇၀ ပြည့်နှစ်ဟု ထွက်ဆိုထားကြောင်း၊ ထို့ကြောင့် မူလရုံးက ကာလစည်းကမ်းသတ်ရက် တွက်ချက်ထားခြင်းသည် ထင်မြင်ချက်ဖြင့် မှန်းဆ၍ တွက်ချက်ခြင်းမဟုတ်ကြောင်း ၊ တရားပြိုင် ဒေါ်ကြည်ကြည်နှင့် ငင်း၏ခင်ပွန်း ဦးမောင်ဘိုးငြိမ်းတို့သည် ၁၉၈၃သို့မဟုတ် ၁၉၈၄ ခုနှစ်ကစ၍ အချင်းဖြစ်အိမ်မှ တရားလိုကိုနှင်ချကာနေထိုင်ခဲ့ကြခြင်းသည် အမွေဆိုင်အားလုံးကိုဆန့်ကျင်၍နေထိုင်ခဲ့သည်ဟု ကောက်ယူရန်သာရှိကြောင်း၊ ထိုနေ့မှစ၍ကာလစည်းကမ်းသတ်ရက်ကို ရေတွက်ရမည်ဖြစ်ကြောင်း၊ မူလမှု တရားလိုထွက်ချက်အရ ငင်း၏မွေးသက္ကရာဇ်မှာ ၁၉၇၀ ပြည့်နှစ်

၂၀၀၄
မသိန်းစောအေး
(၁)
မအေးအေးလင်း
နှင့်
ဒေါ်မချေ
(၁)
ဒေါ်ကြည်ကြည်
ပါ ၁၃

ဖြစ်သောကြောင့် ၁၉၈၈ခုနှစ်တွင် အသက် ၁၈နှစ်ပြည့်မည်ဖြစ်ကြောင်း၊ နောက်ထပ် ၁၂ နှစ်ပေါင်းထည့်လျှင်သက္ကရာဇ် ၂၀၀၀ပြည့်နှစ်၌တရားလိုသည်တရားစွဲဆိုခွင့်ကုန်ဆုံးမည်ဖြစ်ကြောင်း၊ ၂၃-၁၀-၂၀၀၁ နေ့အမှုစွဲဆိုသောအချိန်တွင် ကာလစည်းကမ်းသတ်ရက်ကျော်လွန်ကြောင်း၊ မူလရုံး၏အမိန့်ကိုအတည်ပြုသင့်ကြောင်းလျှောက်လဲတင်ပြသည်။

မူလမှုကိုစိစစ်ကြည့်ရာ မူလပြည်နယ်တရားရုံးကမူလမှုတရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဟု ဖြေဆိုဆုံးဖြတ်လျက် မူလမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်ဤအယူခံမှုတွင်အဓိကဆုံးဖြတ်ရမည့် ပြဿနာမှာမူလမှုတရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော် မကျော်ဟူသောအချက်ဖြစ်သည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာဝင် တစ်ဦးကျန်ရစ်သောအမွေပစ္စည်းအပေါ် အရေးဆိုသည့် အမွေမှုနှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးမှာ မိဘတစ်ပါးပါး ကွယ်လွန်သည့်အခါ ဩရသသားသမီးက ကျန်ရစ်သူမိဘထံမှ အမွေရခွင့်နှင့် ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုသောအခါ သားသမီးများက ထိုမိဘထံမှ အမွေရခွင့်အပေါ် အခြေခံ၍ စွဲဆိုသောအမှုဖြစ်သည်။

ကျန်တစ်မျိုးမှာ အခြားအမွေရှင်ထံမှ အမွေရခွင့် အပေါ်အခြေခံကာ ပူးတွဲအမွေဆိုင်အပေါ် စွဲဆိုသော အမွေစီမံခန့်ခွဲမှုဖြစ်သည်။

ဒုတိယအမျိုးအစားမှာ ကာလစည်းကမ်းသတ် ဥပဒေပထမဇယားအမှတ်စဉ် ၁၄၄ နှင့် သက်ဆိုင်သည်။ မဖွားသင်နှင့် ဦးညိုအမှု[၁]၊ မညွန့်နှင့် မချမ်းမြ အမှု[၂]၊ မောင်ကျော်ရှိန်နှင့် ကေကြည်မောင်အမှု[၃] အသီးသီးတို့ ကိုကြည့်ပါ။

ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၄၄ မြွက်ဟချက်အရဆိုပါက တရားပြိုင်၏ လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့်ဆန့်ကျင်လာသည့် အခါကစ၍ ၁၂နှစ်အတွင်း

(၁) ရန်ကုန်၊ အတွဲ ၁၂၊ စာ-၄၀၉
(၂) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၂၀
(၃) ၁၉၇၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၈

၂၀၀၄
မသိန်းစောအေး
(ခ)
မအေးအေးလင်း
နှင့်
ဒေါ်မချော
(ခ)
ဒေါ်ကြည်ကြည်
ပါ ၁၃

တရားစွဲဆိုရသည်။

မြန်မာဗုဒ္ဓဘာသာသများသည် အမွေပစ္စည်းကို အတူပိုင်ဆိုင်သူများအဖြစ် ဆက်ခံသူဖြစ်ရာ အတူပိုင်သူများအနက် တစ်ဦးကအတူပိုင်သည့်ပစ္စည်းကို ဆန့်ကျင်လက်ရှိထားရာ ရောက်စေရန်အလို့ငှာ၊ ထိုသူသည် ပူးတွဲအတူပိုင်သူများအား ထိုပစ္စည်းမှ ပယ်ထုတ်ပစ်ခြင်းတစ်နည်းအားဖြင့် မောင်ပိုင်စီးခြင်းရှိရမည့်အပြင်ထိုသို့ပယ်ထုတ်ပြီးနောက်၊ သို့မဟုတ်မောင်ပိုင်စီးပြီးနောက်အနည်းဆုံး ၁၂နှစ်ကြာလက်ရှိထားမှုလည်းရှိရမည်။

ယခုအမှုတွင် မူလအမှုတွဲရှိ သက်သေခံအထောက်အထားများကို စိစစ်ကြည့်ရာ၊ အမွေရှင်ဒေါ်နှင်းသာလှသည် ၂၇-၆-၈၃ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ဒေါ်နှင်းသာလှကွယ်လွန်ပြီးနောက် ၁-၇-၈၃နေ့ရက်တွင် အမွေခွဲဝေသည့် မှတ်တမ်းပြုလုပ်ကြသည်။ မူလမှုတွင် တင်ပြသောသက်သေခံအထောက်အထားများအရ အချင်းဖြစ်အိမ်နှင့်မြေတို့ကို ဦးမောင်ဘိုးငြိမ်းနှင့် ဒေါ်မငွေနုတို့က သက်ဆိုင်သည်ဟု ဖော်ပြညှိနှိုင်းကြောင်းတွေ့ရသည်၊ ယင်းသက်သေခံအထောက်အထားမှာသက်သေခံအမှတ်(၁) အမွေခွဲဝေမှုမှတ်တမ်းဖြစ်သည်။

မူလမှုတရားလို မသိန်းစောအေး၏ ရုံးရှေ့ထွက်ဆိုချက်ကိုကြည့်လျှင်လည်း ၁-၇-၈၃ နေ့၌ ရပ်ကွက်လူကြီးများရှေ့တွင် အမွေခွဲဝေရေးကိစ္စဆောင်ရွက်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

ထိုသို့ အမွေခွဲဝေရေးကိစ္စဆောင်ရွက်သည့် ၁-၇-၈၃ နေ့တွင်ပင် ၎င်းအား မိရင်းဖရင်းများ၏ နေအိမ်သို့ နေထိုင်ရန် ပြောဆိုလာခဲ့ကြောင်းနှင့် ဦးမောင်ဘိုးငြိမ်းနှင့် မိသားစုတို့သည် ဒေါ်နှင်းသာလှကွယ်လွန်ပြီးနောက်မှ ယနေ့ထိအောင် ထိုအိမ်၌ ဆက်လက်နေထိုင်လျက်ရှိကြောင်း မသိန်းစောအေးကိုယ်တိုင်က ထွက်ဆိုထားသည်ကိုတွေ့ရသည်။

ဤသို့ဆိုလျှင် ၁-၇-၈၃ -နေ့၌ပင် ဦးမောင်ဘိုးငြိမ်းတို့မိသားစုက မသိန်းစောအေးအား အချင်းဖြစ်အမွေဆိုင်ပစ္စည်းမှ ပယ်ထုတ်ပစ်ကြောင်း တွေ့ရှိရသည်။ ထိုအချိန်မှစ၍ ဦးမောင်ဘိုးငြိမ်းတို့သည် မသိန်းစောအေးအား ဆန့်ကျင်လက်ရှိထားသည်ဟု ကောက်ယူရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်

ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၄ အရ ဆန့်ကျင်လက်ရှိဖြစ်သည့် နေ့ရက်ကို ၁-၇-၈၃ နေ့မှစ၍ သတ်မှတ်ရေတွက်ရပေမည်။

၁-၇-၈၃ရက်နေ့တွင် မသိန်းစောအေးသည် အရွယ်မရောက်သေးဟုဖြင်း၏ ထွက်ချက်အရကောက်ယူနိုင်သည်။ မသိန်းစောအေးသည် ပြည်နယ်တရားရုံးရှေ့၌ ထွက်ဆိုအစစ်ခံသည့်နေ့မှာ၂၄-၁၂-၂၀၀၂ နေ့ဖြစ်သည်။ ထိုနေ့၌ဖြင်း၏ အသက်မှာ ၃၁ နှစ်ဟု ဖော်ပြထားသည်။ ဖြင်းအပြင် မသိန်းစောအေး ကိုယ်တိုင်၏ ထွက်ဆိုချက်တွင် ဖြင်း၏ မွေးသက္ကရာဇ်မှာ ၁၃၃၂ ခုနှစ် ဖြစ်ပါသည်ဟု ထွက်ဆိုထားရာ ခရစ်သက္ကရာဇ်နှင့် ပြောင်းလဲကြည့်ပါက မသိန်းစောအေးကို မွေးဖွားသည့် ခရစ်သက္ကရာဇ်မှာ ၁၉၇၀ ပြည့်နှစ်ဖြစ်သည်။

မသိန်းစောအေး၏ မွေးသက္ကရာဇ်ဖြစ်သော၁၉၇၀ပြည့်နှစ်ကို အခြေခံ၍ကြည့်ပါက မသိန်းစောအေးသည် ၁၉၈၈ ခုနှစ်တွင် အရွယ်ရောက်မည်ဖြစ်သည်။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၆အရ တရားမကြီးမှုစွဲဆိုပိုင်သူသည်စည်းကမ်းသတ်ကာလအပိုင်းအခြားစတင်ရေတွက်ရမည့်အချိန်၌အရွယ်မရောက်သေးသူဖြစ်လျှင် ထိုသူအရွယ်ရောက်သည့်နေ့မှစ၍ အမှုအတွက်ပြဋ္ဌာန်းထားသော ကာလအပိုင်းအခြားအတွင်းတွင် တရားစွဲဆိုခြင်းပြုလုပ်နိုင်သည်။

ထို့ပြင် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၈ ၌ အထူးခြွင်းချက်အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားချက်ရှိသည်။ ထိုသတ်မှတ်ပြဋ္ဌာန်းချက်မှာ အရွယ်မရောက်သေးသူသည် တရားမကြီးမှုကို အရွယ်ရောက်သည့်အခါမှစ၍ စွဲဆိုတင်သွင်းရမည်ဖြစ်ရာ ထိုစွဲဆိုတင်သွင်းရမည့် ကာလအပိုင်းအခြားကို ၃ နှစ်ထက် ပို၍တိုးပေးသည်ဟု မမှတ်ယူရဟူသော ပြဋ္ဌာန်းချက်ဖြစ်သည်။

ထို့ကြောင့်ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ်၁၄၄အရဆန့်ကျင်လက်ရှိဖြစ်သော ၁-၇-၈၃ရက်နေ့တွင်မသိန်းစောအေးသည်အမွေစီမံခန့်ခွဲပေးစေလိုမှုကိုစွဲဆိုပိုင်ခွင့်ရရှိသည်။ ထိုအချိန်၌ သူမသည် အရွယ်မရောက်သေးပေ။ ၁၉၈၈ခုနှစ်ကျမှသာ အသက် ၁၈နှစ်ပြည့်၍ အရွယ်ရောက်မည်

၂၀၀၄
မသိန်းစောအေး
(ခ)
မအေးအေးလင်း
နှင့်
ဒေါ်မချေ
(ခ)
ဒေါ်ကြည်ကြည်
ပါ ၁၃

ဖြစ်သည်။ မသိန်းစောအေး အရွယ်ရောက်သည့်အချိန်တွင် အမွေမှုအတွက်ရရှိသည့် စည်းကမ်းသတ်ကာလမှာ ၅နှစ် ကုန်သွားမည်ဖြစ်သည်။ သို့ရာတွင်တရားစွဲဆိုရန် အချိန်ကာလ နောက်၇နှစ်ကျန်ရှိနေသေးရာ အရွယ်ရောက်သည့် ၁၉၈၈ခုနှစ် မှ ရေတွက်လျှင် မသိန်းစောအေးသည် အမွေစီမံခန့်ခွဲပေးစေလို မှုကို နောက် ၇နှစ်ဖြစ်သော၁၉၉၅ခုနှစ်အထိ တရားစွဲဆိုရန် အချိန်ရရှိကြောင်း တွေ့ရပေသည်။

မသိန်းစောအေးသည် မူလမှုကို ၂၀၀၁ခုနှစ်တွင် စွဲဆိုခြင်း ဖြစ်ပေရာစည်းကမ်းသတ်ကာလများစွာကျော်လွန်နေကြောင်း မှာသိသာထင်ရှားသည်ဟုဆိုရပေမည်။

မသိန်းစောအေးက မူလမှုတွင် ၅-၁၀-၈၂ ရက်စွဲပါ ကိုတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်ကို သက်သေခံ (က) အဖြစ် တင်သွင်းထားသည်။ သက်သေခံ (က) စာချုပ်တွင် မသိန်းစောအေးကို ၈နှစ်သမီးအဖြစ်ဖော်ပြထားသည်။ တစ်နည်း အားဖြင့် စာချုပ်ပြုလုပ်သည့် ၁၉၈၂ခုနှစ်၊ အောက်တိုဘာလတွင် မသိန်းစောအေး၏အသက်ကို၈နှစ်ရှိသည်ဟု ကောက်ယူနိုင် သည်။

ဆန့်ကျင်လက်ရှိဖြစ်သော တရားစွဲဆိုခွင့်ရရှိသည့် နေ့ရက် မှာ ၁-၇-၈၃ နေ့ဖြစ်သည်။ မသိန်းစောအေးသည် ၁၉၈၂ခုနှစ်မှ နောက်ထပ် ၁၀နှစ်ဖြစ်သော ၁၉၉၂ခုနှစ်တွင် အရွယ်ရောက် သည်ဟု သက်သေခံ (က) ပေါ် အခြေခံ၍ တွက်ချက်လျှင် ၁-၇-၈၃ နေ့မှစ၍ ရရှိသည့် တရားစွဲဆိုပိုင်ခွင့် ကာလမှာ ၉နှစ် ကုန်ဆုံးသွားပြီဖြစ်သည်။ တရားစွဲဆိုရန်အချိန်ကာလမှာ အရွယ်ရောက်ပြီးသည့် ၁၉၉၂ခုနှစ်မှ နောက်ထပ်ကျန်သည့် တရားစွဲဆိုပိုင်ခွင့် ကာလ ၃နှစ်ကို ပေါင်းလျှင် ၁၉၉၅ခုနှစ်အထိ တရားစွဲဆိုပိုင်ခွင့်ရမည်ဖြစ်သည်။

ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၈ ခြွင်းချက်အရ တရားစွဲ ဆိုပိုင်ခွင့်ကာလကို ၃နှစ်ထက်ပို၍တိုးပေးသည်ဟု မမှတ်ယူနိုင်သည့်အတွက်ကြောင့်လည်း တရားစွဲဆိုပိုင်ခွင့်ကာလ ကုန်ဆုံးသည့်နေ့ရက်မှာ၁၉၉၅ခုနှစ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် သက်သေခံ (က) ကိုတ္တိမမွေးစားစာချုပ်အပေါ်တွင်အခြေခံ တွက်ချက်သည့်တိုင် စည်းကမ်းသတ်ကာလများစွာကျော်လွန်

နေပေသည်။

အထက်ဖော်ပြပါအခြေအနေများအရ မူလပြည်နယ် တရားရုံးကကာလစည်းကမ်းသတ်ကျော်လွန်သည်ဟုဖြေဆို ဆုံးဖြတ်ခြင်းမှာမှားယွင်းခြင်းမရှိဟုဆိုရပေမည်။

အထက်ပါ အကြောင်းများကြောင့် မူလပြည်နယ် တရားရုံး ၏စီရင်ချက်နှင့်ဒီကရီကိုအတည်ပြု၍အယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၂၀၀/ သတ်မှတ်သည်။

၂၀၀၄
မသိန်းစောအေး
(ခ)
မအေးအေးလင်း
နှင့်
ဒေါ်မချေ
(ခ)
ဒေါ်ကြည်ကြည်
ပါ ၁၃

+၂၀၀၄
ဒီဇင်ဘာလ
၃၁-ရက်

တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသောဦးမြင့်သိန်းနှင့်
ဦးတင်အေးတို့၏ရှေ့တွင်

| ဒေါ်အေးအေးသန်း | | ဦးတံရှိန် |
|---|---|---|
| ဦးကံရှိန် | နှင့် | ဒေါ်အေးအေးသန်း* |

မြန်မာဓလေ့ ထုံးတမ်း ဥပဒေအရ အမွေပုံ ပစ္စည်း စိစစ်ခွဲ ပေးစေ လိုမှု၊ ပထမ အိမ်ထောင်မှ လင်ပါသားနှင့် ဒုတိယမယားတစ်ဦးတည်းက မွေးစားသော တိတ္တိမ သမီး တို့ အမွေခွဲဝေခြင်း၊ ပထမအိမ်ထောင်မှ လင် နှင့် ဒုတိယ မယား တို့ မှ မွေးစား သည့် သမီးနှင့် ပထမ အိမ်ထောင် ကွယ်လွန်ပြီး ဒုတိယမယားတစ်ဦး တည်းက မွေးစားသည့် သမီး ရထိုက်သည့်အမွေဝေစု မတူညီခြင်း။

ဆုံးဖြတ်ချက်။ ။ ဒေါ်အေးအေးသန်းသည် ဦးစိန်နှင့် ဒေါ်ငွေအောင်တို့က မွေးစားခြင်းသို့မဟုတ် ဦးစိန် ကွယ်လွန်ပြီး နောက် ဒေါ်ငွေအောင်တစ်ဦးတည်းက မွေးစားခြင်းတည်းဟူ သော ကွဲလွဲသည့်အခြေအနေကိုလိုက်၍ အချင်းဖြစ်အမွေပုံကို ဦးကံရှိန်နှင့် ဒေါ်အေးအေးသန်းတို့အား ခွဲဝေပေးရာ၌ လိုက်နာရန် ကွဲပြားသည့်နည်းလမ်းနှစ်ရပ်ကို ကင်းဝန်မင်းကြီး ဦးကောင်း၏အမွေမှုခန်းဓမ္မသတ်ကျမ်းကြီးတွင် တွေ့မြင် နိုင်သည်။ ပထမအချက်၌ ဦးစိန်နှင့်ဒေါ်ငွေအောင်တို့ပေါင်း

---

*၂၀၀၄ ခုနှစ် ၊ တရားမ အထူးအယူခံမှု ၆၈ နှင့် ၇၃
+၂၀၀၃ခုနှစ် ၊ တရားမပထမအယူခံမှုအမှတ်၄၄၈တွင် ချမှတ်ထားသော ၁၅-၁-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ် ၏စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

သင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်းကို ပုဒ်မ ၂၇၇ လာ'အထက်သားနှင့်နှစ်ပါးစုံအောက်သားတို့ခွဲဝေရာသော တရား' အရခွဲဝေရန် ဖြစ်ပြီး ဒုတိယအချက်တွင်မူ မငြိမ်းအေးအမှု၌ ကိုးကားသော ပုဒ်မ ၂၁၂ လာ 'လင်ပါ အထက်သားနှင့် မိထွေးတို့ ခွဲဝေရာသောတရား' နှင့်အညီ ခွဲဝေရပေမည်။

၂၀၀၄
ဒေါ်အေးအေးသန်း
ဦးကံရှိန်
နှင့်
ဦးကံရှိန်
ဒေါ်အေးအေးသန်း

ဦးမောင်မောင်ကျော်လင်း၊
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားလိုအတွက်

ဦးစိန်လှိုင်၊
(တရားရုံးချုပ်ရှေ့နေ)

ဦးစိန်လှိုင်၊
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်အတွက်

ဦးမောင်မောင်ကျော်လင်း၊
(တရားရုံးချုပ်ရှေ့နေ)

ရောဝတီတိုင်းတရားရုံး ၂၀၀၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၀ တွင် မူလရုံးတရားလိုဒေါ်အေးအေးသန်းက မူလရုံး တရားပြိုင် ဦးကံရှိန်အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ မူလရုံးတရားလိုသည် အမွေပစ္စည်း၏ ၈ ပုံ ၇ ပုံ ရထိုက်ခွင့်ရှိကြောင်း တိုင်းတရားရုံးက ပဏာမဒီကရီချမှတ် ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မူလရုံး တရားပြိုင် ဦးကံရှိန်က ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် ၂၀၀၃ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ်၄၄၈ အရ အယူခံ ဝင်ရောက်ရာတရားရုံးချုပ်ကတိုင်းတရားရုံး၏ စီရင်ချက်နှင့် ပဏာမဒီကရီကို ပယ်ဖျက်ပြီး ၊ ဒေါ်အေးအေးသန်းသည် ဦးစိန်၊ ဒေါ်ငွေအောင်တို့၏ လက်ထက်ပွားပစ္စည်းများ၌ ၃ ပုံ၂ပုံ ရထိုက်ခွင့်ရှိကြောင်း ပြင်ဆင်၍ ပဏာမဒီကရီချမှတ်သည်။ အဆိုပါတရားရုံးချုပ်၏စီရင်ချက်နှင့် ဒီကရီကိုလည်းမူလရုံး

၂၀၀၄
ဒေါ်အေးအေးသန်း
ဦးကံရှိန်
နှင့်
ဦးကံရှိန်
ဒေါ်အေးအေးသန်း

တရားပြိုင်ဦးကံရှိန်က မကျေနပ်သဖြင့် ၂၀၀၄ ခုနှစ် တရားမ အထွေထွေလျှောက်လွှာ(အထူး) အမှတ် ၉၅ တွင်လည်းကောင်း၊ မူလရုံးတရားလို ဒေါ်အေးအေးသန်းက ၂၀၀၄ ခုနှစ် တရားမ အထွေထွေ လျှောက်လွှာ (အထူး) အမှတ်၁၂၀ ၌လည်းကောင်း၊ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇အရ ပြန်လည် စစ်ဆေးစီရင်ပေးရန်လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးကတစ်ပေါင်းတည်းကြားနာပြီးနောက် အောက်ပါ ပြဿနာကိုအထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက်အထူး အယူခံဝင်ခွင့်ပြုခဲ့သည်-

"တရားရုံးချုပ်က မောင်ဖိုးအောင်နှင့် မောင်ခ အမှု[၁] ကိုကိုးကားပြီး ဒေါ်ငွေအောင်တစ်ဦးတည်းက မွေးစားခဲ့ သည့် ကိတ္တိမသမီးဒေါ်အေးအေးသန်းသည်ဦးစိန်နှင့် ဒေါ်ငွေအောင်တို့ ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်း၏ ၃ ပုံ ၂ ပုံ ကို ရထိုက်ခွင့်ရှိသည်ဟု ပဏာမဒီကရီချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ"

၎င်းတရားမအထူးအယူခံမှုများသည် မူလတရားမကြီးမှု တစ်မှုတည်းမှ ပေါ်ပေါက်လာပြီး ဆုံးဖြတ်ရန် ပြဿနာမှာလည်း တူသဖြင့် ၎င်းစီရင်ချက်သည် နှစ်မှုလုံးနှင့် သက်ဆိုင်သည်။

အဆိုလွှာအရ မူလရုံးတရားလိုဒေါ်အေးအေးသန်း က ဦးကံရှိန်သည် ဦးစိန်နှင့်ဒေါ်ပုတို့မှ မွေးဖွားသောသား ဖြစ်ကြောင်း၊ ၁၉၄၅ ခုနှစ်ခန့်က ဒေါ်ပုကွယ်လွန်ကြောင်း၊ ဒေါ်ပုကွယ်လွန်ပြီး နှစ်နှစ်ခန့်အကြာတွင် ဦးစိန်သည် ဒေါ်ငွေအောင်နှင့် လက်ထပ်ပေါင်းသင်းကြောင်း၊ ဦးစိန် သည် ၇-၆-၇၃ ရက်နေ့တွင် ကွယ်လွန်ကြောင်း၊ ဒေါ်ငွေအောင်က တရားလိုဒေါ်အေးအေးသန်းအား ၂၅-၃-၈၀ ရက်နေ့တွင် မှတ်ပုံတင်စာချုပ်ဖြင့် မွေးစားကြောင်း၊ ဒေါ်ငွေအောင်သည် ၁-၇-၉၈ ရက်နေ့တွင် ကွယ်လွန်ကြောင်း၊ ဦးစိန်နှင့်ဒေါ်ပု ပေါင်းသင်းစဉ် လက်ထက်ပွားပစ္စည်း မကျန်ရစ်သော်လည်း ဦးစိန်နှင့် ဒေါ်ငွေအောင်တို့ ပေါင်းသင်းချိန်၌ လက်ထက်ပွား

---

(၁) ၆ ရန်ကုန် စာ ၄၂၇ (စုံညီ)

၂၀၀၄
ဒေါ်အေးအေးသန်း
ဦးကံရှိန်
နှင့်
ဦးကံရှိန်
ဒေါ်အေးအေးသန်း

ပစ္စည်းအဖြစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ကျန်ရစ်ကြောင်း၊ တရားလိုသည် ဦးစိန်နှင့် ဒေါ်ငွေအောင်တို့၏လက်ထက်ပွားပစ္စည်းအပေါ် ၈ပုံ ၇ပုံ ရထိုက်ကြောင်း အဆိုပြုသည်။

မူလရုံးတရားပြိုင်ဦးကံရှိန်က ဦးစိန်နှင့် ဒေါ်ပုတို့သည်သာပေါင်းမြို့၊ ညောင်ကုန်းကျေးရွာတွင်ပေါင်းသင်းနေထိုင်ပြီးဦးစိန်သည်ဆေးကုသခြင်းဖြင့် ကြီးပွားချမ်းသာလာသူဖြစ်ကြောင်း၊ ဒေါ်ပုသည် ၁၉၄၅ ခုနှစ်တွင်ကွယ်လွန်စဉ်ကတရားပြိုင်မှာ ၁၂ နှစ်သားအရွယ်ဖြစ်ကြောင်း၊ ဦးစိန်သည် ဆင်းရဲနွမ်းပါးသူဒေါ်ငွေအောင်နှင့်ထပ်မံအိမ်ထောင်ပြုပြီးနောက် ဒေါ်ပု၏လက်ဝတ်လက်စား၊ ၁၂ တောင်လှေ ၂ စင်းနှင့် အိမ်တို့ကိုရောင်း၍ပုသိမ်မြို့ရှိအချင်းဖြစ်အိမ်ကိုဝယ်ယူခဲ့သောကြောင့် အချင်းဖြစ်အိမ်ခြံမြေမှာ အထက်ပါပစ္စည်းဖြစ်ကြောင်း၊ ဦးစိန်ကွယ်လွန်ပြီးနောက် မူလရုံးတရားပြိုင်ဦးကံရှိန်သည် ငပုတောမြို့နယ် ဆားခွန်တော်ဌာနတွင် အစိုးရအလုပ်တာဝန်ထမ်းဆောင်စဉ် မူလရုံးတရားလို ဒေါ်အေးအေးသန်းက ဒေါ်ငွေအောင်အား သွေးဆောင်၍ ၎င်းကို မွေးစား စာချုပ်ချုပ်ဆိုစေခဲ့ကြောင်း၊ တရားပြိုင်ဦးကံရှိန်သည် ဒေါ်ငွေအောင်၏ တစ်ဦးတည်းသောလင်ပါသားဖြစ်ကြောင်း၊ ဦးစိန်နှင့်ဒေါ်ငွေအောင်တို့၏ လက်ထက်ပွားပစ္စည်းများမကျန်သဖြင့် မူလရုံးတရားလို၏ အဆိုလွှာကို ပလပ်သင့်ကြောင်းချေပသည်။

တိုင်းတရားရုံးက မူလရုံးတရားလိုသည် ဒေါ်ငွေအောင်၏ တစ်ဦးတည်းသော အမွေစားအမွေခံဖြစ်ကြောင်း၊ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မိထွေး၊ ပထွေးနှင့် ပေါင်းသင်းစဉ်ဖြစ်ထွန်းသောနှစ်ပါးစုံ၊ သို့မဟုတ် လက်ထက်ပွားပစ္စည်းနှင့်ပတ်သက်၍မိရင်း၊ ဖရင်းနှင့်မိထွေး၊ ပထွေးတို့သားသမီးထွန်းကားလျှင် ထိုပေါင်းသင်းစဉ်အတွင်း ဖြစ်ထွန်းသောနှစ်ပါးစုံ၊ သို့မဟုတ်လက်ထက်ပွားပစ္စည်းတွင် ၈ ပုံ ၁ ပုံကိုလင်ပါ၊ မယားပါသားသမီးကရရှိပြီး ကျန် ၈ ပုံ ၇ ပုံကို မိထွေး၊ ပထွေးကရရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မူလရုံးတရားလို ဒေါ်အေးအေးသန်းသည် အချင်းဖြစ်လက်ထက်ပွားပစ္စည်း

**၂၀၀၄**
**ဒေါ်အေးအေးသန်း**
**ဦးကံရှိန်**
**နှင့်**
**ဦးကံရှိန်**
**ဒေါ်အေးအေးသန်း**

အမွေပုံ ၈ ပုံ ၇ ပုံ ရထိုက်ခွင့်ရှိကြောင်းသုံးသပ်လျက် ပဏာမ ဒီကရီချမှတ်ခဲ့သည်။

တရားရုံးချုပ်က မိရင်း၊ ဖရင်းထံမှအမွေမတောင်း ရသေးသော လင်ပါ၊ မယားပါသားသမီးများသည် မိရင်း၊ ဖရင်းနှင့် မိထွေး၊ ပထွေးတို့ ကွယ်လွန်သောအခါ မိထွေး၊ ပထွေးနှင့် မိရင်း၊ ဖရင်းတို့ပေါင်းသင်းစဉ်ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်းတွင် လင်ပါ၊ မယားပါသားသမီးက ၃ ပုံ ၁ ပုံ၊ နောက်အိမ်ထောင်မှ သားသမီးများက ၃ ပုံ ၂ ပုံ ရထိုက်ကြောင်း မောင်ဖိုးအောင်နှင့် မောင်ခအမှု(၁) ကို ရည်ညွှန်းသုံးသပ်ပြီး မူလရုံးတရားလို ဒေါ်အေးအေးသန်းသည်ဦးစိန်၊ဒေါ်ငွေအောင်တို့၏လက်ထက် ပွားပစ္စည်းများအပေါ် ၃ ပုံ ၂ ပုံ ရထိုက်ခွင့်ရှိကြောင်းဖြင့် မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။

ဤအမှုတွင် မူလရုံးတရားပြိုင်ဦးကံရှိန်သည် ကွယ်လွန်သူ ဦးစိန်၏ ပထမအိမ်ထောင်တွင် မွေးဖွားသောသားဖြစ်သည်မှာ အငြင်းမပွားချေ။ မူလရုံးတရားလို ဒေါ်အေးအေးသန်းသည် ဦးကံရှိန်၏မိထွေး ဒေါ်ငွေအောင် (ဦးစိန်၏ဒုတိယမယား) က ဦးစိန်ကွယ်လွန်ပြီးနောက်မှ မွေးစားသောကိတ္တိမသမီးဖြစ်ကြောင်းအမှုတွင် အငြင်းမပွားပေါ်ပေါက်သည်ဖြစ်၍ ဦးစိန်နှင့်ဒေါ်ငွေအောင်တို့၏ နှစ်ပါးစုံသမီးမဟုတ်ချေ။

တရားရုံးချုပ်က ပထမအယူခံတွင် ကိုးကားသော မောင်ဖိုးအောင် အမှုတွင် မူလရုံးတရားလိုမောင်ခသည် ဦးလူကြီး၏ပထမအိမ်ထောင်၌ ထွန်းကားသောသားဖြစ်ပြီး မူလရုံးတရားပြိုင်မောင်ဖိုးအောင်တို့သည်ဦးလူကြီးနှင့် ဒုတိယမယားတို့၏အိမ်ထောင်၌ မွေးဖွားသော၎င်းတို့၏နှစ်ပါးစုံ သားသမီးများ၊ ထိုသားသမီးအချို့၏မယားများနှင့်သားသမီးများဖြစ်ကြသည်။ ဦးလူကြီးကပထမသေဆုံးသည်။ ဒုတိယမယား သေဆုံးသောအခါ မောင်ခက ၎င်း၏အဖေတူအမေကွဲညီများ ၎င်းတို့အနက် အချို့၏မယားများနှင့်သားသမီးများအပေါ် ဦးလူကြီးနှင့်မိထွေး (ဦးလူကြီး၏ဒုတိယမယား) တို့၏ အိမ်ထောင် ၌ ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်းများတွင် အမွေဝေစု

---

(၁) ၆ ရန်ကုန် စာ ၄၂၇ (စုံညီ)

ရလိုကြောင်းအမှုစွဲဆိုရာစုံညီခုံရုံးကကင်းဝန်မင်းကြီး ဦးကောင်း ပြုစုသော သုံးဆယ့်ခြောက်စောင်တွဲအမွေမှုခန်း ဓမ္မသတ် ကျမ်းကြီးပုဒ်မ ၂၃၇လာ "အထက်သားနှင့်နှစ်ပါးစုံ အောက်သား တို့ ခွဲဝေရာသောတရား"အရ အမွေခွဲဝေခြင်းဖြစ်သည်။ ဤအမှုတွင် ဦးကံရှိန်သည် အဆိုပါ ကင်းဝန်မင်းကြီး ဦးကောင်း ၏ အမွေမှုခန်း ဓမ္မသတ်ကျမ်းကြီး ပုဒ်မ၂၃၇ ၌အကျုံးဝင် သောအထက်သားဖြစ်သော်လည်း ဒေါ်အေးအေးသန်းမှာမူ ဦးကံရှိန်၏ဖခင်ရင်းနှင့်မိထွေးတို့၏နှစ်ပါးစုံသမီးမဟုတ်သဖြင့် တရားရုံးချုပ်က ဖြစ်ရပ်ချင်းကွဲလွဲသော မောင်ဖိုးအောင် အမှုတွင် ထုံးပြုထားသည့် ဥပဒေသအရ ဦးကံရှိန်နှင့် ဒေါ်အေးအေးသန်းတို့၏ အမွေဝေစုများကိုခွဲဝေသတ်မှတ် ပေးခြင်းသည်မှားယွင်းပေသည်။ စီရင်ထုံးဟူသည်သက်ဆိုင်ရာ အမှု၏ ဖြစ်ရပ်အတွက်သာလျှင် ထုံးသာဓကဖြစ်သည်။ **မစွဆက်ဝမ်တူး (ခ)မစွအုဒမ်ဆင်းနှင့်အိပ် (ချ်) အာရ်ရန်း စီရင်ထုံး**[၂] ကိုကြည့်ပါ။

ဖခင်ရင်းဦးစိန်ကွယ်လွန်သောအခါ ဒုတိယအိမ်ထောင် တွင် သားသမီးမကျန်ရစ်သဖြင့် **မငြိမ်းအေးနှင့် မောင်မောင် အမှု**[၃] စီရင်ထုံးအရ လင်ပါသား ဦးကံရှိန်သည် ဦးစိန်နှင့် ဒုတိယမယားဒေါ်ငွေအောင်တို့ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်း၌ခြောက်ပုံတစ်ပုံရ၍ ကျန်ခြောက်ပုံငါးပုံ ကို မိထွေးဒေါ်ငွေအောင်က ဆက်ခံသည်။ ဒေါ်အေးအေးသန်း ကို ဦးစိန်နှင့်ဒေါ်ငွေအောင်တို့က မွေးစားခဲ့ခြင်းမဟုတ်သဖြင့် မူလ တိုင်းတရားရုံးက ကောက်ယူသကဲ့သို့ ဦးကံရှိန်သည် အမွေပုံ၏ ရှစ်ပုံတစ်ပုံကိုသာလျှင် ရထိုက်သည်မဟုတ်။ အမှန်စင်စစ်ဦးစိန်နှင့်ဒေါ်ငွေအောင်တို့က ဒေါ်အေးအေးသန်း ကို ကိတ္တိမသမီးအဖြစ် ပူးတွဲမွေးစားခဲ့လျှင် ဦးစိန်ကွယ်လွန်စဉ် က ကျန်ရစ်သောအမွေပုံကို မောင်ဖိုးအောင်အမှုတွင် ညွှန်ပြ သောဥပဒေသအရခွဲဝေရန်ဖြစ်ပေလိမ့်မည်။ အကြောင်းမှာမူ

---

(၂) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်) ၊ စာ-၃၀၆

(၃) ၃ ၊ ရန်ကုန် ၊ စာ၅၄၉ (စုံညီ)

၂၀၀၄
ဒေါ်အေးအေးသန်း
ဦးကံရှိန်
နှင့်
ဦးကံရှိန်
ဒေါ်အေးအေးသန်း

အမွေဆက်ခံရေး အလို့ငှာ ကိတ္တိမသားသမီးသည် ဦးယူဒိ(ခ) ဦးအောင်မြတ်နှင့် မအေးအေးမြတ်နိုင်ပါ-၀၄ အမှု[၄]၌ ပေါ်ပေါက်သော အခြေအနေတွင်မှတစ်ပါး မြန်မာဗုဒ္ဓဘာသာ အမွေရှင်၏ အမွေကို အခြားကနိဋ္ဌသားရင်းသမီးရင်းများနည်းတူ အမွေဆက်ခံခွင့်ရှိသည်။ မသိန်းနှင့်မမြပါ-၂ အမှု[၅] ကို ရည်ညွှန်းသည်။

ဒေါ်ငွေအောင်ကွယ်လွန်သောအခါ လင်ပါသား ဦးကံရှိန်သည်ဒေါ်ငွေအောင်၏ ကိတ္တိမသမီး ဒေါ်အေးအေးသန်းနှင့် ယှဉ်၍ မိထွေးဒေါ်ငွေအောင် ကျန်ရစ်သောအမွေကိုဆက်ခံခွင့် မရှိချေ။ မဝွမ်းပုံနှင့် မောင်ဖိုးကြွယ် အမှု[၆]ကို ကြည့်ပါ။ ဒေါ်ငွေအောင်ရရန်ရှိသော ဝေစုကို ဒေါ်အေးအေးသန်း တစ်ဦးတည်းသာ ဆက်ခံသည်။

ဒေါ်အေးအေးသန်းသည် ဦးစိန်နှင့်ဒေါ်ငွေအောင် တို့ကမွေးစားခြင်းသို့မဟုတ် ဦးစိန်ကွယ်လွန်ပြီးနောက် ဒေါ်ငွေအောင် တစ်ဦးတည်းကမွေးစားခြင်းတည်းဟူသောကွဲလွဲသည့်အခြေအနေကိုလိုက်၍ အချင်းဖြစ်အမွေပုံကို ဦးကံရှိန်နှင့် ဒေါ်အေးအေးသန်းတို့အား ခွဲဝေပေးရာ၌ လိုက်နာရန် ကွဲပြားသည့်နည်းလမ်းနှစ်ရပ်ကို ကင်းဝန်မင်းကြီး ဦးကောင်း၏ အမွေမှုခန်းမွှသတ်ကျမ်းကြီးတွင်တွေ့မြင်နိုင်သည်။ ပထမအချက်၌ ဦးစိန်နှင့် ဒေါ်ငွေအောင်တို့ ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်းကို ပုဒ်မ ၂၃၇လာ "အထက်သားနှင့် နှစ်ပါးစုံ အောက်သားတို့ ခွဲဝေရာသောတရား"အရ ခွဲဝေရန်ဖြစ်ပြီး ဒုတိယအချက်တွင်မူ မပြိမ်းအေးအမှု၌ ကိုးကားသော ပုဒ်မ ၂၁၂ လာ "လင်ပါ အထက်သားနှင့် မိထွေးတို့ ခွဲဝေရာသောတရား" နှင့်အညီခွဲဝေရမည်။ ဒေါ်အေးအေးသန်းသည် မိထွေးဒေါ်ငွေအောင်အမွေကိုဆက်ခံမှုမျှသာ ဖြစ်သည်ကို သတိချပ်ရန်ဖြစ်ပေသည်။

ထို့ကြောင့် ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော

---

(၄) ၂၀၀၁-ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၃၆၅

(၅) ၇ ရန်ကုန် စာ ၁၉၃

(၆) ၁၈၉၇-၀၁ အထက်မြန်မာပြည်စီရင်ထုံးများ အတွဲ ၂ စာ ၆၆

ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

"တရားရုံးချုပ်က **မောင်ဖိုးအောင်နှင့် မောင်ခနှင့် အများအမှု**[၁] ကိုကိုးကားပြီး ဒေါ်ငွေအောင်တစ်ဦး တည်းက မွေးစားခဲ့သည့် ကိတ္တိမသမီး ဒေါ်အေးအေးသန်းသည် ဦးစိန်နှင့် ဒေါ်ငွေအောင်တို့ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်း၏ ၃ ပုံ ၂ ပုံကို ရထိုက်ခွင့်ရှိသည်ဟု ပဏာမ ဒီကရီချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု မရှိကြောင်း"

၂၀၀၄
ဒေါ်အေးအေးသန်း
ဦးကံရှိန်
နှင့်
ဦးကံရှိန်
ဒေါ်အေးအေးသန်း

မူလရုံးတရားလိုဒေါ်အေးအေးသန်း တင်သွင်းသည့် တရားမအထူးအယူခံမှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြုပြီး တရားရုံးချုပ်နှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ကာ မူလရုံးတရားလိုဒေါ်အေးအေးသန်းသည် ဦးစိန်၊ ဒေါ်ငွေအောင်တို့၏ လက်ထက်ပွားပစ္စည်းတွင် ၆ ပုံ ၅ ပုံကို ရထိုက်ကြောင်း ပြင်ဆင်၍ ပဏာမဒီကရီချမှတ်လိုက်သည်။

မူလရုံးတရားပြိုင်ဦးကံရှိန်တင်သွင်းသည့်တရားမအထူးအယူခံမှုကိုမူစရိတ်နှင့်တကွ ပလပ်လိုက်သည်။

တရားစရိတ်ကို အမွေပုံမှကျခံစေ။

ရှေ့နေစရိတ်ကျပ် ၃၀၀၀/ ကို သတ်မှတ်သည်။

---

(၁) ၆ ရန်ကုန် စာ ၄၂၇ (စုံညီ)